
တက္ကသိုလ်

# တင်မြင့်

## နောက်ဆုံးအခပြေ



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


## လူမှုရေးဦးတည်ချက်(၄)ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်

## နောက်ဆုံးအဖြေ



၁၉၈၀ ဝန်းကျင်ခန့်ကို အခြေခံ၍ ရေးဖွဲ့ပါ၏။

## ( ၁ )

မန္တလေးမြို့ စိန်ပန်းရပ်ရှိ ခြံဝန်းနှင့် တစ်ထပ်တိုက် အိမ်ကလေးရှေ့ ပေါ်တီကိုအောက်တွင် တောင်းအေ့(စ်)ကားတစ်စီး ဝင်ရောက်ရပ်လိုက်သည်။

ကားပေါ်မှ အလွန်ခန့်ညား ဥပမိရုပ်ကောင်းလှသော အသက်(၅၀)ရွယ်ခန့် ပုဂ္ဂိုလ်ကြီးတစ်ဦး ပထမ ဆင်းလာသည်။

ဒီကားမျိုးစီးနိုင်ပြီး ဒီလိုဥပမိရုပ်ရှိသော ပုဂ္ဂိုလ်သည် မြင်ရုံနှင့် ချမ်းသာကြွယ်ဝသောသူမှန်း သိသာပါလေ၏။

ယင်းပုဂ္ဂိုလ်ကြီးသည် ရောက်ရှိနေသော အသက်ထက်ပိုစိုနုပျိုသေးသော အလွန်ကျန်းမာရေးကောင်းပြီး စိုပြေလျက်ရှိနေပေသည်။

ထိုကားနှင့် ထိုပုဂ္ဂိုလ်ကြီးကို တိုက်အိမ်ထဲမှ အသက်လေးဆယ်ကျော်ခန့်ရှိအံ့သော အမျိုးသမီးကြီးတစ်ဦးက ပျာပျာသလဲထွက်၍ ကြိုဆိုသည်။

ထိုအမျိုးသမီးကြီးသည် ပျာပျာသလဲ ထွက်ရောက်ကြိုဆိုစေကာမူ ရွှင်ပျခြင်း လုံးဝမရှိဘဲ ငိုထားသော မျက်နှာရှိသည်။

ထိုစဉ်မှာပင် ...

ထိုကားသစ်ကြီး တောင်းအေ့ကား နောက်တံခါးပွင့်လာပြန်ကာ ကားပေါ်မှ အမျိုးသမီးငယ်တစ်ဦး ဆင်းလာပြန်သည်။

ပထမကားပေါ်မှ ဆင်းလာသည့် ဥပမိရုပ်ကောင်းပြီး စိုပြေလှသော ပုဂ္ဂိုလ်ကြီးကို ကြည့်နေသူများသည် နောက်ထပ်ကားပေါ်မှ ဆင်းလာသည့် အမျိုးသမီးဆီသို့ ကြည့်လိုက်မိကြသည်နှင့် ပုဂ္ဂိုလ်ကြီးကို ပြန်မကြည့်တော့ဘဲ အမျိုးသမီးငယ်ကိုသာ အာရုံစိုက်ကြည့်ကြတော့သည်။

ချောမှချော။

လှမှလှ။

မျက်နှာလေးတွင် အချယ်အသ ဘာမျှမရှိဘဲ ပင်ကိုအရှိအတိုင်း မျက်နှာလေးကပင် ချောမှချော လှမှလှ ရှိနေပါ၏။





“ဆရာဦးမြတ်မင်း ... ရောက်လာပြီနော် ... အထဲကို ကြွပါဆရာ ... ”

ထွက်ကြိုသော အိမ်ရှင်အမျိုးသမီးကြီးက ပုဂ္ဂိုလ်ကြီးအား အလွန်ရိုသေသော အမူအရာဖြင့် လက်ဝါးနှစ်ဖက် ဝမ်းဗိုက်တွင်ကပ်ပြီး ခါးကိုင်းကျိုးရိုးစွာ ဖိတ်ခေါ်နှုတ်ဆက်လိုက်သည်။

“အေး ... မြမေ ... ငါလည်း ခုမှပဲ လာနိုင်တော့တယ် ... နင်တို့အကြောင်း ကြားကြားချင်း ငါ မလာနိုင်တာကိုတော့ ခွင့်လွှတ် ... ငါ့မှာ အလုပ်တွေများလွန်းလို့ ... ”

“ရပါတယ် ... ဆရာဦးမြတ်မင်းလာတာကိုပဲ ဝမ်းသာကျေနပ်လှပါပြီ ... ”

“အေး ... အိမ်ထဲရောက်မှ စကားပြောကြတာပေါ့ ... ”

ပုဂ္ဂိုလ်ကြီးက အိမ်ထဲဘက်သို့ ခြေလှမ်းလိုက်သည်။

“ဩ ... သမီးဆောင်းနှင်းမှုံလည်း လိုက်လာသကိုး ... ဒေါ်လေးမြမေက သမီးလေး ဆောင်းနှင်းမှုံ လိုက်လာမယ်လို့ မျှော်လင့်မထားမိဘူး ... ”

“ဆောင်း လိုက်ချင်တယ်ဆိုလို့ ဖေဖေက တမင်စောင့်ခေါ်တာလေ ဒေါ်လေးမြမေ ... မနေ့ကမှ ဆောင်းတက်နေတဲ့ တက္ကသိုလ်က သီတင်းကျွတ်ကျောင်းပိတ်လိုက်တယ်”

"ဩ … ဩ … အခု သမီးလေး ဆောင်းနှင်းမှုံက ဘယ် အတန်း ရောက်နေပြီလဲ … "

"ဒုတိယနှစ်ပါ ဒေါ်လေးမြမေ … "

"ကဲ … လာ သမီး … ဆရာဦးမြတ်မင်းတောင် အိမ်ထဲဝင် သွားပြီ … "

အိမ်ထဲသို့ ဝင်ခဲ့ကြသည်။ တစ်အိမ်လုံးရှိ ပရိဘောဂ တွေအားလုံးကို ရွှေ့ပြောင်းထားကာ ဟော(လ်)ကြီးတစ်ခုလုံး သင် ဖြူးဖျာချောများ ခင်းထားသည်။

အသုဘအိမ်ပေကိုး။

ဆရာကြီး(ခေါ်) ဦးမြတ်မင်းက ဖျာချောပေါ်တွင် တင်ပျဉ်ခွေထိုင်လိုက်ပြီး သက်ပြင်းကြီးတစ်ခုလုံး မှုတ်ထုတ်လိုက် သည်။

ပုဂ္ဂိုလ်ကြီးအဖို့ ရန်ကုန်ရှိ သူ့တိုက်အိမ်ကြီးတွင် လေ အေးစက်တပ်ဆင်ထားပြီး နေထိုင်သူမို့ မန္တလေးအပူဒဏ်ကို တော် တော်ခံနေရပုံပင်။

အိမ်ရှင်ဒေါ်မြမေက ဆရာဦးမြတ်မင်းရှေ့တွင် ကျုံ့ ကျုံ့လေးဝင်ထိုင်သည်။

○ အသုဘမှာ ချပြီးသွားပြီ။ နက်ဖြန်ဆိုလျှင် ရက်လည် ဆွမ်းကျွေးတော့မည်။





ဒေါ်မြမေသည် ပုဂ္ဂိုလ်ကြီးဦးမြတ်မင်းရှေ့တွင် ထိုင် မိလေမှ အင်းခနဲ ငိုချလိုက်ပြန်သည်။

ဆောင်းနှင်းမှုံသည် ဖခင်ဘေးတွင် ကျုံ့ကျုံ့လေး ထိုင်နေပြီး ဒေါ်မြမေငိုသည်ကို စိတ်မကောင်းစွာ ကြည့်နေရှာပေ သည်။

"ကဲ … ဆိုပါဦး မြမေ … နင့်ယောကျ်ားအောင်ကြူးဟာ ကျန်းကျန်းမာမာကြီးကနေ ကောက်ခါငင်ကာ သေသွား တယ် … အေး … ငါ့ဆီ သတင်းလာပို့သူကတော့ အောင် ကြူးဟာ မော်တော်ကားရော လူရော ချောက်ထဲကျ၊ ကား မီးလောင် သေဆုံးသွားတာလို့တော့ ပြောရဲ့ … ငါ့စိတ်ထဲ မန္တလေးနဲ့ ပြင်ဦးလွင်ဟာ အောင်ကြူးလိုကောင်အဖို့ တစ် ရေးနိုးသန်းခေါင်တောင် သွားနေကျလမ်းပဲဟာ၊ ဒီအခေါက် ကျမှ လမ်းဘေးချောက်ထဲ ကားထိုးကျရတယ်လို့ … "

"ဟုတ်ပါတယ် ဆရာ … အားလုံး ဘေးလူတွေအမြင်မှာ တော့ ကိုအောင်ကြူးဟာ ပြင်ဦးလွင်ကအပြန် ခြောက်ထပ် လမ်းကို ဆင်းနေတုန်း ချော်ကျပြီး လိမ့်ဆင်းသွားတယ်၊ ကားပက်လက်ကြီးကျတဲ့နေရာမှာ ကားကိုမီးလောင်တယ်၊ ကိုအောင်ကြူး ကားထဲက မထွက်နိုင်ဘဲ ကားလိမ့်ကျတဲ့ ဒဏ်၊ မီးလောင်တဲ့ဒဏ်ကြောင့် သေဆုံးတာလို့ အားလုံး

ထင်တယ်၊ မြင်တယ်ပေါ့ ဆရာ … သက်ဆိုင်ရာကလည်း စစ်ဆေးပြီး မတော်တဆ ကားချော်ကျသေဆုံးတယ်လို့ပဲ မှတ်တမ်းတင်ပြီး အမှုပိတ်လိုက်တယ် ဆရာ … ”

ဦးမြတ်မင်းသည် ဒေါ်မြမေပြောသမျှကို နားထောင်ပြီး အလေးအနက် စဉ်းစားသည်။

“အင်း … သက်ဆိုင်ရာနဲ့ ဘေးလူတွေအမြင်နဲ့ အယူအဆဟာ အဲဒီလိုပါလို့ ယူဆတယ်ထား … နင့်အမြင် အယူအဆကကော ဘယ်လိုထင်မြင်ယူဆလို့လဲ မြမေ … အောင်ကြူးကားမှောက် သေဆုံးတာဟာ သွေးရိုးသားရိုး မဟုတ်ဘူးလို့ နင် ထင်မြင်ယူဆစရာတွေ ရှိနေလား … ”

“ကိုအောင်ကြူးနဲ့အတူ ကားမောင်းစံအေး ပါသွားတယ် ဆရာကြီး … ”

“စံအေး … မသေဘူး ဆရာ … လက်တစ်ဖက်တော့ ကျိုးသွားတယ် … မျက်နှာတွေ လက်တွေ ပွန်းပဲ့သွားတယ်”

“ဟ … ကားနဲ့အတူ ကျသွားတာတောင် စံအေးက မသေဘူးလား မြမေ … ”

“စံအေးက မောင်းတဲ့လူဆိုတော့ မော်တော်ကား ထိန်းမရတော့ဘဲ ချောက်ထဲကျတော့မယ်ဆိုတာ သိတာနဲ့ ဆရာကိုအောင်ကြူး … ကားပေါ်က ခုန်ချလို့ ပြောရင်း သူကိုယ်





တိုင်လည်း ကားတံခါးဖွင့် ခုန်ချလိုက်တယ်တဲ့ … ကိုအောင်ကြူးက အဲဒီအချိန်မှာ အိပ်ငိုက်နေတယ်တဲ့ … ဒါလည်း ဟုတ်မှာပါ ဆရာ … ကိုအောင်ကြူးက ပင်ပန်းတဲ့အခါ ကားစီးရင်း အိပ်ငိုက်တဲ့အကျင့် ရှိတယ် … ”

“အင်း … ဟုတ်လောက်တယ် … အောင်ကြူးမှာ အဲဒီ အကျင့် ငယ်ငယ်တည်းက ရှိတဲ့ကောင် … ”

“စံအေးက တကယ်ဖြစ်တာတွေကို ကျွန်မကိုတော့ တိုးတိုးတိတ်တိတ် ပြန်ပြောပါတယ် ဆရာကြီး … ရဲအဖွဲ့ကို ထွက်ဆိုချက်ပေးရာမှာတော့ ကားရှေ့ဘီးပေါက်ပြီး ချောက်ထဲ ဆွဲချသွားတာလို့ ထွက်ဆိုတယ် … ”

“ပြောပါဦး … စံအေး နင့်ကို ဘာတွေတိုးတိုးတိတ်တိတ် ပြောသလဲဆိုတာ … ”

“မော်တော်ကားဘီး လေးဘီးလုံးဟာ ဒန်းလော့တာယာ အသစ် ကျွတ်အသစ်တွေ ထည့်ထားတာ နှစ်ပတ်ပဲ ရှိသေးတာတဲ့ … ဒါလည်း ဟုတ်တယ် ဆရာ … ကိုအောင်ကြူးက ခရီးဝေးသွားရင် စိတ်ချရအောင်ဆိုပြီး ကားဘီးတွေ အားလုံး အသစ်လဲတာကို ကျွန်မကိုယ်တိုင် သိတယ် … စံအေး ပြောတာလည်း အသစ်တွေလဲထည့်ထားတာမို့ မပေါက်နိုင်ဘူးတဲ့ … တကယ်လို့ သံချွန်ဂဲချွန်ကို နင်းမိလို့ ဘီးပေါက်

တယ်ဆိုလည်း လေက တစိမ့်စိမ့်ထွက်ရတာမို့ ဖြုန်းခနဲ တဖက်ဆွဲမသွားနိုင်ဘူးတဲ့ ... ကားဘီးလေရော့တာနဲ့ မောင်းတဲ့သူက သိတယ်တဲ့ ... ဒါဆို ထိန်းနိုင်သိမ်းနိုင်တယ်တဲ့၊ အခု ဘီးပေါက်ပုံက အဆန်းတဲ့ ... "

"ဘယ်လိုဆန်းတာလဲ ... "

"စံအေး ပြောတာကတော့ ခြောက်ထပ်လမ်းကြီးအဆင်းမှာ သူ မောင်းနေတုန်း သေနတ်သံတစ်ချက် ကြားလိုက်တယ်တဲ့ ... လမ်းဘေးတောတန်းထဲက သေနတ်သံတဲ့ ... အဲဒီ သေနတ်သံ ထွက်လာတာနဲ့ ကားဟာ ထိန်းမရဘဲ ချောက်ဘက်ကို အတင်းဆွဲသွားတာတဲ့ ... ကားရဲ့နောက်ဘက်က ရှေ့ဘီးကို သေနတ်နဲ့ ပစ်ခွဲတာဖြစ်မယ်တဲ့ ဆရာကြီး"

"ဒါဆို ... တစ်ယောက်ယောက်က အောင်ကြူးကို လုပ်ကြံတဲ့သဘောပေါ့ ... အဲဒါကို ရဲမှာ စံအေးက ဖွင့်မပြောဘူးလား ... ထွက်ဆိုချက် မပေးဘူးလား ... "

"အခုအချိန်ထိ အဲဒါကို ရဲမှာ ဖွင့်မပြော တိုင်ချက်မဖွင့်၊ ထွက်ဆိုချက်မပေးနဲ့ဦးလို့ စံအေးကို ကျွန်မကပဲ ပြန်ပိတ်ထားပါတယ် ဆရာကြီး ... ဘာလို့လဲဆိုတော့ ဒီလိုလုပ်ကြံတယ်ဆိုတာ သိတာနဲ့ ရဲက စုံစမ်းတော့မယ် ... တရားခံကို ရဲက ရှာရင်း စုံစမ်းရင်း ကိုအောင်ကြူးလုပ်ခဲ့တဲ့ အလုပ်တွေပေါ်





လာရင် ရဲက ကျွန်မကိုတောင် အရေးယူနိုင်မှာမို့ပါ ဆရာ"

"အင်း ... ဒါလည်း ဟုတ်တာပဲ ... ညောင်မြစ်ကူရင်း ပုတ်သင်ဥပေါ်ဆိုသလို ဖြစ်ကုန်နိုင်တယ် ... ရဲက ချောက်ထဲကျသွားတဲ့ ကားကိုကော မစစ်ဆေးဘူးလား ... "

"စစ်ဆေးပါတယ် ဆရာ ... "

"စစ်ဆေးရင်း ကားဘီးကို သေနတ်မှန်လို့ဆိုတာတွေ့မှာပါ"

"မတွေ့နိုင်ဘူး ဆရာကြီး ... မော်တော်ကားမီးလောင်တာတာယာဘီးတွေကိုပါလောင်တာ ... အားလုံး အက်ကွဲကုန်တာပဲ ဆရာကြီး ... "

"အောင်ကြူးရဲ့ အလောင်းကျတော့ကော မီးမလောင်ဘူးလား ... "

"လောင်းတာပေါ့ ဆရာကြီး ... အပေါ်ယံကြောရုပ် မရှိတော့အောင် မီးလောင်ထားတယ်/... ဒါပေမဲ့ တာဝန်ကျဆရာဝန်က ကိုအောင်ကြူးအလောင်းကို ထုံးစံအတိုင်း ခွဲစိတ်ကြည့်တယ် ... "

"ခွဲစိတ်ကြည့်တော့ အောင်ကြူး သေနတ်မှန်ထားတဲ့ ဒဏ်ရာတွေကော တွေ့သေးလား ... "

"ဒဏ်ရာကတော့ အများကြီးပဲ ဆရာ ... မော်တော်ကားဒလိမ့်ကောက်ကွေ့ ကျတာဆိုတော့ အထဲပါသွားတဲ့ ကို

အောင်ကြူးကို ကားဘော်ဒီနဲ့ ရိုက်တာတွေရော အချွန်အတက်ထိုးမိတာရော ဒဏ်ရာတွေ အများကြီးပဲ ... ဒီတော့ ဆရာဝန်က ကားချောက်ထဲကျကုန်း ရခဲ့တဲ့ဒဏ်ရာတွေလို့ပဲ မှတ်ချက်ပြုတယ် ... ”

ဦးမြတ်မင်းသည် သေဆုံးသူ ဦးအောင်ကြူး၏ ဆရာတစ်ဆူဖြစ်ခဲ့ပါ၏။ ငယ်စဉ်နုစဉ်ကာလကတည်းက ဦးမြတ်မင်းက ဆရာဦးအောင်ကြူးက တပည့်။

ထို့နောက် အိမ်ထောင်အသီးသီးကျကြပြီးနောက် ကိုယ့်လုပ်ငန်းနှင့်ကိုယ် ရေကြည်ရာ မြက်နုရာ ဦးအောင်ကြူးက မန္တလေးတွင် အခြေချပြီး မမြမေနှင့် အိမ်ထောင်ကျခဲ့သည်မှာ နောက်ဆုံး သေဆုံးသည်အထိပင်။

“အင်း ... စဉ်းစားစရာတော့ စဉ်းစားစရာပဲ ... အောင်ကြူး ကားဘီးပေါက်ပြီး ကားမှောက်ချောက်ထဲကျတာဟာ သွေးရိုးသားရိုးလည်း ဖြစ်နိုင်တယ် ... ခုခေတ် မော်တော်ကား တာယာတွေဟာ အသစ်စက်စက်ပေမဲ့ စိတ်မချရဘူး၊ တချို့ ဒီနေ့ဝယ် ... နက်ဖြန်ကွဲတဲ့ တာယာတွေတောင် ငါ တွေ့ဘူးတယ် ... အသစ်ငေ့ . အသစ်ပဲ ဒါပေမဲ့ ရက်လွန်တိုက်ဆွေးတာယာတွေ အများကြီးရှိတယ် ... စံအေးက သွေးရူးသွေးတန်းနဲ့ မြမေကို ပြောတာကော မဖြစ်နိုင်ဘူး





လား ... ကားချောက်ထဲကျတာ သူ မောင်းသူအဖြစ်နဲ့ အပစ်လွှတ်အောင် တွေ့ကရာ လျှောက်ပြောတာများလား မြမေ ... ”

“ကျွန်မ စံအေးပြောတဲ့စကား သက်သက်ကို ယုံတာလက်ခံတာ မဟုတ်ပါဘူး ဆရာ ... ဒါပေမဲ့ ကိုအောင်ကြူး အခုလို မသေခင်က ဖြစ်ရပ်လေးတွေ ရှိခဲ့တယ်၊ အဲဒီတုန်းကတော့ အဲဒီဖြစ်ရပ်လေးတွေလို့တောင် ထင်မိခဲ့သေးတယ် ... ကိုအောင်ကြူး သေသွားမှ အဲဒီဖြစ်ရပ်လေးတွေနဲ့ ကိုအောင်ကြူး သေရပုံကို ဆက်စပ်တိုက်ဆိုင်ကြည့်မိတယ် ... ”

“ဖြစ်ရပ်လေးတွေ ဟုတ်လား ... ဘယ်လိုဖြစ်ရပ်လေးတွေလဲ မြမေ ... ”

“ဆရာ ... ခဏလေးစောင့်နော် ... အဲဒီဖြစ်ရပ်လေးတွေရဲ့ သက်သေခံပစ္စည်းလေးတွေ ကျွန်မ သွားယူပြီး ဆရာ့ကို ပြမယ် ... ”

မမြမေ သူမ၏အိပ်ခန်းဆီသို့ ဝင်သွားသည်။

ဆောင်းနှင်းမှုံသည် ဖေဖေဦးမြတ်မင်းဘေးတွင် ထိုင်ရာမှ အပျင်းပြေ သဘောဖြင့် ဟိုကြည့်ဒီကြည့် ငေးပိုက်ကြည့်ပေသည်။

“သမီးလေးဆောင်း ပျင်းပြီလား ... ”

"ပျင်းတာတော့ မဟုတ်ဘူး ဖေဖေ … သမီးတို့ ရန်ကုန်နဲ့ ဒီမန္တလေးက မတူဘူးလားလို့ … ဒီမှာက ပူလောင်လောင် အိုက်စပ်စပ်ကြီး … "

"ဒါပေါ့သမီး … မန္တလေးဆိုတာ မြန်မာပြည် ရာသီဥတုမြေပုံထဲမှာ မိုးခေါင်ရေရှားရပ်ဝန်းထဲမှာ ပါနေတာပဲ … ရာသီဥတုမမျှတာဘူး … ပူချင်သိပ်ပူ၊ အေးရင်သိပ်အေးတဲ့နေရာပဲ၊ နောက်တစ်ချက်က ရန်ကုန် ဖေဖေတို့အိမ်ကြီးမှာက ပူရင်အအေးပေး … အေးရင်အပူပေးစက်တွေ တစ်အိမ်လုံး တပ်ထားတော့ ပူမှန်းအေးမှန်း သိသိသာသာ မဖြစ်ဘူးပေါ့သမီး၊ အခု ရန်ကုန်က ဒီကို ကားတောက်လျှောက် စီးရတာ ခရီးလည်းပန်းမယ် … ညောင်းလည်း ညောင်းမယ် … ခဏတဖြုတ် အညောင်းပြေ အပန်းပြေ လဲလျောင်းနေပါလား၊ မြမေကို သမီးအနားယူ လဲလျောင်းဖို့ သီးသန့်အခန်းတစ်ခန်း စီစဉ်ခိုင်းလိုက်မယ်လေ … "

"ဟင့်အင်း မပြောနဲ့ ဖေဖေ … သမီး သူများအိမ်မှာ မလဲလျောင်းတတ်ဘူး … နောက်ပြီး ဒီအိမ်က အသုဘ ရက်မလည်သေးတဲ့အိမ် … အန်ကယ်ဦးအောင်ကြူး သေပုံကလည်း အစိမ်းသေကြီး … ဆောင်း ကြောက်တယ် ဖေဖေ"

"သမီးက တယ်ပြီး သတ္တိနည်းတာကိုး … ဖေဖေ့သွေး မပါ





သလိုပဲ … ကြောက်တတ်တာဟာ လူတစ်ယောက်အတွက် ပျော့ကွက်တစ်ခုပဲ သမီး … "

"ဖေဖေနဲ့ ဒေါ်လေးမြမေတို့ ပြောတာတွေကို သမီး စိတ်ဝင်စားပါတယ် ဖေဖေ … "

"ဘာလုပ်မလဲ … သေထားတဲ့လူအကြောင်း နားထောင်ရတာ မင်္ဂလာရှိတာမှ မဟုတ်တာ … ကဲ … ဒီလိုလုပ် … ပန်းဖြူကို ကားမောင်းခိုင်းပြီး မန္တလေးကို သမီးလျှောက်လည်ကြည့် … သမီးကျောင်းပိတ်ရက် မန္တလေးကို အလည်လာတယ်လို့မှတ် … ဘုရားတွေလျှောက်ဖူး … မြို့ရိုးပြတိုက်နဲ့ ကျုံးတစ်လျှောက် သွားကြည့်ပါလား … "

"ဖေဖေ အားမှ သွားမယ်လေ … "

"ဟာ … ဖေဖေ့ကို မစောင့်နဲ့ … ဖေဖေ့အဖို့ မန္တလေးဟာ မဆန်းဘူး … ဖေဖေ အပြင်ဘက်က နေပူဒဏ်ကိုလည်း မခံနိုင်ဘူး … ဒီည ဒီမှာအိပ်ပြီး နက်ဖြန် ပြန်မယ် … ဒီတော့ ရောက်တုန်းရောက်ခိုက် သမီး ပန်းဖြူကို မောင်းခိုင်းပြီး လျှောက်လေ့လာပေတော့ … ပန်းဖြူက မန္တလေးမှာ ကျွမ်းကျင်တယ် … ဘယ်နေရာမဆို သွားတတ်တယ်"

ဆောင်းနှင်းမှူ ထိုင်ရာမှထကာ သူမ၏တောင်းအေ့(စ်)ကားရှိရာသို့ လာခဲ့တော့သည်။

ဒေါ်မြမေ အိပ်ခန်းထဲမှ ထွက်လာပါ၏။ ဒေါ်မြမေ၏လက်ထဲတွင် ဗစ်စစ်တင်းကတ်ပြားဆိုက်အရွယ် ကတ်ပြားနီရဲရဲလေး နှစ်ခုပါရှိလာပါ၏။ ထိုကတ်ပြားနှစ်ခုထဲမှ တစ်ခုကိုရွေးပြီး ဦးမြတ်မင်းအား ပေးပြလိုက်သည်။

"ပထမ ... အဲဒီကတ်ပြားထဲကစာကို ဖတ်ကြည့်ပါ ဆရာ"

ဦးမြတ်မင်းယူ၍ ကြည့်လိုက်သည်။ ကတ်ပြားနီရဲရဲပေါ်တွင် ဘောပင်အနက်ဖြင့် ရေးထားသော လက်ရေးဝိုင်းဝိုင်းညီညီနှင့် စာတမ်းလေးကို တွေ့ရသည်။

*"ဦးသူရ ... အသက်ကိုပေး ... ကြွေးဆပ်ပါ ... "*

စာတမ်းလေးနှစ်ကြောင်းကို ဦးမြတ်မင်းဘက်ကြည့်ရာ၌ ထူးခြားချက်ကို ချက်ချင်း သတိထားမိသည်။

ဦးအောင်ကြူးဟု အမည်မတတ်ဘဲ "ဦးသူရ"ဟု အမည်တပ်ထားသည်ကို စူးစိုက်စွာ ကြည့်မိသည်။

"ဒီမှာ မြမေ ... အောင်ကြူးဟာ မန္တလေးမှာ အခြေချပြီး လုပ်ငန်းလုပ်တဲ့နေရာမှာ"သူရ"ဆိုတဲ့ နာမည်နဲ့ လုပ်ခဲ့တာတွေ ရှိသလား ... "

"ကျွန်မနဲ့ လက်ထပ်တဲ့အချိန်ကစပြီး သေဆုံးတဲ့အခုအထိ





ကိုအောင်ကြူးဆိုတဲ့ နာမည်နဲ့သာ လုပ်ခဲ့တာပါ ... တစ်ခါမှ သူရဆိုတဲ့ နာမည်မျိုး မသုံးဘူးပါဘူး ... ကျွန်မနဲ့ လက်ထပ်ပေါင်းသင်းလာတာပဲ အနှစ်နှစ်ဆယ်လောက်ရှိပြီပဲ ဆရာ ... "

"ဒီကတ်ပြားထဲမှာ "ဦးသူရ"လို့ ထိပ်စီးရေးထားတာကို ငါ စဉ်းစားနေတာပဲ မြမေ ... ဟိုတုန်းက နှင်နဲ့ အကြောင်းမပါခင် ငါနဲ့ အလုပ်အတူတွဲလုပ်တုန်းက အောင်ကြူးဟာ သူ့နာမည်"သူရ"လို့ ခံယူပြီး အလုပ်လုပ်ခဲ့တာတွေ ရှိခဲ့တယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က သုံးခဲ့ဖူးတဲ့ နာမည်ကို ဒီကတ်ပြားမှာ ထိပ်စီးတပ်ဖော်ရေးထားတာ စဉ်းစားစရာပဲ မြမေ ... ဒီကပ်ပြား ဘယ်တုန်းက ရသလဲ ... ဒီကတ်ပြားကို ဘယ်သူက ပေးတာလဲ ... "

"လွန်ခဲ့တဲ့ ခြောက်လလောက်ကပါ ဆရာ ... အိမ်ရှေ့ခြံတံခါးမှာ ချိတ်ထားတဲ့ စာတိုက်ပုံးထဲ ဒီကတ်ပြားထည့်သွားတာ ... ဘယ်သူထည့်သွားမှန်း ဘယ်သူမှ မသိလိုက်ဘူး ဆရာ ... "

"ဒီကတ်ပြား ကိုအောင်ကြူး ဖတ်တယ် မဟုတ်လား ... ဖတ်ပြီး ဘာပြောလဲ ... "

"ဖတ်ပြီးပြီးခြင်းတော့ ငိုင်သွားတယ် ... တစ်ခုခု စဉ်းစားသလိုပဲ ... နောက်တော့ ချက်ချင်း ရယ်လိုက်တယ် ... အသံထွက်အောင်ကို ရယ်တယ် ... "

"နင်က သူ့ကို ဘာလို့ရယ်တာလဲလို့ မမေးဘူးလား ... "

"မေးတာပေါ့ ... သူက အလကားပါတဲ့ ... လမ်းထဲက ချာတိတ်တွေ လက်ကမြင်းတာ နေမှာပါတဲ့ ... ဒီလိုပဲ အိမ်တံခါးမှာ ချိတ်ထားတဲ့ စာတိုက်ပုံးထဲကို တွေ့ကရာ ထည့်သွားတတ်ကြတယ် ဆရာ ... ကျွန်မက ထပ်မေးသေးတယ်၊ ကတ်ပြားနီထဲမှာ "ဦးသူရ" လို့ ရေးထားတယ် ... အဲဒီ ဦးသူရဆိုတာ ကိုအောင်ကြူးကို ရည်ညွှန်းတာလားလို့ ... ဒီတော့ ကိုအောင်ကြူးကထပ်ပြီး ရယ်ပြန်တယ် ... အေး ... ငါတို့ငယ်ငယ်က ရုပ်ရှင်တွေကြည့် ... ဇာတ်ပွဲတွေကြည့်ပြီး ကိုယ့်နာမည်ကို ရုပ်ရှင်မင်းသား ဇာတ်မင်းသားဆန်ဆန် နာမည်တွေ ကိုယ့်ဟာကိုယ် ပေးခဲ့တယ်တဲ့ ... ငါ့နာမည်ကို သူရ၊ နောက်တစ်ယောက်က အခု မော်လမြိုင်မှာနေတဲ့ ဆရာဦးမြတ်မင်းရဲ့တပည့် စိမ်းမောင်က သူ့ကိုယ်သူ ဝဏ္ဏတဲ့ ... ဆရာဦးမြတ်မင်းကတော့ သိဒ္ဓိဆိုတဲ့ နာမည်ယူတယ်တဲ့ ဆရာ ... ကျွန်မနဲ့ လက်ထပ်ပြီး မန္တလေးမှာကျတော့





သူ့ ဇာတာထဲက နာမည်အတိုင်း အောင်ကြူးဆိုတဲ့ နာမည်နဲ့ပဲ လုပ်ခဲ့တာပါ ဆရာ ... ဩော် ... ဒါထက် သမီးဆောင်းနှင်းမှုံရော ဆရာ ... "

"သမီးဆောင်းက မန္တလေးရောက်တုန်း လျှောက်ကြည့်မယ်ဆိုပြီး ပန်းဖြူကို မောင်းခိုင်းပြီး ထွက်သွားလေရဲ့ ... ငါက နက်ဖြန် ပြန်မယ် မြမေ ... "

"မြန်လိုက်တာ ဆရာ ... ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နေရောပေါ့ ဆရာ ... "

"ငါ့မှာ အလုပ်တွေတန်းလန်းထားခဲ့ရတယ် မြမေ ... အောင်ကြူးကိစ္စမို့ ငါ ကြိုးစားလာရတာ ... အေး ... နင်လည်း အောင်ကြူး ဆုံးသွားတဲ့အတွက် ဘာမှအားမငယ်နဲ့ ... လိုအပ်တာနဲ့ အခက်အခဲ ရှိရင် ငါ့ကိုပြော ... ငါ ကူညီမယ်"

"အခက်အခဲမရှိပါဘူး ဆရာ ... ကျွန်မမှာ ဆီစက်နဲ့ လိုင်းကားနှစ်စီး ထောင်ထားပါတယ် ... ကိုအောင်ကြူး ရှိတုန်းကတော့ ဆီစက်နဲ့ လိုင်းကားနှစ်စီးဟာ ဘေးအမြင် လုပ်ငန်းပြုရုပ် ထားတာပါ ... အခုတော့ ကျွန်မ လုပ်ကိုင်စားဖို့ ဖြစ်သွားတာပေါ့ ဆရာ ... "

"အေးလေ ... ပြေလည်ရင် ပြီးတာပဲ မြမေ ... ဩော် ... ဒါထက် နင့်လက်ထဲက နောက်ကတ်ပြားကကော ... "

"ဟုတ်တယ် ဆရာ ... ဒီကတ်ပြားက ကိုအောင်ကြူးမဆုံးခင် သီတင်းပတ်လောက်က စာတိုက်ပုံးထဲက ရတာပဲ ... ဒုတိယအကြိမ် ထပ်ထည့်သွားတဲ့ ကတ်ပြားပါ ... ရော့ ... ဆရာ ဖတ်ကြည့်ပါ ... "

ဒုတိယကတ်ပြားကို ဦးမြတ်မင်း ဖတ်ကြည့်ပြန်သည်။

*"ဦးသူရ ... အသက်ကြွေး ပေးဆပ်ချိန်ရောက်ပြီ ... "*

ဖတ်ကြည့်ပြီး ဦးမြတ်မင်းကိုယ်တိုင် တုန်လှုပ်သွားပါ၏။

ကတ်ပြားစာ၏အဓိပ္ပာယ်မှာ ... အောင်ကြူး၏အသက်ကို လျော်ကြေးအနေနှင့် ပြန်ပေးဆပ်ရန် တောင်းဆိုဖော်ပြသည့်အဓိပ္ပာယ် သက်ရောက်နေပါ၏။

"အဲဒီ ဒုတိယကတ်ပြားရပြီးတဲ့နောက် တစ်ပတ်အကြာမှာ ကိုအောင်ကြူး ကားမှောက်မီးလောင် သေဆုံးသွားတာပဲ ဆရာကြီးရယ် ... "

ဒေါ်မြမေ ငိုပြန်သည်။

"ငါ စဉ်းစားတယ် မြမေ ... ဒီကိစ္စဟာ အောင်ကြူး ဟိုအနှစ်နှစ်ဆယ်ကျော်က "သူရ"နာမည်နဲ့ လုပ်ခဲ့တာတွေနဲ့ ပတ်သက်နေတဲ့ပုံပဲ ... "





"ကိုအောင်ကြူးမှာ အခုလက်ရှိမှာကိုပဲ လုပ်ငန်းပြိုင်ဘက်တစ်ဦးက ဟိုတုန်းက ကိုအောင်ကြူးဟာ သူရနာမည် သုံးခဲ့ကြောင်းသိပြီး အခုကတ်ပြားနဲ့မှာ "သူရ"လို့ အမည်တပ်တာများလား ဆရာ ... "

"အခု အောင်ကြူးက တကယ်တမ်း ဘာတွေလုပ်နေလဲ"

"အဖြူနဲ့ အစိမ်းတွေ လုပ်နေတယ် ဆရာ ... အဲဒီမှာ လုပ်ငန်းပြိုင်ဘက်တွေ ရှိနေတယ် ... "

(အဖြူဆိုသည်မှာ ဘိန်းဖြူဖြစ်ပြီး အစိမ်းဆိုသည်မှာ ကျောက်စိမ်းကို ဆိုလိုပေသည်။)

"ကိုအောင်ကြူး အဖြူနဲ့ အစိမ်းလုပ်ခဲ့သမျှတွေဟာ အောင်မြင်ပြီး သိပ်အကျိုးရှိခဲ့ပါတယ် ဆရာ ... ဒါကြောင့် လုပ်ငန်းပြိုင် မနာလိုတဲ့ အပ်စုတွေလည်း ရှိနေတယ် ... မောင်မောင်စိန်အုပ်စု၊ ကိုကျင်ကီးအုပ်စု၊ ကိုချင်းဗွာအုပ်စုတွေပဲ ဆရာ၊ ကိုအောင်ကြူး သေသွားရင် ကိုအောင်ကြူးရဲ့ အ ၁ယ် အရောင်းဖောက်သည်တွေကို အဲဒီအုပ်စုတွေက သိပ်လိုလား ဆက်ဆံချင်နေကြတာပါ ဆရာ ... ဒါကြောင့်လည်း စံအေးက ကားဘီးကို သေနတ်နဲ့ ပစ်ခွဲတာကို ရဲမှာ မထွက်ဆိုတာပါ ... ထွက်ဆိုလိုက်ရင် သက်ဆိုင်ရာတွေကတောက်လျှောက်စုံစမ်းပြီး လိုက်လာရင် ကျွန်မအပေါ် အမှုတွေ

ဘတ်လာမှာ စိုးရိမ်လို့ စံအေးက သစ္စာရှိရှိ မထွက်ဆိုတဲ့သဘောပါ ဆရာ ... ”

“အင်း ... စဉ်းစားစရာ ဖြစ်လာပြန်တာပေါ့ ... ဒါဆို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကကိစ္စကြောင့်လား ... အခု လတ်တလော ကိစ္စကြောင့်လား ... ဒီကတ်ပြားနီ ရောက်လာတာဟာ ဘယ်တုန်းက ကိစ္စဖြစ်မလဲဆိုတာ စဉ်းစားစရာ ထပ်ဖြစ်လာတာပေါ့ ... အခု ပြိုင်ဘက်တွေကပဲ ... အောင်ကြူးကို လုပ်ကြံရာမှာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ကိစ္စတွေနဲ့ ရောပြီး ရှုပ်ထွေးအောင် ာတ်ပြားနီမှာ “သူရ”ဆိုတဲ့ နာမည်တပ်တာလား ... စဉ်းစားစရာပဲ မြမေ ... ”

“နောက်တစ်ခု ရှိပါသေးတယ် ဆရာ ... အဲဒါကိုတော့ ဆရာကိုယ်တိုင်ပဲ ကားမောင်းတဲ့ စံအေးကို မေးကြည့်ပါ ... ကျွန်မကတော့ ဒါတွေ ထပ်မေးလေ ... ဘ်မကောင်းလေမို့ စံအေးကို ထပ်မမေးတော့ဘူး ဆရာ ... ”

စံအေးကို ဒေါ်မြမေ ခေါ်ပေးသည်။

စံအေးသည် အသက်(၃၀)ခန့်ရှိအံ့သည်။ ရိုးသားကြောင်း မြင်ရုံနှင့် သိသာသည်။ ဤရုပ် ဤပုံစံမျိုးသည် သစ္စာရှိသော သစ္စာစောင့်သော ရုပ်မျိုးဟု ဦးမြတ်မင်း မှတ်ချက်ချသည်။





“ကဲ ... စံအေး ... ဖြစ်ခဲ့တာတွေ ပြောစမ်းကွာ ... ”

စံအေး ပြောသမျှမှာ ဒေါ်မြမေပြောခဲ့သမျှပင် ဖြစ်နေပါ၏။

သို့သော် ...

နောက်ဆက်တွဲ စံအေးပြောသော စကားတွေမှာ ဦးမြတ်မင်း စိတ်ဝင်စားစရာတွေ ပါရှိလာသည်။ အောင်ကြူး လုပ်ကြံခံရကြောင်းပို၍ လေးနက်လာသည်။

“ကျွန်တော်က ကားမောင်းတဲ့လူဆိုတော့ ကားတစ်ဘက်ဆွဲပြီဆိုကတည်းကွ ဘယ်လိုမှ ထိန်းမရတော့တာမို့ ဆရာအောင်ကြူးကို ကားပေါ်က ခုန်ချလို့ပြောရင်း ကျွန်တော်လည်း ကားတံခါးဖွင့် ခုန်ချလိုက်တယ် ဆရာကြီး ... မော်တော်ကားဟာ ချောက်ထပ်လမ်းပေါ်က ဒလိမ့်ခေါက်ကွေး ကျသွားကာ ကျွန်တော် မြင်ရတယ် ... ကျွန်တော်က ခုန်အချမှာ ဟိုအောက်အထိ ကျမသွားဘဲ ကမ်းပါးစွန်းတစ်ခုမှာ ကျွန်တော်တောင် တင်နေတယ် ... ကျွန်တော် လက်တစ်ဘက်ကျိုး သွားပေမဲ့ အပေါ်ကို ရောက်အောင် ဘယ်လို ပြန်တက်ရပါ့မလဲလို့ မော့ကြည့်တော့ မော်တော်ကားကျခဲ့တဲ့ ချောက်ထပ်လမ်းပေါ်မှာ မော်တော်ဆိုင်ကယ်တစ်စီး ရပ်ထားတာကို တွေ့တယ် ... ဆိုင်ကယ်ပေါ်က

လူဟာ ကားအောက်ကျပြီး မီးလောင်နေတာကို ငုံ့ကြည့်နေတယ် ... ”

“အဲဒီလူကို မင်းပြန်မြင်ရင် မှတ်မိမလား စံအေး ... ”

“ဘယ်မှတ်မိမလဲ ဆရာကြီး ... သူက ဆိုင်ကယ်စီး ဖိုက်ဘာဦးထုပ်ကို ဆောင်းထားတယ် ... ဦးထုပ်က လေကာကြီးအဖုံးကိုလည်း ချထားတော့ သူ့မျက်နှာကို ဘယ်လိုမှ မမြင်နိုင်ဘူး ... ”

“ဝတ်စားထားတာကကော ... ”

“သားရေဂျာကင်နဲ့ ဂျင်းဘောင်းဘီပဲ ဆရာကြီး ... ဆိုင်ကယ်စီးတဲ့ လူတိုင်း ဒီပုံစံမျိုး ဝတ်ကြတာပဲ ... သူ့ကျောမှာ ဖက်ခေါင်းအုံးလို အိပ်ရှည်ကြီးတစ်ခု လွယ်ထားတယ်၊ အဲဒီလူက မီးလောင်နေတဲ့ကားကို ကြည့်ပြီးတဲ့နောက် သူ့လက်ထဲက ကတ်ပြားလေးတစ်ခု အောက်ကို ပစ်ချလိုက်တယ် ... အဲဒီကတ်ပြားလေးက အောက်ဆုံးအထိ ကျမသွားဘဲ ကျွန်တော်ရှိနေတဲ့ ကမ်းပါးမှာ လာတင်လို့ အဲဒီကတ်ပြားကို ကျွန်တော် ကောက်ယူထားလိုက်တယ် ... ဟောဒီ ကတ်ပြားပဲ ဆရာကြီး ... ”

စံအေးပေးသော ကတ်ပြားရောင်မှာ အစိမ်းရောင်ဖြစ်ပါ၏။ ယခင်ကတ်ပြားနီများနှင့် ဆိုက်အတူတူ ဖြစ်သည်။





ကတ်ပြားစိမ်းတွင် ရေးထားသောစာမှာလည်း ... ဆေး ပင်အနက်ဖြင့် ရေးထားခြင်းပင် ဖြစ်သည်။

*“ဦးသူရ ... ကြွေးကျေပါပြီ ... ”*

ဟု ရေးထားပေသည်။ လက်ရေးမှာ ကတ်ပြားနီထဲက လက်ရေးနှင့် ထပ်တူထပ်မျှ တူနေပေသည်။

ကတ်ပြားကို နောက်ဆုံး အစိမ်းရောင်သုံးလိုက်ခြင်းမှာ ကားမီးပွိုင့်များမှ သင်္ကေတ သဘောပင်။

အနီပြထားလျှင် ရပ်နေရပြီ။

အစိမ်းပြလျှင် သွားလို့ရပြီ၊ သွားပေတော့ သဘောမျိုးက မသိ။ ဦးအောင်ကြူး အသက်လျော်ကြေးပေးပြီးပြီ။ ကိစ္စပြီးသွားပြီ။

□ □

## ( ၂ )

ဆောင်းနှင်းမှုံ ပထမဆုံး မန္တလေးဈေးချိုသို့ သွားသည်။ ဟိုဟာဝယ်ရနိုး ဒီဟာဝယ်ရနိုး ပစ္စည်းလေးတွေတော့ တွေ့သည်။ သို့သော် မိမိတွင်ရှိပြီးသားပစ္စည်းမျိုးတွေသာ ဖြစ်နေသောကြောင့် ဘာမှမယ်မယ်ရရ မဝယ်ဖြစ်။

"မြန်လှချည်လား ဆောင်း ... ဘာမှ ဝယ်တာလည်း မတွေ့ပါလား ..."

"ဟုတ်တယ် ဦးလေးပန်းဖြူ ... ဆောင်းမှာ မရှိတဲ့ပစ္စည်းဆိုရင် ဝယ်မလားလို့ ... ဆောင်းမှာရှိပြီးသားတွေချည်းမို့ မဝယ်ဖြစ်ဘူး ..."

"ဒါဆို ဆောင်းကို အခု ဘယ်ပို့ပေးရမလဲ ..."

"မဟာမြတ်မုနိဘုရား ဖူးချင်တယ် ..."





"ရတယ်လေ ..."

ဟုဆိုကာ ဦးပန်းဖြူက လိုက်ပို့ပေးသည်။

ဆောင်းနှင်းမှုံက ဘုရားသို့သွားကာ ပန်း၊ ဆီမီး၊ ရေစသည်တို့ လှူဒါန်းကြည်ညိုနေသည်ကို ဦးပန်းဖြူက ကားထဲမှ စောင့်နေပါ၏။

စနေ၊ တနင်္ဂနွေရက်မျိုး မဟုတ်သဖြင့် သိပ်စည်ကားခြင်း မရှိပေ။

"ဘယ်သွားဦးမလဲ ဆောင်း ..."

"ရန်ကင်းတောင် ..."

ဦးပန်းဖြူက စဉ်းစားပြီး ခေါင်းခါပြသည်။

"ဦးလေး အကြံပေးတာနော် ဆောင်း ... ဒါပေမဲ့ ဆောင်းသွားမယ်ဆို ဦးလေးက လိုက်ပို့ပေးရမှာပေါ့ ..."

"ဘာအကြံလဲ ဦးလေးပန်းဖြူ ..."

"ရန်ကင်းတောင်ကို တက်ဖို့ကျတော့ ဆောင်းမှာ အဖော်မပါဘူး ... ဦးလေးအဖော်လိုက်ခဲ့ဖို့ကျတော့ ကားကို ဒီအတိုင်း ထားခဲ့လို့ မဖြစ်ဘူး ... မီးပုံးတစ်လုံး ဖြုတ်ခိုးသွားရင်တောင် တစ်သောင်းလောက် ပေးဝယ်ရမှာ ... ဝယ်ချင်တိုင်း ဝယ်လို့လည်း မရတတ်ဘူး ... ရန်ကင်းတောင်

အတက်အဆင်းမှာ လူပြတ်တယ် ဆောင်း … မန္တလေးနဲ့ ရန်ကုန်ဟာ သိပ်မကွာဘူး … အတူတူလိုပဲဆောင်း … ”

“ဘာတူတာလဲ … ဘာမကွာတာလဲဟင် … ”

“လမ်းသူရဲ လူတေလူဆိုးလေးတွေ ရှိတာခြင်း တူတယ် … မကွာဘူးလို့ဆိုတာ … ခုန ဆောင်း ဟာမြတ်မုနိကို သွားဖူးနေတုန်းကတောင် မော်တော်ဆိုင်ကယ်ကိုယ်စီနဲ့ ကောင်လေး သုံးကောင် ဦးလေးကို တောင်မေးမြောက်မေးတွေ လာမေးကြသေးတယ် … ဦးလေးတို့ကြည့်ရတာ မန္တလေးက မဟုတ်ပါဘူး … ဟိုဆင်းသွားတဲ့ အမျိုးသမီးလေးက အရမ်းချော အရမ်းလှ အရမ်းအချိုးကျတာပဲတဲ့ … ဘယ်မြို့က လာကြတာလဲတဲ့ … မန္တလေးမှာ ဘယ်လောက်ကြာကြာနေမှာလဲ … ဘယ်မှာတည်းကြသလဲတဲ့ … အကူအညီလိုရင် သူတို့ကို ပြောပါတဲ့ … အခု ဘုရားဖူးလာတာဆိုရင် ရန်ကင်းတောင်ကို သွားပါလားတဲ့ … ဒါကြောင့် ဆောင်းကို ရန်ကင်းတောင်ကို မသွားစေချင်တာ … တောင်ပေါ်ကို ဆောင်းတစ်ယောက်တည်းသွားရင် စိတ်မချရဘူး ဆောင်း ဒီကောင် သုံးကောင် ချောင်းလိုက်ပြီး နှောင့်ယှက်နိုင်တယ်”

“ဒါဆို ဆောင်းမသွားတော့ပါဘူး … ဒါပေမဲ့ ဒေါ်လေးမြမေ





အိမ်ကို ဆောင်း မပြန်ချင်သေးဘူး … အသုဘအိမ်ဆိုတော့ နေရတာ တစ်မျိုးကြီး … ”

“ဒါဆို စစ်ကိုင်းဘက် ကူးပါလား … စစ်ကိုင်းတံတားကြီးကို ဖြတ်ရတာ ပျော်စရာကောင်းတယ် … ဆောင်းမှာ ဗဟုသုတ ရတာပေါ့ … စစ်ကိုင်းက ကောင်းမှုတော်ကြီးကို ဝင်ဖူးပြီး ပြန်လာကြတာပေါ့ … ကောင်းမှုတော်စေတီတော်ကြီးက အမြင့်တက်ရတာ မဟုတ်တော့ အန္တရာယ်မရှိဘူးလေ … ”

“ကောင်းတယ် … ဦးလေးပန်းဖြူ … ဒါဆို အမရပူရလည်း ရောက်ဘူးမယ် … စစ်ကိုင်းလည်း ရောက်ဖူးသွားမယ် … လာ … သွားကြစို့ … ”

ဦးပန်းဖြူ စစ်ကိုင်းဘက်သွားရန် ဦးတည်လာသည်။

မန္တလေးမှအထွက် အမရပူရလမ်းကို ဦးတည်မောင်း ဦးပန်းဖြူ စိတ်ထဲ၌ သင်္ကာမကင်းသလို ရှိလာသောကြောင့် းဘက်မှန်မှ နောက်သို့ ကြည့်လိုက်သည်။

ထင်သည့်အတိုင်းပင် မိမိကားနောက် မလှမ်းမကမ်း မော်တော်ဆိုင်ကယ်တစ်စီး လိုက်ပါလာသည့်ကို တွေ့ရသည်။

“ဟိုက် … ဟိုချာတိတ်တွေလား … ”

သို့သော် မဟာမြတ်မုနိဘုရားတွင် တွေ့ခဲ့သည် ဆိုင်ကယ်သုံးစီးနှင့် ချာတိတ်သုံးယောက် ဖြစ်သည်။

ယခု လိုက်လာခြင်းမှာ ဆိုင်ကယ်တစ်စီးတည်း ဖြစ်ပါ၏။ ဟိုသုံးယောက်ထဲက တစ်ယောက်ယောက်များလာ သံသယ ဖြစ်စရာပင်။

ဒါမှမဟုတ် တခြား ဆိုင်ကယ်သမား သူ့ဟာ သွားရိုးသွားစဉ် သွားလာခြင်းပေလား။

မိမိကားနောက်သို့ လိုက်မှန်း မလိုက်မှန်းသေ အောင် ဦးပန်းဖြူ ကားကို အရှိန်မြှင့် ပိုမောင်းကြည့်သည်။

နောက်က ဆိုင်ကယ်ကလည်း အရှိန်မြှင့်ပြီး လို လာသည်။

ဦးပန်းဖြူက ကားကို လမ်းဘေးတွင် ထိုးရပ်လို သည်။

"ဟင် ... ဦးလေး ... ဘာလို့ ရပ်တာလဲ ... "

"နောက်မှ မော်တော်ဆိုင်ကယ်တစ်စီး ပါလာတယ်ဆော ဦးလေးတို့ ကားနောက်ကို လိုက်တာလား ... မလိုက် လား သေချာအောင် ကားကိုရပ်လိုက်တာ ခုနအရှိ မောင်းတော့ သူကလည်း အရှိန်မြှင့် လိုက်လာတယ် ဒါကြောင့် သေချာအောင် အခု ကားကိုရပ်တာ ... "





ဦးပန်းဖြူ ကားကိုရပ်လိုက်သောအခါ နေ ကိုင်း ဆိုင်ကယ်က မရပ်ဘဲ ကားကို ကျော်တက်သည်။

ဖြတ်ကျော်ရင်း ကားနှင့် ဘေးချင်းတိုက်တ တော့ အတွင်းထဲသို့ ဆိုင်ကယ်သမားက သေချာကြည့်သည်ကို က ခွင့် မှ ဆောင်းနှင်းမှုံက ထိုလူအား ပြန်ကြည့်သော်လည်း ဦးထုပ်မှ ကာ ချပ်ချပြီး မျက်နှာကို ပိတ်ထားသဖြင့် သူ့မျက်နှာကို သေချာ မမြင်နိုင်ပေ။ မျက်နှာတွင် ချထားသော လေကာကလည်း မီးခိုး နရောင်ဖြစ်နေသောကြောင့် သူ့မျက်နှာကို ပို၍ပင် မမြင်နိုင်ပေ။

ထိုလူသည် ကားကို ကျော်တက်သွားပြီး ... ရှေ့ အရောက်တွင် ကလေးများ တာတာ့လုပ်သလို လက်ဝါးအပေါ် မြှောက်ပြန်ကာ လက်ချောင်းများ ကွေးချည်ဆန့်ချည် လုပ်ပြသွား သေးသည်။

"မဟာမြတ်မုနိမှာ ဦးလေးပန်းဖြူ တွေ့ခဲ့တာ အဲဒီလူတွေ ပဲလားဟင် ... "

"မဟုတ်ဘူး ဆောင်း ... ဟိုမှာတွေ့တာက သုံးယောက်၊ အခု သူက တစ်ယောက်တည်းရယ် ... "

"အေး ... အဲဒါကို ဦးလေး စဉ်းစားနေတာ ... ဟိုမှာတွေ့ ခဲ့တဲ့ ကောင်သုံးယောက်စလုံးဟာ အခုကျော်တက်သွားတဲ့

ကောင်လောက် ကိုယ်လုံးကိုယ်ထည် အချိုးမကျဘူး ... အရုပ်အမောင်းလည်း မရှိဘူး ... ပုတဲ့ကောင်နဲ့ ပိန်တဲ့ကောင် တွေချည်းပဲ ... အခုကောင်က မော်တော်ဆိုင်ကယ် စီးပုံကို က သိပ်အချိုးကျတယ် ... သုံးကောင်ထဲက တစ်ကောင် မဖြစ်နိုင်ဘူးလို့ ဦးလေး ထင်တာပဲ ... ”

“ဒါဆို ဒီလူကကော ဘာလို့ ဆောင်းတို့ရဲ့ကားနောက်ကို လိုက်နေတာလဲ ... ”

“သူ ... တစ်နေရာရာကနေပြီး ဆောင်းကို တွေ့မြင်သွားလို့ နေမှာပေါ့ ... ဆောင်းကို တွေ့တဲ့ကောင်တွေဟာ ဒီလိုပဲ မဟုတ်လား ... ဆောင်းက သိပ်ချော သိပ်လှတာကိုး”

ဆောင်းနှင်းမှုံ ရယ်မိပါ၏။

ဘယ်အမျိုးသမီးမဆို မိမိကို ချောသည်လှသည်ဟု ပြောလာလျှင် ကျေနပ်စမြဲ ကြည်နူးစမြဲ မဟုတ်လား။

ဦးပန်းဖြူက ရပ်ထားရာမှ ပြန်ဆက်မောင်းသည်။

စစ်ကိုင်းတံတားကြီး၏ ဧရိယာဘောင်ထဲသို့ ဝင် လာသည်။

တံတားဖြတ်ကူးစ အခွန်ဆောင်ငွေပေးဖြတ်ပိုင်း ယူရန် ကားကိုရပ်ထားပြီး ဦးပန်းဖြူ ဂိတ်အခွန်ရုံးခန်းသွားသည်။





ဦးပန်းဖြူ သွားနေစဉ် ဆောင်းနှင်းမှုံသည် စစ်ကိုင်း တံတားကြီးနှင့် ဧရာဝတီမြစ်ရှုခင်းကို လှမ်းကြည့်သည်။

“အမယ် ... ဟိုမှာ ရွှေကိုယ်တော် ... ”

ဆောင်းနှင်းမှုံ၏ကားကို ကျော်တက်ပြီး တာတာ လုပ်သွားသော မော်တော်ဆိုင်ကယ်သမားသည် တံတားကူးခွင့် ဂိတ်အတွင်းထဲအထိ မဝင်ဘဲ ဂိတ်အပြင်ဘက်နေရာတွင် မော်တော် ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး တင်ပါးမှေးကာ စီးကရက်သောက် နေသည်ကို တွေ့ရသည်။

ဖိုက်ဘာဦးထုပ်ဆောင်းထားသော်လည်း စီးကရက် သောက်နေသောကြောင့် ရှေ့လေကာမျက်နှာအုပ်ကို ပင့်တင်ထား သည်။ ထိုလူက ဧရာဝတီမြစ်ဘက်သို့ ငေးကြည့်နေသည်မို့ ထိုလူ ၏မျက်နှာကို ဆောင်းနှင်းမှုံ လှမ်းကြည့်နေမိသည်။

အတန်ငယ် အလှမ်းကွာသည့်ပြင် ဦးထုပ်ဆောင်း ထားသောကြောင့် သူ့မျက်နှာကို သဲကွဲစွာတော့ မမြင်ရ။

သို့သော် ဘေးတိုက်အနေအထား လှမ်းမြင်ရသည် ကပင် သူ၏နှာတံနှင့် တော်တော်ကြည့်ကောင်းနေသည်။ မော် တော်ဆိုင်ကယ်သမားမို့ သူ၏အသားရောင်မှာ အညိုဘက်သို့ ရှိနေ သည်။

သူ့ကိုကြည့်ပြီး ဆောင်းနှင်းမှုံ အလိုလို ရင်ခုန်နေပါ၏။ အဘယ်ကြောင့် ရင်ခုန်မှန်း ဆောင်းနှင်းမှုံကိုယ်တိုင် မသိပါလေ။

ထိုလူသည် ဆောင်းနှင်းမှုံကို တစ်နေရာတွင် တွေ့မြင်ပြီး ဆောင်းနှင်းမှုံ၏ အချောအလှကြောင့် နောက်ကလိုက်လာသည်ဟု ဦးလေးပန်းဖြူ ပြောသည်မှာ ဟုတ်များ ဟုတ်မှ ဟုတ်ပါလေစဟု ဆောင်းနှင်းမှုံ တွေးကြည့်သည်။

အကြောင်းမူ ...

သူသည် ဆောင်းနှင်းမှုံပါရှိသော ကားဘက်သို့ တစ်ချက်လေးပင် လှည့်မကြည့်သောကြောင့် ဖြစ်ပါ၏။

ဆောင်းနှင်းမှုံက ကားမှန်တံခါးချပြီး သူ့ကို ကြည့်သည်ကိုပင် သူက ပြန်လှည့်မကြည့်ပါလေ။

ဦးပန်းဖြူက ဂိတ်ကြေးဆောင်ပြီး ကားကို ဆက်မောင်းခဲ့သည်။

ထိုလူသည် နေရာမရွေ့ဘဲ ကျန်ခဲ့ပါ၏။ တံတားကြီး၏ တစ်ကုန်းပြီးတစ်ကုန်း ကျော်မောင်းနေစဉ် ဆောင်းနှင်းမှုန်သည် ကားနောက်မှန်ကတစ်ဆင့် ကျန်ခဲ့သည်ကို လည်ပြန်ကြည့်သည်။

"ဆောင်း ဘာကြည့်တာလဲ ..."





"ဟိုလူလေ ဆောင်းတို့ကားကို ကျော်တက်သွားပြီ ... တံတားကြီး ဂိတ်ဝမှာ ကျန်ခဲ့တဲ့ မော်တော်ဆိုင်ကယ်နဲ့လူ အဲဒီလူထပ်ပြီး နောက်ကလိုက်လာသလားလို့ ကြည့်တာ"

"အေး ... ဦးလေးလည်း ကားဘက်မှန်က ကြည့်တာ ... နောက်ကလိုက်လာတာ မတွေ့ဘူး ..."

ဦးလေးပန်းဖြူသည် စစ်ကိုင်းတွင်လည်း ကျွမ်းကျင်သည်။ ကောင်းမှုတော် စေတီဝင်းထဲအထိ မောင်းပို့ပေးသည်။

ဆောင်းနှင်းမှုံစိတ်ကြိုက် ဖူးမြော်ပူဇော်ပြီးနောက် လမ်းအတိုင်း ပြန်ခဲ့ကြသည်။

အမရပူရမြို့ကို ဖြတ်ကျော်ရာတွင် ဆည်းဆာချိန် ...က်နေပေပြီ။

မော်တော်ကား အသွားအလာ ရှင်းနေသည်ကို ...့ရသည်။

"ဟင် ... ဟိုရှေ့မှာ ကားတစ်စီး ... လမ်းကို ကန့်လန့်ကြီး ရပ်ထားပါလား ဦးလေးပန်းဖြူ ..."

"အေး ... ဘာလို့လဲ မသိဘူး ..."

လမ်းပေါ်တွင် ကန့်လန့်ရပ်ထားသော ကားမှာ ...က်(စ်)အိုးဆလွန်းကားဖြူတစ်စီး ဖြစ်ပေသည်။ ကားဘေးတွင် ...တစ်ယောက်မျှ မရှိ။ ကားပေါ်တွင်လည်း တစ်ယောက်မျှ မရှိ။

ဦးပန်းဖြူမှာ ဟိုဘက်ကလည်း ရှောင်မောင်း၍မရသဖြင့် တောင်းအေ့(စ်)ကားကို ရပ်လိုက်ရသည်။

ဦးပန်းဖြူ ကားရပ်သည်နှင့် "ဟေး"ဟု အသံထွက်လာကာ သစ်ပင်များနောက်တွင် ပုန်းကွယ်နေသော ချာတိတ်သုံးယောက် ထွက်လာသည်။

"ဟေ့ ... ဒါ မင်းတို့ ဘာလုပ်တာလဲ ... ကားကန့်လန့်ကြီး ရပ်ထားပြီး ..."

ဦးပန်းဖြူက ကားပေါ်မှဆင်းကာ အော်ဟစ်ပြောလိုက်သည်။ ဤချာတိတ် သုံးကောင်သည် မန္တလေးမဟာမြတ်မုနိဘုရားတွင် တွေ့ခဲ့သော ဆိုင်ကယ်သုံးစီးနှင့် ချာတိတ်တွေမှန်း ဦးပန်းဖြူ ချက်ချင်း မှတ်မိသည်။

"အာ ... ဒီလူကြီး ..."

ဟု ပြောပြောဆိုဆို နှစ်ယောက်သည် ဦးပန်းဖြူ၏ ရင်ဝကို ဆောင့်ကန်ပြီး ကျန်တစ်ယောက်က ဦးပန်းဖြူ၏ လည်ကုပ်ကို လက်ဝါးစောင်း ခုတ်ချလိုက်သည်။

ဦးပန်းဖြူ မြေကြီးတွင် မှောက်ကျသွားသည်။

"ဒါ ... ဒါ ရှင်တို့ ဘာလုပ်တာလဲ ... လွှတ် ... လွှတ်"

ချာတိတ်သုံးကောင်သည် ဆောင်းနှင်းမှုံကို ကားပေါ်မှ အတင်းဆွဲချနေသည်။





ဆောင်းနှင်းမှုံက အော်ဟစ်ရုန်းကန်နေပါ၏။

သုံးကောင်သည် ဆောင်းနှင်းမှုံကို ကားပေါ်မှ ဆွဲချပြီး ကန့်လန့်ရပ်ထားသော အက်(စ်)အီးကားပေါ်သို့ ဖွတ်ဆွဲတင်နေကြသည်။

ထိုစဉ်မှာပင် စစ်ကိုင်းဘက်မှ မော်တော်ဆိုင်ကယ်တစ်စီး အရှိန်ပြင်းစွာနှင့် မောင်းလာပြီး အနီးရောက်သည်နှင့် ကျွီခနဲ ဆိုင်ကယ်ကို ဒက်စတော့ရပ်လိုက်သည်။ ရပ်လိုက်သည်နှင့် စက်ပိတ်ပြီးသား ဒေါက်ထောက်ပြီးသား ဖြစ်သွားသည်။

"ဟေ့ ... အမျိုးသမီးကို လွှတ်လိုက်ကြစမ်း ..."

မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းလာပြီး ဆောင်းနှင်းမှုံကို လင်းတဆွဲဆွဲနေသော ချာတိတ်သုံးကောင်ဆီသို့ လျှောက်လာသည်။ အသံပြတ်နှင့်လည်း အမိန့်သံပါပါ အမျိုးသမီးကို လွှတ်လိုက်ဟု ပြောသည်။

"အံမယ် ... မင်းက ဘာကောင်လဲ၊ ငါတို့က မင်းပြောတိုင်း လွှတ်မတဲ့လား ... မင်းလမ်းကို မင်းသွား ... ကားကန့်လန့် ဖြစ်နေပေမဲ့ မော်တော်ဆိုင်ကယ်ကို ဘေးကချမောင်းသွား လို့ရတယ် ..."

သုံးယောက်ထဲမှ ခေါင်းဆောင်ဖြစ်ပုံရသော ချာတိတ်က ထိုလူကို ပြန်ဟောက်လေသည်။

"ဘယ်ကောင်းမလဲ ချာလီ ... တစ်နယ်တစ်ကျေးက ဘုရားဖူးလာတဲ့ အမျိုးသမီးကို မင်းတို့ ဒီလိုကြံစည်တာ ဘယ်ကောင်းမလဲ ... နောက်ဆို ငါတို့မြို့ကို ဘုရားဖူး လာရဲကြမှာတောင် မဟုတ်တော့ဘူးပေါ့ ..."

"အံမာ ... မင်းက ငါ့ကို ချာလီမှန်းသိနေသလား ... မင်းက ဘာကောင်မို့လို့ လာအမိန့်ပေးနေတာလဲ ..."

"ငါ ဘယ်သူဆိုတာ မင်းတို့အတွက် အရေးမကြီးပါဘူး ချာလီ ... မင်းကို ချာလီမှန်း ငါ သိတယ် ... ဟိုတစ်ယောက်က ဖိုးချို ... နောက်တစ်ယောက်က တင်ဟိန်းမှန်းလည်း ငါ သိတာပဲ ... မင်းတို့ အဖေတွေဟာ မန္တလေးမှာ ... အကောင်ကြီးတွေမှန်းလည်း ငါ သိတယ် ... မင်းတို့ သုံးကောင် မိဘအရှိန်အဝါနဲ့ မန္တလေးမှာ သောင်းကျန်းနေတာလည်း ငါ သိတာပဲ ... မင်းတို့လုပ်ရပ်က လွန်ကဲလွန်းပြီ"

"ဟော့ ... ဖိုးချိုနဲ့ တင်ဟိန်း ... အဲဒီ နေရာတကာသိတဲ့ ဖိုးသိကို ပညာပေးလိုက်စမ်းကွာ ... ဒီမိန်းမကို ငါ ထိန်းထားမယ် ..."

တင်ဟိန်းနှင့် ဖိုးချိုသည် ဆောင့်နှင်းမှုကိုလွှတ်ကာ သူတို့အိတ်ကိုယ်စီမှ မောင်းပြန်ဓားကိုယ်စီ ထုတ်လိုက်ကြသည်။

"ဖျောက် ... ဖျောက် ..."





ဓားကို ခလုတ်နှိပ်လိုက်ရာ ဖျောက်ခနဲ အသံနှင့် ဓားသွားတွေ ထွက်လာသည်။

ဓားကိုယ်စီနှင့် ဘယ်တစ်ယောက်ညာတစ်ယောက် ထိုလူဆီသို့ ဝင်လာသည်။

ဆိုင်ကယ်သမားက နေရာမရွေ့ ရပ်မြဲရပ်နေသည်။

"မင်းကို အသေတော့ မလုပ်ဘူး ... ပညာပေး သင်ခန်းစာပေးလောက်သာ လုပ်မယ် ... ကဲကွာ ..."

နှစ်ယောက်သည် ထိုလူ၏ဘေးတစ်ဘက်တစ်ချက် ဝင်ကာ အပေါ်မြှောက် အောက်စိုက်ပုံစံဖြင့် ထိုလူကို ထိုးချလိုက်သည်။

မှားလေစွ။ ဖိုးချိုနဲ့ တင်ဟိန်း။

ထိုလူက နေရာမရွေ့ ရပ်နေရာမှ ဓားစိုက်ကျလာမှု နောက်သို့ တစ်လှမ်းအလွန်အမင်း သွက်လက်စွာဖြင့် တစ်ကွက်ရွေ့ ဆုတ်လိုက်သည်။

ချက်ချင်းပင် ဓားထိုးချက်အရှိန်ဖြင့် ခေါင်းငိုက်လာသော ဖိုးချိုနှင့် တင်ဟိန်း ဦးခေါင်းနှစ်ခုကို နောက်မှကိုယ်စီ လက်ဝါးနှစ်ဖက်အုပ်ကာ ခေါင်းနှစ်ခေါင်းကို ယကွင်းတီးသလို တီးချလိုက်သည်။

ခွပ်ခနဲ အုန်းသီးခွဲသံမျိုး ထွက်လာကာ ဦးခေါင်း နဖူးထိပ်ကိုယ်စီမှ သွေးတွေ ထွက်လာသည်။ ဓားကိုင်လျက် တန်းလန်းကြီးပင် နှစ်ကောင်စလုံး မှောက်လျက်သားကြီး မြေကြီးကို ကုန်းနန်းရတော့သည်။

နှစ်ကောင်စလုံး ပြန်မထနိုင်။

ထိုလူသည် လက်ဝါးနှစ်ဖက်ကို ဖုန်ခါသလို ခါလိုက်ပြီး ချာလီဆီသို့ တစ်လှမ်းချင်း လျှောက်သွားသည်။

"မင်း စဉ်းစားနော် ချာလီ ... ငါ့ကို ယှဉ်ပြိုင်လို့ မင်းပါ မှောက်သွားရင် ဟိုနှစ်ကောင်ကို ကားပေါ်တင်ပြီး အချိန်မီ ကုသခွင့် မရနိုင်တော့ဘူး ... မင်းလည်း မန္တလေးသားပဲကွာ ... ဒီအချိန် ဒီလမ်းမှာ ကားတွေ အလာကျဲသွားပြီမှန်း သိမှာပါ ... ဒီအတိုင်းဆိုရင် ဟိုနှစ်ကောင် သွေးထွက်လွန်ပြီး သေတော်မူကုန်မယ် ... ကဲ ... ဘယ်လိုလဲ ... မင်း ငါနဲ့ ဆက်ယှဉ်ပြိုင်မလား ... အချိန်မီ ဆေးခန်းပို့မလား၊ ကြိုက်ရာကိုရွေး ချယ်လီ ..."

ချာလီသည် အားမတန် မာန်လျှော့ ပုံစံဖြင့် ဆောင်းနှင်းမှုံကို လွှတ်ပေးလိုက်ရတော့သည်။

"မင်း ကောင်းကောင်း သတိထား ... မင်း တကယ်သတ္တိ





ရှိရင် မျက်နှာမှာ အုပ်ထားတဲ့ ကာဗာကို ဖွင့်လိုက်ပါ ... မင်းမျက်နှာကို ငါ သေချာမှတ်ထားပြီး မင်းနဲ့ ငါ နောက်ထပ် တွေ့ချင်လို့ ..."

"ရတယ် ချာလီ ... သိပ်ရတယ် ... ကဲ ... ဒီမှာ သေချာကြည့် ... ငါ့မျက်နှာ ..."

ထိုလူက မျက်နှာအုပ် ကာဘာကိုသာမက ဖိုက်ဘာဦးထုပ်ကိုပါ ချွတ်ပြလိုက်သည်။ ပြီး စီးကရက်ဘူးထုတ်ကာ စီးကရက်ပင် သောက်ပါသေး၏။

ချာလီက သူ့မျက်နှာကို ကြည့်သလို ဆောင်းနှင်းမှုံကလည်း ထိုလူ၏မျက်နှာကို ယခုမှ သေချာမြင်ရတော့သည်။

ဆောင်းနှင်းမှုံ ရင်ခုန်ရပြန်သည်။

"ကဲ ... မင်း ငါ့ကို သေချာမှတ်မိပြီဆိုရင် မင်းရဲ့ကန့်လန့်ကားကြီးကို နေရာရွှေ့တော့ ချာလီ ..."

နောက်ပိုင်းတွင် ချာလီက ထိုလူကို ဘယ်လို စာရင်းရှင်းမည်တော့ မသိ။ လောလောဆယ်မှာတော့ ချာလီသည် သူ၏ကန့်လန့်ကားကြီးကို ပြန်တည့်အောင် မောင်းရွှေ့ပြီး သူ့တပည့် ဖိုးချို့နှင့် တင်ဟိန်းတို့အား ကားပေါ်ဆွဲတင်ဖို့ ကြိုးစားနေတော့သည်။

“ကဲ … အမျိုးသမီးချော တောင်းအေ့(စ်)ပေါ် ပြန်တက်ပေတော့ … ဟိုမှာ ကားမောင်းတဲ့ ဦးလေးကြီးလည်း ပြန်ရပ်နိုင်နေပြီ … ”

ဆောင်းနှင်းမှုံသည် ကားပေါ် ခပ်သွက်သွက်လေးပင် တက်သွားသည်။

ဦးပန်းဖြူလည်း ကားပေါ် ပြန်တက်မောင်းထွက်သွားတော့သည်။

ထိုလူသည် သူ့ မော်တော်ဆိုင်ကယ်ပေါ် ပြန်တက် စက်နှိုးကာ ဆောင်းနှင်းမှုံတို့နောက်သို့ လိုက်သွားတော့သည်။

ဆောင်းနှင်းမှုံ ကားနောက်မှန်မှ လှမ်းကြည့်သည်။ ထိုလူလိုက်ပါလာသည်ကို တွေ့ရရုံမက ချာလီဆိုသောလူ သူ့လူတွေ ကားပေါ်သို့ မနိုင်မနင်း ဆွဲတင် တွဲတင်နေသည်ကိုပါ မြင်ရသည်။

“ဆောင်း … ဒီကိစ္စကို ဆရာကြီးကို ပြောမှာလားဟင် … ပြောရင်တော့ ဆရာကြီးက ဦးလေးကို အလုပ်ထုတ်ပစ်မှာ သေချာတယ် … ”

“ဘာလို့ ဖြုတ်ရမှာလဲ ဦးလေး … ”

“ဆောင်းကို ဦးလေး မကာကွယ်ပေးနိုင်ခဲ့ဘူးလေ … မော်





တော်ဆိုင်ကယ်နဲ့ မောင်ရင်သာ ရောက်မလာရင် မတွေးရဲစရာပဲ … ”

“ဟုတ်တယ်နော် … အဲဒီလူသာ အချိန်မီ ရောက်မလာရင် ဆောင်းဘဝသွားပြီ … ရေတိမ်နစ်ဘဝပျက်ဖြစ်သွားမှာ … ဆောင်း ဖေဖေ့ကို ပြန်မပြောပါဘူး … တကယ်တော့ ဦးလေးပန်းဖြူ ဘာတတ်နိုင်မှာလဲ … သူတို့က လူငယ်သုံးယောက် … ဓားကိုယ်စီနဲ့ ဦးလေးက အသက်ကြီးသူတစ်ယောက်တည်းဟာ … သူတို့ကို ဘယ်နိုင်မလဲ … ”

“ဒါတော့ ဒါပေါ့ကွယ် … ဒါပေမဲ့ ဦးလေးတာဝန်က ဦးလေးအသက်သေကာမှသေရော … ဆောင်းကို ကာကွယ်ပေးရမှာ … ဆရာကြီးကို ပြန်မပြောဘူးဆိုလို့ ဆောင်းကို ဦးလေး သာဓု … သာဓု ခေါ်ပါတယ်ကွယ် … ”

ဆောင်း ပြန်စဉ်းစားသည်မှာ ထိုကယ်တင်ရှင်လူကို မိမိက ကျေးဇူးတင်စကားလေးပင် မပြောလိုက်မိ။ မိမိအနေနှင့် ရှိင်းလွန်းသွားသည်။ ကျေးဇူးတင်ကြောင်း မပြောမိသည်ကို နောင်တရနေသည်။

ဒုတိယစဉ်းစားသည်မှာ ထိုလူသည် မိမိတို့ကားမန္တလေးမှ ထွက်လာကတည်းက နောက်မှလိုက်ပါလာပုံရသည်။ ဘာကြောင့် မိမိတို့ကားနောက်မှ လိုက်လာပေသနည်း။

"ဦးလေး စိတ်အထင်တော့ ဆောင်း ဈေးချိုထဲမှာ ဝင်သွားကတည်းက အဲဒီ မောင်ရင်က ဆောင်းကို မြင်လိုက်ပြီး. မဟာမြတ်မုနိဘုရားကြီးအထိ လိုက်လာပုံပဲ ... ဘုရားကြီးမှာ ဟိုချာလီဆိုတဲ့ကောင် သုံးကောင်က ဦးလေးနဲ့ လာစကားပြောကတည်းက ဒီကောင် သုံးကောင် ဆောင်းကို အန္တရာယ်ပေးတော့မယ်ဆိုတာ တင်ကြိုသိသလားမှ မပြောတတ်တာ ... ဒါကြောင့် တစ်ခုခုဖြစ်ရင် ဆောင်းကို ကူညီဖို့ နောက်ကလိုက်လာတာ ဖြစ်မယ်လို့ပဲ ထင်တာပဲဆောင်း"

"သူနဲ့ ဆောင်းက တစ်ခါမှ မသိဘူး ... မမြင်ဘူးတာပဲ ဦးလေး ... သူက ဆောင်းကို ဘာလို့ကူညီချင်တာလဲ ... "

"ဘာလို့ ကူညီချင်တာလဲဆိုတာတော့ ... အဲဒီမောင်ရင်ရဲ့ အတွင်းစိတ်မို့ ဘုရားသခင်မှပဲ သိမှာပဲ ... "

"ဟုတ်တယ် ... သူ့ရဲ့ကိုယ်စောင့်နတ်နဲ့ ဘုရားသခင်မှ သူ စိတ်ထဲ ဘာရှိတယ်ဆိုတာကို သိမှာပဲနော် ... ဦးလေးပန်းဖြူ ... "

"ဘာပဲဖြစ်ဖြစ်ပေါ့ ဆောင်း ... အဲဒီမောင်ရင်ဟာ အရမ်းတော်တာ မျက်မြင်ပဲ ... လူပုံစံက အချိုးကျ ကြည့်ကောင်း သလောက် သတ္တိကျတော့လည်း သိပ်ကောင်းတယ် ...





ဟိုလူဆိုးသုံးကောင်ကို အဲဒီမောင်ရင်က လက်ကြောတင်းတင်းလေးတောင် မလုပ်ရဘဲ အေးအေးဆေးဆေးလေး အနိုင်ယူသွားတယ် ... သူ့ ဦးထုပ်ချွတ်ပြီး ဟိုလမ်းသူရဲ ကောင်ကို သူ့မျက်နှာပြလို့ ဦးလေး သေချာကြည့်လိုက်တယ် ... အဲဒီမောင်ရင်ဟာ ခန္ဓာကိုယ် အချိုးကျသလောက် မျက်နှာကလည်း ကြည့်ကောင်းတာ တွေ့လိုက်ရတယ်"

"ဟုတ်တယ် ... သူဟာ အချိုးကျကြည့်ကောင်းသလောက် ယောကျ်ားပီသတယ် ... "

ဟု ဆောင်းက ထပ်ဆင့်ဆိုပါ၏။

❒ ❒

## ( ၃ )

"နင့်ကိုကြည့်ရတာ ကျောင်းပြန်ဖွင့် ကျောင်းပြန်တက်မှ သိပ်ငေါင်တာပဲ ဆောင် ... ဘာလို့လဲဟင် ... ကျောင်းပိတ်တုန်း နင် မန္တလေးသွားတယ်ဆို၊ မန္တလေးက သီတင်းကျွတ်ပွဲတော်စည်လားဟင် ... "

"မန္တလေးသွားတာ ဒီနေ့ရောက် နက်ဖြန်ပြန် ခရီးပါ ယုမော်ရယ် ... တစ်ညအိပ်တည်းပါ ... "

"ဘာပဲဖြစ်ဖြစ်လေ ... အခု ကျောင်းပြန်အတက်မှာတော့ နင် သိပ်ငေါင်တာ အမှန်ပဲ ... အရင်တုန်းက နင့်မျက်နှာလေးဟာ ဘယ်တော့ကြည့်ကြည့် ... ဝင်းပနေတဲ့ လမင်းလေးလိုကြည်ပြီး ရွှင်နေတာ ... ကျောင်းပိတ်ရက်အတွင်း ထူးခြားတာဆိုလို့ နင် မန္တလေးပြန် အတက်မှာ နင့်မျက်နှာ





လေးဟာ လပေပုပ်ဖမ်းသလို ညှိုးနွမ်းနေတယ် ... ဘာလဲ မန္တလေးတစ်ညအိပ်သွားလိုက်တာ ဟိုမှာ လွမ်းစရာ ပုဂ္ဂိုလ်လေးတစ်ယောက်ယောက်နဲ့ တွေ့ခဲ့ပြီး ခွဲခွာလာရလို့လား မိဆောင်း ... "

ဟိုမှာ လွမ်းစရာ ပုဂ္ဂိုလ်လေးတစ်ယောက်ဟု ယုယု ော်က ပြောလိုက်လေမှ ဆောင်း၏မျက်စိထဲတွင် မန္တလေးစစ် ိုင်းလမ်းတွင် တွေ့ဆုံကြုံခဲ့ရသော မော်တော်ဆိုင်ကယ်နှင့် လူကို မြင်ယောင်လာပါသေး၏။

ဘာလို့မှန်းတော့မသိ။ အဲဒီနေ့မှစပြီး ဆောင်း၏ က်စိထဲတွင် ထို မော်တော်ဆိုင်ကယ်နှင့် လူကို လှစ်ခနဲ လှစ်ခနဲ ခဏ အလိုလို မြင်ယောင်နေတော့သည်။

ဆောင်း၏အိပ်မက်ထဲတွင် ထိုလူအားလုံး သုံးကြိမ် ိပင် မက်ပြီးပြီ။

ကယ်တင်ရှင် ကျေးဇူးရှင်မို့ စွဲမှာစွဲပြီး အိပ်မက်တွင် မက်သည်လေလား မပြောတတ်။ နောက်ပြီး ဆောင်းနှင်းမှုံ ည် ဘယ်နေရာမှပဲဖြစ်ဖြစ် မော်တော်ဆိုင်ကယ်သံကြားလျှင် ပြီး ကြည့်တတ်လေ့ ရှိနေသည်။

"ကြည့် ... ငါပြောရင်တောင် နင် ပိုပြီး ငေါင်သွားသေးတယ်

ဆောင်း ... ပြောစမ်းဟယ် ... နင် ဘာဖြစ်နေတာလဲ ... ငါ မေးတာလည်း နင် မဖြေဘူး ... ”

“နင် ဘာမေးလို့လဲ ယုမော် ... ”

“အိ ... ကြည့် ငါမေးတာတောင် ချက်ချင်း မေ့စရာပုဂ္ဂိုလ်လေး ကျန်ခဲ့လို့လားလို့ ငါ မေးတာလေ ... ”

“သြော် ... ဒါလား ... ”

“အဲဒါကတော့ ပြောရခက်ကြီးပဲ မိယုမော် ... ”

“အဲဒီ ပြောရခက်ကြီးကိုပဲ ပြောပြစမ်း မိဆောင်း ... ”

ဆောင်း စဉ်းစားသည်။

မန္တလေးတွင် ဖြစ်ပျက်ခဲ့သည်ကို ယုယုမော်အား ပြန်ပြောသင့် မပြောသင့် စဉ်းစားပါ၏။

ဖေဖေဦးမြတ်မင်းကိုပင် ပြောမပြသောကိစ္စ ဖြစ်နေသည်။

ဖေဖေ့ကို မပြောသည်ကတော့ ... ပြောလိုက်လျှင် ဦးလေးပန်းဖြူကို အလုပ်မှထုတ်ပစ်မည်စိုး၍ မပြောပြခြင်း ဖြစ်သည်။

ယုယုမော်က ဆောင်း၏အချစ်ဆုံးသူငယ်ချင်း။

တီတီစီမှ ဆယ်တန်း အရှုံအောင်ခဲ့သည် ... ။





တက္ကသိုလ်ရောက်တော့လည်း အတန်းတူ ဘာသာတူ ယူကြပြီး တတွဲတွဲ။

ဆောင်းနှင်းမှုံက(၉)မိုင်တွင် နန်းတော်တမျှ တိုက်အိမ်ကြီးတွင် နေသည်။

ယုယုမော်က(၆)မိုင် မောရဝတီလမ်းတွင် နေသည်။

နေ့စဉ် ဆောင်းနှင်းမှုံက ကျောင်းတက်ရာတွင် ကိုယ်ပိုင် တိုယိုကာဆလွန်းကားလေးဖြင့် ကိုယ်တိုင်မောင်းကျောင်းတက်သည်။

မောရဝတီလမ်းထိပ်တွင် ယုယုမော်က မောင်းသည်။ ယုယုမော်နှင့်အတူ ကျောင်းတက်သည်။ ကျောင်းဆင်းတော့လည်း ယုယုမော်ကို မောရဝတီလမ်းနေ ယုယုမော်ကို ခြံနှင့်တစ်ထပ်တိုက်အိမ်သို့ သွားလည်တက်သည်။

တစ်ဦးဆီသို့ တစ်ဦးမသွားဖြစ်လျှင် အလကားနေရင်း ဖုန်းဆက်ကြသည်။

ယုယုမော်သည် အဲဒီလောက် ဆောင်းနှင်းမှုံနှင့် ခင်မင်သော သူငယ်ချင်း။

ယခု မိမိရင်ထဲတွင် တစ်အုံနွေးနွေး၊ မျိုသိပ်ထားရ

သည်ကို သူငယ်ချင်း ယုယုမော်အား ဖွင့်ပြောရလျှင် စိတ်သက်သာသွားလေမလား။

"ဟဲ့ ဆောင်း နင်ဟာက ပြောရင်းမှာတောင် ပိုငေါင်သွားပြန်ပြီ … ဒီလောက်အပြောရခက်နေရင်လည်းမပြောနဲ့တော့ဟာ … နင့်ကိုကြည့်ပြီး ငါ သနားလာလို့ … မချင့်မရဲဖြစ်လာလို့ … "

"ငါပြောမှာပါ … နင့်ကိုတော့ ငါ ပြောမှာပါ … "

ဆောင်းနှင်းမှုံသည် မန္တလေးတွင် ဖြစ်ပျက်ခဲ့သမျှအားလုံး ယုယုမော်ကို ဖွင့်ပြောပြလိုက်သည်။

ယုယုမော်က စိတ်ဝင်စားစွာ နားထောင်ပါ၏။

"ဟယ် … အဲဒီလူက တော်လိုက်တာ တကယ်ပဲ … သူသာ ဝင်မကယ်ရင် နင့်ဘဝသွားပြီ … နင် အဲဒီ မော်တော်ဆိုင်ကယ်နဲ့လူကို ထိုင်ရှိခိုးဖို့ကောင်းတယ် မိဆောင်း … "

"အင်းပေါ့ … အဲဒါလည်း ငါ့ရင်ထဲမှာ တသသနောင်တရနေတယ် … ဒီလောက်ကြီး ဝင်ကယ်တာတောင် ငါက ကျေးဇူးတင်ပါတယ် တစ်ခွန်းမပြောလိုက်မိလို့ … "

"ဒါကြောင့် နင် သိပ်ငေါင်နေတာပေါ့ ဟုတ်လား … "

"နှစ်ဆယ့်ငါးရာခိုင်နှုန်းလောက်တော့ အဲဒါကြောင့်လို့ ပြောရင် ရတယ် …





"ဒါဖြင့် ကျန်တဲ့ခုနစ်ဆယ့်ငါးရာခိုင်းနှုန်း ငေါင်ရတဲ့အကြောင်းကရော မိဆောင်း … "

"ဖေဖေ့ကြောင့်လို့ ပြောရမှာပဲ … "

"နင့် ဖေဖေကြောင့် ဟုတ်လား … နင့်ဖေဖေ ဘာဖြစ်လို့လဲ … ကျန်းမာရေးကြောင့်လား … ဒါလည်း မဖြစ်နိုင်ဘူး၊ နင့်ဖေဖေဟာ အရွယ်နဲ့ မလိုက်အောင် ကျန်းမာတယ် … နင့်ဖေဖေ ရေကူးကန်မှာ ငါ အမြဲတွေ့နေတာပဲ … ကျန်းမာရေးကြောင့်တော့ မဖြစ်နိုင်ဘူး … နောက်ပြီး နင်တို့ ချမ်းသာတာက အရမ်းကြီးကို ချမ်းသာတာ … နင့်မှာ နင့်ဖေဖေအတွက် ဘာငေါင်စရာ ရှိမှာလဲ … "

"ကျန်းမာရေးကြောင့်လည်း မဟုတ်ဘူး … စီးပွားရေးကြောင့်လည်း မဟုတ်ဘူး မိယု … "

"ဒါဖြင့် ဘာလို့လဲ … နင့် ဖေဖေက နောက်အိမ်ထောင်ပြုချင်လာလို့လားဟင် … "

"ဟင့်အင်း … ဖေဖေ နောက်အိမ်ထောင် မပြုပါဘူး … ပြုချင်ရင် အစောကြီးကတည်းက ပြုမှာပေါ့ … မေမေ ဆုံးသွားတာပဲ ခြောက်နှစ်ကျော်ပြီပဲဟာ … ဖေဖေက ပြောဖူးတယ် … တစ်ဦးတည်းသောသမီးဖြစ်တဲ့ငါ စိတ်ဆင်းရဲမှာ

စိုးလို့ သူရဲ့ သာယာမှုကိုအတွက် ဘယ်တော့မှ အိမ်ထောင် သစ်ပြုတာနဲ့ မလဲဘူးတဲ့ ... တစ်လောကလုံးမှာ ဒီအဖေနဲ့ ဒီ~မီးပဲရှိတာ ... ဖေဖေက နောက်အိမ်ထောင်ပြုဖို့ လုံးဝ မစဉ်းစားပါဘူး ယုယုမော်ရာ ... နောက်ဆုံး ငါ လက်ထပ် တောင် သမက်ကို အိမ်ခေါ်ထားမယ် ... သမီးနဲ့ ဖေဖေ ရာသက်ပန် မခွဲဘူးတဲ့ဟာ ... ”

“ဒါဆို နင်က နင့်အဖေအတွက် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း ကြီးတောင် ဝေါင်ရတာလဲ မိဆောင်း ... ”

“ဖေဖေ့မှာ ငါ့ကိုဖွင့်မပြောတဲ့ အပူတစ်ခု သူ့ရင်ထဲမှာ မျို သိပ်ပြီး ရှိနေတယ်လို့ ငါ ထင်တယ် ယုယုမော် ... အဲဒီ အပူတစ်ခုခုဟာလည်း မန္တလေးက ပြန်လာပြီးမှ ပူတဲ့အပူ ဖြစ်ရမယ် ... ဟိုအရင် မန္တလေးမသွားခင်က ဖေဖေ့ကို ကြည့်လိုက်ရင် မြူးနေတာပဲ ... တကယ့် လူငယ်လူရွယ် တစ်ယောက်လို နေတာ ... လေ့ကျင့်ခန်း မှန်မှန်လုပ်တယ်၊ ရေကူးကန်မှာ ရေကူးတယ် ... မြင်းစီးတာလည်း ကျန်းမာ ရေးအတွက်ပဲ ... တစ်ပတ်ကို လေးကြိမ် မြင်းစီးတယ်”

“အင်းလေ ... အဲဒါတွေ ငါလာတိုင်း တွေ့နေတာပဲဟာ”

“အေး ... မန္တလေးက ပြန်လာပြီးမှ လေ့ကျင့်ခန်းလည်း





မှန်မှန်မလုပ်ဘူး ... ရေလည်း မှန်မှန် မကူးဘူး ... မြင်းလည်း မစီးဘူး ... ငါ့ကြွယ်ရာမှာဆိုရင် အမြဲ ငိုင်နေတယ် ... ”

“ဘာလို့ ငိုင်တာလဲလို့ နင်က မေးမကြည့်ဘူးလား ... နင့် တို့သားအဖက ဘာမဆို ပွင့်ပွင့်လင်းလင်းပဲဟာ ... ”

“ခက်တာက ဖေဖေက ငါ့ကိုမြင်လိုက်တာနဲ့ ဟိုတုန်းကပုံစံ အတိုင်း လေချွန်တယ် ... သီချင်းဆိုတယ် ... ကတ်ဆက် ဖွင့် နားထောင်တယ် ... ကတ်ဆက်ထဲကဆိုတဲ့အတိုင်း လိုက်ဆိုတယ် ... ငါက မေးပါတယ် ... ဖေဖေ ဘာလို့ ငိုင်ငိုင်နေတာလဲလို့ ... ဒီလိုမေးရင် ဖေဖေက ရယ်တယ်၊ ဟက်ဟက်ပက်ပက် ရယ်ပြတယ် ... ဖေဖေ ဘယ်မှာငိုင် လို့လဲ ... ဘာလို့ငိုင်ရမှာလဲလို့ ပြောပြီး ထပ်တောင်ရယ်သေး တယ် ... ငါ မေးတာကိုပဲ ရယ်စရာလို့ လုပ်ပစ်တာ”

“ဒါဆိုလည်း သိပ်အရေးကြီးတဲ့ကိစ္စ မဟုတ်လို့ နေ့ ပေါ့ ဟာ ... နင်တို့မှာ ဖေအေတစ်ခု သမီးတစ်ခုပဲရှိတာ ... ငိုင်ရလောက်အောင် အရေးကြီးတဲ့ကိစ္စဆိုရင် နင့်ကို ဖွင့်ပြော မှာပေါ့ ... နင်တို့မှာ ဒီတစ်သက် မပြောနဲ့ နောက်ဆယ် သက် ထိုင်စားမကုန်အောင် အရမ်းချမ်းသာတာပဲဟာ ... ဘာပူစရာမှတ်လို့ ... တကယ်ပဲနော် မိဆောင်း ... နင်တို့ အရမ်းကြီးကို ချမ်းသာတာပဲနော် ... ”

"အေး ... ချမ်းသာမှန်းတော့ ငါ သိတယ် ... ဒါပေမဲ့ ဘယ်လောက်အရေအတွက်ထိ ချမ်းသာမှန်းတော့ ငါ မသိဘူး၊ ဘယ်လောက်ထိ ချမ်းသာသလဲလို့ ဖေဖေ့ကို ငါ တစ်ခါမှ မမေးဖူးဘူး ... ဖေဖေကလည်း မပြောဖူးဘူး ... "

"ငါလေ နင်နဲ့ အပေါင်းအသင်း မဖြစ်ခင်က ငါတို့ဟာ ချမ်းသာတယ်လို့ ကိုယ့်ဟာကိုယ် ထင်နေတာ ... နင်နဲ့ ရင်းရင်းနှီးနှီး ခင်မင်ကြမှ ငါတို့ ချမ်းသာတာဟာ ကျွဲခြေရာခွက်ထဲက ရေလောက်သာ ရှိတာ ... နင်တို့ ချမ်းသာတာမှ ပင်လယ်လို ချမ်းသာတာပါလားလို့ ကိုယ့်ဟာကိုယ် သိလာရတယ် မိဆောင်း ... "

"ဘာလဲ ... နင့်စကားက ကျွဲခြေရာခွက်ထဲက ရေဆိုတာ"

"ဪ ... ဟယ် ... ကျွဲခြေရာခွက်ထဲမှာ ရှိနေတဲ့ ရေနဲ့ ဖားသူငယ်ဟာ ငါဟာ ရေထိမှ စတိုင်ကျကျနေနေရတာပဲလို့ သူ့ဟာသူ ထင်နေတာ ... ငါလည်း ခြောက်မိုင်လိုနေရာ မောရဝတီလမ်းမှာ ပေရှစ်ဆယ်ပတ်လည်ရှိတဲ့ ခြံနဲ့ တစ်ထပ်တိုက်နဲ့ ကိုယ်ပိုင်ကားနဲ့ နေရတာ ဟုတ်လှပြီ ထင်နေတာ၊ နင်နဲ့ ခင်ပြီး နင်တို့အိမ်ကို ခဏခဏရောက်မှ ငါတို့ချမ်းသာတယ်ဆိုတာ ကျွဲခြေရာခွက်ထဲမှာနေတဲ့ ဖားသူငယ်လောက်သာပါလားလို့ ဆင်ခြင်မိတယ်လေ ... "





"ဘာလဲ မသိဘူး ... နင် ချမ်းသာတာတွေ ငါ့ကို ကြွားနေတာလား ... "

"ဖွက် ... ငါက ကြွားမယ် အားကြီးကြီး ... နင်တို့ချမ်းသာတာက နင်တို့ ကိုးမိုင်က ခြံကြီးကပဲ သုံးလေးဧကလောက်ကျယ်တယ် ... ခြံကြီးပတ်လည်မှာ အုတ်စည်းရိုး ကာထားတာကပဲ ငါတို့လို တစ်ထပ်တိုက်မျိုး ဆောက်မယ်ဆိုရင် ဆယ်လုံးစာမက ရှိမယ် ... နင်တို့ခြံထဲမှာ မော်တော်ကားက ဂေါ့(ဖ်)ရိုက်ကွင်းမှာသုံးတဲ့ ကားမျိုးကပဲ သုံးစီး၊ နင်တို့သားအဖနေတဲ့ တိုက်အိမ်ကြီးကလည်း နန်းတော်လောက်ရှိတယ် ... အိမ်ထဲမှာရှိတဲ့ အသုံးအဆောင်လည်း ငါ မမြင်ဘူးတာတွေတောင် အများကြီး ... ခြံကြီးထဲမှာ တိုက်အိမ်သေးသေးလေးတွေ စီစီရီရီ ဆောက်ထားတာကလ... နင်တို့ခြံကြီးဟာ ရွာတစ်ရွာလောက် ရှိနေတာ ... "

"ဒါကတော့ ဖေဖေ့မှာ အမြဲခေါ်ထားတဲ့ တပည့်တွေ အများကြီး ရှိတယ် ... သူတို့နေဖို့ ဆောက်ပေးထားတာတွေပါဟာ ... "

"အေးပါ ... ဒါကတော့ နင်တို့အလုပ်နဲ့ နင်တို့ကိစ္စပါ ... ငါ အဓိက ဆိုလိုတာက နင်တို့ ချမ်းသာတာကမှ ပင်လယ်

လိုချမ်းသာပြီး ငါချမ်းသာတယ်ဆိုတာက ကျွဲခြေရာခွက်ထဲ ကရေလို့ ဆိုလိုတာပါ ... ”

“ကဲပါ ... ယုယုမော်ရယ် ... ဒါတွေ မပြောကြပါနဲ့စို့လား၊ ဒီပြင် စိတ်ဝင်စားစရာ စကားတွေ ပြောရအောင်လေ ... လူငယ်စကားမျိုးပေါ့ဟယ် ... ”

“လူငယ်စကားလို့ ရှိသေးလို့လား မိဆောင်းရယ် ... ”

“ရှိတာပေါ့ဟဲ့ ... ”

“ကဲ ... ဒါဆို နင်ကပဲ လူငယ်စကားပြောပါဦး မိဆောင်း”

ဆောင်းနှင်းမှုံက မပြောသေးမီ ပြုံးလိုက်သေးသည်။

ဆောင်းသည် တည်တည်လေး နေလည်း သိပ်လှသည်။ ဆောင်းနှင်းမှုံ ပြုံးလိုက်ပြီဆိုလျှင် ပို၍တောင်လှသွားသည်။ ဆောင်းနှင်းမှုံ ပြုံးသည်ကိုမြင်လျှင် အလိုလို မြင်ရသူအဖို့ ကြည်နူးသွားစေပါ၏။

“နင့်မှာ ချစ်သူကိုဝင်းထွတ် ရှိတယ်နော် မိယု ... ”

“ဗုဒ္ဓေါ ... ”

“နင်က ဘာလို့ ဘုရားတ,ရတာလဲ မိယု ... ”

“ဟဲ့ ... ဒီနေ့ နင့်ဆီက ဒီစကားကြားရတာ ငါ ဘုရားတ,ရလောက်အောင် အံ့ဩသွားလို့ပဲ မိဆောင်း ...! ဘယ်တုန်း





ကမှ ချစ်သူအကြောင်း သမီးရည်းစားအကြောင်း ပြောလေ့မရှိလို့ ဒီနေ့မှ ထူးထူးဆန်းဆန်း ကြားရလို့ ငါ အရမ်းအံ့ဩပြီး ဘုရားတ,မိတာပဲဟ ... ”

“ကဲပါဟာ ... ငါမေးတာကိုသာ နင် ဖြေစမ်းပါ ... ”

“မေး ... ဒါဖြင့် ... ”

“နင်နဲ့ ကိုဝင်းထွတ်ချစ်သွားကြတုန်းက ဘယ်လိုကဘယ်လို ချစ်သွားကြတာလဲဟင် ... ”

“အဲ ... ”

“ဘာ အဲလဲ ... ”

“ငါ ဘယ်လိုဖြေရမှန်း မသိလို့ မိဆောင်း ... ”

“အို ... နင်ဖြစ်တာ နင်ပြန်မပြောရတာပဲဟာ ... နင်နဲ့ သူ ချစ်သွားကြတာကို ပြန်ပြောပြပေါ့ ... ဒါများ အဲတွေဘာတွေ အော်နေရသေးလား ... ”

“ဒါဆို ... နေဦး ငါ ပြန်စဉ်းစားလိုက်ဦးမယ် ... ”

ယုယုမော်က လက်ညှိုးနားထင်ထောက်ပြီး စဉ်းစားလိုက်သေးသည်။

“ဒီလိုလေ မိဆောင်း ... တက္ကသိုလ်မှာ စာမေးပွဲဖြေဖို့ သုံးလေးလအလိုလောက်မှာ တို့ကျောင်းဘက်ကို ကိုထွတ် ရောက်လာတယ်လေ ... ”

"ကိုထွတ်တဲ့လား ... "

"ဟ ... ဒါက ငါနဲ့သူ ချစ်သွားပြီးမှ ချစ်သူချင်း ချစ်စနိုး ကိုထွတ်လို့ ခေါ်တာ ... သူကလည်း ငါ့ကို မယုလို့ ခေါ်တဲ့အခါခေါ်တယ် ... မော်လို့ ခေါ်တဲ့အခါ ခေါ်တယ် ... ယုယုလို့လည်း ခေါ်ချင်ခေါ်တာပဲ ... ဒါ ချစ်သူဘာဝ အပြန်အလှန် ချစ်စနိုး ခေါ်ကြတာ ... "

ဆောင်းနှင်းမှုံက သူမ၏ပခုံး လှလှလေးကို တွန့်ပြလိုက်သည်။

"အင်းပါ ... ဆက်ပြောဟာ ... "

"အင်္ဂလိပ်မှာလည်း LOVE AT FIRST-SIGHT ဆိုတဲ့ စကား ရှိတယ် ... ငါတို့ မြန်မာမှာလည်း ချစ်ချင်းအစ မျက်စိက ဆိုတဲ့စကား ရှိတာပဲ ... "

"ဟုတ်သေးပါဘူး မိယုရယ် ... နင့်လိုသာ ပြောကြေးဆိုရင် တစ်နေ့တစ်နေ့ ငါတို့တွေ ယောကျာ်းကောင်လေးတွေနဲ့ အမြဲလိုလို မျက်လုံးခြင်း ဆုံမိကြတာပဲဟာ ... မျက်လုံးချင်း ဆုံတိုင်းသာ ချစ်ရမယ်ဆိုရင် နေ့တိုင်း ချစ်ရမဲ့ကောင်တွေ တစ်ပုံကြီး ဖြစ်နေမှာပေါ့"

"အာ၊ နင့်ပြောရတာ လက်ပေါက်ကပ်လိုက်တာ မိဆောင်းရယ် ဘယ်လို ရှင်းပြရမယ်မှန်းတောင် မသိတော့ဘူး ...





နေ့တိုင်း ဟိုလူဒီလူနဲ့ မျက်လုံးချင်း ဆုံမိတယ်ဆိုတာက ဖြစ်ရိုးဖြစ်စဉ် သဘောမျိုးဟဲ့ ... သာမန်အနေအထားပဲ ရှိတယ် ... အခု ငါပြောတဲ့ ချစ်ချင်းအစမျက်စေ့ကဆိုတာက တစ်မျိုး ... သာမန်မဟုတ်တာမျိုး ... နေဦး နင့်ကို ငါ ပြန်မေးမယ် မိဆောင်း ... နင်က သိပ်ချောသိပ်လှတဲ့ တက္ကသိုလ်ရဲ့ အလှဘုရင်မပဲ ... နင့်ကို ချဉ်းကပ်တဲ့လူတွေ မေတ္တာထားချင်တဲ့လူတွေဗလာစာအုပ်မှာ တန်းစီရေးမယ်ဆိုရင် ကပ်ထူဗလာစာအုပ်ကြီးရဲ့ စာမျက်နှာတွေသာ ကုန်သွားမယ် ... ရေးရန်လောက်မှာ မဟုတ်ဘူး ... "

"အဲဒါ ဘာပြုလဲ ... "

"အဲဒီလို နင့်ကို ချဉ်းကပ်လာတဲ့သူတွေထဲမှာ နင် မြင်လိုက်တာနဲ့ နင့်ရင်ကို ခုန်သွားစေတဲ့ လူမပါဘူးလား မိဆောင်း"

"ဘာမှ မခုန်ဘူး ... "

"အေး ... ဒါ နင် အမျိုးသားတစ်ယောက်ကို မြင်တာနဲ့ မျက်လုံးချင်းဆုံမိတာနဲ့ ရင်ခုန်သွားတယ်ဆိုရင် နင့်ရင်ထဲ နှလုံးထဲက အချစ်ဆိုတဲ့အကောင်လေးဟာ ဖျတ်ခနဲ နိုးလာလို့ပဲ ... "

"အဲ ... အဲဒါတော့ ... "

ဆောင်းနှင်းမှုံသည် ယုယုမော် နောက်ဆုံးပြော

လိုက်သောစကားကြောင့် စစ်ကိုင်းတံတားထိပ်တွင် မော်တော်ဆိုင်ကယ်ဒေါက်ထောက်ပြီး စီးကရက်သောက်နေသည့် မျက်နှာကို မသဲမကွဲ စတင်မြင်လိုက်ရကတည်းက မိမိ ရင်ခုန်သွားသည်ကိုလည်း ကောင်း။

စစ်ကိုင်းမှအပြန်တွင် ချာလီတို့အုပ်စုနှင့် သတ်ပုတ်ပြီး ချာလီက သူ့မျက်နှာကို မှတ်မိအောင် ဖိုက်ဘာဦးထုပ်မှ ရှေ့ကာဗာကို ချွတ်ခိုင်း၍ ထိုလူက ကာဘာတင်ဦးထုပ်ချွတ်လိုက်သည်နှင့် ဒုတိယအကြိမ် ထိုလူ၏မျက်နှာကို ထင်ထင်ရှားရှား တွေ့ရစဉ်ကလည်းကော ်း။

ယခု ယုယုမော်ပြောသည့် ချင်ခြင်းအစ မျက်စိကဆိုသည့် စကားနှင့်ဆက်စပ်ပြီး မိမိရင်ခုန်ခဲ့သည်များကိုတွေးကာ အဲဒါတော့ဟု နှုတ်မှရေရွတ်လိုက်မိခြင်း ဖြစ်ပါ၏။

"အဲဒါတော့ ဘာဖြစ်လဲ မိဆောင်း ... "

"ရှက်ရှက်နဲ့ပဲ ပြောမယ် မိယု ... နင်ပြောလို့ မြင်တာနဲ့ ရင်ခုန်တာမျိုး အဲဒီတစ်ယောက်အပေါ်မှာတော့ ငါ ဖြစ်သွားတယ် ... "

"အဲဒီ တစ်ယောက်ဆိုတာ ဘယ်သူလဲဟင် ... "

"ခုနက နင့်ကို ငါပြောတဲ့ ငါ့ကို ကယ်တင်ခဲ့တဲ့ မော်တော်





ဆိုင်ကယ်နဲ့ လူပေါ့ ... သူ့ကို ငါ နှစ်ခါမြင် နှစ်ခါစလုံး ရင်ဒိတ်ဒိတ် ခုန်ခဲ့တယ် ... "

"ဟွန်း ... နင့်ဟာက မထင်မရှားနဲ့ ဘယ်သူဘယ်ဝါမှန်း မသိတဲ့ အမျိုးသားကိုမှ သွားပြီး ရင်ခုန်ရတယ်လို့ဟယ်"

"အေး ... သူ့ကို ရင်ခုန်ရုံမကဘူး ... အဲဒီနောက် အိပ်မက်တောင် သုံးခါမက်သေးတယ် ... "

"ဒါဆို အဲဒီ မော်တော်ဆိုင်ကယ်နဲ့ လူကို နင် နှလုံးသားထဲက ချစ်သွားမိလို့ နေမှာပေါ့နော် ... "

"သူ့ကို ချစ်သွားတယ်ဆိုရအောင်က သူ ဘယ်သူဘယ်ဝါမှန်း ဘယ်မှာနေမှန်းတောင်မှ ငါ မသိတာဘဲ ယုယုမော်"

"အင်း ... နင့်ဟာက အဆန်းပဲ ... ဒါကျတော့ ငါ့အနေနဲ့ တပည့်တော်မ မလျှောက်တတ်တော့ပါလို့ပဲ ပြောရတော့မယ် မိဆောင်း ... "

❒ ❒

## ( ၄ )

ဒုတိယနှစ် စာမေးပွဲ ဆောင်းတို့ဖြေရပြီး။

မန္တလေးမှ ပြန်လာပြီး လေးငါးလအကြာတွင် ဦးမြတ်မင်း ငိုင်ခြင်း၊ ငေါင်ခြင်း မရှိတော့။

ဆောင်းနှင်းမှုံလည်း မော်တော်ဆိုင်ကယ်နှင့် လူကို အိပ်မက်မမက်ပါလေတော့။

အချိန်ကာလ ကြာမြင့်သွားသည်နှင့်အမျှ ဦးမြတ်မင်း ဆောင်းနှင်းမှုံ သားအဖမှာ စိတ်အနှောင့်အယှက်များ မရှိပါလေတော့။ ခြံကြီး တိုက်အိမ်ကြီးတွင် ချမ်းမြေ့ကြည်သာစွာနေတော့သည်။

နွေရာသီ ကျောင်းပိတ်ပြီး ...

ကျောင်းပြန်ဖွင့်သောအခါ ဆောင်းနှင်းမှုံရော ယုယု





မော်ရော ဒုတိယနှစ်အောင်ပြီး တတိယနှစ် တက်ရောက်ကြပေပြီ။

ယင်းအချိန်အထိ ဆောင်းနှင်းမှုံကို (၉)မိုင်ခြံကြီး တိုက်အိမ်ကြီးတွင် စိတ်အနှောင့်အယှက် ကိုယ်အနှောင့်အယှက် ဘာမျှမဖြစ်။

သီတင်းကျွတ်လေပြီ ...

သီတင်းကျွတ်လပြည့်နေ့မှာပင် ကိုးမိုင်ခြံတိုက်အိမ်ကြီးသို့ တယ်လီဖုန်း သတင်းဆိုးတစ်ခု ဝင်လာသည်။

ဦးမြတ်မင်းပင် တယ်လီဖုန်း နားထောင်ပါ၏။

"ဆရာကြီး ဦးမြတ်မင်းလားဟင် ... ကျွန်မ မော်လမြိုင်က ကိုစိန်မောင်ရဲ့ဇနီး ပန်းဝါပါ ဆရာကြီး ..."

"အေး ... ပြော ပန်းဝါ ... ဘာအကြောင်းထူးရှိလို့ ဖုန်းဆက်တာလဲ ..."

"ကိုစိမ်းမောင် ဆုံးသွားပြီ ..."

"ဟေ ... စိမ်းမောင် ဆုံးသွားပြီ ဟုတ်လား ... ဘာရောဂါနဲ့လဲ ..."

"အကောင်းပကတိကြီးပါ ဆရာကြီး ... မနေ့ကပဲ မုဒုံက ဒူးယင်းခြံကို သွားတယ် ... ဒူးရင်းခြံထဲမှာ မြွေဆိုးအကိုက်ခံရတာပါ ..."

"ဟဲ့ ... မြေကိုက်ကိုက်ခြင်း ဆေးရုံကို မပို့ဘူးလား ... ဒီခေတ်မှာ မြွေကိုက်လို့ ဆေးရုံပို့ရင် အသက်ရှင်သူများသားပဲဟာ ... "

"ဟုတ်ကဲ့ ... ပို့တော့ ပို့ပါတယ် ဆရာကြီး ... ဆေးရုံ မရောက်ခင် ကားပေါ်မှာပဲ ဆုံးသွားတာပါ ... ကိုစိမ်းမောင်က အသက်မထွက်ခင် ဆရာကြီး နာမည်ကို ထုတ်ပြောသေးတယ် ... အဲဒီထဲက လျှာလိပ်နေပြီ ... မပီမသဲ ဆရာကြီး မော်လမြိုင်ကို ကြွခဲ့ပါလား ... ကိုစိမ်းမောင် မသေခင်က အကြောင်းတွေရော တခြား အကြောင်းတွေပါ ဆရာကြီးကို ပြောစရာတွေ ရှိနေပါတယ် ဆရာကြီး ... ကိုစိမ်းမောင် သေရပုံဟာ ... မနှစ်က သီတင်းကျွတ်မှာ မန္တလေးက ကိုအောင်ကြူး ဖြစ်သွားတဲ့ ပုံစံမျိုးတွေ ရှိနေတယ် ... တယ်လီဖုန်းနဲ့ ပြောလို့ သိပ်မကောင်းဘူး ထင်ပါရဲ့ ... "

"အေး ... အေး ... ငါ လာခဲ့မယ် ... "

ယခုတစ်ခေါက် မော်လမြိုင်ကျတော့ သီတင်းကျွတ်ကျောင်းပိတ်ရက်ဖြစ်စေကာမူ ဆောင်းနှင်းမှုံ လိုက်ပါမသွားတော့၊ မော်လမြိုင်သို့ သုံးခေါက်လောက် ရောက်ဖူးပြီးသား ဖြစ်နေသည့်





အပြင် အသုဘအိမ်သွားမှမို့ ဆောင်းနှင်းမှုံ မလိုက်ဘဲ နေခဲ့သည်။

ဦးပန်းဖြူကို မောင်းစေကာ တောင်းအေ့(စ်)ကားနှင့်ပင် ဦးမြတ်မင်း မော်လမြိုင်သို့ သွားပေသည်။

ဒေါ်ပန်းဝါက သူ့လူများကို မုတ္တမဘက်ကမ်းမှ ဦးမြတ်မင်းကို ကြိုဆိုကြသည်။

(ထိုစဉ်က ... မော်လမြိုင် မုတ္တမကူး တံတားကြီး မတည်ဆောက်ရသေးပေ။)

မော်လမြိုင် ဒိုင်းဝန်တွင်းရပ်ရှိ ဦးစိမ်းမောင် ဒေါ်ပန်းဝါအိမ်သို့ ဦးမြတ်မင်း ရောက်လာသည်။

"ကဲ ... ပြော စိမ်းမောင် ဘယ်လိုဖြစ်တာလဲ ပန်းဝါ"

(၃)ရက်မြောက် အသုဘချပြီးနေ့မှာပင် ဦးမြတ်မင်း ရောက်လာခြင်း ဖြစ်ပါ၏။

ဒေါ်ပန်းဝါက ဦးမြတ်မင်းကို စကားပြောနေစဉ် ဘယ်သူမှ မရှိစေဘဲ အားလုံး အပြင်ဘက်တွင် သွားနေစေသည်။

"ကိုစိမ်းမောင်သေတာဟာ ဒူးရင်းခြံထဲမှာ မြွေဆိုးအကိုက်ခံရလို့ မတော်တဆ သေတာလို့ပဲ အများအမြင်မှာ မြင်ကြတယ် ဆရာကြီး ... "

"အင်း ... ငါ တင်ကြိုသတိပေးခဲ့သားပဲ ပန်းဝါ ... "

"ဟုတ်ပါတယ် ... ဆရာကြီး မန္တလေးက ပြန်လာပြီး ... ကိုအောင်ကြူး သေဆုံးရပုံကို ပြောပြရင် ကိုစိမ်းမောင်နဲ့ ကျွန်မကို ဆရာကြီး ကိုအောင်ကြူးသေရပုံကို ပြောပြရင်း သတိပေးခဲ့ပါတယ် ... ကိုအောင်ကြူးဆီ ရောက်လာတဲ့ ကတ်ပြားနီ ... ကတ်ပြားစိမ်းလေးတွေအကြောင်းတောင် ပြောသွားသေးတာပဲ ... "

"အခု ... စိမ်းမောင်ဖြစ်ပုံကို ပြောစမ်းပါဦး ပန်းဝါ"

ဒေါ်ပန်းဝါက သူမ ပိုက်ဆံအိတ်ကိုဖွင့်ကာ အနီရောင်ကတ်ပြားနှစ်ခုနှင့် အစိမ်းရောင်ကတ်ပြားတစ်ခုကို ထုတ်ပြသည်။

မြင်ရုံနှင့်ပင် မန္တလေးက ကိုအောင်ကြူးထံသို့ ပို့ခဲ့သော ကတ်ပြားမျိုးတွေဖြစ်ကြောင်း ဦးမြတ်မင်း သိပါ၏။

ပထမကတ်ပြားနီကို ဦးမြတ်မင်း ဖတ်ကြည့်လိုက်သည်။

**"ဦးဝဏ္ဏ အသက်ပေး ကြွေးဆပ်ပါ ... "**

ဒုတိယကတ်ပြားနီကို ဆက်ဖတ်ကြည့်ပြန်သည်။

**"ဦးဝဏ္ဏ ... အသက်ပေး ကြွေးဆပ်ချိန်ရောက်ပြီ ... "**





တတိယကတ်ပြားစိမ်းကို မဖတ်မီ ဦးမြတ်မင်းက ကတ်ပြားစိမ်းကို ထောင်ပြပြီး မေးလိုက်သည်။

"ဒီ ကတ်ပြားအစိမ်းကျတော့ စိမ်းမောင်ရဲ့ အလောင်းအနီးအနားက ရလာတာ မဟုတ်လား ပန်းဝါ ... "

"ဟုတ်ပါတယ် ဆရာကြီး ... ဒူးရင်းခြံထဲမှာ ကိုစိမ်းမောင် မြွေကိုက်ခံရတဲ့နေရာနားက ရလာတာပါ ... ပထမနဲ့ ဒုတိယကတ်ပြားနှစ်ခုကတော့ အိမ်လိပ်စာနဲ့ စာတိုက်က ပို့လိုက်တာပါ ... "

"ဒါဆို ... ဒုတိယကတ်ပြားနီ ရောက်လာကတည်းက စိမ်းမောင် အသွားအလာ ဆင်ခြင်သင့်တာပေါ့ ... ကြံစည်တဲ့အကောင်က ဒုတိယကတ်ပြားပို့ပြီး ... မကြာခင် တကယ်လုပ်တဲ့အကြောင်း အောင်ကြူးမှာကတည်းက ငါ နင်တို့ကို သတိပေးခဲ့တာပဲ ... "

ဒေါ်ပန်းဝါ ငိုချသည်။

"မပြောချင်ဘူး ဆရာကြီး ... ဒါကို ပြောရရင် ကျွန်မ ကိုစိမ်းမောင်အဖြစ်ကို အသည်းနာတယ် ... ကျွန်မ ... အတန်တန် သတိပေးတဲ့ကြားက ဒီ ဒူးရင်းခြံကို မသွားဘဲ မနေနိုင်ဘူး ... "

"ဆိုပါဦး ... ဒူးရင်းခြံလုပ်ငန်းတွေနဲ့ စက်လှေလုပ်ငန်းဟာ နင်တို့ရဲ့ တခြားအလုပ်တစ်ခုပဲ မဟုတ်လား ... "

"ဟုတ်ပါတယ် ဆရာကြီး ... ပထမကတ်ပြားနီ ရောက်လာကတည်းက ကိုစိမ်းမောင် စက်လှေတွေနဲ့လည်း မလိုက်တော့ဘူး ... ဒူးရင်း ခြံကြီးတွေဆီလည်း မသွားတော့ဘဲ ဆရာကြီး သတိပေးထားတဲ့အတိုင်း ဆင်ခြင်ပါတယ် ... ဒုတိယကတ်ပြား ထပ်ရောက်လာတော့ ကိုစိမ်းမောင်ကို ကျွန်မက အိမ်ထဲက အိမ်ပြင်တောင် မထွက်ပါနဲ့တော့လို့ တားပါတယ် ... အဲဒီတားထားတဲ့ကြားက ကျွန်မအလစ်မှာ ဒီဒူးရင်းခြံက မုဒုံနားမှာဆိုတော့ အနီးအနားမှာရှိပြီး လိုင်းကားနဲ့ သွားရင် ရတာကို ... ကျွန်မအိမ်က ကားသော့ သိမ်းထားတာတောင် လိုင်းကားနဲ့ မသွားဘဲ မနေနိုင် ... အဲဒီ ဒူးရင်းခြံကို သွားတာလေ ... "

"အဲဒီ ဒူးရင်းခြံကို စိမ်းမောင်က ဘာလို့မသွားဘဲ မနေနိုင်တာလဲ ပန်းဝါ ... "

"အေးမြက အဲဒီဒူးရင်းခြံမှာ ရှိနေတယ်လေ ... အေးမြဆီ သူ မသွားဘဲ မနေနိုင်လို့ သူ သေတာ ... "

ဒါလောက်ဆို ဦးမြတ်မင်း သဘောပေါက်သည်။





စိမ်း မောင်သည် ထိုမုဒုံအနီးရှိ ဒူးယင်းခြံတွင် အေးမြဆိုသည့် အမျိုးသမီး နှင့် မရှင်းမလင်းဖြစ်နေသောကြောင့်ဟူ၍ ဦးမြတ်မင်း သဘော ပေါက်ရသည်။

ဦးမြတ်မင်းက ဒေါ်ပန်းဝါပြောသည်ကို နားထောင်ရင်း လက်ထဲမှာ ကတ်ပြားစိမ်းစာကို ဖတ်လိုက်သည်။

"ဦးဝဏ္ဏ ... ကြေးကျေပါပြီ ... "

ဟုပင် တွေ့ရပေသည်။ မန္တလေးမှ အောင်ကြူး တုန်းကအတိုင်း တစ်ပုံစံတည်း ဖြစ်ပါ၏။

ထိုကတ်ပြားစိမ်းကိုဖတ်ရင်း ဦးမြတ်မင်းကိုယ်တိုင် ရင်တထိတ်ထိတ် ခုန်လာတော့သည်။

သူရ(ခေါ်)အောင်ကြူး သေပြီ။

ယခု ဝဏ္ဏ(ခေါ်) စိမ်းမောင် သေပြီ။

ဒါဆို သိဒ္ဓိ(ခေါ်) မိမိအလှည့် ရောက်လာပေတော့မည်ကား။

အောင်ကြူးနှင့်စိမ်းမောင်အား ကြံစည်သွားသည်မှာ ယခုလတ်တလောကိစ္စ တစ်ခုခုပေါ်တွင်မူတည်ပြီး ကြံစည်ခြင်း မဟုတ်တန်ရာ။

ကတ်ပြားတွင် သူသုံးသွားသောအမည်မှာ လွန်ခဲ့

သောနှစ်ပေါင်းနှစ်ဆယ်က အောင်ကြူးနာမည်ကို "သူရ"စိန်းမောင် နာမည်ကို ဝဏ္ဏဟု သုံးသွားသည်။

ဤကြေးသည် ပစ္စုပ္ပန်လတ်တလောကြွေးမဟုတ်၊ လွန်ခဲ့သော အနှစ်(၂၀)က ကြွေးဖြစ်သည်။

ဦးမြတ်မင်းစဉ်းစား၍မရ။

လွန်ခဲ့သော အနှစ်(၂၀)က မိမိဦးသိဒ္ဓိခေါင်းဆောင် ပြီး တပည့်သူရနှင့် ဝဏ္ဏတို့နှင့်တွဲကာ အမှုပေါင်းများစွာ ကျူးလွန် ခဲ့ကြသည်။ တစ်ပါးသူ၏ စိန်ရွှေအထည်ကြီးများနှင့် ငွေမြောက် မြားစွာကို တိုက်ခိုက်လုယက်ယူခဲ့ကြသည်။

သူတို့ကို တိုက်ခိုက်လုယက်ခြင်းခံရသူများမှာ များ စွာရှိသည်မို့ ဘယ်သူဘယ်ဝါတွေဟူ၍ပင် မမှတ်မိပါလေတော့။

ဖမ်းမိသည့်အခါ ကျသင့်သောအပြစ်ဒဏ်ကိုလည်း ခံခဲ့ပြီးပြီ။

ယခုဖြစ်လာတော့ သူရ (ခေါ်) အောင်ကြူ ဝဏ္ဏ (ခေါ်) စိမ်းမောင်သေဆုံးရခြင်းမှာ ဟိုနှစ်ပေါင်းနှစ်ဆယ်က ခံခဲ့ရသူ တစ်ဦးဦးက ယခုမှပြန်လည် ကလဲ့စားချေခြင်းဟုတော့ ဦးမြတ်မင်း ယူဆပါ၏။

သို့သော် များပြားလှသောခံခဲ့ရသူတွေထဲမှ ယခု





လက်စားချေနေသည်မှာ မည်သူမည်ဝါဟူ၍ ဦးမြတ်မင်းစဉ်းစားမရ တော့။

သို့သော် စဉ်းစားမရဟု မစဉ်းစားနေ၍လည်း မဖြစ် ပြန်။

အောင်ကြူးနှင့်စိမ်းမောင်အလှည့် ပြီသွားသည်မို့ မိမိဘက်သို့ ထိုကလဲ့စားရောက်လာနိုင်သည်။

သူက ကိုယ့်ကိုမကြံစည်မီ ကိုယ်ကတင်ကြိုပြီး သူ့ကို စုံစမ်းရမည်။ တင်ကြို ခြေရာကောက်ရမည်။ တင်ကြိုကာကွယ်ရေး စီစဉ်ရမည်။

"အင်း ... ပြော ပြီး ပန်းဝါမိအေးမြဆိုတာက မုဒုံ ဒူးရင်းခြံက အလုပ်သမားလား ..."

"အလုပ်သမားဆို လည်း မမှားဘူးပေါ့ ဆရာကြီး ... ဒူးရင်းခြံ စောင့်ကြီး ဦးသာ ဒူးရဲ့ မြေးမလေးပါ ... ကောင်မလေးက အသက်နှစ်ဆယ် က်ရှိသေးတာ ... ရုပ်လေးကလည်း ချောတယ်လေ ... ကောင်မလေးက ရိုးရိုးအေးအေးလေး ပါ... အဲဒါကို စိမ်းမောင်က မျက်စိကျပြီး မရရတဲ့နည်းနဲ့ အပိုင်သိမ်းဖို့သွားကြိုးစား တာလေ ... မိအေးမြက အတူတူ မဟုတ်ပါဘူး ... သူတို့မြေးအဖိုး ခမျာ တခြားအားကိုး

မရှိတော့ ကိုစိမ်းမောင်ကို မလွန်ဆန်ရဲကြတဲ့ သဘောပါ ... "

"ဒါဆို ရင်းနှီးစားဖို့ ငွေကြေးမျက်မျက်လေးထုတ်ပေးပြီး ဒူးရင်းခြံထဲက ထုတ်ပစ်လိုက်ပေါ့ ပန်းဝါ ... "

"ဒီလိုကျတော့လည်း ကျွန်မကိုယ်တိုင်က မလုပ်ရက်ဘူး ဆရာကြီး ... အဖိုးကြီးက အသက်ခြောက်ဆယ်ကျော်နေပြီ ... ဘာမှလုပ်ကိုင်မစားတတ်တာမို့ သနားပြီး အလုပ်က မထုတ်ဘဲ ကိုစိမ်းမောင်ကိုသာ ချော့မော့ပြီး ဖျောင်းဖျပြောနေတာ ... အဲ ကိုစိမ်းမောင်ကမရှေဘူး ... လစ်တာနဲ့ လိုင်းကားနဲ့အဲ့ဒီဒူးရင်းခြံ ကိုသွားတာပဲ ... ခြံထဲကို ကိုစိမ်းမောင်ဝင်လာတာမြင်တာနဲ့ အေးမြဟာ ဘဲပေါ်ကဆင်းပြီး ဒူးရင်းခြံထဲလှည့်ပတ်ပုန်းအောင်းနေရ ယ် ... အဲဒါ ... အေးမြကို ဒူးရင်ခြံထဲလှည့်ပတ်ပြီး ကို းမောင် ရှာရင်း မြွေဆိုး အကိုက်ခံလိုက်ရတာပါ ... "

"အင်း စိမ်းမောင်က ယင်ငရဲ ဘဲကမိန်းမဝါသနာပါတယ် ... အေးလေ ဒါတွေထားပါတော့ မြွေကိုက်ခံရရချင်း နင်တို့ စိမ်းမောင်ကို ဆေးရုံကို မပို့ဘူးလားပန်းဝါ ... "

"အချိန်မရလိုက်တာပါဆရာကြီး ... မြွေကိုက်တာကလည်း ကိုစိမ်းမောင်ရဲ့လည်ပင်းမှာ အကိုက်ခံရတာ ... "





"ကြံကြံဖန်ဖန်ဟာယ် ... မြွေကိုက်တယ်ဆိုတာ ခြေဖမိုး ခြေသလုံးကိုသာ ကိုက်တာပဲ ... အလွန်ဆုံးပေါင်ကိုပေါ့ ... "

"သူတို့ပြောကြတာကတော့ သစ်ပင်ပေါ်ကမြွေဟာ ကိုစိမ်းမောင်အပေါ် ပြုတ်ကျပြီး ခေါင်းပေါ်ကတစ်ဆင့် လည်ပင်းအကျမှာ မြွေကကိုက်လိုက်တာတဲ့ဆရာကြီး ... မြွေကိုက်တာနဲ့ ကိုစိမ်းမောင်တို့ ဆေးရုံပို့ဖို့ ကားငှားတာ ... ကားရှင်တွေက ကားပေါ်မှာသေရင် လာဘ်မကောင်းဘူးဆိုပြီး ... ကားငှားလို့ တော်တော်နဲ့မရဘူးတဲ့ ... အဲ့ဒါလည်း ကားငှားဖို့ ခြံအလုပ်သမားထဲက စက်ဘီးနဲ့မုဒုံဘက်စီးလာပြီး ကားငှားရတာတဲ့ ... ဒူးရင်းခြံက တောပိုင်းမှာဆိုတော့ ကားလွယ်လွယ်မရဘူးလေ ... ကိုစိမ်းမောင်ကံကိုဆိုးတာပါ ... အဲဒီလိုအချိန်တွေ ကြာသွားတော့ ... ငှားလို့ရတဲ့ကားနဲ့တင်ပို့ရင်း ဆေးရုံမရောက်ခင် လမ်းမှာပဲ ကိုစိမ်းမောင်အသက်ထွက်သွားတာပါပဲ ... "

"နေပါဦး ... ဒီကတ်ပြားအစိမ်းဟာ စိမ်းမောင် မြွေကိုက်ခံရတဲ့ အနားကတွေ့တာဆိုတော့ ဒီကတ်ပြားလာချသွားတဲ့ လူကိုရော မတွေ့မမြင်လိုက်ကြဘူးလား ... "

"ကိုစိမ်းမောင် မြွေကိုက်ခံရလို့ မြေကြီးမှာ လူးလိမ့်နေတာ

ကို ပထမတွေ့တဲ့လူဟာ ခြံအလုပ်သမားငတိုးပဲ ... ငါတိုးက ကိုစိမ်းကို မွေ့ချီထားတုန်း ဒူးရင်းခြံအဝင် အထက်ဘက်က မော်တော်ဆိုင်ကယ်သံကြားလို့ ငါတိုးလှမ်းကြည့်တော့ လူတစ်ယောက်မော်တော်ဆိုင်ကယ်စီးပြီး မော်လမြိုင်–မုဒုံ ကတ္တရာလမ်းအတိုင်း မောင်းသွားတာမြင်လိုက်တယ်တဲ့ ဆရာကြီး ... ”

“လာပြန်ပြီ မော်တော်ဆိုင်ကယ်နဲ့လူ”ဟု ဦးမြတ်မင်း တိုးတိုးလေးရေရွတ်မိတော့သည်။

မန္တလေးအောင်ကြူး ကားမှောက်စဉ်ကလည်း တပည့်စံအေးက မော်တော်ဆိုင်ကယ်နှင့် လူကတ်ပြားစိမ်းချသွားသည်ဟု ပြောခဲ့သည်။ ယခုလည်း မော်တော်ဆိုင်ကယ်နှင့်လူဟု ပြောပြန်ပြီ။

ယင်းမော်တော်ဆိုင်ကယ်နဲ့လူဆိုသည်ကပင် ခြေရာကောက်နိုင်သော သဲလွန်စတစ်ခုဟု ဦးမြတ်မင်းစိတ်ထဲက မှတ်ယူထားလိုက်ပါ၏။

သို့သော် ...

ယနေ့ခေတ်ဝယ် မြန်မာပြည်တွင် မော်တော်ဆိုင်ကယ်တွေ အရေအတွက်က သိန်းဂဏန်းဘယ်လောက်ကျော်





အောင်ရှိနေပြီလဲ။ ဆိုင်ကယ်အမျိုးအစားတွေကလည်း များလှသည်။ အင်ဂျင်ပါဝါ (၇၀–စီစီ) (၉၀–စီစီ) (၂၅၀–စီစီ) (၅၀၀–စီစီ)စသဖြင့် အကြီးအသေးအလိုက် မျိုးစုံရှိသည်။ ဆိုင်ကယ်အမျိုးအမည်တွေကလည်း ဟွန်ဒါ ယာမာဟာ စူဇူကီး၊ ဘီအက်အေစသဖြင့် နိုင်ငံမျိုးစုံမှလုပ်သည်။ ဆိုင်ကယ်နာမည်မျိုးစုံရှိနေသည်။

ယခုဆို မော်တော်ဆိုင်ကယ်နှင့်လူစီးသော မော်တော်ဆိုင်ကယ်မှာ ဘယ်တိုင်းပြည်လုပ်၊ ဘာနာမည်၊ အင်ဂျင်ပါဝါ ဘယ်လောက်ဆိုတာတွေ သိဖို့လိုပေသည်။ ဒါမှ သဲလွန်စရမည်။

မန္တလေးက စံအေးရော၊ ယခုမုဒုံက ငတိုးရော မော်တော်ဆိုင်ကယ်နှင့်လူဆိုသည်ကလွဲပြီး မော်တော်ဆိုင်ကယ် အမည် အမျိုးအစားကို မပြောနိုင်ကြပေ။

သဲလွန်စတော့ဖြစ်နိုင်သည်။

သို့သော် အကွက်ကျဲလွန်းသော သဲလွန်စဖြစ်နေသည်။

“ဒီမယ် ပန်းဝါ ... ”

“ပြောပါ ဆရာကြီး ... ”

“စိမ်းမောင်က အသက်မထွက်ခင် ငါ့နာမည်ကို မပီမသ တသွားတယ်နော် ... တခြား ဒီပြင့်ကော စိမ်းမောင်မသေခင်က ဘာတွေပြောသွားသေးလဲ ... ”

"ဖြုန်းခနဲဆိုတော့ ဘာမှမယ်မယ်ရရ ပြောမသွားပါဘူး ဆရာကြီး ... "

"အခု စိမ်းမောင်ကိစ္စဟာ လူသတ်မှုပါလို့ ပါးဝန် ရဲမှာ အမှုဖွင့်မလား ... "

"ကျွန်မ အမှုမဖွင့်ပါဘူး ... အမှုဖွင့်ရင် ရဲက ဒူးရင်းခြံအလုပ်သမားတွေကို တစ်ယောက်ချင်းစစ်ဆေးမယ် ... စစ်ဆေးရင် ကိုစိမ်းမောင်ဟာ ... အေးမြကို ကြံစည်နေတယ်ဆိုတာတွေ ပေါ်လာမယ် ... သေသွားရှာတဲ့ ကျွန်မယောက်ျားကို သေပြီးမှ ထပ်ပြီးသိက္ခာမကျစေချင်လို့ပါ ... ဒါပေမဲ့ ဆရာကြီးက အမှုဖွင့်သင့်တယ်ဆိုရင်တော့ ကျွန်မ ရဲစခန်းမှာ အမှုဖွင့်ပါ့မယ် ... "

"မဖွင့်နဲ့ ... မဖွင့်နဲ့ပန်းဝါ ... "

ဦးမြတ်မင်းက ပျာပျာသလဲ လက်ဝါးကာ တားမြစ်လိုက်သည်။

"အမှုဖွင့်လိုက်ရင် ဒီကတ်ပြားနှိ၊ ကပ်ပြားစိမ်းတွေ ရဲက တင်ပြရတော့မယ် ... ဒီကတ်ပြားတွေမှာ ဦးစိမ်းမောင်လို့ အမည် တပ်ထားတာမဟုတ်ဘူး ... ဦးဝဏ္ဏလို့ အမည်တပ်ထားတာကို ရဲကတွေ့ရင် ဦးဝဏ္ဏဆိုတာ ... ဘယ်သူလဲ ... ဘာလဲတွေမေးတော့မယ် ... အေး ... ဒါဆို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က အမှုတွေ ညောင်မြစ်တူး ပုတ်သင်ဥပေါ် ဆိုတာလို ဖြစ်ကုန်မယ် ... နောက်တစ်ချက်က အမှုဖွင့်လည်း ရဲက တရားခံကို စုံစမ်းဖို့ ဘယ်လိုမှမလွယ်ဘူး၊ မျက်မြင်သက်သေမရှိဘူး ... ခိုင်မာတဲ့အထောက်အထား ဘာမှမရှိဘူး ... "

"ဟုတ်ကဲ့ပါဆရာကြီး ... ဒါဆို အမှုမဖွင့်ပါဘူး"

"နောက်တစ်ခုက ကတ်ပြားနီနှစ်ခုလုံးကို စာတိုက်က တစ်ဆင့်ပို့တာနော် ဟုတ်လား ... "

"ဟုတ်ပါတယ်ဆရာကြီး ... "

"အဲဒီစာအိတ်ပေါ်က လိပ်စာတပ်ထားတာဟာ လက်ရေးနဲ့ တပ်ထားတဲ့လိပ်စာလား ... အမည်တပ်တာကျတော့ ဦးစိမ်းမောင်လို့ပဲ အမည်တပ်တယ် မဟုတ်လား ... "

"ဟုတ်ပါတယ် ဆရာကြီး ... "

"ဒါဆို ... စာတိုက်ကလာတဲ့စာအိတ်တွေ ငါ့ကိုပြစမ်း ... ကတ်ပြားက လက်ရေးနဲ့ စာအိတ်ပေါ်မှာ လိပ်စာရေးတဲ့ လက်ရေးခြင်းတူသလားဆိုတာ ငါကြည့်ချင်လို့ ... "

ဒေါ်ပန်းဝန်က စာအိတ်တွေကို ယူပြပေသည်။

ဦးမြတ်မင်း သေချာကြည့်သည်။

စာအိတ်ပေါ်တွင်ရေးထားသော လိပ်စာလက်ရေးနှင့် ကတ်ပြားနီစိမ်းပေါ်တွင် ရေးထားသော လက်ရေးနှစ်ခုမှာ ထပ်တူထပ်မျှ တူညီနေသည်ကို တွေ့ရပေတော့သည်။

ဦးမြတ်မင်း ခေါင်းညိတ်မိပါ၏။

❒ ❒





( ၅ )

ဆောင်းနှင်းမှုံ အလွန်အံ့ဩရပါ၏။

မော်လမြိုင်မှ ဖေဖေဦးမြတ်မင်း ပြန်ရောက်လာသည်နှင့် ကေအလိုက် နဂိုကတည်းက ကျယ်ဝန်းလှသော အုတ်ခြံစည်းရိုးကြီးကို နောက်ထပ်သုံးပေထပ်ပြီး အုတ်အမြင့်တက်ကာပတ်လည်တစ်လျှောက်ကို ထပ်မံကာရံသည်။

ယင်းဆယ်ပေအမြင့်ရှိသွားသော ပတ်လည်အုတ်ခြံစည်းရိုးပေါ်တွင် ပုလင်းကွဲတွေ၊ သံဆူးကြိုးအခွေလိုက်တွေ ကြောင်တစ်ကောင်ပင် မဝင်သာအောင် ထပ်မံတင်ထားပြန်သည်။

ပြီး ဆောင်းနှင်းမှုံ ကျောင်းသွားနေချိန်တွင် သူ့လက်သပ်မွေးတပည့်တွေကိုခေါ်ယူပြီး ညွှန်ကြားချက်တွေ ပေးလေသည်။

"ညိုမောင် ... မင်း ရန်ကုန် ယာဉ်များမှတ်ပုံတင်ရုံးကိုသွား၊ မှတ်ပုံတင်ထားတဲ့ မော်တော်ဆိုင်ကယ်အမည်အမျိုးအစားနဲ့ ပိုင်ရှင်ရဲ့အမည် နေရပ်လိပ်စာတွေစာရင်းအားလုံး ကူးယူခဲ့ ..."

"မလွယ်ဘူးထင်တယ် ဆရာကြီး ..."

"မလွယ်မှန်းငါသိတယ် ... ဒါပေမဲ့ မင်းရအောင်လုပ်ရမယ်၊ သက်ဆိုင်ရာစာရေးတွေကို ကြိုက်သလောက်တောင်းပန်ပေးကမ်းပြီး ရအောင်လုပ်ခဲ့ ..."

"ဟုတ်ကဲ့ပါ ဆရာကြီး ..."

ထို့အပြင် သူ့တပည့်တွေကို ထုံးကြီးကဝဘက် စေလွှတ်ကာ အမျိုးကောင်းပွဲဆိုသော အမဲလိုက် အင်းခွေးကြီးအထီးနှစ်ကောင်၊ အမသုံးကောင် တောင်းသလောက်ဈေးပေးပြီး ဝယ်ခဲ့စေသည်။ တစ်ကောင်လျှင် ခြောက်ထောင်မှ ရှစ်ထောင်အထိ ပေးဝယ်ယူခဲ့ရပါ၏။

အင်းခွေးကြီးတွေကလည်း ကောင်းသလားမမေးနှင့်။ အမဲလိုက် လေ့ကျင့်ထားပြီးသား ခွေးကြီးတွေဖြစ်သည်။ တောထဲတွင် တစ်ပင်မှတစ်ပင်သို့ ပျံကူးသောငှက်ကြီးများကိုတောင် ယင်းအင်းခွေးကြီးတွေ ခုန်၍ကိုက်နိုင်သည်။





တကယ်တော့ ... မော်တော်ဆိုင်ကယ်စာရင်းကို သက်ဆိုင်ရာဌာနတွင် သွားရောက်ကူးယူရသောကိစ္စသည် မလွယ်မှန်း ဦးမြတ်မင်းသိသည်။ နေ့စဉ်နှင့်အမျှ မော်တော်ဆိုင်ကယ်တွေ အရောင်းအဝယ်လုပ်နေရာ မူလပိုင်ရှင်၏ အမည်နေရပ်စာရင်းမှတ်ပုံတင်ရုံးတွင်ရှိသော်လည်း အရောင်းအဝယ် လက်ကူးပြောင်းစေပြီး ပိုင်ရှင်သစ်က နာမည်မပြောင်း၊ မူလပိုင်ရှင်လိုင်စင်နှင့်ပင် ရှိနေတတ်သည်ကိုလည်း ဦးမြတ်မင်းသိထားပြီးသားပင်။

သို့သော် တစ်ဂဏန်းသည် သုညထက်တော့ တန်ဖိုးရှိသေးသည်ဆိုသည့် စိတ်ကူးဖြင့် ရရာမိရာကို စာရင်းကောက်ယူခိုင်းခြင်းဖြစ်ပါ၏။

ခွေးကြီးငါးကောင်ကိုလည်း ကျကျနနလှောင်အိမ်ကြီးဆောက်ထည့်ထားကာ ခွေးသင်တန်းဆရာကိုခေါ်ပြီး ကျကျနနခွေးတွေကို လေ့ကျင့်စေသည်။

"ဖေဖေ ... ဘာတွေလုပ်နေတာလဲဟင် ... ခြံစည်းရိုးတွေလည်း အမြင့်ကြီးထပ်လုပ်တယ် ... အင်းခွေးကြီးတွေလည်း တပင်တပန်းမွေးထားတယ် ... အဲဒါ ဘာလို့လဲ ဖေဖေ"

သမီးဆောင်းနှင်းမှုံက မေးလာသည်တို့ကို ဖေဖေ ဦးမြတ်မင်းက ရယ်ရယ်မောမောနှင့်ဟာသနှော၍ ဖြေပါ၏။

"အဲဒါ ဘာလို့လဲ ... သမီးမေးတာကို ဖေဖေဖြေရရင် ရယ်စရာဖြစ်တော့မယ် သမီး ... ဟိုတလောက ဖေဖေပျင်းပျင်းရှိတာနဲ့ အိန္ဒိယ ဗီဒီယိုတစ်ခွေကိုကြည့်မိတယ် ... ဗီဒီယိုဇာတ်လမ်းထဲမှာ မစ္စတာရှူကလန်ဆိုတဲ့ မဟာရာဂျာသန်းကြွယ်ကုဋေကြွယ် သူဌေးကြီးဟာ သူ့ရဲ့ကျယ်ဝန်းလှတဲ့ တိုက်အိမ်ကြီးဆောက်ထားတဲ့ခြံအကျယ်ကြီးကို အခုဖေဖေ့လိုပဲ နဂိုရှိပြီးသားအမြင့်ခုနစ်ပေရှိတဲ့ အုတ်စည်းရိုးပတ်ချာလည်ကြီးကို ဆယ်ပေအထိ ပိုမြှင့်ဆောက်တယ် ... အခုဖေဖေ့လိုပဲ စည်းရိုးပတ်ချာလည်ကြီးပေါ်မှာ သံဆူးကြိုးခွေတွေချတာကို ဖေဖေကြည့်ရတာနဲ့ သူလုပ်တာကိုအားကျပြီး ဖေဖေလည်း အခု[illegible]ကာပဲသမီး ... ဟဲ ... ဟဲ ... ရယ်စရာတော့အကောင်း[illegible] ... ပုထုဇနော့ဥမ္မာတကောလို့ဆိုရမလားပဲ သမီးဆောင်း ... "

"အဲဒီ ဖေဖေကြည့်တဲ့ဗီဒီယိုထဲက သူဌေးကြီးဟာ ... ဘာလို့သူ့နဂိုရှိရင်း အုတ်စည်းရိုးကို ထပ်ပြီးအမြင့်ကြီးဆောက်တာလဲ ဖေဖေ ... "

"အဲဒါတော့ ဖေဖေမသိဘူး ... ဗီဒီယိုက ကုလားကားဆိုတော့ ကုလားလိုပြောကာ ဖေဖေမှ နားမလည်တာ ... "





"အင်းခွေးကြီးတွေ မွေးတာကျတော့ကော ... ဗီဒီယိုထဲကအတိုင်းပဲလား ... "

"အစစ်ပေါ့သမီး ... ဗီဒီယိုထဲမှာတော့ ကောင်းပေ့ဆိုတဲ့ အယ်ဇေးရှင်းခွေးကြီးတွေကို မွေးတာပြတယ် ... ဖေဖေကတော့ အယ်ဇေးရှင်းခွေးထက် မြန်မာအင်းခွေးကြီးတွေကို ပိုပြီးသဘောကျလို့ အင်းခွေးကြီးတွေမွေးတာ ... "

ဒီတော့လည်း ဆောင်းနှင်းမှုံက ဖေဖေပြောသည်ကို ရယ်မောလက်ခံပါ၏။

သိပ်ကြွယ်ဝချမ်းသာသူတချို့သည် ... ဖေဖေ့လိုပင် ခပ်ပေါကြောင်ကြောင်လေးများ လုပ်တတ်ပါလားဟုသာ သမီးဆောင်းနှင်းမှုံက မှတ်ချက်ပြုရတော့ပေသည်။

ဦးမြတ်မင်းသည် သူ၏အသက်အန္တရာယ်အ[illegible]င်း ပေါ်လာတော့မည်ကို သမီးဆောင်းနှင်းမှုံအား လုံးဝအသိမပေးပေ။

မန္တလေးတွင် ဒေါ်မြမေနှင့်ဦးအောင်ကြူးသေဆုံးပုံ အကြောင်းတွေ ပြောစဉ်က ဆောင်းနှင်းမှုံက မန္တလေးမြို့ဝယ် လျှောက်လည်ကြည့်မည်ဆိုပြီး ထွက်သွားသောကြောင့်လည်း ကောင်း၊ မော်လမြိုင်ကိုလိုက်ပါမသွားသောကြောင့်လည်းကောင်း အကြောင်းမှန်ကို ဘာမျှ မသိမရိပ်မိပေ။

ဦးမြတ်မင်းသည် သူ့ကိုယ်သူ ယုံကြည်သည်။ မန္တလေးဦးအောင်ကြူးနှင့်မော်လမြိုင် ဦးစိမ်းမောင်ကို အန္တရာယ်ပြုသ းသူသည် မိမိကိုတော့ ဘယ်လိုမှ အန္တရာယ်ပြု၍မရနိုင်ဟု ကိုယ့်ဟာကိုယ် ယုံကြည်ထားသည်။

မိမိ၏ငွေအင်အား တပည့်အင်အားဖြင့် မိမိကို အန္တရာယ်ပြုလာသူအား ပြန်လည်ဖမ်းဆီးနိုင်မည်ဟုပင် ယူမှတ်သည်။

သို့သော် ဦးမြတ်မင်းအဖို့ လိုက်သူမရှိဘဲ သူ့ဟာသူ စိန်ပြေးတမ်းကစားသလို ဖြစ်နေပါ၏။ လင်းစင်ထိုးပြီး ကျားကို ချောင်းနေသော မုဆိုးသည် ကျားမလာသောကြောင့် အူကြောင်ကြောင် ဖြစ်နေသလို ရှိနေပါ၏။

ဦးမြတ်မင်း မျှော်လင့်ထားသောရန်သူသည် အချိန်ကာလတွေ တော်တော်ကြီး ကြာမြောင်းသွားသော်လည်း ဘာအရိပ်အရောင် ဘာလက္ခဏာမှ မပေါ်လာပေ။

ဦးမြတ်မင်းဆန္ဒစောပြီး ဝိရိယလွန်နေခြင်းပေလား။

တကယ်တော့ ... ဦးအောင်ကြူးသေဆုံးခြင်းနှင့် မော်လမြိုင်မှ ဦးစိမ်းမောင်သေဆုံးခြင်းမှာ တစ်နှစ်လောက်အထိ ကွာခြားပေသည်။

❐ ❐





( ၆ )

ဆောင်းနှင်းမှုံပင် ဖိုင်နယ်တန်းသို့ တက်ရောက်နေပေပြီ။

လွန်ခဲ့သော နှစ်နှစ်က စစ်ကိုင်းတံတားထိပ်တွင် တွေ့ခဲ့သူ မိမိအရှက်ကိုကာကွယ်ပေးသူ မော်တော်ဆိုင်ကယ်နဲ့လူကို ဆောင်းနှင်းမှုံ မေ့မေ့ပျောက်ပျောက်ရှိသွားချေပြီ။

ဆောင်းနှင်းမှုံ၏ အိပ်မက်ထဲသို့ ရင်ခုန်ရသော မော်တော်ဆိုင်ကယ်သမား မလာရောက်တော့ပေ။

ယုယုမော်နှင့်ဆောင်းနှင်းမှုံသည် ဖိုင်နယ်ရောက်သည်အထိ အချစ်ဆုံးသူငယ်ချင်းအဖြစ် တတွဲတွဲပင်ရှိနေသည်။

ယုယုမော်သည် သူမ၏ချစ်သူ ကိုဝင်းထွတ်နှင့်ချစ်မြဲချစ်ကြလျက်ပင်။ ကိုဝင်းထွတ် ကျောင်းပြီး ဆရာဝန်ဖြစ်မှ လက်ထပ်မည့်အစီအစဉ်အတိုင်းပင်။

အချစ်ဆိုတာ ... ဘယ်လိုဖြစ်ပေါ်လာတာလဲဟု ဆောင်းနှင်းမှုံက ယုယုမော်ကို မမေးတော့ပေ။

"နှင့်နှယ်ဟယ် ... ဆေးကျောင်းသားကိုမှ သွားချစ်ရတယ်လို့ ... နင်ဘွဲ့ရပြီးတာတောင် သူနဲ့လက်ထပ်ဖို့ အကြာကြီးစောင့်ရဦးမယ် မိယုရယ် ... နင် မှိုတက်သွားတော့မယ်သိလား ..."

"အံမယ် ... ငါက မှိုမတက်ပါဘူးနော် ... နင်သာ ခုချိန်ထိ ချစ်သူလည်းမရှိ လာချဉ်းကပ်သူတွေကိုလည်း ကန်တော့ဆွမ်းလုပ်နေတာနဲ့ ဘယ်သောအခါရယ်လို့ ရက်အကန့်အသတ်မရှိဖြစ်ပြီး ... မှိုတက်မှာမိဆောင်း ..."

နှစ်ဦးသား ရယ်ကြသည်။

ဆောင်းနှင်းမှုံနှင့် ယုယုမော်တို့ နေ့စဉ်ကျောင်းတက်သည်။ ကျောင်းဆင်းသည်။ ပုံစံမှာလည်း ယခင်အတိုင်းပင်ဖြစ်ပါ၏။

ယနေ့ ...

ကျောင်းဆင်းအပြန် ယုယုမော်ကို ထုံးစံအတိုင်း မောရဝတီလမ်းထိပ်တွင်ဆင်းစေပြီး ဆောင်းနှင်းမှုံသည် သူမ၏ကားလေးကို ဆက်မောင်းလာခဲ့သည်။





"ဟော ..."

ဆောင်းနှင်းမှုံသည် ဆက်မောင်းလာရင်း ကားဘက်မှန်ကို ကြည့်လိုက်မိပြီး 'ဟော'ဟု အာမေဍိတ်သံ သူမ၏နှုတ်မှ ထွက်သွားသည်။

မိမိကားနောက်တွင် မော်တော်ဆိုင်ကယ်နှင့်လူတစ်ယောက်လိုက်ပါလာသည်ကို ဘက်မှန်မှ မြင်လိုက်ရသောကြောင့် ဖြစ်ပါ၏။

သေချာအောင် ဆောင်းနှင်းမှုံသည် သမင်လည်ပြန် ဦးခေါင်းကို နောက်လှည့်ပြီး ကြည့်ပြန်သည်။

အပေါက်အဆက်ကကော ဟုတ်မှဟုတ်။ ဆိုင်ကယ်စီးသည့်ပုံစံနှင့်ဟန်ပန်ကလည်း ယခင်ကတွေ့ခဲ့သည့်ပုံစံ ဟန်ပန်ပင်။

ဆောင်းနှင်းမှုံ ဒိတ်ခနဲ ရင်ခုန်သွားသည်။ ကားကိုရပ်သူ့ဆိုင်ကယ်ကို လက်တားကာ နှုတ်ဆက်ရကောင်းမလားဟုပင် ဆောင်းနှင်းမှုံ တွေးလိုက်သည်။

မဖြစ်သေး ...

ဟို စပ်ကိုင်းတံတားတွင် တွေ့ခဲ့ဖူးသူ ကယ်တင်ရှင် မဟုတ်ပါဘဲလျက်၊ မိမိက ကားရပ်ခိုင်းပြီး နှုတ်ဆက်ပါက မိန်းမသားတစ်ယောက်အနေနှင့် မပြုသင့်သောကိစ္စ။

ဆောင်းနှင်းမှုံ မောင်းရင်းပင် ဘက်မှန်မှကြည့်လည်း မျက်နှာနောက်ပြန်လှည့်ကြည့်လိုက်ကာ ကြည့်မိသည်။

ကြည့်သလောက်လည်း ထိုလူမှ ထိုလူအစစ်ဟု တထစ်ချ မှတ်ယူသည်။

ဖိုက်ဘာဦးထုပ်မှ မျက်နှာနေကာပြားချထားသောကြောင့် သူ့မျက်နှာကို မမြင်ရ။

သူ့နာမည်လည်း ဆောင်းနှင်းမှုံမသိခဲ့။

အကယ်၍ ကားရပ် လက်တားပြီး နှုတ်ဆက်မည်ဆိုတောင် ဟိုလွန်ခဲ့သောနှစ်တွေက အမရပူရလမ်းတွင် မိမိကို ကယ်တင်ခဲ့တာတွေ ဇာတ်ကြောင်းပြန်ပြောပြီးမှ နှုတ်ဆက်ရမည်။

အကယ်၍ နောက်မှလိုက်လာသော ဆိုင်ကယ်သမားက ခင်ဗျားပြောတဲ့လူ ကျွန်တော်မဟုတ်ပါဘူးဟုဆိုလာလျှင် ဆောင်းနှင်းမှုံအတွက် အရှက်။ ရှက် … ရှက်။

ဇဝေဇဝါနှင့်ပင် ကိုးမိုင်ရှိ မိမိတို့ခြံကြီးဆီသို့ ရောက်လာသည်။

ဆောင်းနှင်းမှုံက မိမိကားခြံဝင်းထဲကွေ့ချိုးဝင်ရန် အချက်ပြမီးပြပြီး ရပ်လိုက်သည်နှင့် နောက်မှ ဆိုင်ကယ်သည် ဆောင်းနှင်းမှုံ၏ကားကို ကျော်တက်ရင်း ဆောင်းနှင်းမှုံမောင်းသည့်





ဘက်တွင် မော်တော်ဆိုင်ကယ်ကို ရပ်သည်ဆိုရုံလေးရပ်ကာ ကားထဲမှ ဆောင်းနှင်းမှုံကို ထိုလူက စကာကြည့်ပြီးမှ ဆက်မောင်းသွားသည်။ ဆက်မောင်းရင်း သူ၏လက်တစ်ဖက်ကို မြှောက်ကာ လက်ဝါးယမ်းပြရင်း တဘွတ်ဘ သဘောနှုတ်ဆက်သည်။

ဆောင်းနှင်းမှုံမှာ ရင်တဒိတ်ဒိတ်ခုန်ပြီး ဆိုင်ကယ်နှင့်လူကို ငေးကြည့်နေမိသည်။

ယနေ့ည ဆောင်း စာမကျက်နိုင်။ အိပ်မပျော်နိုင်ဖြစ်တော့သည်။ အနာဟောင်းပြန်ဆသလို ခံစားရပါ၏။

မြန်မြန်မိုးလင်းပါစေဟု ဆုတောင်းမိသည်။ ယုယုမော်နှင့်တွေ့လျှင် ထိုအကြောင်းကို ပြောချင်လှပြီ။

အိမ်မှ မောင်းထွက်ပြီး မောရဝတီလမ်းထိပ်တွင် ယုယုမော်ကို တင်ဆောင်ခဲ့ပြီးသည်နှင့် မနေ့က မော်တော်ဆိုင်ကယ်နှင့်လူအကြောင်း ယုယုမော်ကို ပြောတော့သည်။

“ခက်တော့ခက်သား … ဒီခေတ်မှာ မော်တော်ဆိုင်ကယ်သမားတွေက အများကြီးမဟုတ်လား … ခက်တာက ဒီလိုအရပ်အမောင်းမျိုး ဒီလိုအပေါက်အဆက်မျိုးရှိတဲ့သူ မော်တော်ဆိုင်ကယ်စီးရင် ဒီပုံစံနဲ့ ဒီဟန်ပန်မျိုးပဲ ဖြစ်နေမှာပဲ၊ သူ့မျက်နှာကို သေချာမမြင်ရတော့ ခက်သားပဲ … ”

"ဒါပေမဲ့ ငါ့ကားကို သူကျော်တက်ပြီး တာ့တာလုပ်တာက တော့ တစ်ယောက်နဲ့တစ်ယောက် တူနိုင်မလားဟယ် ... အခုဟာက အမရပူရလမ်းမှာ တာ့တာလုပ်တဲ့ပုံစံအတိုင်း ထိပ်တူထပ်မျှတူတယ်မိယု ... "

"ကဲ ... ဒါဆို ဒီလိုလုပ် ... ကနေ့ညနေ ကျောင်းဆင်းလို့ နောက်က သူ့မော်တော်ဆိုင်ကယ်ပါလာရင် ... ငါ့ကို မော ရဝတီလမ်းထိပ်မှာမချနဲ့ ... ကားကို နင်ဆက်မောင်း နင့် ကိုးမိုင်အိမ်အထိ ငါလိုက်ခဲ့မယ် ... နောက်ပြီး ငါ့ကိုတော့ ပြန်ပို့ပေးနော် ... ငါ နင်နဲ့အတူတူလိုက်ပြီး အကဲခတ်ပေး မယ် ... "

"အေး ... ကောင်းတယ် ... "

ဆောင်းနှင်းမှုံသည် ယနေ့အဖို့ ကလပ်မြန်မြန်ပြီးပါ စေ။ ကျောင်းမြန်မြန်ဆင်းပါစေ။ ကျိတ်၍ဆုတောင်းမိသည်။

နေ့ခင်းပိုင်း အားလပ်ချိန်ခဏတွင် ဆောင်းနှင်းမှုံနှင့် ယုယုမော် သစ်ပုတ်ပင်ကြီးအောက် ခုံတန်းလျားတွင် ထိုင်နေစဉ် ကိုဝင်းထွတ်ရောက်လာသောကြောင့် ယုယုမော်က [illegible]ကျွတ် နှင့်အတူ မနီးမ[illegible]းလိုက်သွားကာ ချစ်သူနှစ်ယောက်စ[illegible]ပြောကြ သည်မို့ ဆောင်းနှင်းမှုံတစ်ယောက်တည်း တန်းလျားတွင် ကျန်ခဲ့ သည်။





"ဆောင်း ... "

မိမိအမည်အဖျားဆွတ်ခေါ်သံကြောင့် ဆောင်းနှင်း မှုံ လှည့်ကြည့်သည်။

"ဪ ... ကိုမျိုးသန့်ပါလား ... "

"ဟုတ်ပါတယ် ... ဆောင်း ဒီနေ့ဗုဒ္ဓဟူးနေ့မှာ ဒီအချိန် ဆောင်းကလပ်(စ်)တစ်ချိန်နားမှန်းကျွန်တော်သိလို့ ဒီအချိန် ဒီခုံတန်းလျားမှာဆောင်းထိုင်ပြီးအနားယူတဲ့ဆီကိုကျွန်တော့် ကလပ်(စ်)လွှတ်ပြီး တမင်လာခဲ့တာပါ ... "

ကိုမျိုးသန့်သည် ဆောင်းနှင်းမှုံကဲ့သို့ပင် ကိုယ်ပိုင် ကားနှင့် ကိုယ့်ဟာကိုယ်မောင်း ဆေးတက္ကသိုလ်တက်နေသူပင် ဖြစ်ပါ ၏။

ကိုမျိုးသန့်၏ မိဘသည် ရာထူးတော်တော်ကြီးပြီး ငွေကြေးတော်တော်ချမ်းသာမှန်းလည်း ဆောင်းသိထားသည်။

ဆောင်းနှင်းမှုံ ဒုတိယနှစ်ကတည်းက ကိုမျိုးသန့် သည် တစိုက်မတ်မတ် ဆောင်းနှင်းမှုံအား ချဉ်းကပ်ခဲ့သူဖြစ်သည်။

ဆောင်းနှင်းမှုံအနေနှင့်ကတော့ မိမိကိုချဉ်းကပ်သူ အများအပြားထဲတွင် ကိုမျိုးသန့်က တစ်ယောက်ပါဝင်သည်ဆို သလောက်သာ အမှတ်သညာထားပေသည်။

ချဉ်းကပ်သူတော်တော်များများသည် ဆောင်းနှင်းမှုံထံမှ ဘယ်လိုမှ မျှော်လင့်ချက်မရှိမှန်းသိသွားချိန်တွင် သူတို့ဘာသာ နောက်ဆုတ်သွားကြသည်။

ကိုမျိုးသန့်ကတော့ ဇွဲကောင်းလွန်းနေပါသေး၏။

"ဒီနေ့ ဗုဒ္ဓဟူးနေ့မို့ ကျွန်တော်လာခဲ့တာပါ ... ခါတိုင်းဗုဒ္ဓဟူးနေ့တွေမှာ ဆောင်းမှာအဖော်အမြဲရှိနေလို့ ကျွန်တော် ဆောင်းကို မတွေ့တာမပြောသာဘဲ ပြန်သွားရတာပါ ဆောင်း ... "

"အခုလည်း ... ကျွန်မမှာ အဖော်ယုယုမော်ရှိနေတာပဲ ... အခု ခဏလေး ‌ ်သွားတာ ပြန်လာမှာ ... "

"ဟုတ်ပါပြီဆောင်း ... ကျွန်တော် ဒီနှစ်နောက်ဆုံးနှစ်ပါ ... ဒီနှစ်စာမေးပွဲဖြေပြီးတာနဲ့ ကျွန်တော် တက္ကသိုလ်မြေက ထွက်သွားရတော့မှာပါ ... ဆောင်းအဖို့လည်း ဒီနှစ်နောက်ဆုံးနှစ်ဆိုတော့ စာမေးပွဲဖြေပြီးတာနဲ့ တက္ကသိုလ်နယ်မြေက ထွက်သွားတော့မှာပါ ... ဒီတော့ ကျောင်းကိစ္စတွေပြီးသွားကြရင် ဆောင်းကို ကျွန်တော် လက်ထပ်ပါရစေလား ဆောင်း ... "





"အဲဒီလို တစ်ခါမှ ဆောင်းစိတ်ကူးထဲမှာ မရှိခဲ့ဘူး ကိုမျိုးသန့် ... "

"ကျွန်တော့်ဘဝဟာ အာမခံချက်အပြည့်ရှိပါတယ်ဆောင်း၊ ကျွန်တော်ဟာ တစ်ဦးတည်းသောသားပါ ... ကျွန်တော် ဘာအလုပ်မှမလုပ်တောင် ... ဆောင်းနဲ့လက်ထပ်ပြီးရင် ဆောင်းကိုအလှအပဆုံးနဲ့ အကောင်းဆုံး အိမ်ထောင်တစ်ခု ဆောက်တည်ပေးမှာပါ ... "

"ဘာလဲ ... ကိုမျိုးသန့် ကြွယ်ဝချမ်းသာတာကို ပြောနေတာလား ... "

"ကြွားတယ် ဝါတယ်ထင်မှာစိုးလို့ ... ကျွန်တော် ချမ်းသာတာကို ... မပြောတာကို ထည့်မပြောတာပါဆောင်း"

ဆောင်းနှင်းမှုံ ပြုံးမိသည်။

ဟိုတလော လေးငါးလလောက်က သူမ၏ဖေဖေဦးမြတ်မင်းသည် အိန္ဒိယဗီဒီယိုခွေထဲမှ မစ္စတာဂူလတန်ကို အားကျသည်ဆိုကာ ဧကအကျယ်ကြီး ခြံစည်းရိုးထပ်မြှင့်သည်ကပင် ငွေသိန်းနှင့်ချီကုန်သွားသည်ကို တွေးမိပြီး ယခု မိဘချမ်းသာပါသည်ဆိုသည့် ကိုမျိုးသန့်၏ အပြောကို ပြုံးမိခြင်း ဖြစ်ပါ၏။

"ဆောင်းအဖြေတစ်ခုခု ပေးပါလားဟင် ... "

"ဆောင်း အဖြေပေးပြီးသားပါ ... ဒါတောင် ကိုမျိုးသန့်က စွတ်တိုးနေတာပဲ ... ဆောင်းထပ်ပြီး နောက်ဆုံးအဖြေပေးပါ့မယ် ... ကိုမျိုးသန့်ကို ဆောင်းဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူးဆိုတာပဲ ..."

"ဘာလို့လဲ ဆောင်းရယ် ..."

"ဘာလို့လဲဆိုတော့ ... ဆောင်းရင်ထဲနှလုံးသားထဲက ချစ်လာတယ်ဆိုရင် အဲဒီလူဟာ ဆင်းရဲချင်ဆင်းရဲပါစေ ဆောင်းကိုယ်တိုင်က ချစ်ပါတယ်လို့ အဲဒီလူကို အောက်ကျခံပြောမှာပါ ... ဆောင်းကို လက်ထပ်ပါလို့ ဆောင်းကပဲ ဖွင့်ပြောမှာပါ ... ကဲ ... ကိုမျိုးသန့် ဟိုမှာ ယုယုမော်လာနေပြီ၊ အဓိကအကျဆုံးအဖေကတော့ ... ကိုမျိုးသန့်ကို ကျွန်မနှလုံးသားက မချစ်ဘူး ... ဒါကြောင့် ကိုမျိုးသန့်ကို ဘယ်တော့မှ လက်မထပ်ပါဘူး ... ကဲ ... ကြွပေတော့ ကိုမျိုးသန့် ..."

"ဟေး ... ဆောင်း နင်ပျင်းနေပြီလား ... ကိုထွတ်က စကားကြောရှည်တယ်ဟယ် ... ဒါကြောင့် နည်းနည်းကြာသွားတာ ..."

ယုယုမော်ပြန်လာသည်နှင့် ကိုမျိုးသန့်လည်း လစ်သွားပေတော့သည်။





"ဟဲ့ ... ဟိုဟာ ကိုမျိုးသန့်ကြီးပဲ ... ဘာလဲ ဓာတ်ပြားဟောင်းကြီးလာဖွင့်ပြတာလား ..."

"အလကားပါ ... ယောက်ျားမယ်ကုဝဏ်ကြီး ..."

"ဘာရယ် ... နင့်စကားက အဆန်းကြီးပါလား။ ယောက်ျားမယ်ကုဝဏ်လို့ ... ဆိုပါဦး ကိုမျိုးသန့်က ဘာလို့ယောက်ျားမယ်ကုဝဏ်လဲ ..."

"ဝိဇယဓာတ်ကို နင်လည်းဖတ်ဖူးသားပဲ မိယု ... အဲဒီဓာတ်မှာ မယ်ကုဝဏ်ဘီလူးမဟာ ... ကြာပန်းကြာစွယ်တွေနဲ့ အင်မတန် စိမ်းလမ်းစိုပြည်သာယာတဲ့ ရေကန်ကို ဖန်ဆင်းပြီး ဝိဇယမင်းသားကို မြှူဆွယ်ဖျားယောင်းတာလေ ... အခု ကိုမျိုးသန့်ကလည်း သူ့မိဘသိပ်ချမ်းသာပါတယ် ... သူကိုယ်တိုင်လည်း တက္ကသိုလ်တွေထဲက အမြင့်ဆုံးဘွဲ့ရတော့မဲ့သူပါ ... သူ့ကို လက်ထပ်ဖို့ ငါ့ကို လာမြှူဆွယ်ဖြားယောင်းတာ ..."

"ဟွန်း ... ဒါဆို ကိုမျိုးသန့်ကြီး ရွှေသမင်အလိုက်မှားသွားတာပေါ့ ... ရွှေအိမ်နန်းနှင့်ကြဥ္စာန်းလည်း စံဆိုတဲ့ ရွှေမင်းသမီးကိုမှ ဥစ္စာနဲ့လာဖြားယောင်းရတယ်လို့ ... တကယ်ဆို ဆောင်းနှင်းမှုံတို့ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ပထမသူ လေ့လာသင့်တာပေါ့ ..."

"ကဲပါဟယ် ... ဒါတွေထားစမ်းပါ ... နင်သွားတာ ကြာ လိုက်တာ ... ကိုဝင်းထွတ်ကြီးကကော နင့်ကို ဘာတွေ ဖြားယောင်းနေတာမို့ ဒီလောက်တောင် ကြာရတာလဲ ဟယ်"

"ကိုထွတ်က အဲ့ဒီလို ဖြားယောင်းတတ်တဲ့လူစား မဟုတ်ပါ ဘူးဟယ် ... အခုလာတာ ငါ့ဆီလာပြီး ခွင့်တောင်းတာပါ"

"ဘာခွင့်တောင်းတာလဲ ... "

"နက်ဖြန် သူ ကလပ်(စ်)မတက်တာကို ငါစိတ်ဆိုးမှာစိုးလို့ တဲ့ တင်ကြိုခွင့်ပန်တာ ... "

"ဟဲ့ ... သူလည်းစာမေးပွဲနီးပြီပဲ ... ဘယ်လောက်အရေး ကြီးလို့ ကလပ်(စ်)အပျက်ခံမှာတဲ့လဲ ... "

"သူ့ကွဲကွာနေတဲ့ သူငယ်ချင်းတစ်ယောက်ကို မမျှော်လင့်ဘဲ ပြန်တွေ့လို့တဲ့ ... သိပ်ချစ်တဲ့သူငယ်ချင်းတဲ့ ... ကိုထွတ်တို့ အဖေ မန္တလေးမှာ တာဝန်ကျတုန်းက ဟိုက်စကူးရှစ်တန်း မှာကတည်းက သိပ်ခင်လာတဲ့သူငယ်ချင်းတဲ့ ... ဆယ်တန်း စာမေးပွဲဖြေပြီးတဲ့နောက် ကိုထွတ်တို့အဖေက ရန်ကုန် ပြောင်းမိန့်နဲ့ပြောင်းလာလို့ သူငယ်ချင်းကွဲသွားတာတဲ့ ... အခု ရန်ကုန်မှာ မမျှော်လင့်ဘဲ ပြန်တွေ့တာမို့ ကိုထွတ်က





အင်းလျားလိပ်ဟိုတယ်မှာ နက်ဖြန်ကလပ်(စ်)အပျက်ခံပြီး ပြုစုချင်လို့တဲ့ ... အဲဒါလာခွင့်တောင်းတာ ... "

နောက်ကလပ်(စ်)တစ်ချိန် ဆောင်းနှင်းမှုံနှင့်ယုယုမော်တို့ ပြန်တက်ရသည်။

ညနေကျောင်းဆင်းချိန်တွင် ဆောင်းနှင်းမှုံ၏ မျက်နှာလေး သိသိသာသာရွှင်ပျကြည်လင်ဝင်းပနေသည်။

ယုယုမော်နှင့်အတူ ကျောင်းမှထွက်လာကတည်းက ဆောင်းနှင်းမှုံကားမောင်းရင်း နောက်ကြည့်မှန်ကို ခဏခဏ ကြည့်သည်။

ယုယုမော်၏ မောရဝတီလမ်းတွင် ချမပေးဘဲ ဆက်မောင်းလာသည်။

သို့သော် ...

မော်တော်ဆိုင်ကယ်နှင့်ကိုယ်တော်ချော နောက်မှ လိုက်လာသည်ကို မတွေ့ရပါလေ။

"ဟဲ့ ... ပါမလာပါလား မိဆောင်း ... "

"အင်း ... ပါမလာဘူး ... "

"ဒါဆို နင်ပြန်တွေ့တဲ့ မော်တော်ဆိုင်ကယ်နဲ့လူဟာ နင့်လူ မဟုတ်ဘဲ တခြားလူလားမှမသိတာ ... "

"ပြောတတ်ဖူးဟယ် ... "

"ဒါဆို ... ပြန်ကွေ့ပြီး ... ငါ့ကို ဖမ်ာရဝတီလမ်း ပြန်ပို့ပေးတော့ ... "

ဆောင်းနှင်းမှုံ မငြင်းသာပေ။

ယုယုမော်ကို ပြန်မောင်းပို့ပေးရတော့သည်။ ပို့ပြီး အိမ်ရှိရာကိုပင် ပြန်မောင်းလာသည်။ နောက်ကြည့်မှန်ကို ဆောင်းနှင်းမှုံ မကြည့်ပါလေတော့၊ တမင်မျှော်ကာမှ မပေါ်လာသည်ကို စိတ်ပျက်သွားသည်။

"တီ ... တီ ... တီ"

နောက်မှ အဆက်မပြတ်ဟွန်းတီးသံကြားရပြီး ဆောင်းနှင်းမှုံ၏ကားကို ကျော်တက်သဖြင့် ဆောင်းနှင်းမှုံက လှမ်းကြည့်လိုက်သည်။

"ဟင် ... အဲ ... "

မော်တော်ဆိုင်ကယ်နှင့်လူပင် ဖြစ်နေသည်ကို တွေ့ရတော့သည်။

သူသည် ကျော်တက်ရင်း ကားမောင်းနေသော ဆောင်းနှင်းမှုံကို ဘေးတိုက်အနေနှင့် ကြည့်ပေသည်။

ဆောင်းကလည်း ပြန်ကြည့်သည်။





ထုံးစံအတိုင်း သူ့မျက်နှာတွင် ကာဗာအုပ်ထားသည်။ ပြီး သူ့ဆိုင်ကယ်ကျော်တက်ကာ နောက်ပြန်တော့တာလုပ်ပြသွားသည်။

ဆောင်းနှင်းမှုံ သက်ပြင်းချသည်။

ယုယုမော်ကို လိုက်ပါလာစေသည်တွင် သူ နောက်က လိုက်မလာ၊ ယုယုမော်တို့ ပြန်ပို့ပြီးမှ သူ နောက်က လိုက်လာသည်။

သူ့ကို ဆောင်းနှင်းမှုံတစ်ယောက်ကလွဲပြီး အခြားသူ အမြင်မခံလိုသည့်သဘောပေလား။

သို့မဟုတ် ...

ယုယုမော်ကို ပြန်ပို့ပေးပြီးမှ သူ နောက်မှလိုက်ခြင်းသည် တိုက်ဆိုင်မှုတစ်ရပ်ပေပဲလား။

မဝေခွဲတက်။

သူ့ကြောင့် ဆောင်းနှင်းမှုံ ရင်မောလှပါတကား။

❒ ❒

## ( ၇ )

ယနေ့ တနင်္လာနေ့ ...

နံနက် (၆)နာရီကတည်းက ဦးမြတ်မင်းသည် စီးနေကျ 'တိမ်ပျံ'ခေါ် မြင်းကြီးကို ဇောင်းမှထုတ်စေသည်။ မြင်းကြီးကို ရေချိုးသန့်စင်စေသည်။

ထို့နောက် ကုန်းနှီးတင်ပါးချပ် တပ်ဆင်စေသည်။

ဦးမြတ်မင်းသည် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် (၇) နာရီတွင် မြင်းစီးသည်။ (၈)နာရီအထိ စီးပြီး (၉)နာရီအထိ ရေကူးကန်တွင် ရေကူးသည်။

(၉)နာရီ ရေချိုးစဥ်တွင် ရေချိုးအဝတ်လဲပြီး ကော်ဖီသောက်သည်။ သူ၏ ကျန်းမာရေးအတွက် ၎င်း(၃)ရက်တွင် မြင်းစီးပြီး လေ့ကျင့်ခန်းယူခြင်း ဖြစ်ပါ၏။





ထိုတနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် သမီးဆောင်းနှင်းမှုံနှင့်ကော်ဖီဝိုင်းတွင် မဆုံကြပေ။

ဦးမြတ်မင်း မြင်းစီးသောနေ့ဆိုလျှင် လက်သတ်မွေးကောင်းမြတ်က လေလှိုင်းဆိုသော မြင်းကိုစီး၊ ဇော်ဝင်းက 'ပေါက်ကျော်မ'ဆိုသည့် မြင်းကိုစီးပြီး ရှေ့ကစီးသွားသော ဦးမြတ်မင်းနောက်မှလက်သက်မွေးတပည့်နှစ်ယောက်ကလည်း မြင်းကိုယ်စီနှင့်စီးပြီး လိုက်ပါရသည်။

ကောင်းမြတ်နှင့်ဇော်ဝင်းသည် အိမ်ခြံကြီးတွင် အတူနေစေပြီး ဦးမြတ်မင်း၏လုပ်ငန်းတို့တွင် လူယုံတော် ဘော်ဒီဂတ်တာဝန်ယူရသည်။

ညိုမောင်၊ အောင်ကြီး၊ ပေတလူနှင့် ဖိုးတီးဆိုသည်က ဒုတိယအဆင့်တပည့်လေးယောက်ရှိလေသည်။ ခြံထဲ ဂ္ဂဝပင်ကားဂိုဒေါင်တန်းလျားအပေါ်ထပ်ခန်းများတွင် နေစေသည်

ဦးမြတ်မင်းသည် မြင်းစီး ဘောင်းဘီ၊ အင်္ကျီ၊ ဖိနပ်တို့ဝတ်ဆင်ကာ မြင်းရိုက်ကြိမ်ကို ကိုင်ပြီး မြင်းဇောင်းသို့ ဆင်းလာသည်။

ကောင်းမြတ်နှင့်ဇော်ဝင်းက သူတို့စီးမည့်မြင်းများနှင့်အတူ ဆရာကြီးကို စောင့်နေသည်။ သူတို့နှစ်ယောက် ခါးထဲကိုယ်စီတွင် ပစ္စတိုတစ်လက်စီပါရှိပါ၏။

ယင်းနံနက်(၈)နာရီအချိန်မှာပင် ဦးမြတ်မင်း၏ ခြံကျယ်ကြီး အနောက်ဘက်ရှိ တောင်ကုန်းပေါ်တွင် လူတစ်ယောက်ကလည်း လှုပ်ရှားနေသည်။

ထိုလူ၏ ကျောဘက်တွင် ကာဘိုင်သေနတ်ကို လွယ်ထားသည်။ သူ့လက်ထဲတွင် သံချိတ်တွေတပ်ဆင်ထားသော ကြိုးခွေပါရှိသည်။

ထိုလူသည် တောင်ကုန်းမြင့်ပေါ်တွင် မြင့်မားကြီးထွားစွာ ပေါက်နေသော ညောင်ပင်မှ ကိုင်းတစ်ကိုင်းဆီသို့ သံချိတ်ကြိုးခွေကို အားမာန်နှင့်ပစ်တင်လိုက်သည်။

ကြိုးထိပ်မှ သံချိတ်သည် ညောင်ကိုင်းကို ချိတ်မိပါ၏။

ထိုလူသည် ချိတ်မိသောကြိုးအတိုင်း ညောင်ကိုင်းပေါ်သို့ ဆွဲတက်ခဲ့သည်။ ညောင်ကိုင်းမှ ညောင်ပင်ပေါ်သို့ ရောက်သည်နှင့် အထိုင်ကောင်းသည့်နေရာကို ရွေးချယ်ပြီး ထိုင်လိုက်သည်။

ကိုးမိုင်ခြံကျယ်ကြီးကို ထိုလူက အပေါ်အမြင့်မှာဆီးပြီး အားလုံးမြင်တွေ့နေရပါ၏။

ခြံကျယ်ကြီးထဲတွင် ဦးမြတ်မင်း မြင်းစီးနေပေပြီ။





ဦးမြတ်မင်းက ရှေ့မှ တိုက်(၃၀)အကွာလောက်စီးပြီး နောက်မှ ကောင်းမြတ်နှင့် ဇော်ဝင်းက ဘေးချင်းယှဉ်ပြီး ဦးမြတ်မင်းနောက်မှလိုက်ပါရပေသည်။

တောင်ကုန်းမြင့် ညောင်ပင်ပေါ်မှလူသည် သူ၏မှန်ပြောင်းတက်ကာ ဘိုင်သေနတ်ကို ပခုံးတွင်ထောက်ပြီး ပစ်မှတ်ကို ချိန်လိုက်သည်။

ဦးမြတ်မင်း၏ မြင်းပေါ်မှ ရင်အုံကြီးကို ချိန်ထားလိုက်သည်။

သို့သော် ချိန်ထားပြီးမှ သေနတ်သမားတွင် စိတ်ကူးတစ်မျိုးဝင်လာသည်။ မိမိယခု ဦးမြတ်မင်းကို ရင်အုံတည့်တည့် ပစ်သတ်လိုက်၍ ဦးမြတ်မင်းသေဆုံးသွားလျှင် မိမိ၏လုပ်ဆောင်ချက်သည် မမျှတ၊ မညီမျှသော လုပ်ဆောင်ချက်ဖြစ်သွားပေမည်။

တကယ်တော့ ဦးမြတ်မင်းထံသို့ ကတ်ပြားနီ ကြိုတင်ပို့ထားသင့်သည်။ ဦးမြတ်မင်းက ကြိုတင်ကာကွယ်မှုတွေ လုပ်ထားပြီးမှသာ မိမိက ဦးမြတ်မင်းကို သေစေသင့်သည်။

ပထမ ကတ်ပြားနီပို့ရမည်။

ခြောက်လလောက်ကြာမှ ဒုတိယကတ်ပြားနီပို့ရမည်။ ဒုတိယကတ်ပြားနီပို့ပြီးနောက် မိမိကြံစည်ချင်သလို ဆက်ပြီး ကြံစည်သင့်သည်။

သို့မှသာ သူ့ဘက် ကိုယ့်ဘက်မျှတမည်ဟု အတွေးဝင်လာခြင်း ဖြစ်ပါ၏။

သို့သော် ယခုလာပြီးမှတော့ ဗလာသက်သက်မပြန်လို။ ဦးမြတ်မင်းကို တတ်နိုင်သလောက် မသေမီ နောင်တတွေရစေချင်သည်။ ဦးမြတ်မင်းတွင် တနုံ့နုံ့စိတ်အနှောင့်အယှက်ဖြစ်နေစေချင်သည်။

ယခု ဦးမြတ်မင်းသေနတ်မှန် ရုတ်တရက် ချက်ချင်းကြီး သေသွားသည်ထက် ဦးမြတ်မင်းမသေမီ ကြီးစွာသောကြောက်လန့်စိတ်၊ ပူပန်စိတ်တွေ ခံစားသွားသင့်သည်။

ထိုလူသည် ဦးမြတ်မင်း၏ရင်ဘတ်နေရာမှ သေနတ်ပြောင်းရွှေ့ချိန်လိုက်ပြီး မောင်းခလုတ်ဆွဲပစ်ချလိုက်သည်။

ဒိုင်းခနဲ သေနတ်သံ အိမ်ကြီးနောက်ဘက် ကုန်းမြင့်ဆီမှ ထွက်လာသည်နှင့် အသားကျလေးစီးနေရာမှ ဦးမြတ်မင်းသည် ဟိုက်ခနဲအော်ကာ မြင်းပေါ်မှ အောက်သို့ပြုတ်ကျသွားတော့သည်။

"ဟာ ... ဆရာကြီး ... ဆရာကြီး ..."

ကောင်းမြတ်နှင့်ဇော်ဝင်း မြင်းပေါ်မှ ပြိုင်တူခုန်ချဆင်းကာ ဦးမြတ်မင်းတို့ ပြေးထူသည်။

"ဆရာကြီး ထိသွားလားဟင် ..."





"ငါ့ကိုမေးမနေနဲ့ ... ဒီကောင် အနောက်ဘက်ကုန်းမြင့်ပေါ်က လှမ်းပစ်ကာ ... ချက်ချင်း လိုက်ဖမ်းစမ်း ... အင်းခွေးတွေ လွှတ်ပြီး ... နောက်ဖေးဘက်ခြံတံခါးကဖွင့်ပြီး အမြန်ဆုံးလိုက်ဖမ်း ... ငါ့ကို ပစ်တဲ့အကောင်မလွတ်စေနဲ့ ... အရှင်ဖမ်းမမိရင် အသေဖမ်းခဲ့ ... သွား ... သွား ... ခုချက်ချင်းသွား ..."

ဒုတိယအဆင့် တပည့်ညီမောင်က ချက်ချင်းပင် ဆရာကြီးအမိန့်အတိုင်း အင်းခွေးတွေကို လွှတ်ပြီး၊ ကောင်းမြတ်၊ ဇော်ဝင်းနှင့်အတူ ထည့်ပေးလိုက်သည်။

ညီမောင်အား ဦးမြတ်မင်းက လှမ်းခေါ်ပြီး ...

"အိမ်ပေါ်သွား တယ်လီဖုန်းဆက် ... ဒေါက်တာစောသာထူးကို ငါ မြင်းစီးရင်း ဒဏ်ရာရလို့ ချက်ချင်းလာခဲ့ပါလို့ ခေါ်လိုက် ... တယ်လီဖုန်းနံပါတ် ... ဘုတ်အဖြူပေါ်မှာ ရေးထားတယ် ..."

"ဟုတ်ကဲ့ပါဆရာကြီး ... အခု ဆရာကြီးလက်မောင်းမှာ သွေးတွေ ... ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာကြီး"

"သွားစမ်းညီမောင် ... ငါခိုင်းတာသာ အမြန်ဆုံးလုပ်"

ညီမောင်အိမ်ကြီးပေါ်သို့ ပြေးသွားပါ၏။

ဦးမြတ်မင်း တိမ်ပျံမြင်းကြီးပေါ် ပြန်တက်ပြီး ရေကူးကန်ဘက်သို့ စီးလာခဲ့သည်။

ရေကူးကန်ရောက်သည်နှင့် မြင်းပေါ်မှဆင်းကာ မြင်းကြီးတိမ်ပျံကို တင်ပါးပုတ်ပြီး သွားတော့ဟု အမိန့်ပေးလိုက်ရာ၊ မြင်းကြီးတိမ်ပျံသည် ခေါင်းရှိရာသို့ ထွက်သွားပေသည်။

ဦးမြတ်မင်းသည် တပည့်တွေအပေါ် ဩဇာပြောင်းရုံမက မြင်းကြီးအပေါ်မှာပင် ဩဇာသက်ရောက်လှပေသည်။

ရေကူးကန်တွင် ကျား၊ မ ခွဲခြားထားသော တိုက်ခန်းနှစ်ခုထားရှိသည်။

'ကျား'အခန်းထဲသို့ ဦးမြတ်မင်း ဝင်ရောက်သည်။

သွေးများပေကျံသွားသော သူ၏အင်္ကျီကို ချွတ်သည်။ အင်္ကျီအောက်တွင် ရင်လုံကျောလုံ ကျည်ကာဝတ်ဆင်ထားသည်။ ရင်ဘတ်ကိုဖြစ်စေ၊ ကျောပြင်ကိုဖြစ်စေ၊ သေနတ်ကျည်ဆန် မဖောက်ထွင်းနိုင်။

ယခုမူ ကျည်ကာလွတ်နေသော လက်မောင်းကို သိသောကြောင့် သေနတ်ဒဏ်ရာရသွားခြင်းပင်။

"တောက် ... ခွေးမသားရင်ဘတ်ကို ထိအောင်မပစ်နိုင်ဘဲ နဲ့များ ... သေနတ်ပစ်ချင်သေးတယ် ... "





ဟု မကျေမချမ်းဆဲဆိုရေရွတ်လိုက်သည်။

တိုက်ခန်းလေးထဲရှိ ကြက်ခြေနီဆေးသေတ္တာကိုယူကာ လောလောဆည် ပွမ်းထုပ်ကိုရေဆွတ်ပြီး ဆေးကျောကာ ပွမ်းအထပ်လိုက် ဒဏ်ရာကိုအုံပြီး ပတ်တီး ကိုယ့်ဟာကိုယ်စီးလိုက်သည်။

နာရီဝက်အတွင်း ဒေါက်တာစောသာထူး ကားနှင့် ရောက်လာသည်။

ရေကူးကန်တိုက်ခန်းလေးထဲမှာပင် ကုသမှုပြုပေသည်။

"ရှပ်ထိတာပါ ဦးမြတ်မင်း ... အရိုးလည်းမထိဘူး ... ကျည်ဖူးအထဲမှာဝင်မနေလို့ ... ခွဲစိတ်ထုတ်ဖို့လည်း မလိုဘူး၊ ရှပ်ထိသွားတဲ့ နှစ်လက်မလောက်အမှည်ကို ပြန်ချုပ်ပေးမယ် ... "

သိပ်မကြာခင်အတွင်းမှာပင် ဒေါက်တာဦးစောသာထူးက လုပ်ဆောင်ချက်များပြီးစီးသွားသည်။

"ခင်ဗျား ကျန်းမာရေးလိုက်စားထားတာ သိပ်ကံကောင်းသွားတယ် ... ခင်ဗျား လက်မောင်းမာဆယ်သားတွေက တောင့်ခံထားတာမို့ ကျည်ဆန်က အရိုးကိုမထိတာ ... "

"ဩော် ... ဒေါက်တာ ကျွန်တော် ဒီလိုသေနတ်ဒဏ်ရာရ တာ ကျွန်တော့်သမီး ဆောင်းကို မပြောပါနဲ့နော် ..."

"လက်မောင်းနဲ့လက်ဖျံကို အခုရက်ပိုင်းအတွင်း ကုပ်ကနေ သိုင်းထားရမှာပဲ ဦးမြတ်မင်း ... ဆောင်းတွေ့မှာပဲ ..."

"ရတယ် ... ကျွန်တော် မြင်းစီးရင်း မြင်းပေါ်က လိမ့်ကျလို့ အဆစ်လွဲသွားတာမို့ ... သိုင်းစည်းထားတာလို့ပြောမယ်"

"ဒါဆို ... ဆောင်းမေးရင် ကျုပ် အဲဒီအတိုင်းပဲပြောမယ်လေ စိတ်ချ ..."

ဒေါက်တာ စောသာထူးပြန်သွားပြီးနောက် မကြာမီ မှာပင် အင်းခွေးကြီးများနှင့်အတူ ကောင်းမြတ်နှင့်ဖော်ဝင်းပြန်လာ ကြသည်။

ဖော်ဝင်း၏ မျက်နှာတစ်ခုလုံး ညှိုးမည်းသောဒဏ်ရာ ပါရှိလာသည်။

ဦးမြတ်မင်းက ရေကူးကန်ဘေးတွင်ထိုင်ရင်း ... ကောင်းမြတ်နှင့်ဖော်ဝင်းကို ဘယ်လိုလဲဟူသောအကြည့်ဖြင့် ကြည့် လိုက်သည်။

ကောင်းမြတ်၏လက်ထဲတွင် သံချိတ်များချိတ်ထား သော ကြိုးခွေကို တွေ့ရပေသည်။





"ဘယ်လိုလဲ ... အသေမမိ အရှင်မမိဖြစ်လာတယ် မဟုတ် လား ..."

"မမိလိုက်ဘူး ဆရာကြီး ..."

"အံ့ပါ့ကွာ ... မင်းတို့က မြင်းကိုယ်စီနဲ့လိုက်တာတောင် မမိလိုက်ဘူးလား ... ငါ့မြင်းတွေအိပ်ငိုက်နေလို့လား ..."

"ရန်သူက မော်တော်ဆိုင်ကယ်နဲ့မောင်းပြေးတာပါ ဆရာ ကြီး ... ဒီအတိုင်းခြေထောက်နဲ့ပြေးတာ မဟုတ်ပါဘူး ..."

"ဘာကွ ... မော်တော်ဆိုင်ကယ်နဲ့ဟုတ်လား ..."

ဦးမြတ်မင်း၏အသံတွင် မော်တော်ဆိုင်ကယ်နှင့်ဟု ကြားလိုက်သည်နှင့် အထိတ်တလန့်ပြောသံ ထွက်လာသည်။ ဒိတ် ခနဲ ရင်ခုန်ပြီး ဖြူသွားသောအမူအရာလည်း ရှိပါ၏။

"နေပါဦး ဒီကောင်က ... ငါ့ဆယ်ပေအမြင့် ခြံစည်းရိုးကြီးကို ကျော်ပစ်နိုင်တာ ဘယ်နေရာက ပစ်တာလဲ ..."

"တောင်ကုန်းပေါ်က ညောင်ပင်အမြင့်ကြီးပေါ် ... ဒီကြိုးခွေ နဲ့လှမ်းချိတ်တက်ပြီး ... ညောင်ပင်ပေါ်ကနေ ဒီခြံထဲမြင် ကွင်းကို လှမ်းပစ်တာပါ ဆရာကြီး ..."

"ဟ ... တော်တော်ဝေးတာပဲ ..."

"ဒီကောင် သေနတ်မှာ မှန်ပြောင်းတပ်ထားတဲ့ သေနတ်ဖြစ်

နိုင်ပါတယ်၊ဒီကောင်ပစ်ခဲ့တဲ့ကျည်ဆန်အခွံလည်း ကျွန်တော်တွေ့လို့ ကောက်ယူလာပါတယ် ဆရာကြီး ... ”

ဦးမြတ်မင်းက ကျည်ခွံကိုယူကြည့်သည်။ သေနတ်ကျွမ်းသူမို့ ကာဘိုင်သေနတ်မှ ကျည်ဖြစ်ကြောင်း သိသည်။

ပြင်ဦးလွင်ခြောက်ထပ်လမ်းတွင် မော်တော်ကားရှေ့ဘီးကို သေနတ်နှင့်ပစ်ခဲ့သည်ဟု စံအေးပြောသည်ကို ပြန်အမှတ်ရသည်။ ထို့ပြင် ထိုစဉ်ကလည်း မော်တော်ဆိုင်ကယ်နှင့်လူဟုလည်း ပြောသေးသည်။

ယခုလည်း မိမိကို သေနတ်နှင့်ပစ်သူသည် မော်တော်ဆိုင်ကယ်နှင့်ဟု ကြားရပြန်သည်။

မော်လမြိုင်မှ စိမ်းမောင်သေစဉ်ကလည်း ငတိုက မော်တော်ဆိုင်ကယ်နှင့်လူကို တွေ့လိုက်သည်ဟု ပြောပြန်သည်။

“ဒီကောင့်ကို မင်းတို့အနီးကပ်မတွေ့လိုက်ဘူးလား ... မင်းတို့ကို ငါပေးထားတဲ့ ပစ္စတိုသေနတ်နှစ်လက်က ခဲတစ်လုံးလောက်မှ အသုံးမဝင်ဘူးလား ... ပစ္စတိုနှစ်လက် မြင်းကိုယ်စီခွေးငါးကောင်နဲ့လိုက်တာတောင် ဒီကောင့်ကို မမိဘူးလား ... နောက်ပြီး နောက်ဖေးတောင်ကုန်းက တောထူတဲ့ပဲ ... တောလမ်းမှာ မော်တော်ဆိုင်ကယ်စီးသွားတဲ့လူ





ကို မြင်းစီးသမားနှစ်ယောက်က မမိလိုက်တာ မင်းတို့ဘာသောက်သုံးကျလဲ ... ဒီအမဲလိုက် အင်းခွေးတွေကရော မော်တော်ဆိုင်ကယ်စီးတဲ့လူရဲ့ ခြေသလုံးကို ဝင်မကိုက်ကြဘူးလား ... အံ့ရော ... တစ်ကောင်ကို ရှစ်ထောင် တစ်သောင်းပေးဝယ်ထားတာ ... ”

“ဆရာကြီး ... ”

“ဘာလဲ ... ”

“အဖြစ်မှန်ကို ပြောရမလား ... ဒါမှမဟုတ် ပြောရင် ဆင်ခြေကန်စကားတွေလို့ ပြောမှာစိုးလို့ ကျွန်တော်တို့မပြောဘဲ မြိုနေရမလားဆရာကြီး ... ”

ဦးမြတ်မင်းတွေဝေသွားတော့သည်။

ပြီးမှ ...

“အဖြစ်မှန်ကို ပြော ... ”

“ဒီကောင့်မှာ မော်တော်ဆိုင်ကယ်ပါတယ် ... ဒါပေမဲ့ ... ခပ်ဝေးဝေးမှာ ရပ်ထားတယ် ... ဆရာကြီးအပစ်ခံရပြီး မြင်းပေါ်က လိမ့်ကျပြီးမှ ကျွန်တော်တို့က နောက်ဖေးပေါက်က တောင်ကုန်းဆီသွားတာက နည်းနည်းနောက်ကျတာသ် ... ကျွန်တော်တို့နဲ့ခွေးတွေ နောက်ဖေးပေါက်ကထွက်ချိန်မှာ

သူက မော်တော်ဆိုင်ကယ်ဆီ ပြန်ရောက်ပြီး စက်နှိုးမောင်းပြေးပြီ ...”

“တောလမ်းပဲကွာ ... မင်းတို့ကမြင်းနဲ့ ...”

“ဒီကောင် ... ဒီတောင်ကုန်းနဲ့တောတန်းကို တင်ကြိုလေ့လာထားပုံရတယ်ဆရာကြီး ... မော်တော်ဆိုင်ကယ်မောင်းပြေးရာမှာ. စမ်းတဝါးဝါးနှင့်လမ်းရှာစီးပုံမဟုတ်ဘဲ လမ်းသိပြီးသားပုံစံနဲ့ စီးပြေးသွားတာ ... နောက်ပြီး သူလမ်းရွေးပြီးသားအတိုင်း လမ်းမှာသစ်ပင်အနိမ့်က သစ်ကိုင်းတွေထိုးထွက်နေတယ်၊ သူ့မော်တော်ဆိုင်ကယ်က အနိမ့်မို့ သစ်ကိုင်းတွေနဲ့လွတ်တယ် ... ကျွန်တော်တို့ မြင်းပေါ်ကလူကျတော့ သစ်ကိုင်းတွေနဲ့မလွတ်ဘူး ... ဒါကြောင့် ဇော်ဝင်းမျက်နှာမှာ သစ်ကိုင်းနဲ့ရိုက်မိတဲ့ဒဏ်ရာတွေရကာ ဇော်ဝင်းက ရှေ့ကမြင်းနဲ့လိုက်တာကိုး ... ကျွန်တော်ကတော့ သစ်ကိုင်းအဖျားအထိ ကွေ့စီးပြီးလိုက်တာမို့ သစ်ကိုင်းရိုက်ဒဏ်မခံရဘူး ...”

“ခွေးတွေက ဒီကောင့်ဆိုင်ကယ်ကို မီအောင်မလိုက်နိုင်ဘူးလား ...”

“ဟာ ... ဒီကောင့်ဉာဏ်က ဘယ်သွားတယ်ဆရာကြီး ...





သူ့မှာ အိတ်နဲ့ထည့်လာတဲ့ ယုန်သုံးလေးကောင်ပါလာတယ်၊ ခွေးတွေ သူ့နောက်လိုက်တာမီလုမီခင်မှာ ဆိုင်ကယ်မောင်းရင်း ယုန်တွေကို လွှတ်ပေးလိုက်တယ် ... ခွေးတွေက အမဲလိုက်ခွေးတွေဆိုတော့ ယုန်တွေပြေးတဲ့နောက်ကို တစ်ကွဲစီလိုက်သွားကြပြီး သူ့ဆိုင်ကယ်နောက်ကို မလိုက်တော့ဘူး”

“ဒါဆို ဒီကောင် ... ငါ အမဲလိုက်ခွေးတွေ မွေးထားမှန်း တင်ကြိုသိနေလို့ပေါ့ ... မင်းတို့ကကော ဒီကောင် ဘယ်သူဆိုတာ သေချာလှမ်းမမြင်ခဲ့ဘူးလား ... နောက်ကလိုက်ရင်း သေနတ်နဲ့မပစ်ဘူးလား ...”

“ပစ်ပါတယ်ဆရာကြီး ... ဒါပေမဲ့ သူ့မော်တော်ဆိုင်ကယ်ကလည်း လှုပ်ရှားနေတယ် ... ကျွန်တော်တို့မြင်းပေါ်ကလူကလည်း ခန္ဓာကိုယ်လှုပ်ရှားနေတော့ ပစ်ပေမဲ့ ထိဖို့မလွယ်ပါဘူး ... နောက်ပြီး သူကလည်း ကျွန်တော်တို့ကို နောက်ပြန်သေနတ်နဲ့ပစ်သေးတယ် ... ကျွန်တော်တို့က အကောင်ကြီးတဲ့မြင်းနဲ့ဆိုတော့ ... မြင်းကိုထိသွားမှာစိုးလို့ အနီးကပ်သိပ်မလိုက်ရဲတာလည်း ပါသေးတယ်ဆရာကြီး ...”

ဦးမြတ်မင်း မပြောသာပေ။

ကောင်းမြတ်ပြောသမျှမှာ အကြောင်းခိုင်လုံနေပါ၏။

"ဘာပဲဖြစ်ဖြစ် ... ဒီကောင့်မော်တော်ဆိုင်ကယ်နံပါတ်က မင်းတို့မှတ်မထားဘူးလား ... မင်းတို့ သူ့နောက်ကလိုက် တာပဲ ... မော်တော်ဆိုင်ကယ်ရဲ့ နောက်မြီးမှာ နံပါတ်ပြား ပါရမယ် ... "

"နံပါတ်ပြားမပါဘူးဆရာကြီး ... ဖြုတ်ထားခဲ့ပြီးမှလာတာ ဖြစ်မယ် ... "

ဦးမြတ်မင်း ဂူးခနဲ သက်ပြင်းမှုတ်ထုတ်တော့သည်။

"ဒါဆို ... ညိုမောင့်ကိုခေါ်စမ်း ... ငါ စာရင်းကောက်ခိုင်းထားတဲ့ မော်တော်ဆိုင်ကယ်စာရင်းပါယူခဲ့လို့ပြော ... "

တစ်ခဏအတွင်းမှာပင် ညိုမောင်သာမက အောင်ကြီး ပေတလူ၊ ဖိုးတီးတို့ပါ အားလုံးရောက်လာကြသည်။

ညိုမောင်က ကောက်ယူထားသော မော်တော်ဆိုင်ကယ်စာရင်းကို ဦးမြတ်မင်းလက်သို့ ပေးအပ်လိုက်သည်။

ဦးမြတ်မင်းက စာရင်းကိုယူရင်း တပည့်တွေအားလုံးကို ပြောလိုက်သည်။

"မင်းတို့အားလုံး သေချာမှတ်ထား ... ဒီနေ့ တစ်ယောက်က ငါ့ကို သေနတ်နဲ့လှမ်းပစ်တဲ့အကြောင်း ငါ့သမီးဆောင်း လုံးဝ မသိစေနဲ့ ... ပြောတဲ့ကောင်အသေပဲ ... တကယ်လို့ သမီး





ကမေးရင် ငါမြင်းစီးရင်း လိမ့်ကျလို့ လက်ဆစ်လွဲသွားတာလို့ ပြော ... "

အားလုံး ခေါင်းညိတ်ကြသည်။

"ကဲ ... လုပ်စရာရှိတာ သွားလုပ်ကြတော့ ... ကောင်းမြတ်နဲ့ ဇော်ဝင်းနေခဲ့ ... ငါပြောစရာရှိသေးတယ် ... "

ဒုတိယအဆင့် တပည့်တွေအားလုံး ပြန်သွားကြသည်။

"ကဲ ... မင်းတို့ဆိုင်ကယ်နံပါတ်ပြားမပါလို့ဆိုရင် သူ့မော်တော်ဆိုင်ကယ်က ဘာအမျိုးအစားလဲ ... ပြော ... "

နှစ်ယောက်စလုံး အသံမထွက်။

"ပြောကြလေကွာ ... "

"ကျွန်တော်မသိဘူး ဆရာကြီး ... "

"ကျွန်တော်လည်း မသိပါ ၇း ... "

"ဟေ ... "

"မော်တော်ဆိုင်ကယ်မှာ ကျွန်တော်တို့ မကျွမ်းဘူးဆရာကြီး ... စီးတတ်ရုံလောက်ပဲရှိတာ ... နောက်ပြီး မော်တော်ဆိုင်ကယ်ရဲ့အမျိုးအစားနာမည်ဟာ ဓါတ်ဆီတိုင်ကီဘောမှာရှိတာမို့ ... ဆိုင်ကယ်သမားကို နောက်ကလိုက်တဲ့ ကျွန်တော်တို့တိုင်ကီဘေးကို မမြင်နိုင်ပါဘူး ဆရာကြီး ...

သေချာပြောနိုင်တာတစ်ခုက ဒီကောင့်မော်တော်ဆိုင်ကယ်ဟာ ... အိပ်ဇောနှစ်လုံးအောက်မှာမဟုတ်ဘူး ... နောက်ထိုင်ခုံရဲ့အောက်မှာ ကပ်ပြီး အပေါ်မှာရှိတယ် ... မက်ကင်ကအဖုံးဟာ တို့နုံ့နုံ့လေးနဲ့ ... ဘီးကိုဖုံးတာ မလုံဘူး ... မော်တော်ဆိုင်ကယ်အသံက ထုတ် ... ထုတ်လို့ မပြည်ဘဲ ဗြီးခနဲအသံမျိုး ... ဆိုင်ကယ်အရွယ်အစားက သာမန်ထက်ပိုကြီးမားတယ် ... "

"ဒီလောက်သိရရုံနဲ့ ဘာဆက်လုပ်လို့ရမလဲ ... ဒီဆိုင်ကယ်စာရင်းကြီးကကော ဘာအသုံးဝင်မှာလဲ ... "

ညိုမောင်ပြုစုကူးထားသော စာရင်းကို ဦးမြတ်မင်းလှမ်းပစ်သည်။

"သွား...တော့ ... မင်းတို့သွားတော့ ... ဟိုကောင်ဇော်ဝင်းအိမ်က ကားယူပြီး ဒေါက်တာစောသာထူးဆီသွား ... မင်းမျက်နှာက ဒဏ်ရာတွေသွားကုသတော့ ... "

ကောင်းမြတ်နှင့်ဇော်ဝင်းထွက်သွားမှ ဦးမြတ်မင်းပြန်စဉ်းစားပြန်သည်။

ကောင်းမြတ် ပြန်လှည့်လာသည်။

"ညောင်ပင်အောက်က ဒီကတ်ပြားနီလေးတွေ့ခဲ့ပါတယ် ... ဆရာကြီးကိုပေးဖို့ မေ့သွားလို့ လာပြန်ပေးတာပါ ... "





အနီရောင်ကတ်ပြားကို မြင်လိုက်သည်နှင့် ဦးမြတ်မင်းတွန့်ခနဲ ဖြစ်သွားပြီး ငေးကြည့်နေသေးသည်။

ကတ်ပြားနီကို ယူလိုက်သော်လည်း ဖြုန်းခနဲ စာကိုမဖတ်ရဲ။

နောက်ဆုံးမဖတ်ဘဲမနေနိုင်သောကြောင့် ကတ်ပြားနီထဲမှာစာကို ဖတ်လိုက်သည်။

"ဦးသိဒ္ဓိ"
အသက်ကိုပေး ကြွေးဆပ်ပါ။

❐ ❐

( ၈ )

ယနေ့ ...

ယုယုမော်တို့အိမ်တွင် ဘုရားကိုးဆူပူဇော်ပွဲကျင်းပသည်။ နှစ်စဉ် ယုယုမော်စာမေးပွဲဖြေကာနီးတိုင်း ဘုရားကိုးဆူပူဇော်ပွဲကျင်းပမြဲ ဖြစ်ပါ၏။

ယုယုမော် ယခုနှစ် ဗိုင်နယ်စာမေးပွဲအောင်မြင်စွာဖြေဆိုနိုင်ရန် ကုသိုလ်ဆက်ပွဲဟု ဆိုနိုင်သည်။ .

ဦးမြတ်မင်းကတော့ ဖိတ်ကြားသော်လည်း မတက်ရောက်။ သမီးဆောင်းနှင်း၊ ယုယုမော်သည် အခင်ဆုံးသူငယ်ချင်းမသိကျွမ်းကြသေး၊ မိဘချင်းတွေ့ဆုံခွင့်မရခဲ့ကြသောကြောင့် မရင်းနှီးကြခြင်းဖြစ်သည်။

ဆောင်းမှာမသွားမဖြစ်သောပွဲမို့ ဖေဖေဦးမြတ်မင်း





မလိုက်ပါသော်လည်း အိမ်မှဘဏ္ဍာစိုး ဒေါ်နန်းယုံကို အဖော်ခေါ်ကာ ယုယုမော်၏ဘုရားကိုးဆူပူဇော်ပွဲသို့ တက်ရောက်လာပါ၏။

"ဟော ... မိဆောင်း ... နင့်ကိုငါစောင့်နေတာ ... နင်နောက်ကျတယ်ဟယ် ... ဩော် ... ဒေါ်ကြီးနန်းယုံလည်းပါလာသကိုး ... လာ ... လာ ... ကိုထွတ်တို့တောင် ဒီအတိုင်းစားပွဲမှာထိုင်ခိုင်းထားတယ် ... နင်လာမှ ပွဲစဖို့ နင့်ကိုစောင့်နေတာမိဆောင်း ... လာ ... လာ ... ကိုထွတ်တို့စားပွဲကိုသွားစို့ ငါလိုက်ပို့ပေးမယ် ... "

ယုယုမော်တို့ခြံထဲမှာပင် ဧည့်ထိုင်စားပွဲကုလားထိုင်တွေ ခင်းကျင်းထားသည်။ ထုံးစံအတိုင်း ရောင်စုံမီးလုံးတွေရောစက္ကူပြန်းလိမ်တွေရော တန်ဆာဆင်ထားသည်။ စားပွဲတွေ ဂေ၇င် ဧည့်သည်တွေတော်တော်များများပင် ရောက်နေပေပြီ။

ယုယုမော်ကပင် ဆောင်းနှင်းမှုံကို လက်တွဲခေါ်လာပြီး ဒေါ်နန်းယုံက နောက်မှလိုက်ပါလာပေသည်။

"ကိုထွတ်မှာ သူငယ်ချင်းတစ်ယောက်ပါလာတယ်တဲ့ ... နင်မှတ်မိလား၊ ဟိုတလောက နင်နဲ့ငါ ကျောင်းကလပ်(စ်)ခဏနားလို့ သစ်ပုတ်ပင်ကြီးအောက်မှာ ထိုင်နေတုန်း ... ကိုထွတ်က ငါ့ကိုလာခေါ်သွားတာလေ ... အဲဒီနေ့က နင့်ကို

တောင် တစ်ယောက်တည်းထားခဲ့လို့ ကိုမျိုးသန့်ကြီးအလစ်ချောင်းစကားလာပြောတဲ့နေ့လေဟယ် … ”

“အင်းလေ … ငါ မှတ်မိသားပဲ … ”

“အဲ့ဒီနေ့က ကိုထွတ် ငါ့ဆီလာတာ … သူ သိပ်ချစ်တဲ့သူငယ်ချင်း ရန်ကုန်ရောက်လာလို့ အင်းလျားလိပ်ဟိုတယ်မှာ ပြုစုကျွေးမွေးချင်တယ်လို့ ငါ့ကို ကိုထွတ်ကခွင့်လာတောင်းတာဆိုတာကော နင်မှတ်မိတာပဲမဟုတ်လား … ”

“အင်း … မှတ်မိတယ်ဆိုမှပဲ … ”

“အဲ့ဒီသူ့သူငယ်ချင်းပဲ … အခု ဘုရားကိုးဆူပွဲကိုခေါ်လာတာ … ”

“အဲဒါ ဘာဖြစ်လဲ … ဆန်းသလား မိယု … ”

“အေး … နင် အဲဒီ ကိုထွတ်ရဲ့သူငယ်ချင်းကိုမြင်ရင် ခိုက်သွားမလားလို့ ငါကပြောတာ … ”

“ငါက ဘာလို့ခိုက်ရမှာလဲ မိယု … ”

“ကမ္ဘာတစ်လွှားမှာ ငါ့ချစ်သူ ကိုထွတ်သာ … ကြည့်လို့အကောင်းဆုံးယောကျ်ားအပီသဆုံးလို့ ငါယူမှတ်လာခဲ့သမျှအခု သူ့သူငယ်ချင်းကို ငါတွေ့လိုက်မှ … အင်း … ငါ့အယူအဆ ရာနှုန်းပြည့်မမှန်ဘဲ အနည်းအပါးလွဲမှားနေပါလားလို့တောင် မှတ်ချက်ချမိတယ်ဟဲ့ … ”





“ဘာလို့ … ”

“ဟ … ဘာလို့ရမှာလဲ … အခုကိုထွတ်နဲ့ပါလာတဲ့ သူ့သူငယ်ချင်းဆိုတာက ကြည့်အကောင်းဆုံးနဲ့ ယောကျ်ားအပီသဆုံး … ပိုပြီးဖြစ်နေတာကို တွေ့ရလို့ပေါ့ဟဲ့ … သူ့ကိုယ်လုံးကိုယ်ထည်တည်ဆောက်ပုံ လက်တံခြေတံတွေကျဆင်းပုံဟာ … စင်တီမီတာနဲ့ တွက်ချက်ပြီး လက်ရာအကောင်းဆုံးထုထားတဲ့ပန်းပုရုပ်လား … အောက်မေ့ရတယ်တဲ့ … သူ့အသားအရေဟာ ညိုယောင်သမ်းနေယောင်သမ်းနေပေမဲ့ ရေဆွက်ထားသလို စိုပြည်တယ် မိဆောင်း … ”

“ဘာလဲ … မိယု … နင်က အဲ့ဒီလူကို မြင်မြင်ချင်းခိုက်သွားကြိုက်သွားပြန်ပြီလား … ”

“အင်းပေါ့ဟဲ့ … ”

“ဟယ် … ကောင်မ … နင့်မှာချစ်သူကိုဝင်းထွတ်ငတ်တုတ်ကြီးနဲ့ နင်မို့ ဒီလိုပြောတယ် … ”

“နင် အဲဒီဘက်မှာ ဘာဝါမှမရှိသေးတဲ့ အစိမ်းသက်သက်ပါ မိဆောင်း … နင် နုသေးတယ် … မရင့်သေးဘူး … ”

“ကောင်မ ကြီးကျယ်တယ် … ”

“မှတ်ထား မိဆောင်း … လောကကြီးမှာခိုက်တယ် … ကြိုက်တယ်ဆိုတာမျိုးက အရေအတွက်သတ်မှတ်လို့မရဘူး။

ကြိုက်စရာတွေ့ရင် ... စိတ်ထဲက ကြိုက်လိုက်မှာပဲ ... ကြိုက်တယ်ဆိုတဲ့နေရာမှာ စောင့်ထိန်းရတဲ့သစ္စာရှိဖို့မလိုဘူး ... ဒါပေမဲ့ ချစ်တယ်ဆိုတာကျတော့ စောင့်ထိန်းအပ်တဲ့သစ္စာတရားရှိတယ် ... အရေအတွက်တစ်ခုတည်းရှိတယ် ... အဲဒီတော့ ကိုထွတ်ကို ငါကတစ်ယောက်တည်းချစ်နေရင်ပြီးတာပဲ ... ကိုထွတ်ကလွဲပြီး ဘယ်သူတစ်ယောက်ကိုမှ ငါမချစ်ဘူး ... (ချစ်တာမှ စောင့်စည်းအပ်တဲ့သစ္စာတရားအခိုင်အမာရှိတယ် ) ... အေး ... ကြိုက်တာ ခိုက်တာကျတော့ ငါအရေအတွက်အကန့်အသတ်မထားဘူး ... ကြိုက်ဆရာတွေ့ရင် ကြိုက်မှာပဲ ... ခိုက်စရာတွေ့ရင် ခိုက်မှာပဲ ... အခု ကိုထွတ်ရဲ့သူငယ်ချင်းက ကြိုက်စရာ ... ခိုက်စရာကြီးပဲ" "ကောင်မ ... တော်တော် ကျမ်းကျေတယ် ... စကားလည်းတတ်တယ် ... "

နှစ်ဦးသားရယ်မောရင်း ကိုဝင်းထွတ်တို့ရှိရာစားပွဲသို့ ရောက်လာကြသည်။

စားပွဲတွင် ဝင်မထိုင်သေးမီ မတ်တတ်ရပ်နေစဉ်မှာပင် ကိုဝင်းထွတ်နှင့်သူ့သူငယ်ချင်းတို့က ယုယုမော်တို့ကို မော့ကြည့်လိုက်သည်။





ယုယုမော်နှင့်ဆောင်းနှင်းမှုံကလည်း ကိုဝင်းထွတ်တို့နှစ်ယောက်ကို ကြည့်လိုက်သည်။

"အဲ ... ဟိုက်"

ဆောင်းနှင်းမှုံ နှုတ် အဲ ... ရော ... ဟိုက်ရော အံ့သြသံတစ်ဆက်တည်း ထွက်သွားမိသည်။

ကိုဝင်းထွတ်ကို ယုယုမော်နှင့်ပတ်သက်ပြီး သိကျွမ်းသားသူမို့ အံ့သြစရာမရှိ။

သို့သော် ...

ကိုဝင်းထွတ်၏သူငယ်ချင်းကို ဆောင်းနှင်းမှုံမြင်သည်နှင့် အာမေဋိတ်သံနှစ်ခု ဆက်တိုက်ဖြစ်သွားသည်။

ထိုလူကလည်း မော့ကြည့်ပြီး ဆောင်းနှင်းမှုံကိုမြင်တွေ့လိုက်သည်နှင့် လူစင်စစ်က ကျောက်ရုပ်ဖြစ်သွားသလား မှတ်ထင်ရအောင် အလှုပ်အရှားမရှိဘဲဆောင်းနှင်းမှုံကို ငေးကြည့်နေပါသည်။

ဆောင်းနှင်းမှုံ အာမေဋိတ်သံတွေ ဖြစ်ရခြင်းမှာ ထိုသူသည် မိမိမန္တလေးသွားစဉ်က အမရပူရလမ်းတွင် လမ်းသရဲသုံး ကောင်လက်မှ ကယ်တင်ခဲ့သူဖြစ်နေသောကြောင့်ပါပေ။ လမ်းသရဲ ဂုလီကို သူ့ဖိုက်ဘာဦးထုပ်ချွတ်ပြစဉ်က ဆောင်းနှင်းမှုံ ထိုလူ၏

မျက်နှာကို သေချာမြင်ဖူးခဲ့သည်မို့ ယခုပြန်အတွေ့တွင် အံ့သြသွားခြင်းဖြစ်ပါ၏။

ထိုလူကလည်း ဆောင်းကိုသိထားဟန်တူပြီး ယခုပက်ပင်းခြင်းဆုံဆည်းရသည်မို့ ကျောက်ရုပ်လို့ ဆောင်းနှင်းမှုံကို ငေးကြည့်ခြင်းဖြစ်ပေမည်။

"ထိုင်လေဆောင်း ... ဒေါ်ကြီးနန်းလည်းထိုင် ... ဒီစားပွဲက လေးယောက်ထိုင်ပဲ ... ကိုထွတ်နဲ့ကတော့ ဆောင်းက သိကျွမ်းပြီးသားမို့ အထူးမိတ်ဆက်ပေးဖို့မလိုဘူး ... ဒါပေမဲ့ ကိုထွတ်က ကိုထွတ်သူငယ်ချင်းနဲ့ ဆောင်းတို့ကို မိတ်ဆက်ပေးဦးလေကိုထွတ် ... "

"အင်း ... ဟုတ်သားပဲ ... ဆောင်းနဲ့မိတ်ဆက်ပေးမယ် ... ဟော့ကောင် မင်း‌ေ ◌ာ်င် ... မင်းထရပ်ကွာ ဟိုကမတ်တတ်နဲ့ မင်းက ထိုင်လျက်ကြီးမိတ်ဆက်ပေးရတာ ဆောင်းအတွက် အားနာစရာ ... "

ကိုဝင်းထွတ်အပြောကြောင့် ထိုလူက ရယ်ကာ◌ာမောကာ မတ်တတ်ရပ်လိုက်ပေသည်။

ရယ်လေမှ ထူးကဲသော နှုတ်ခမ်းစုံပွင့်သွားပြီး သွားဖြူတန်းပုလဲစီပေါ်လာပုံမှာ ဆောင်းနှင်းမှုံရော ယုယုမော်ပါ ငေး





ကြည့်ရအောင် ကြည့်ကောင်းသည်။ ကျက်သရေရှိသည်။ အမရပူရ ◌မ်းတွင် ပြိုးရယ်ပြောစဉ်ကလည်း ဆောင်းနှင်းမှုံရင်ခုန်ရသလို ပ◌ခု ◌ည်း ရင်ခုန်လိုက်ပြန်သည်။

"မိတ်ဆက်ပေးတဲ့အခါ ... မတ်တတ်ရပ်ပြီးမှ မိတ်ဆက်ရမယ်လို့ စည်းကမ်းသတ်မှတ်ချက်ရှိလို့လား ဝင်းထွတ်ရဲ့ ... ဒါပေမဲ့ မင်းက ထရပ်ဆိုငါကထရပ်ပါတယ် ... ကဲ ... "

"ဒီမယ် မင်းနောင် ဟောဒီသိပ်ချောသိပ်လှတဲ့လူက ယုယုမော်ရဲ့သူငယ်ချင်းအချစ်ဆုံး ဆောင်းနှင်းမှုံတဲ့ ... နောက်ပြီး ဒီကောင်က ကျွန်တော်နဲ့မန္တလေးမှာ ဟိုက်စကူးမှာ အတူနေခဲ့တဲ့ အချစ်ဆုံးသူငယ်ချင်းမင်းနောင်တဲ့ ... ဆောင်း သူ့ကို သိပ်ရင်းနှီးသူတွေ့က နောင်နောင်လို့လည်းခေါ်ကြတယ် ... ကျွန်တော်ကတော့ သူ့ကို ငနောင်လို့ခေါ်တယ်၊ အဲဒါ ဆောင်း သူ့ကို ဆောင်းခေါ်ချင်သလိုသာ ခေါ်ပေတော့ ... "

ဝမ်းသာပါတယ်။

ဂုဏ်ယူပါတယ်။

ထုံးစံအတိုင်း ဆောင်းနှင်းမှုံက တုံ့ပြန်ပြောလိုက်◌ည်။

"ဟော့ကောင် ... ငထွတ် ... မဆောင်းနှင်းမှုံက ငါနဲ့မိတ်ဆွေ

ဖြစ်ရတာ ဂုဏ်ယူပါတယ်တဲ့ကွ ... ဟဲ ... ဟဲ ... မဆောင်းနှင်းမှုံကို ကျွန်တော်သိပ်အားနာသွားပြီ ... ဘာလို့လဲဆိုတော့ ... ကျွန်တော်နဲ့ပတ်သက်ပြီး ဂုဏ်ယူစရာ ဘာမှ ကျွန်တော့မှာမရှိလို့ပါ ... "

"ဒီကောင်ငနောင် ပေါက်ကရပြောတော့မယ် ... "

အားလုံးပင် ရယ်မောကြသည်။

သို့သော် ဆောင်းနှင်းမှုံက မရယ်ပေ။ ကိုမင်းနောင်ပြောလိုက်သောစကားကို ဟာသပျက်လုံးတစ်ခုဟုလည်း မမှတ်ယူပေ။

အကြောင်းမူ ကိုမင်းနောင်၏မျက်နှာတွင် မိမိကိုတစ်ခါမှမြင်ဖူးတွေ့ဖူးသော မျက်နှာမျိုးမရှိ။ တစ်ခါမျှ မိမိကို မမြင်ဖူးသောအသွင်သာရှိနေသောကြောင့် ဖြစ်သည်။

မန္တလေးမှာတုန်းကလည်း မိမိနောက်ကို မော်တော်ဆိုင်ကယ်နှင့်လိုက်ပြီး ကယ်တင်ခဲ့ဖူးသည်။

ယခု ရန်ကုန်မှာလည်း မိမိကျောင်းအပြန် နောက်မှ မော်တော်ဆိုင်ကယ်နှင့်လိုက်ကာ တာ့တာလုပ်ပါလျက် ယခုပက်ပင်းကြီးတွေ့မှ မိမိကိုတစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသလိုရှိနေခြင်းမှာ စဉ်းစားစရာဖြစ်လာသည်။





ယခု မြင်နေရသော ကိုမင်းနောင်ဆိုသူသည် မိမိနှင့် ...ကြိမ်ကြိမ်တွေ့ခဲ့သော မော်တော်ဆိုင်ကယ်နှင့်လူမဟုတ်သော ...ကြောင့်ပေလား။ ...င

"ကဲ ... ဒီမှာပဲ ဒေါ်ကြီးနန်းနဲ့အတူထိုင်ဦးနော်မိဆော ... နောက်ထပ်ဧည့်သည်တွေကို ငါ ကိုယ်တိုင်ကြိုမှကောင်း ...ကြည့်မို့ပါ ... ငါ့သူငယ်ချင်းမိတ်ဆွေတိုင်းကို ဖေဖေနဲ့မေမေ... သိတာမဟုတ်ဘူး ... ကိုထွတ် ... ယုမော်နဲ့လိုက်ခဲ့ ...ကြမ်းသုံး ကိုထွတ်မသိသေးတဲ့ ယုမော်ရဲ့မိတ်ဆွေတွေနဲ့ ကိုထွ...လားလို့ မိတ်ဆက်ပေးချင်လို့ ... " ...းကို

ဝင်းထွတ်က ယုယုမော်နောက်သို့ ကောက်...ာက်ပါ လိုက်သွားသည်။

"ခွေးကောင် ... ဟိုက လက်ဖျောက်တီးခေါ်တာနဲ့ ပျာခနဲ လိုက်သွားတာ ... အမြီးကိုနှံ့နေတာပဲ ... "

စားပွဲတွင် မင်းနောင်၊ ဆောင်းနှင်းမှုံနှင့် ဒေါ်ကြီး ...သုံ့သာ ကျန်ခဲ့တော့သည်။

ဆောင်းနှင်းမှုံက ပြုံး၍ပြောသည်။

"ဘာ့လဲ ... ကိုမင်းနောင်က ကိုဝင်းထွတ် မိယုနောက် ကောက်ကောက်ပါလိုက်သွားတာကို ဒေါသထွက်နေတာလား"

"ဒေါပွတယ်တော့ ဘယ်ဟုတ်မလဲ ... မဆောင်း ... အခု ဒီအသိုင်းအဝိုင်းဟာ ကျွန်တော့်အတွက် သူစိမ်းတွေချည်း မဟုတ်လား ... ဒါကြောင့် ဝင်းထွတ်ခေါ်တာကို ကျွန်တော် မလိုက်ပါရစေနဲ့လို့ အတန်တန်တောင်းပန်တဲ့ကြားက ကျွန်တော့်ကို မရမက ဇွတ်ခေါ်လာလို့ ကျွန်တော်လိုက်လာတာ ... ကျွန်တော့်ကို ဘုရားကိုးဆူပွဲရှင်က နှုတ်နဲ့ဖိတ်ကြားတာလည်းမဟုတ် ... ဖိတ်စာနဲ့ဖိတ်ကြားတာလည်း မဟုတ်ဘူး ... ဒီကောင်ဝင်းထွတ်ကို ခင်မင်လို့ ကျွန်တော်လိုက်လာတာ ... အခု ကျွန်တော့်ကို တစ်ယောက်တည်း ထားခဲ့တာကို ကျွဲမြီးတိုမိတဲ့သဘောပါမဆောင်း ... "

ပြောလိုက်
ပေ။

"နေပါဦး ... ဆောင်းက ကိုမင်းနောင်နဲ့သူစိမ်းသက်သက်ကြီးဖြစ်နေလို့လားဟင် ... "

"ဒီည ဒီဘုရားကိုးဆူပွဲကျမှ မဆောင်းကို ကျွန်တော်ပထမဆုံး မြင်ဖူးတာပဲဗျာ ... အဲဒါ သူစိမ်းသက်သက်မဟုတ်လို့ မောင်နှမအရင်းကြီးပါလို့ ပြောရမှာလား ... "

ကိုမင်းနောင်က သူ့ဟာသူပြော သူ့ဟာသူရယ်သည်။

"ကိုမင်းနောင် မန္တလေးမှာနေခဲ့ပါတယ်နော် ... "





"နေဖူးတယ် ... ဒီကောင် ဝင်းထွတ်နဲ့မန္တလေးမှာ သိကျွမ်းခင်မင်လာကြတာပဲ ... "

"ဒါဆို မန္တလေးမှာ မိဘအရှိန်အဝါနဲ့ ဒေးသောင်းကျန်းနေတဲ့ ချာလီတို့ ဖိုးချိုတို့ တင်ဟိန်းတို့ဆိုတာတွေကို ကိုမင်းနောင်သိမှာပေါ့ ... "

ကိုမင်းနောင်က မဆောင်းကို အံ့ဩသောအကြည့်နှင့် ကြည့်လိုက်သည်။

"မဆောင်းက ဒီကောင်တွေကိုသိနေလား ... ဒုက္ခမ်းသုံးကောင်ပဲ ... "

"ဆောင်းမသိပါဘူး ... သူတို့နဲ့ကိုမင်းနောင် သိသလားလို့ မေးကြည့်တာပါ ... အဲဒီလူကြမ်းသုံးယောက်အကြောင်းကို ပြောလိုက်ရင် ... ကိုမင်းနောင် သတိမေ့နေတာတစ်ခုခုကို များ ပြန်သတိရမှတ်မိမလားလို့ပါ ... "

"ချာလီတို့လူသိုက်ကို ကျွန်တော် မြင်ဖူးပါတယ် ... သူတို့ သတင်းဆိုးတွေလည်း ကြားနေတာပဲ ... ဒါပေမဲ့ ဒီကောင်တွေနဲ့ ကျွန်တော်မပတ်သက်မိအောင် ဝေးဝေးကရှောင်တယ် ... ဒီကောင်တွေအကြောင်းပြောတာနဲ့ ကျွန်တော်က ဘာသတိမေ့နေတာတစ်ခုကို ဘယ်လိုသတိရရမှာလဲ မဆောင်း ... "

ဒေါ်နန်းယုသည် စကားတစ်ခွန်းမျှဝင်မပြော ... ဆောင်းနှင်းမှုံနှင့် ကိုမင်းနောင်တို့ပြောနေကြသည်ကို စိတ်ဝင်စား မရဘဲ ပွဲလာပရိသ တ်တွေကိုသာ ဟိုကြည့်ဒီကြည့် လိုက်ကြည့်နေ သည်။

"ဆော င်းပြောမယ် ... ဆောင်း ဒုတိယနှစ် ကျောင်းတ တဲ့နှ စ်က ကျောင်းပိတ်ရက်အတွင်းမှာ မန္တလေးကို ဆောင် ရေ ာက်ခဲ့ဖူးတယ် ... လွန်ခဲ့တဲ့နှစ်နှစ်လောက်ကဆိုပါတော့ ေ ဆာင်း စစ်ကိုင်းတံတားကြီးကိုဖြတ်ပြီး ... စစ်ကိုင်းဘက် ကို သွားခဲ့သေးတယ် ... အဲဒါ မန္တလေးကနေပြီး စစ်ကိုင် တံတားဒီဘက်ထိပ်ရောက်တဲ့အထိ မော်တော်ဆိုင်ကယ် လူတစ်ယောက်ဟာ ဆောင်းရဲ့ကားနောက်က လိုက် တယ် ... "

ကိုမင်းနောင်က ပြုံး၍နားထောင်ပြီး ဦးခေါင်းလို ညိ တ်ပေသည်။

ဆောင်းစိတ်ထဲပျော်သွားသည်။

ကိုမင်းနောင် ထိုကိစ္စကို ပြန်မှတ်မိပြီး ခေါင်း ညိတ်ညိတ်ဖြစ်သွားသည်ဟု ထင်မိသောကြောင့်ပင် ...

"ကိုမင်းနောင် ဘာလို့ခေါင်းညိတ်တာလဲ ... ဆောင်းပြေ တဲ့ ဟိုတုန်းက တစ်ခုခုကို ပြန်မှတ်မိလို့လား ... "





"ဟင့်အင်း ... ကျွန်တော် ဘာတစ်ခုခုကိုမှ ပြန်မှတ်မိလို့ ခေါင်းညိတ်တာမဟုတ်ပါဘူး ... ကျွန်တော့်စိတ်ထဲမှာ မဆောင်းလို ... သိပ်ချော သိပ်လှ သိပ်ကျော့ရှင်းပြေပြစ်တဲ့ မိန်းကလေးကို တွေ့တဲ့လူဟာ ... နောက်ကလိုက်မှာပဲလို့ တွေးမိပြီး ... မဆောင်းစကားကို ထောက်ခံတဲ့အနေနဲ့ ခေါင်းညိတ်နားထောင်နေပါတယ်ဗျာ ... "

"ဆောင်းနောက်ကို မော်တော်ဆိုင်ကယ်နဲ့လိုက်လာ ဲ့လူ ဟာ ... စစ်ကိုင်းဘက်အထိတော့ ဆက်ပြီးလိုက်မလာပါဘူး၊ အမရပူရဘက် စစ်ကိုင်းတံတားထိပ်မှာပဲနေခဲ့တယ် ... ဆောင်းစစ်ကိုင်းမှာ ဘုရားတွေဖူးပြီး ဒီဘက်မန္တလေးပြန် ဖို့ ပြန်လာတော့ အမရပူရလမ်းမှာပဲ ချာလီတို့သုံးယောက် အဖွဲ့နဲ့သွားဝ ု ာယ် ... အဲ ... တိုတိုပြောရရင် ချာလီတို့ အဖွဲ့က သူတို့ကားနဲ့ဆောင်းကို မဟားဒယား ကားတင် ပြေးဖို့ ကြိုးစားကြံစည်ကြတယ် ... အဲဒီမှာ ဆောင်းပြောတဲ့ မော်တော်ဆိုင်ကယ်နဲ့လူရောက်လာပြီး ... ချာလီတို့အဖွဲ့ သုံးယောက်ကို သူတစ်ယောက်တည်းနဲ့သတ်ပုတ်ပြီး သူပဲ အနိုင်ရတယ် ... ချာလီတို့သုံးယောက်စလုံး ခံသွားရတယ် ... အဓိက ဆောင်းပြောချင်တာက ဆောင်းရဲ့ရေတိမ်နစ်မဲ့

ဘဝကိုရော ... ဆောင်းရဲ့အရှက်ကိုရော အဲဒီမော်တော်ဆိုင်ကယ်နဲ့လူက ကယ်တင်လိုက်တာပဲ ... ”

“ဟာ ... ဒါဆို မဆောင်းသိပ်ကံကောင်းသွားတာပေါ့”

“ဟုတ်ပါတယ် ... ဆောင်း သိပ်ကံကောင်းသွားပါတယ် ဒီလိုကံကောင်းသွားတာဟာ အဲဒီမော်တော်ဆိုင်ကယ်နဲ့လူက သိပ်တော်လို့ပါ ... ”

“ဟုင် တာပေါ့ ... ဟုတ်တာပေါ့ ... ”

“အဲဒီ ... မော်တော်ဆိုင်ကယ်နဲ့လူဟာ ... ကိုမင်းနောင်ပဲ မဟုတ်လားဟင် ကိုမင်းနောင် ... ”

“ဗျာ ... အဲဒီလူဟာ ကျွန်တော်ဟုတ်လား ... အဲဒီလူ ကျွန်တော် ဖြစ်ချင်လိုက်တာ မဆောင်းရယ် ... ”

“ချာလီတို့နဲ့သတ်ပုတ်အနိုင်ရပြီးတဲ့နောက် ... ချာလီက သူ့မျက်နှာကို မှတ်မိချင်တယ်လို့ပြောလို့ ... အဲဒီလူက သူ့ဖိုက်ဘာဦးထုပ်ရှေ့ကော်ပြားကို တင်ပြပြီး သူ့မျက်နှာကို ချာလီတို့မြင်အောင် တမင်ပွင့်ပြတယ် ... ဆောင်းကလည်း သူ့မျက်နှာကို သေချာကြည့်လိုက်တယ် ... အဲဒီလူဟာ အခု ကိုမင်းနောင်နဲ့ထပ်တူထပ်မျှ တူနေတယ်ကိုမင်းနောင် ... တူတာမှ ကိုယ်လုံးကိုယ်ထည်ကစပြီး အားလုံးတူတာ”





ကိုမင်းနောင်က စားပွဲကို လက်ချောင်းလေးတွေဖြင့် တဒေါက်ဒေါက်ခေါက်ရင်း စဉ်းစားပေးသည်။

“အဲ ... ဒါဆိုဟုတ်ပြီ ... ”

“ကိုမင်းနောင် အဲဒါတွေ ပြန်မှတ်မိလို့ ဒါဆိုဟုတ်ပြီလို့ ပြောတာမဟုတ်လားဟင် ... ”

“အဲဒီလူဟာ ... ကျွန်တော်မင်းနောင်တော့ မဟုတ်ဘူး မဆောင်း ... ဒါပေမဲ့ အဲဒီမော်တော်ဆိုင်ကယ်နဲ့လူဟာ ကိုကိုအောင်ပဲဖြစ်မယ် ... အဲဒီလွန်ခဲ့တဲ့နှစ်နှစ်လောက်ကပဲ ကိုကိုအောင့်ကို ချာလီတို့အဖွဲ့က ကျုံးဘေးမှာ ဝိုင်းတီးကြတာ ကိုကိုအောင်ပြန်တီးထည့်လို့ ... ချာလီတို့ကိုပဲ ဆေးရုံပို့လိုက်ရတယ် ... မဆောင်းကြောင့် ချာလီတို့က ကိုကိုအောင့်ကို ရန်ညှိုးထားပြီး လက်စားချေတာဖြစ်မှာပေါ့ ... ဒါပေမဲ့ ကိုကိုအောင်ကပဲ သူတို့ကို ဆေးရုံပို့ပေးရတဲ့အထိ ပြန်တီးလိုက်တယ် ... ချာလီတို့မိဘတွေက ကိုကိုအောင့်ကို အရှိန်အဝါနဲ့ ရဲနဲ့ဖမ်းဆီးဖို့ ကြံစည်သေးတယ် ... ကိုကိုအောင်က ရဲနဲ့ဖမ်းရဲရင်ဖမ်း ... ဖမ်းတာနဲ့ ချာလီရော သူ့အဖွဲ့ကကောင်တွေရဲ့မိဘတွေဟာ ... ဘာလို့ချမ်းသာနေတယ်ဆိုတာရော ... ချာလီတို့ ကျူးလွန်ထားတဲ့ မုဒိန်းမှုတွေကအစ

အမှုတွေအားလုံး သက်သေအထောက်အထားအခိုင်အလုံနဲ့ ရဲကိုဖွင့်ပြောမယ်လို့ပြောလိုက်မှ ချာလီတို့မိဘတွေ နောက်ဆုတ်သွားကြတယ်လေ ... ”

“ဒါဆို ... အဲဒီမော်တော်ဆိုင်ကယ်နဲ့လူဟာ ... ”

“ကျွန်တော် မင်းနောင်မဟုတ်ဘူးမဆောင်း ... ကျွန်တော်နဲ့ အမြွှာမွေး ကိုမင်းအောင်ပဲမဆောင်း ... ကိုမင်းအောင်က ကျွန်တော့်ထက်နာရီဝက်ပိုစောမွေးလို့ ကျွန်တော့်ထက် နာရီဝက် အသက်ပိုကြီးတယ် ... ကျွန်တော်နဲ့ ရုပ်ချင်းတူကြတာကတော့ ထပ်တူထပ်မျှချွတ်စွပ်တူတယ်၊ မျက်နှာတင်မဟုတ်သေးဘူး ကိုယ်လုံးကိုယ်ထည် ခြေတံလက်တံကစပြီး တူကြတယ် ... အဲ ... ကျွန်တော်နဲ့မတူတာကတော့ စိတ်နေသဘောထားနဲ့ အကျင့်သိက္ခာပဲ ... ”

“ဩော် ... ဩော် ... ဒါဆို ဆောင်းကို ကယ်တင်ခဲ့သူဟာ ကိုမင်းနောင်မဟုတ်ဘဲ အမြွှာအစ်ကို ကိုမင်းအောင်ပေါ့ ဟုတ်လား ... ”

“ဟုတ်တယ် ... ကိုကိုအောင်ပဲဖြစ်မယ် ... ကျွန်တော့်ထက် နာရီဝက်အသက်ပိုကြီးလို့ ကျွန်တော်က သူ့ကို ကိုကိုအောင်လို့ပဲ ခေါ်တယ် မဆောင်း ... ”





“အဲဒီကိုမင်းအောင်ကရော မန္တလေးမှာ ကိုမင်းနောင်နဲ့ညီအစ်ကိုအတူနေကြသလား ... ”

ကိုမင်းနောင်က ပခုံးတွန့်ပြသည်။

“ကိုကိုအောင်က လူတစ်မျိုးပဲမဆောင်း ... မော်တော်ဆိုင်ကယ်တစ်စီးနဲ့ ခြေဦးတည့်ရာ လျှောက်သွားနေတာ ... အဲ လွန်ခဲ့တဲ့ နှစ်နှစ်ကတော့ မန္တလေးမှာ အနေများခဲ့တယ် ... ကိုကိုအောင်က အမြဲတမ်း လှုပ်ရှားနေရမှ ကျေနပ်တာ ... သူ့ရဲ့ဝါသနာကိုက အပြေးအလွှား အခုန်အပျံ အသတ်အပုတ်သေနတ်ပစ် ... ဓားပေါက်၊ မြင်းစီး၊ ရေကူးဝါသနာတွေ မြင်းစီးပြီး အမဲလိုက်တာကို ကိုကိုအောင်အနှစ်သက်ဆုံးပဲ။

“ဟုတ်တယ်နော် ... ဒါကြောင့်လည်း ချာလီတို့ ခုပ်စုကို သူတစ်ယောက်တည်းနဲ့ ရင်ဆိုင်ပြီး ဆောင်းကို ( သ်တင်နိုင်ခဲ့တာ ... အဲဒီ ကိုမင်းအောင့်ကို ဆောင်း ဘယ်မှာတွေ့နိုင်မလဲကိုမင်းနောင် ... သူ့ကိုတွေ့ပြီးကျေးဇူးတင်ကြောင်း ဆောင်း ပြောချင်လွန်းလို့ပါ ... ”

ကိုမင်းနောင်က ခေါင်းခါပြသည်။

“ကိုကိုအောင့်ကိုတွေ့ဖို့ မလွယ်ဘူးထင်တယ် မဆောင်း ... သူက ခြေဦးတည့်ရာသွားနေတဲ့လူ ... သူနှစ်သက်တဲ့နေရာ

မှာဆိုရင် အချိန်အကန့်အသတ်မရှိ နေချင်နေတာ ... သူ မနှစ်သက်တဲ့နေရာဆိုရင်လည်း ညသန်းခေါင်ကြီးဖြစ်ပလေ့စေ မော်တော်ဆိုင်ကယ်စက်နှိုးပြီး ပြန်ထွက်လာတဲ့လူ”

“ဒါဆို ကိုမင်းနောင်က ကိုယ့်အစ်ကို ကိုမင်းအောင်ကို တွေ့ချင်တဲ့ဆန္ဒ တွေ့စရာကိစ္စရှိလာရင်ကော ... ”

“အဲဒါကျတော့ ကျွန်တော်တို့ညီအစ်ကိုမှာ ဆန်းတာတစ်ခုရှိတယ် ... ”

“ဘယ်လိုဆန်းတာလဲ ... ”

“အမြွှာညီအစ်ကိုမို့ မနောချင်း ဆက်နေတယ်လို့ ပြောရမလား ... ခုခေတ်စကားနဲ့ပြောရရင်တော့ တယ်လီပယ်သီလို့ ပြောရမလားတော့မသိဘူး ... ကျွန်တော့်စိတ်ထဲက ကိုကိုအောင့်ကို တွေ့ချင်တဲ့ဆန္ဒ ပြင်းပြင်းဖိုန်ထန်ဖြစ်လာရင် ... ကိုကိုအောင်က ဘယ်နေရာမျိုးမှာ ရောက်နေပါစေ သူ့ရင်ထဲစိတ်ထဲမှာ ကျွန်တော်က သူ့ကိုသိပ်တွေ့ချင်နေတာကို သူ့အလိုလိုသိတယ် ... ကိုကိုအောင့်စိတ်ထဲမှာကိုက ကျွန်တော့်ကို သိပ်တွေ့ချင်တဲ့ဆန္ဒတွေ သွားဖြစ်တယ် ... ဒါဆို ကျွန်တော်ရှိတဲ့နေရာကို ကိုကိုအောင် သူ့မော်တော်ဆိုင်ကယ်နဲ့ ပေါက်ချလာတော့တာပဲ မဆောင်း ... ”





“ကိုမင်းနောင်ကိုယ်တိုင်ကရော နေရာတစ်ခုမှာ စွဲစွဲမြဲမြဲနေလို့လား ... ”

“ကျွန်တော် ဆယ်တန်းအောင်တဲ့အထိတော့ မန္တလေးမှာ စွဲစွဲမြဲမြဲနေပါတယ် ... အဲဒီမန္တလေးမှာ ဝင်းထွတ်နဲ့အတူ ဆယ်တန်းတက်နေရင်းပဲ ဝင်းထွတ်မိဘတွေက ပြောင်းမိန့်ကျပြီး ... ရန်ကုန်ပြောင်းသွားကြတယ် ... အဲဒီနှစ်ကပဲ ကျွန်တော် ဆယ်တန်းအောင်ခဲ့တာပါ ... ”

“ကိုမင်းနောင် တက္ကသိုလ်ကို ဆက်မတက်ဘူးလား ... ”

“မတက်တော့ဘူးဗျာ ... အသက်လည်းကြီးသွားပြီ ... စာသင်ဖို့လည်း စိတ်မပါတော့ဘူး ... ဝင်းထွတ်နဲ့သူငယ်ချင်းဆိုပေမဲ့ ဝင်းထွတ်ထက် ကျွန်တော့်က အသက်နှစ်နှစ်ပိုကြီးတယ် ... အခု ဝင်းထွတ်နှစ်ဆယ့်တစ်နှစ်မှာ ... ကျွန်တော်က နှစ်ဆယ့်သုံးနှစ်ထဲရောက်နေပြီ ... စာသင်ချင်စိတ်မရှိတော့ဘူး ... ”

“တက္ကသိုလ်မှာ အသက်နှစ်ဆယ့်သုံးနှစ်မကတဲ့ ကျောင်းသူကျောင်းသားတွေ တစ်ပုံကြီးပါ ကိုမင်းနောင်ရဲ့ ... အသက်နှစ်ဆယ့်နှစ်ဆိုတာ တက္ကသိုလ်တက်နိုင်တဲ့အရွယ်ပဲရှိသေးတာ ... ”

"မဆောင်းက ... ကျွန်တော့်ကို တက္ကသိုလ်တက်စေချင်လို့လား ... "

"လူငယ်တိုင်း တက္ကသိုလ်တက်စေချင်တဲ့ စေတနာနဲ့ပါ"

"ဟဲ ... ဟဲ ... မဆောင်း ဖြေပုံမဆိုးဘူး ... ကိုကိုအောင်နဲ့ ကျွန်တော်တွေ့တဲ့အခါ အမရပူရလမ်းမှာ ချာလီတို့အဖွဲ့နဲ့ ဖိုက်ခဲ့တဲ့ဇာတ်လမ်းကို ဖော်ပြပြီး ... ကိုကိုအောင့်ကို မဆောင်းက ... ကျေးဇူးတင်ကြောင်းပြောချင်နေတယ်လို့ ပြောပြပါ့မယ် ... တကယ်လို့ ကိုကိုအောင်က မဆောင်းကို သူကိုယ်တိုင်တွေ့ချင်တယ်လို့ဆိုလာရင်ကော ... "

"ကိုဝင်းထွတ်ကတစ်ဆင့် ... ယုယုမော်ဆီကိုပြောပေါ့ ... ယုယုမော်က ဆောင်းကို အကြောင်းကြားတဲ့အခါ ကိုမင်းအောင်နဲ့ ဆောင်းတွေ့ဖို့ စီစဉ်ပါ့မယ် ... ဆောင်းကိုယ်တိုင်ကလည်း ကျေးဇူးရှင်ကိုမင်းအောင်ကို တွေ့ချင်နေတာပါ။ အခု ကိုမင်းအောင်က ရန်ကုန်မှာရှိနေတာပဲ မဟုတ်လား ကိုမင်းနောင် ... "

"ဗျာ ... ကိုကိုအောင် ရန်ကုန်မှာဟုတ်လား မဆောင်း"

"ထင်တာပဲလေ ... အခုရက်အတွင်း ဆောင်းကျောင်းဆင်း ပြန်တိုင်း မော်တော်ဆိုင်ကယ်နဲ့လူတစ်ယောက် နောက်က





အမြဲလိုက်နေတယ် ... မျက်နှာမှာ ကာဗာနဲ့မို့ သူ့မျက်နှာကိုတော့ ဆောင်းမမြင်ရဘူး ... သူ့အသစ်အပေါက်က အမရပူရမှာတွေ့ခဲ့တဲ့အတိုင်းပဲ ... "

"လူသူမရှားဆိုတာမျိုး ဖြစ်နေမလား ... "

"ဆောင်း မျက်စိအားလည်းကောင်းတယ် ... မှတ်ဉာဏ်အားလည်းကောင်းတာပဲ ... အဲဒီ ကိုမင်းအောင်ဆိုတဲ့လူဟာ ဆောင်းကိုလည်း သေချာမှတ်မိပုံပဲ ... ဆောင်းရဲ့ကားကို ကျော်တက်သွားတဲ့အခါ တွေ့တာပုံစံမျိုး နှုတ်ဆက်သွားလေ့ရှိနေတာပဲ ... အမရပူရလမ်းတုန်းက ခွဲခွာကာနီး ... တွေ့တာ လုပ်တဲ့ပုံစံအတိုင်း လုပ်ပြနေတာ ... "

"အင်း ... ဒါဆိုရင်တော့ ကိုကိုအောင် ရန်ကုန်ကို ရောက်နေပြီထင်တယ် ... ကျွန်တော့်ကိုတော့ သူ လာမတွေ့သေးဘူး ... ကျွန်တော် ရန်ကုန်မှာရောက်နေမှန်း ကိုကိုအောင် မသိသေးဘူး ထင်ပါရဲ့ ... "

"ဒါထက် ကိုမင်းအောင်ကရော တက္ကသိုလ် ဆက်တက်ဘူးလား ... "

"လူငယ်တိုင်း ဘွဲ့ရစေချင်တဲ့ မဆောင်း စေတနာအတိုင်း မေးတာလား ... "

ဆောင်းက ပြုံးပါ၏။ ဆောင်း၏အပြုံးတွင် "ငါ သိပါတယ်နော်"ဟုမျှား အဓိပ္ပာယ်ဆောင်လေသလားမသိ။

"ကိုမင်းအောင်ကျတော့ အဲဒီသာမန်စေတနာထက်တောင် ဆောင်းက ပိုသေးတယ် ... ဘာလို့လဲဆိုတော့ ကိုမင်းအောင်ဟာ ဆောင်းရဲ့ ကျေးဇူးရှင် ဖြစ်နေလို့ပါ ... "

"ကိုကိုအောင်လည်း ဆယ်တန်းအောင်ပါတယ် ... စက်မှုတက္ကသိုလ်ကိုတောင် တက်ခွင့်ရတဲ့အမှတ်တွေနဲ့ အောင်တာပါ ... ဒါပေမဲ့ တက္ကသိုလ်မှာ ခြောက်နှစ်လောက်ကြီး သွားတက်ရမှာကို မလိုလားဘူး ... ဒါကြောင့် စက်မှုတက္ကသိုလ်ကိုလည်း မတက်ဘူး ... လက်ဖွေ့တို့ သိုင်းတို့ ကွန်ဖူးကရာတေးတို့ကိုပဲ လိုက်လေ့လာနေတာ ... ရှမ်းပြည်နယ် ကချင်ပြည်နယ်၊ ချင်းပြည်နယ်ကိုတောင် ဘယ်ဆရာကြီး ဘယ်လိုပညာကောင်းတယ်ကြားရင် သွားသင်တန်းတက် လေ့ကျင့်တာ ... တိဘက်ပြည်အထိတောင် သွားကယ် မဆောင်း ... ဒါကြောင့် အဲဒီဘက်မှာတော့ ကိုကိုအောင် ပညာစုံတယ် ... အဲဒါ သူ ဝါသနာအရင်းခံပဲ ... "

"သိချင်လို့မေးတာနော် ... ဘယ်လိုမှ မထင်ပါနဲ့ ... ကိုမင်းနောင်ကလည်း ဆယ်တန်းအောင်ပြီးတဲ့နောက် ဘာမှမလုပ်





ဘူး ... ကိုမင်းအောင်ကလည်း သွားချင်ရာလျှောက်သွားနေတာဆိုတော့ ညီအစ်ကိုနှစ်ယောက်စလုံးရဲ့ လစဉ်နှစ်စဉ် ကုန်ကျငွေတွေကျတော့ကော ... "

"ဪ ... ဒါလား ... ကျွန်တော်တို့ ညီအစ်ကိုဟာ ကုဋေရှစ်ဆယ်သူဌေးသားတွေတော့ မဟုတ်ဘူးပေါ့ဗျာ ... ဒါပေမဲ့ မိဘနှစ်ပါး ဆုံးသွားရာမှာ အသင့်အတင့်ငွေနဲ့ ပစ္စည်းတွေ ကျန်ခဲ့ပါတယ် ... အဲဒါ ညီအစ်ကို ခွဲယူပြီး ကျွန်တော်ကတော့ မန္တလေးဘဏ်မှာ ငွေတွေအပ်ထားတယ် ... ကိုကိုအောင်ကလည်း တောင်ကြီးဘဏ်မှာ အပ်ထားပြီး လိုတဲ့အခါ ... ထုတ်ယူသုံးစွဲကြတာပဲ မဆောင်း ... ကျွန်တော်တို့ ညီအစ်ကိုမှာ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းမျိုးတွေ ဘာမှ မရှိတော့ပါဘူး ... အားလုံးထုခွဲပြီး ငွေတွေသာ ဘဏ်မှာ အပ်ထားတာပါ ... အဲ ... ဒါပေမဲ့ ကိုကိုအောင်ကတော့ ကျွန်တော့်ကို ပြောဖူးတယ် ... သူ့မှာ လူသုံးဦးဆီက အကြွေးပြန်ရစရာတွေ ရှိတယ်တဲ့ ... အဲဒီလူတွေဆီက ကြွေးတွေပြန်ရပြီးရင်တော့ ... သူ အေးအေးဆေးဆေး လုပ်ငန်းတစ်ခု ဖောက်ချလုပ်တော့မယ်တဲ့ ... အဲဒီအခါ ကျွန်တော်လည်း ဘဏ်အပ်ငွေတွေ ပြန်ထုတ်ပြီး ညီအစ်ကိုပူးပေါင်းပြီး လုပ်ငန်းလုပ်ကြတာပေါ့တဲ့ ... "

စကားပြောရသည်မှာ ခံတွင်းချဉ်လာသောကြောင့် ကိုမင်းနောင် စီးကရက် ထုတ်သောက်သည်။

ကိုမင်းနောင် စီးကရက်သောသော ဟန်ပန်ကို ဆောင်းနှင်းမှုံ ဂရုထားကြည့်မိသည်။

စီးကရက် လက်ကြားညှပ်ပုံ၊ တောက်ပြီး ပြာခြွေပုံ တို့သည် အမရပူရတုန်းက တွေ့ခဲ့သော လူပုံစံဟန်ပန်အတိုင်း ဖြစ်နေသည်ကိုလည်း ဆောင်းနှင်းမှုံ သတိထားမိပြန်သည်။

အမြွာညီအစ်ကိုမို့ တခြားဟာတွေ တော်တော်များများ တူညီသည့်ပဲထား စီးကရက်တောက်ပုံဟန်ပန်ခြင်းအထိတော့လည်း မတူညီနိုင်တန်ရာ။

"ဩော် ... အခု ကိုမင်းနောင် ဒီပွဲကိုလာတာ ဘာနဲ့လာသလဲဟင် ... "

"ဝင်းထွတ်ရဲ့ကားနဲ့ ... "

"ကိုမင်းနောင် မော်တော်ဆိုင်ကယ် မစီးဘူးလားဟင် ... မော်တော်ဆိုင်ကယ်ရှိတယ်မဟုတ်လား ... "

"ဟင့်အင်း ... စီးလည်း မစီးဘူး ... ရှိလည်း မရှိဘူး ... "

"မစီးတတ်လို့လား ... "

"စီးတတ်ပါတယ် ... ခွထိုင်ရတာရယ် ... မျက်နှာကို လေတိုးတာရယ်ကို ကျွန်တော် မနှစ်သက်ဘူး ... ဒါကြောင့်





မော်တော်ဆိုင်ကယ် စီးလေ့မရှိဘူး ... ဒါပေမဲ့ ကျွန်တော့်မှာ နှစ်ယောက်စီးပြိုင်ကားတစ်စီးတော့ ရှိပါတယ် ... ခေါင်းရှည်ပြီး ဖင်တိုတယ် ... အဲဒီပြိုင်ကားကျတော့ ကျွန်တော်နှစ်သက်တယ် ... ဟော အခုမှပဲ စားစရာတွေ လာချတော့တယ် ... ကျွန်တော် ဗိုက်ဆာနေတာ ကြာပြီ ... "

ပလာတာနှင့် ကြက်သားဟင်း ဖြစ်ပါ၏။ စားသောက်ဖွယ်ရာများ လာချချိန်ကျမှပင် ဝင်းထွတ်နှင့် ယုယုမော်တို့ စားပွဲသို့ ပြန်လာကြသည်။

"ကောင်းပြီ ငနောင် ... မင်း ပျင်းနေပြီလား ... မင်း ပျင်းမှာမဟုတ်ပါဘူး ... မင်းကို ငါ လှမ်းကြည့်တိုင်း မဆောင်းနဲ့ စကားလက်ဆုံကျနေတာ ငါ မြင်နေတာပဲ ... "

"အေး ... မင်းတို့ ငါ့ကို ဒီလိုထားခဲ့တာကိုပဲ ကျေးဇူးတင်တယ် ဝင်းထွတ် ... ဘာလို့လဲဆိုတော့ ကမ္ဘာပေါ်မှာရှိတဲ့ အရွယ်ရောက်ပြီး ယောကျ်ားတိုင်းဟာ မဆောင်းနဲ့သာ စကားပြောခွင့်ရရင် ပျော်မဲ့ယောကျ်ားသားတွေချည်းမို့ပဲ"

မင်းနောင်၏စကားကြောင့် ဝင်းထွတ်နှင့် ယုယုမော်သည် အပြန်အလှန်ကြည့်ကာ အပြုံးကိုယ်စီ ဖြစ်သွားပေသည်။

ယုယုမော်က ချစ်သူငယ်ချင်း ဆောင်းနှင်းမှုံကို ကြည့်လိုက်ပြန်သည်။

ကိုမင်းနောင်၏စ ားကြောင့် ဆောင်းနှင်းမှုံ ကျေနပ်သောအသွင်လေးရှိစေကာမူ ာ်သွေးလေးတော့ ဖြာနေပေသည်။

"ဘယ်လိုလဲ မိဆောင်း ... နင်ကော ငါထားခဲ့လို့ ငါ့ကို စိတ်ဆိုးလား ... "

"နင် ငါ့ကိုထားခဲ့ပုံက ဘုန်စစ်သားက စောလူးမင်းကို ပခုံးမှာတင်ထမ်းပြီးမှ ... မှင့်ထိုက်နဲ့နင့်ကံ ဧရမန်ကန်းလက်မှာပဲ နေခဲ့တော့ဆိုပြီး ပစ်ထားခဲ့တဲ့ပုံစံပဲ မိယု ... "

"ဒါဆို ... နင် မကျေနပ်ဘူးပေါ့ ... "

"ကမ္ဘာပေါ်မှာ အရှယ်ရောက်ပြီးတဲ့ မိန်းမသားတိုင်းဟာ ကိုမင်းနောင်နဲ့ စကားပြောခွင့်ရရင် ကျေနပ်ပျော်ရွှင်သွားမှာချည်းပါ ... "

အားလုံး ဝါးခနဲ ရယ်ကြသည်။

အားလုံးထဲတွင် မင်းနောင်၏ အသံသြကြီးဖြင့် လှိုက်လှဲစွာ ရယ်မောသံကြီးက အပေါ်လွင်ဆုံးဖြစ်ပါ၏။

□ □





( ၉ )

"အေး ... အဲဒါပဲ မိယု ... ငါ မန္တလေး အမရပူရမှာ တွေ့ခဲ့တဲ့ မော်တော်ဆိုင်ကယ်နဲ့လူဟာ သူ့အမြွှာမွေး အစ်ကို ကိုမင်းအောင် ဖြစ်မယ်ဆို ... သူ့မှာ အမြွှာညီအစ်ကို ရှိတယ်တဲ့ ... ကိုမင်းအောင်က နာရီ-- ်အသက် သူ့ထက်ပိုကြီးဟယ်တဲ့ ... "

"ဩော် ... ကိုမင်းနေ ်နဲ့ ကိုထွတ်ဟာ မန္တလေးမှာ အတူနေခဲ့တဲ့ ငယ်သူငယ်ချင်းတွေပါ ... ကိုမင်းနောင်မှာ အမြွှာမွေး အစ်ကိုရှိတယ်လို့ တစ်ခါမှ ကိုမင်းနောင်က သူ့ကို မပြောဖူးခဲ့ပါဘူးတဲ့ ... ဟဲ့ မိဆောင်း ... အေး ... စကားမစပ်မိလို့ မပြောမိတ ်လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ ... "

"ငါ့စိတ်ထဲ တစ်မျိုးကြီးပဲ ပ မော်ရယ် ... "

"ဘယ်လိုတစ်မျိုးကြီးလဲ ... "

"ဘယ်လိုတစ်မျိုးကြီးဆိုတာ ငါကိုယ်တိုင် မပြောတတ်အောင်ပဲ ... နင်တို့ ဘုရားကိုးဆူပွဲမှာ ကိုမင်းနောင်ကို ငါတွေ့လိုက်တာနဲ့ အမရပူရမှာ တွေ့တုန်းက ရင်ခုန်သလိုမျိုး ခုန်သွားတယ် ... ဒါတောင် ငါ့စိတ်ကို ငါ ဖြေပါတယ် ... သူဟာ အမရပူရမှာတွေ့ခဲ့တဲ့ ကိုမင်းအောင် မဟုတ်ဘူး၊ ဘာလို့ ကိုမင်းနောင်ကို တွေ့တာနဲ့ ရင်ခုန်ရမှာလဲလို့လေ၊ ဒါပေမဲ့ စကားပြောကြရင်း ကိုမင်းနောင် ရယ်လိုက်တဲ့အခါမှာရော ... မထီတထီ စကားပြောပုံတွေမြင်ရပြန်ရင်ရော ငါ ရင် ထပ်တလဲလဲခုန်တာပဲ ... ရင်အခုန်ဆုံးကတော့ သူ စီးကရက်သောက်တဲ့ဟန်ပန်ကိုကြည့်ပြီး ငါ ရင်အခုန်ဆုံးပဲ၊ ကိုမင်းနောင် စီးကရက်သောက်တဲ့ဟန်က အမရပူရမှာ တွေ့ခဲ့တဲ့ ကိုမင်းအောင် သောက်တဲ့ဟန်အတိုင်း တူနေတယ် ... "

"သူ့အစ်ကိုနဲ့ ဟန်ခြင်းတူတယ်လို့ပဲ ပြောပါတော့လေ"

"ဒါဆိုရင်တော့ နင့်ရဲ့ မသိစိတ်နှလုံးသားက ကိုမင်းအောင်ဆိုတဲ့ လူကို ချစ်နေလို့ပဲဖြစ်မယ် မိဆောင်း ... ဘုရားကိုးဆူမှာ ... နင့်ရင်ထဲက ချစ်နေတဲ့ ကိုမင်းနောင်က ကိုမင်းအောင်နဲ့ တူနေလို့ ... နင် ကိုမင်းနောင်အပေါ်မှာ ရင်ခုန်တာဖြစ်မယ် ... "

"ငါ ပြောတတ်တော့ဘူးဟယ် ... "

"ကဲ ... ငါ တစ်ခုမေးမယ် ... နင် အမရပူရမှာ တွေ့ခဲ့တဲ့ ကိုမင်းအောင်ဆိုတဲ့လူနဲ့ ... အခု ကိုမင်းနောင်ကို အဝတ်ဆင်တူဝတ်ပေးပြီး ဖြုန်းခနဲ နင်တွေ့ရရင် ဘယ်ဟာက ကိုမင်းအောင် ... ဘယ်ဟာက ကိုမင်းနောင်လို့ နင် ခွဲခြားနိုင်မလား ... "

ဆောင်းနှင်းမှုံ ဦးခေါင်းယမ်းပြသည်။

"ဘယ်လွယ်မလဲ ... ခွဲခြားမပြနိုင်တာ သေချာတယ်"

"ငါ ထပ်မေးမယ် ... တကယ်လို့ ကိုမင်းနောင်က နင့်ကို မေတ္တာရှိ ချစ်နေပါတယ်လို့ ပြောလာရင် ... နင် ကိုမင်းနောင်ကို ပြန်ချစ်နိုင်မလား ... ငါမေးတာ အကြောင်းရှိတယ်နော် ... "

"ဘာအကြောင်းရှိတာလဲ ... "

"ကိုထွတ်က ငါ့ကို ပြောတယ် ... ကိုမင်းနောင်က နင့်ကို သူ့ရင်ထဲက နှလုံးထဲက ချစ်နေမိပြီတဲ့ ... အဲဒီတော့ ... ကိုထွတ်က ကိုမင်းနောင်ကို မင်းချစ်ရင် ဖွင့်ပြောလေကွာ

လို့ ပြောတော့ ... ကိုမင်းနောင်က သက်ပြင်းကြီးချပြီး ဦးခေါင်းခါပြတယ်တဲ့ ... ”

ဆောင်းနှင်းမှုံသည် ယုယုမော် ပြောသည်ကို နားစိုက်ထောင်နေသည်။ ကိုမင်းနောင်က သူ့ကို ရင်ထဲနှလုံးထဲက ချစ်နေမိပြီဟု ကြားရသောစကားကြောင့် ဒိတ်ခနဲ အကြီးကြီး ရင်ခုန်သွားပြန်သည်။

“ကိုမင်းနောင်က ထိုင်နေတာပဲ ကောင်းပါတယ် ဝင်းထွတ်ရာ ... ထသွားမှ ကျိုးမှန်းသိမျိုး ဖြစ်ကုန်မှာစိုးတယ်လို့ ပြန်ပြောသတဲ့ ... ကိုမင်းနောင် ဆိုလိုတာက ချစ်တာကို ဖွင့်မပြောတာက အခုလို နင်နဲ့ဆက်ပြီး ခေါ်ခေါ်ပြောပြော နေခွင့်ရမယ်တဲ့ ... ဖွင့်ပြောလို့ နင်က ငြင်းလိုက်ရင် နောက်ထပ်မျက်နှာချင်းဆိုင်ဖို့တောင် ခက်သွားမှာစိုးတယ်တဲ့ ... နောက်ထပ်လည်း ကိုမင်းနောင်က ပြောသေးတယ်တဲ့”

ယုယုမော်က ပြောရင်း ဆောင်းနှင်းမှုံကို အကဲခတ်သည်။

ဆောင်းနှင်းမှုံက အငမ်းမရ ပြန်မေးသံ ထွက်လာသည်။

“နောက်ထပ် ဘာ ... ဘာပြောသတဲ့လဲဟင် မိယု ... ”





ယုယုမော် ပြုံးလိုက်သည်။ ဆောင်းနှင်းမှုံသည် သူ အမရပူရတွင် တွေ့ကြုံခဲ့ရသည့် ကိုမင်းအောင်ဆိုသူနှင့် ထပ်သူထပ်မျှ တူညီနေသော ကိုမင်းနောင်ကိုလည်း အရမ်းစိတ်ဝင်စားနေမှန်း သိသာနေသည်။

ဤသို့နှယ် ရှိတတ်ပါ၏။

ရုပ်ရှင်ထဲမှာဖြစ်စေ၊ ဝတ္ထုစာအုပ်ထဲမှာဖြစ်စေ မိမိ၏ ကွယ်ပျောက်ဆုံးရှုံးသွားသော ချစ်သူနှင့် ရုပ်ချင်းတူသူတစ်ဦးကို ထပ်တွေ့ရပါက ပထမချစ်သူ၏ အရိပ်တွေ လွှမ်းမိုးကာ ဒုတိယလူကိုလည်း ချစ်သွားသည်ဟူ၍။

“အင်း ... နောက်တစ်ချက် ကိုမင်းနောင် ထပ်ပြောတာကတော့ ဆောင်း စိတ်ဝင်စားတာက ကျွန်တော် မဟုတ်ပါဘူးတဲ့ ... သူ့ဘဝကို ကယ်တင်ခဲ့ဖူးတဲ့ ကိုမင်းအော[illegible]ါတဲ့၊ ဒါပေမဲ့ ကိုမင်းနောင်က ကိုထွတ်ကို ပြောတဲ့နေရာမှာတော့ သူ့အမြွှာအစ်ကိုပါလို့ ထုတ်မပြောဘူးနော် ... သူနဲ့ ကိုမင်းအောင်ဟာ အမြွှာညီအစ်ကိုဆိုတာ ကိုထွတ် လုံးဝမသိဘူး၊ ငါတောင် အခု နင်ပြောပြမှ အံ့သြစွာနဲ့ ကိုမင်းနောင်မှာ အမြွှာညီအစ်ကို ရှိသတဲ့လားလို့ အံ့သြရတာ ... ဒီတော့ ကိုထွတ်ကလည်း ပြန်မေးတယ် ... ကိုမင်းအောင်ဆိုတာ

ဘယ်သူလဲ ... ကိုမင်းအောင်က ဆောင်းကို ဘယ်လိုကယ်တင်ခဲ့ဖူးတာလဲလို့ ပြန်မေးတယ် ... ငါက ကိုထွတ်ကို နင်မန္တလေးသွားတုန်းက အမရပူရမှာ ဖြစ်ခဲ့တာတွေ ပြောမှပြောမထားတာ ... ”

“ကိုဝင်းထွတ်က ကိုမင်းအောင်ဆိုတာ ဘယ်သူလဲလို့ ပြန်မေးတော့ ... ကိုမင်းနောင်က ဘာပြန်ဖြေသတဲ့လဲ မိယု”

“ကိုမင်းနောင်က ရယ်လိုက်တယ်တဲ့ ... ‘ရယ်ပြီးတော့ အလကားပါကွာ ... ငါ ဆောင်းနဲ့တွေ့ပြီးတဲ့နောက် ဆောင်းကို ငါ ခဏခဏ အိပ်မက်မက်တယ်တဲ့ ... အဲဒီအိပ်မက်ထဲမှာ ကိုမင်းအောင်ဆိုတဲ့လူက ပါလာတာပါတဲ့ မိဆောင်း၊ အခု ဆောင်းရဲ့ ကယ်တင်ရှင် ကိုမင်းအောင်ဆိုတာ အိပ်မက်ထဲကလူပါလို့ ပြောတယ်တဲ့ဟဲ့ ... သူ့စကားကို သူ့ဟာသူ ပြန်လျှောချတာ ဖြစ်မလားပဲ ... ”

ဆောင်းနှင်းမှုံ ခေါင်းညိတ်ပြန်သည်။

“ဟုတ်တယ် ... ငါ တကယ်စိတ်ဝင်စားတာက ကိုမင်းအောင်ဆိုတဲ့လူကိုပါ ... ကိုမင်းအောင်က ငါ့ဘဝ ကယ်တင်ရှင် မဟုတ်လား ... ”

“ဒါဆိုလည်း ပြီးရောပေါ့ဟယ် ... ဒါပေမဲ့ နင့်ကို ငါ သေသေ





ချာချာ အကဲခတ်မိတာ တစ်ခုတော့ ရှိတယ် မိဆောင်း”

“ဘာလဲ ... ”

“ဟိုတုန်းက ... ကိုမျိုးသန့်တို့ ကိုလင်းမောင်တို့ ဗိုတာဘသောင်းတို့ဆိုတဲ့လူတွေ နင့်ကို အသေအလဲ ချဉ်းကပ်ကြတုန်းက သူတို့အကြောင်း ငါက စကားစပ်ပြီး ... နင့်ကို ပြောရင်တောင် နင်က လုံးဝနားမထောင်ဘဲ သွားစမ်းပါဟယ်လို့ ပုတ်ထုတ်ပစ်တာချည်းပဲ ... အဲ ကိုမင်းနောင်အကြောင်း ငါ ပြောတော့ နင် သေချာနားထောင်ရုံမကဘူး ... အရမ်းစိတ်ဝင်စားမှန်း သိသာနေတယ် ... နောက်ပြီး ကိုမင်းနောင်အကြောင်း ငါ ပြောသလောက် အကြာကြီး နင် နားထောင်တယ် ... ”

“အင်း ... နင်ပြောတာ မမှားပါဘူး ... ငါ သူတို့ညီအစ်အကြောင်းဆိုရင် နားထောင်ချင်တယ် ... ပြန်လည်းပြောချင်တယ် ... အိုဟယ် ... ဘယ်လိုပြောရမယ်မှန်းတောင် မသိတော့ဘူး ... နောက်တစ်ခု ငါ သတိထားမိတာလည်း ရှိသေးတယ် မိယု ... ”

“ဘာလဲ မိဆောင်း ... ”

“နင်တို့အိမ်မှာ ဘုရားကိုးဆူပွဲ လုပ်ပြီးတဲ့ရက်ကစပြီး ...

ငါ ကျောင်းဆင်းတိုင်း နောက်က မော်တော်ဆိုင်ကယ်နဲ့ လိုက်တဲ့လူဟာ လုံးဝမလိုက်တော့တာကို ငါ သတိထား မိတာ ... ”

“ဟုတ်လား ... ဒါဆို တော်တော်တောင် ကြာသွားပြီပဲ၊ အဲဒီမော်တော်ဆိုင်ကယ်နဲ့လူ ... မန္တလေးကိုများ ပြန်သွား သလားမှ မသိတာ ... ”

“အဲဒီလိုပဲ ထင်ရတာပဲ ... အဲဒီမော်တော်ဆိုင်ကယ်နဲ့လူ မန္တလေး ပြန်သွားတယ်ပဲ ထားလိုက်ပါတော့ ... ကိုမင်း နောင်ကိုရော နင်တို့ ဘုရားကိုးဆူပွဲ ပြီးသွားတဲ့နောက်ပိုင်း မှာ ထပ်တွေ့သေးလားဟင် ... ”

“အေးဟဲ့ ... ဘုရားကိုးဆူပွဲပြီးမှ ကိုမင်းနောင်ကို မတွေ့ တော့ဘူး ... ဒါပေမဲ့ ပြီးခဲ့တဲ့ လေးငါးရက်ကတော့ ကိုထွတ် ငါ့ဆီလာသွားတယ် ... ကိုထွတ်က သူ့ စာမေးပွဲအတွက် စာဖိကျက်တော့မှာမို့ ငါ့ဆီမလာတော့မဲ့အကြောင်း ခွင့်ပန် စကား လာပြောတာပေါ့ ... အဲဒီမှာ ငါက ပါးစပ်အငြိမ်မနေ ဘဲ ... ကိုမင်းနောင်တစ်ယောက်ကောလို့ ကိုထွတ်ကို မေး လိုက်မိတယ် ... ”

“ကိုဝင်းထွတ်က ဘာပြန်ပြောလဲ မိယု ... ပြောစမ်းပါဟယ် မြန်မြန် ... ”





“ကောင်မ ... မေးလိုက်တာ လျှာခလုတ်တိုက်မတတ် ဘဲ၊ ကိုထွတ်က ပြောတယ် ... ဘုရားကိုးဆူလာပြီးတဲ့နောက် တစ်ပတ်လောက်မှာ ကိုမင်းနောင်ဆီကို သွားတယ်တဲ့ ... ကိုမင်းနောင်က မြေနီကုန်းတည်းခိုခန်းတစ်ခုမှာ တည်းခို နေတာတဲ့ ... အဲဒီတည်းခိုခန်းမှာ ကိုမင်းနောင် မရှိတော့ ဘူးတဲ့ ... တည်းခိုဆောင်ဂေဟာက စာရေးကို ကိုထွတ်က မေးကြည့်တော့ ... ကိုမင်းနောင်ဟာ လွန်ခဲ့တဲ့ ငါးရက် ခြောက်ရက်လောက်ကပဲ ... သူ့တည်းခိုခန်း ပြန်အပ်ပြီး ထွက်သွားပြီတဲ့ ... ကိုဝင်းထွတ်လာရင် ဒီစာပေးလိုက် ... ပေးပါလို့ စာရေးကို စာပေးထားခဲ့တာ ... စာရေးက ထုတ် ပေးတယ် ... အဲဒီ ကိုမင်းနောင်ရဲ့စာ ကိုထွတ်က ငါ့ကို ထုတ်ပြတယ် ... ကိုထွတ် ပြန်သွားတော့ ငါ့လက်ထဲမှာ ကိုမင်းနောင်ရဲ့စာ မေ့ထားခဲ့တယ် ... အဲဒီစာ နင် ကြည့် မလား ... ”

“သိပ်ကြည့်ချင်တယ် ယုမော် ... ”

ယုယုမော်က သူမ၏ ပိုက်ဆံအိတ်ထဲမှ နှုတ်ခမ်းနီ၊ မိတ်ကပ်၊ ဘောပင်တွေနှင့် ရှုပ်ပွေနေသည့်ကြားက စီးကရက်ဘူးခွံ ကတ်ပြားပေါ်တွင် ရေးထားသော ကိုမင်းနောင်၏စာကို ရွေးထုတ် ယူပြီး ဆောင်းနှင်းမှုံကို ပေးလိုက်သည်။

ဆောင်းနှင်းမှုံ အငမ်းမရ စာကို ဖတ်လိုက်သည်။

ဝင်းထွတ် ...

ငါ သွားပြီ ... ပြန်လာမှာပါ။ ငါ ရှိနေရင် မင်း နောက်ဆံ

တင်းပြီး စာမေးပွဲအတွက် အနှောင့်အယှက် ဖြစ်မှာစိုးလို့ ... ။

မင်းနောင်

"ဟဲ့ ... သူ့စာက ကတ်ပြားပေါ်မှာ ... ရေးထားတာပါလား ..."

"အဲဒီကတ်ပြားကို နင် သေချာကျောဘက်လှန်ကြည့်လေ၊ ငါးသုံးလုံးစီးကရက်ဘူးခွံကတ်ပြားပဲ ... ကိုမင်းနောင် သွားကာနီး စာရေးဖို့ စက္ကူအဆင်သင့်မရှိလို့ စီးကရက်ဘူးခွံအလွတ်ဘက်မှာ ရေးသွားတာ ဖြစ်မှာပေါ့ ... စာကလည်း ရိုးရိုးနှုတ်ဆက်စာဆိုတော့ ဘယ်သူဖတ်ဖတ် ... အိုးပင်းရေးထားခဲ့တဲ့ သဘောပဲ မိဆောင်း ... ကဲ ရှေ့မှာ [illegible] လမ်းရောက်ပြီ ... ကိုမင်းနောင်ရဲ့ကတ်ပြားထဲက စာကို ကြည့်ရင် လမ်းကို ကျော်သွားလိမ့်မယ် ..."

ယုယုမော် ဆင်းရန် ကားရပ်ပေးလိုက်သည်။





ကိုမင်းနောင်၏ စာကတ်ပြားလေး ဆောင်းနှင်းမှုံလက်တွင် ကျန်ခဲ့တော့သည်။ ဆောင်းနှင်းမှုံက သူမ၏ ပိုက်ဆံအိတ်ထဲတွင် တရိုတသေ ထည့်သိမ်းထားလိုက်ပါ၏။

□ □

( ၁၀ )

ဒီလိုနှင့်ပင် ...

ဆောင်းနှင်းမှုံတို့ ယုယုမော်တို့ စာမေးပွဲဖြေဆိုရက်သို့ ရောက်ရှိလာသည်။

စာမေးပွဲဖြေရက်အတွင်း ကိစ္စဟူသရွေ့ ခေါင်းထဲမှာ ဘာတစ်ခုမျှ မထားဘဲ စာမေးပွဲဖြေဆိုရေးကိုသာ အဓိကထားတော့သည်။

သူမ၏ဖခင် ဦးမြတ်မင်း ဘာတွေလုပ်နေသလဲဟုပင် ဆောင်းနှင်းမှုံ သတိမထားတော့။ တကယ်တော့ ...

ဦးမြတ်မင်းသည် သမီး ဆောင်းနှင်းမှုံရှေ့တွင် ... အတတ်နိုင်ဆုံး ဟန်ဆောင်နေသော်လည်း သူ၏ရင်ထဲတွင် အကြီးအကျယ် ထိတ်လန့်နေပါ၏။





" ဦးသိဒ္ဓိ အသက်ကို ပေးကြွေးဆပ်ပါ "

ထိုစဉ်မှာပင် အထက်ပါကတ်ပြားနီလေး မိမိထံသို့ ရောက်လာတော့သည်။

ဦးမြတ်မင်း၏ ထိတ်လန့်မှုသည် ငယ်ထိပ်အထွတ်အထိပ်အထိ ရောက်ရတော့သည်။

ဆောင်းနှင်းမှုံကိုလည်း မပြောရဲ ...

တခြား မည်သည့်တပည့်ကိုမှလည်း မပြောရဲ ... ဘစ်ယောက်တည်း ကျိတ်ပြီး ထိတ်လန့်ခြင်း အထွတ်အထိပ် ရောက်နေရခြင်းပါပေ။

ထိုနေ့မှစ၍ ဦးမြတ်မင်း မြင်းမစီး၊ ရေမကူးတော့။

စာနီကတ်ပြားမှာ ရန်ကုန်စာတိုက်ကြီးတံဆိပ်နှင့် ရောက်လာသောကြောင့် ရန်သူသည် ရန်ကုန်သို့ ရောက်နေကြောင်း သိသာသည်။

စဉ်းစားစရာမှာ ဟို လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ် ကျော်မှ ရန်သူသည် ယခုအချိန်တွင် အသက်(၅၀)ထက်မနည်း အရွယ်ကြီးဖြစ်ရမည်။

အသက်(၅၀)ကျော် ရွယ်ရင့်ပုဂ္ဂိုလ်ကြီးက ဖိုက်ဘာ ဦးထုပ်ဆောင်း မော်တော်ဆိုင်ကယ်ကို စွမ်းစွမ်းတမံ စီးနိုင်ပါမည် ဘဲလား။

တောင်ကုန်းပေါ်တွင် ကောင်းမြတ်နှင့် ဇော်ဝင်းတို့ တွေ့ရှိလိုက်သော ရန်သူသည် မော်တော်ဆိုင်ကယ်ကို ကျွမ်းကျွမ်းကျင်ကျင် စွမ်းစွမ်းတမံ စီးသွားသည်ဟု ပြောသည်။

"ငါ့အဘလုပ်ရပ် ... "

ရဲကိုလည်း မတိုင်ရဲ၊ ရဲကို တိုင်ကြားလျှင် ရဲက စုံစမ်းရင်း အနှစ်နှစ်ဆယ်ကျော်က အမှုဟောင်းတွေ ပြန်ပေါ်မည်။

ဒါဆို ဒီအတိုင်း မြိုနေရမည်လော။

ဦးမြတ်မင်း ဦးနှောက်မှ မီးထွက်မတတ် စဉ်းစားရတော့သည်။

စဉ်းစားတော့လည်း လုပ်ဆောင်သင့်သည်ကို စဉ်းစားရရှိပါ၏။

အား ... ဟုတ်ပြီ။

ကိုမြတ်မင်း လက်ဖျစ်တီးကာ အား ... ဟုတ်ပြီဟု အကြံရသွားသည်။

ကိုဘခက် ...

ဦးမြတ်မင်း ရုတ်ခနဲပင် ကိုဘခက်ဆိုသူကို မျက်စိထဲ မြင်လိုက်သည်။

ကိုဘခက်ကို ... ရန်ကုန်မှာပင် နှစ်ကြိမ်သုံးကြိမ်





ဦးမြတ်မင်း တွေ့ခဲ့သည်။ ယင်းသို့တွေ့တိုင်း ကိုဘခက်ကို ဦးမြတ်မင်းက ဖော်ရွေစွာ ဆက်ဆံပြီး အင်လျားကန်ဟိုတယ်၊ သမ္မတဟိုတယ် စသည်များတွင် ဧည့်ဝတ်ပြုခဲ့သည်။

ကိုဘခက်နှင့် သိကျွမ်းရုံမက ဦးမြတ်မင်းသည် ကိုဘခက်၏ လုပ်ရည်ကိုင်ရည်ကို လေးစားသည်။

ကိုဘခက်သည် မဟုတ်မခံလူစားဖြစ်သည်။ အင်းစိန် စီအိုင်ဒီ စုံထောက်ဌာနတွင် နှစ်ပေါင်းသုံးဆယ် အမှုထမ်းလာပြီး အလွန်တော်သော စုံထောက်တစ်ဦးဖြစ်သည်။ သူ၏ မဟုတ်မခံစိတ်ကြောင့် အမှုတစ်ခုတွင် အထက်လူကြီးတွေနှင့် သဘောထားခြင်း ကွဲလွဲပြီး အသက်ငါးဆယ်ကျော်နှင့် အငြိမ်းစားယူလိုက်သူဖြစ်သည်။

ဦးမြတ်မင်း အချိန်မဆွဲတော့ဘဲ ဒရိုင်ဘာ ဦးပန်းဖြူကိုပင် မခေါ်ဘဲ သူ့ကားကို ကိုယ်တိုင်မောင်းကာ ကိုဘခက် နေထိုင်သော ကမာရွတ် မာလကာခြံရှိ ပျဉ်ထောင် သွပ်မိုး အိမ်လေးဆီသို့ မောင်းလာခဲ့သည်။

အဆင်သင့်ပင် ကိုဘခက်နှင့် တွေ့ဆုံပေသည်။

"အား ... ကိုမြတ်မင်းပါလား ... ကားကိုယ်တိုင်မောင်းပြီး ဘယ်ကလှည့်ဝင်လာတာလဲ ... "

"ဘယ်ကမှ လှည့်ဝင်လာတာ မဟုတ်ဘူး ... ကိုဘခက်ဆီကို တမင်လာတာ ... "

"ဒါဆို လာလေ ... အိမ်ထဲ ... "

"ဒီလိုလုပ်ပါလား ကိုဘခက် ... ခင်ဗျားအိမ်ရှေ့မှာ ... ကျွန်တော့်ရဲ့ကားကို ပေါ်တင်ကြီး ရပ်မထားချင်ဘူး ... လူမြင်ကွင်း ဖြစ်နေတယ် ... ခင်ဗျား အားသလား ကိုဘခက် ... "

"အလုပ်လက်မဲ့ ပင်စင်စားပဲဗျာ ... အမြဲလိုလို အားနေတာပေါ့ ... "

"ဒါဆို လာဗျာ ... ကမာရွတ်က ဘီယာမတ်တစ်ခုခုမှာ ဘီယာသောက်ရင်း စကားပြောကြစို့ ... "

ဘီယာမတ်၏ သီးသန့်ခန်းသို့ ရောက်လာကြသည်။ အမြည်းစား၊ ဘီယာသောက်ရင်း ဦးမြတ်မင်းက ကိုဘခက်ကို ဘယ်ကစပြီး ပြောရမလဲဟု စဉ်းစားသည်။

"ခင်ဗျားကို ကျုပ် ဘာကူညီရမလဲ ကိုမြတ်မင်း ... ခင်ဗျားကို ဘာလုပ်ပေးရမလဲပြော ... "

ကိုဘခက်ကပင် စကားကို လမ်းခင်းပေးလိုက်သည်။





"အင်း ... ပြောရရင်တော့ ဟိုရှေးရှေးတုန်းကဆိုသလို ပုံပြောသလို ပြောရမှာပဲ ကိုဘခက် ... ကျုပ် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က သိဒ္ဓိနာမည်နဲ့ လုပ်ဆောင်ခဲ့တာတွေကို ဘခက် မှတ်မိမှာပါ ... "

"မှတ်မိသားပဲ ... ဒါပေမဲ့ အဲဒါတွေက လွန်လေပြီးသောအခါကကိစ္စတွေ သူ့ဟာသူ ပြီးသွားပြီပဲ ... "

"အင်း ... သူ့ဟာသူ ပြီးသွားပြီဆိုတာတော့ မှန်တယ် ... ဒါပေမဲ့ တစ်ခါတလေမှာတော့ ဆင်တစ်ကောင်လုံး လွတ်သွားပြီးမှ အမြီးတစ်သွားတာမျိုးမျိုး ဖြစ်လာသလားလို့ပဲ ကိုဘခက် ... "

"အင်း ... ဆိုပါဦး ကိုမြတ်မင်း ... "

"ကိုဘခက်ဟာ ... ဟိုတုန်းကတည်းက စုံထောက်အဖွဲ့မှာ လူဆိုးကို ခြေရာကောက်တဲ့နေရာမှာ သိပ်တော်ခဲ့တယ်ဆိုတာ ... ကျုပ် ကောင်းကောင်းမှတ်မိထားတယ် ... ကျုပ်တောင် ခင်ဗျားလက်က လွတ်အောင် မနည်းရုန်းကန်ပြေးခဲ့ရဖူးတာပဲ ... ခင်ဗျားဟာ သားကောင်နောက် ခြေရာခံလိုက်တဲ့နေရာမှာ တကယ့်မုဆိုးကောင်းဆိုတာ ကျုပ်ယုံကြည်တယ် ... "

"ကျုပ်ကို ပစ်ချီးမွမ်းနေတဲ့ ကိုမြတ်မင်းကို ကျုပ် ကျေးဇူး

တင်ပါတယ် ... လိုရင်းကို တိုတိုရှင်းရှင်း ပြောပါလား ကိုမြတ်မင်း ... ”

“ကိုဘခက်ကို မှုဆိုးအလုပ်တစ်ခု ကျုပ် ပေးအပ်ချင်လို့ ... အဲဒီမှုဆိုးအလုပ်ကို ကိုဘခက် လက်ခံမယ်ဆိုတာနဲ့ အခု ချက်ချင်း ငွေငါးသောင်းပေးထားမယ် ... လုပ်ငန်းပြီး မြောက်အောင်မြင်သွားရင် နောက်ထပ်ငါးသောင်း ထပ်ပေး မယ် ... တစ်သိန်းတန်မှုဆိုးအလုပ်ဆိုပါတော့ ... ဘယ်လို လဲ ... ခင်ဗျား လက်ခံမလား ကိုဘခက် ... ”

“လက်ခံမလားဆိုရင် သိပ်လက်ခံတာပေါ့ဗျာ ... ငွေတစ် သိန်းတန်အလုပ်ကြီးပဲဟာ ... ကျုပ်ပင်စင်လစာလေးနဲ့ မလောက်မင ဖြစ်နေချိန်ပဲဟာ ... အဲ ... ခြွင်းချက်တစ်ခု တော့ ရှိတယ် ... ကျုပ် လူသတ်တဲ့အလုပ်ကိုတော့ တစ် သိန်းမကလို့ သိန်းတစ်ရာရရ လူမသတ်ဘူး ... ကျုပ် ထောင် ကျခံနိုင်တယ် ... ကြိုးစင်တော့ မတက်ချင်တာ အမှန်ပဲ”

“အဲဒီလောက်ကြီး မနက်ရှိုင်းပါဘူး ကိုဘခက်ရာ ... လူ သတ်စရာ ဘာမှမရှိဘူး ... အခု ကျုပ်အဖြစ်က မှောင်ထဲက ကျားက အလင်းရောင်ထဲက သားကောင်ကိုမြင်နေပြီး ... သားကောင်က မှောင်ထဲက ကျားကို မမြင်နိုင်တဲ့အဖြစ်မို့ အဲဒီမှောင်ထဲက ကျားကို ကိုဘခက်က မှုဆိုးပညာနဲ့ ရှာပေး





ဖို့ပါ ... အလုပ်က ခါလောက်ပါ ... အဲဒါ ကိုဘခက်လုပ်မယ် မဟုတ်လား ... ”

“ဒါဆို ... အခု ငွေငါးသောင်း အရင်လွှဲလိုက်တာလို့ ကျုပ် မှတ်ယူတယ် ကိုမြတ်မင်း ... ”

“ကဲ ... ဒါဆို ဟောဒီမှာ ငွေငါးသောင်းအုပ် စရန်ယူထား၊ ခင်ဗျား ကျုပ်ကိစ္စအတွက် ခရီးသွားရမယ်ဆိုရင် ပထမတန်း ကချည်းသွားဗျာ ... ကားစီးလုံးငှားသွားဗျာ ... လေယာဉ် နဲ့ သွားဗျာ ... ကုန်ကျစရိတ်အားလုံး ကျုပ်က သီးသန့်ပေး မယ် ... ”

“ဒါဆို ... လုပ်ရမဲ့အလုပ်ကိုသာ ပြောပေတော့ ကိုမြတ် မင်း ... ”

ဦးမြတ်မင်းက လွန်ခဲ့သော အနှစ်နှစ်ဆယ်က သူ့ တပည့် မန္တလေးမှ ကိုအောင်ကြူးခေါ် ကိုသူရအကြောင်း၊ မော်လ မြိုင်မှ စိမ်းမောင်ခေါ် ဝဏ္ဏအကြောင်းတွေ ပြောပြပြီး ရန်သူ၏ ကတ် ပြားနီ ကတ်ပြားစိမ်းတွေ ပေးသွားပုံတွေကို ပြောပြသည်။

“အောင်ကြူးခေါ် သူရရော ... စိမ်းမောင်ခေါ် ဝဏ္ဏရော မတော်တဆလို့ သေတဲ့အချိန်တိုင်းမှာ မော်တော်ဆိုင်ကယ် နဲ့လူကို သူတို့တပည့်တွေက တွေ့လိုက်တာချည်းပဲ ... ”

ထပ်မံပြီး မိမိ ကိုးမိုင်ခြံကြီးနောက်ဘက် ကုန်းမြင့်

တောထဲမှ မိမိမြင်းစီးနေစဉ် ကာဘိုင်သေနတ်နှင့် လှမ်းပစ်ရာတွင်လည်း မိမိတပည့်တွေက မော်တော်ဆိုင်ကယ်နှင့်လူကို တွေ့လိုက်ရပြီး ယခု ဒုတိယကတ်ပြားနီ ရောက်လာသည်တို့ကိုပါ ကိုဘခက်ကို ပြောပြလိုက်သည်။

"အဲဒါပဲ ကိုဘခက် ... ကျုပ် သိချင်တာ အဲဒီမော်တော်ဆိုင်ကယ်နဲ့လူဟာ ဘယ်သူလဲဆိုတာ တိတိကျကျ သိချင်တယ်၊ ဒီလူက ကျုပ်ကို မမြင်ကွယ်ရာက မြင်နေပြီး ကျုပ်က သူ့ကို ဘယ်သူဘယ်ဝါမှန်းမသိတဲ့အတွက် ကျုပ်က တန်ပြန်ဖို့ရော ... ကာကွယ်ဖို့ရော တစ်ပန်းရှုံးနေတယ် ... အဲ ... ကိုဘခက်ကိုတော့ သူက မသိဘူး မမြင်ဘူးတာဆိုတော့ ကိုဘခက်အနေနဲ့ သူ့ကို ခြေရာကောက်နိုင်မယ်လို့ ကျုပ်ယူဆတယ် ... အဲဒါ ကိုဘခက် ဘာပြန်ပြောချင်လဲ ... "

"ကျုပ် စဉ်းစားမိတယ် ... အခု ကိုမြတ်မင်း ပြောပြချက်အားလုံး တစ်ခုစီ တန်းစီချလိုက်ရင် ခင်ဗျားတို့ သိဒ္ဓိ၊ သူရဝဏ္ဏ ဘဝတုန်းက သောင်းကျန်းခဲ့တာတွေကို ခံခဲ့ရတဲ့သူတစ်ယောက်ယောက်က အခု ခင်ဗျားတို့တစ်ဦးချင်းကို လက်စားပြန်ချေတဲ့သဘော သက်ဝင်နေတယ် ... "

"ကျုပ်လည်း ... အဲဒါကို စဉ်းစားမိတယ် ကိုဘခက် ... ဒါပေမဲ့ အဲဒီတုန်းက ခံခဲ့ရတဲ့သူဟာ အခုလောက်ဆို အသက်





ငါးဆယ်ကျော် ခြောက်ဆယ်ကြားအရွယ် ရှိနေပြီ ... အဲဒီလူဟာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာမှ ဘာလို့ အခုမှထပြီးတုံ့ပြန်ကလဲ့စား ချေတာလဲ ... အခုလုပ်နေပုံက ကတ်ပြားနှစ်ခုကို အများကြီးခြားပြီးမှ ပို့တယ် ... နောက်ဆုံး လုပ်ကြံပြီးမှ ကတ်ပြားစိမ်းလေး ထားခဲ့တယ်ဆိုတာတွေက လူငယ်လူရွယ်မဆန်လွန်းနေဘူးလား ... ရုပ်ရှင်ဝတ္ထု မဆန်နေဘူးလား ... နောက်တစ်ချက်က အသက်ငါးဆယ်ကျော်အရွယ်ကြီးက တောင်ကုန်းတောလမ်းမှာ မော်တော်ဆိုင်ကယ်ကို လိုက်သူမမီအောင် စီးနိုင်မတဲ့လား ... "

"ကျုပ် ... တစ်ထိုင်တည်း စဉ်းစားတဲ့အထဲမှာ အဲဒီအချက်တွေအားလုံး ပါတယ် ... ဒါက ဒီလိုရှိတယ် ကိုမြတ်မင်း"

"ဘယ်လိုရှိတာလဲ ... ဆိုပါဦး ... "

"ခံခဲ့ရတဲ့လူဟာ အခု အသက်ငါးဆယ်ကျော်ပြီထား ... သူမွေးတဲ့သားကျတော့ အခုဆို အသက်နှစ်ဆယ်ကျော်ထဲမှာ ရှိနေလောက်ပြီ ... အဲဒီ သူ့သားက သူ့အဖေအတွက် ခင်ဗျားတို့ကို ကလဲ့စား ပြန်ချေနေတာ မဖြစ်နိုင်ဘူးလား"

"အား ... ဟုတ်တယ် ... သိပ်ဖြစ်နိုင်တယ် ... ဒါဆိုရင်တော့ ကျုပ်အတွက် သိပ်ပြီးများ အချိန်နည်းနေပြီလားပဲ ကိုဘခက် ... "

"ဘယ်လိုအချိန်နည်းတာလဲ ... "

"အောင်ကြူးနဲ့ စိမ်းမောင်တုန်းက ဒုတိယ ကတ်ပြားနီ မို့ပြီး တစ်လနှစ်လအတွင်းမှာ သေသွားစေတယ် ... အခု ကျုပ်ဆီ ကတ်ပြားနီရောက်တာ သမီးဆောင်း စာမေးပွဲ စပြီးဖြေတဲ့ရက်ကမှ ရောက်လာတာ ... ဒီတော့ သူက လက်မဦးခင် ဒီတစ်လအတွင်း ကိုဘခက်က ဒီကောင် မော်တော်ဆိုင်ကယ်နဲ့ကောင်ကို ဖော်ထုတ်နိုင်မှဖြစ်မှာမို့ ... အချိန်သိပ်နည်းနေပြီလားလို့ ... "

ကိုဘခက်က ဘီယာငုံရင်း ထပ်စဉ်းစားပြန်သည်။

"ခင်ဗျားသမီး ... စာမေးပွဲဖြေတဲ့နေ့ကဆိုတဲ့ စကားနဲ့ ဆက်စပ်ပြီး ကျုပ်ခေါင်းထဲ ဖျတ်ခနဲ အတွေးတစ်ခု ပေါ်လာတယ် ကိုမြတ်မင်း ... "

"ဆိုပါဦး ... "

"ဒီလိုလေဗျာ ... စာမေးပွဲဖြေတဲ့ ကျောင်းသူကျောင်းသားတွေဟာ ဖြေဆိုတဲ့နေရာမှာ နှစ်မျိုးရှိတယ် ... ပထမအမျိုးကတော့ တစ်နှစ်လို့ သင်တဲ့စာတွေ ကြိုးစားကျက်မှတ်ပြီး ဖြေတဲ့တစ်မျိုး ... နောက်တစ်မျိုးကတော့ စာမကျက်ခဲ့ဘူး ... မေးခွန်းမေးမယ်ထင်တာတွေကို စပေါ့ရိုက်ပြီး ဖြေတဲ့တစ်မျိုး ... ဒီတော့ ကိုမြတ်မင်းမှာ အချိန်နည်းတယ်





ဆိုရင် စပေါ့ရိုက်ဖြေနည်းကို သုံးရမှာပဲ ... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ခင်ဗျားတို့ အနိုင်ကျင့်ခံခဲ့ရတဲ့သူတွေကို ရွေးထုတ်ကြည့် ... အကုန်လုံး မမှတ်မိဘူးဆိုရင် ... ရသလောက် ရွေးထုတ်ကြည့် ... "

ဦးမြတ်မင်း စဉ်းစားပြီး ပြောသည်။

"ရွှေဘိုက ဦးဘရှိုင်း ... မုံရွာက ဦးမောင်မောင်စိန် ... စစ်ကိုင်း ဒေါ်ကျင်မွေး ... "

"ဟာ ... အဲဒီလူ မဟုတ်ဘူးလေ ... အခု ခင်ဗျား ရွတ်ပြနေတဲ့ သူတွေဟာ ခင်ဗျားတို့အဖွဲ့က သာမန်ဓားပြဝင်တိုက်တာကို ခံရတဲ့သူတွေပဲ ... ကျုပ် ဆိုလိုတာက ခင်ဗျားတို့က မတရားသဖြင့်ကြီး လက်လွန်ခြေလွန် သင်္ချိုင်းစိမ်ိတဲ့ သူတွေကိုသာ ဆိုလိုတာ ... ဘာလို့လဲဆိုတော့ ကတ်ပြားအနီတွေထဲမှာ အသက်ကို ပြန်ကြွေးဆပ်လို့ ဖော်ပြထားတာကိုး ... အဲ ... ခင်ဗျား သတိမရပေမဲ့ ကျုပ် သတိရတာ တစ်ခုရှိတယ် ... "

"ပြောကြည့်ပါ ကိုဘခက် ... ကျုပ် ဦးနှောက်တွေ ကျောက်ခဲဖြစ်ကုန်ပြီလား မသိဘူး ... ကျုပ် ဘာမှတွေးလို့မရဘူးဖြစ်နေတယ် ... ခင်ဗျား တွေးမိတာကိုပဲ ပြောပါ ... "

"ဗညားဗျာ ... ခင်ဗျားတို့သုံးယောက်ပေါင်းပြီး ဗညားကို သတ်ခဲ့တယ် မဟုတ်လား ... "

"ဟုတ်တယ် ... ဗညားကို ကျုပ်တို့သုံးယောက်က မကျေနပ်လို့ အသားလွတ်ကြီး အသေသတ်ပစ်လိုက်တယ် ... "

"ဒီမယ် ကိုမြတ်မင်း ... လူတွေမှာ ဆင်းသက်လာတဲ့ သွေးကစကားပြောတယ်ဗျ ... နောက်ပြီး ဆင်းသက်လာတဲ့ သွေးမျိုး သတ္တိမျိုးလည်း နောက်ဆင်းသက်လာတဲ့ လူတွေမှာ ဗီဇပါလာတတ်တယ် ... ရိုးရိုးစားပြတိုက်ခံရပြီး လက်လွန်သွားလို့ သာမန်သေဆုံးသွားတဲ့ သားစဉ်မြေးဆက်ကျတော့ ပြန်ပြီး ကလဲ့စားချေချင်တဲ့စိတ်ရှိတောင် ကလဲ့စားချေရဲတဲ့ သွေးမျိုး သတ္တိမျိုးမရှိဘူး ... ဗညားကျတော့ သိပ်သွေးကောင်း သိပ်သတ္တိကောင်းသူမို့ ခင်ဗျားတို့သုံးယောက်အဖွဲ့ဟာ ဗညားဆီမှာ တပည့်ခံ ... ဗညားရဲ့နောက်လိုက်တွေ ဖြစ်ခဲ့တယ်မဟုတ်လား ကိုမြတ်မင်း ... ဗညား သေပြီးမှ ခင်ဗျားက သုံးယောက်အဖွဲ့မှာ ခေါင်းဆောင်ဖြစ်လာခဲ့တာပဲ ... "

"အဲဒါတွေ ကိုဘခက်ပြောတဲ့အတိုင်း အမှန်ချည်းပါပဲ ... ဗညားဟာ ကျုပ်တို့အဖွဲ့ခေါင်းဆောင်နေရာမှာနေပြီး ...





ရသမျှပစ္စည်းတွေ ဝေစုခွဲရင် သူက အမြဲတမ်း အသာစီးယူတယ် ... ကြာတော့ ကျုပ်ရယ် သူရရယ် ဝဏ္ဏရယ်ဟာ မကျေနပ်တဲ့အဆုံး ရောက်လာပြီး ကျုပ်တို့သုံးယောက်ပေါင်းပြီး ဗညားကို သတ်လိုက်တာပဲ ... "

"ကျုပ် သိတာပေါ့ ကိုမြတ်မင်း ... ဗညားကိုယ်တိုင်က လူဆိုးခေါင်းဆောင်ဖြစ်နေတော့ ဗညား သေသွားတဲ့ကိစ္စကို သက်ဆိုင်ရာက တစ်မီးငြိမ်းတယ်ဆိုပြီး အမှုကို ပိတ်ပစ်လိုက်တယ် ... အဲဒါတွေကြောင့် ဗညားက ဆင်းသက်လာတဲ့သူတည်းက ဗညားသွေး ဗညားသတ္တိ ပါလာတဲ့သူက အခု လိုက်ပြီး လက်စားချေတာ ဖြစ်နိုင်တယ် ... အဓိက စုံစမ်းရမှာက ဗညားမှာ သားရှိခဲ့သလား ... အဲဒီသားဟာ ဘယ်သူလဲဆိုတာ စုံစမ်းရမှာပဲ ... ကျုပ် ဗညားရဲ့သားကို ခြေရာကောက် စုံစမ်းမယ် ... "

"ဒီကောင် ရန်ကုန်မှာ ရှိနေမယ် ကိုဘခက် ... ဒုတိယကတ်ပြားနီ ပို့လိုက်တာဟာ ရန်ကုန်စာတိုက်ကြီးရဲ့ တံဆိပ်ဝိုင်း စာအိတ်ပေါ်မှာ ခတ်ထားတယ် ... "

ကိုဘခက် ခေါင်းခါပြသည်။

"အဲဒီလို တွက်လို့တော့ မရဘူး ကိုမြတ်မင်း ... "

"ရန်ကုန်က ဆိုင်ကယ်သမားတွေကို စောင့်ကြည့်ပြီး ခြေရာကောက်ရင် ရမလားလို့ ... ဒီကောင် ရန်ကုန်မှာ ရှိနိုင်တဲ့အကြောင်း ပြောတာပါ ... သူဟာ ဘယ်သူဘယ်ဝါမှန်းတပ်အပ်မသိဘဲ ရန်ကုန်က မော်တော်ဆိုင်ကယ်သမားတိုင်းကိုသာ စောင့်ကြည့်အကဲခတ်ရင် သွားကျိုးပြီး ဆံဖြူသွားမယ် ... မော်တော်ဆိုင်ကယ်သမားတွေက ရန်ကုန်မှာ မရေမတွက်နိုင်အောင် ရှိနေတာ ... နောက်ပြီး မော်တော်ဆိုင်ကယ်သမားဟာ ဒီနေ့ ရန်ကုန်လာပြီး နက်ဖြန် တခြားမြို့တွေကို သွားချင်သလို သွားနိုင်နေတာပဲ ... "

"ကျုပ် သဘောပေါက်ပါတယ် ကိုဘခက် ... "

ဦးမြတ်မင်းက နောက်ထပ် ငွေတစ်သောင်းထုတ်ပြီး ကိုဘခက်ရှေ့တွင် ချပေးပြန်သည်။

"ဒါက ကိုမြတ်မင်းအတွက် လောလောဆယ် ခရီးစရိတ်ပေါ့ဗျာ ... ကျသင့်သလောက် ခရီးစရိတ် ကျွန်တော်ပေးမှာပါ ... အဓိက,က အဲဒီမော်တော်ဆိုင်ကယ်နဲ့ကောင်ဟာဘယ်သူလဲဆိုတာကိုပဲ ကျုပ် အမြန်ဆုံး သိချင်နေတာ"

"ဒီလောက်လည်း ဆန္ဒမစောနဲ့ ကိုမြတ်မင်း ... ကျုပ် ပြန်လာရင် ခင်ဗျားရဲ့ရန်သူဟာ ဘယ်သူ ဘယ်ကဆင်းသက်





လာတာဆိုတာလောက်တော့ သိလာမှာပဲ ... အင်း ... ဘယ်သူဘယ်ဝါမှန်းသိပြီးတဲ့နောက်မှာတော့ သူ့ကို ရှာဖို့လွယ်သွားပြီ ... အဲဒီတော့မှ ဆက်လုပ်ချင်တာ ခင်ဗျားဆက်လုပ်ပေတော့ ... "

ကိုဘခက်က စုံစမ်းရေးအတွက် ဆက်လိုက်ပေတော့သည်။

□ □

## ( ၁၁ )

"ဟယ် ... ကိုမင်းနောင် ... "

"ဟယ် ... ကိုထွတ် ... "

ဆောင်းနှင်းမှုံ ရပ်ထားသော ဆန်နီစူပါဆလွန်းကားဘေးတွင် နီရဲရဲပြိုင်ကားလေးတစ်စီး ယှဉ်၍ရပ်ထားသည်ကို ဆောင်းနှင်းမှုံနှင့် ယုယုမော်တို့ နောက်ဆုံးဘာသာဖြေပြီး ဆင်းလာသည်နှင့် တွေ့ရပေတော့သည်။

"ကိုယ့်ကို အပြစ်မတင်နဲ့နော် ယု ... ဒီနေ့ ကိုယ်တို့စာမေးပွဲနားတဲ့ရက်ပါ ... ဒီကောင် မင်းနောင် ကိုယ့်ဆီပေါက်ချလာပြီး ဒီနေ့ မဆောင်းနဲ့ ယုတို့ စာမေးပွဲဖြေရက် နောက်ဆုံးနေ့တဲ့ ... အဲဒါ ဖြေနိုင်လားလို့ သွားမေးရအောင်ဆိုပြီး အတင်းဇွတ်ခေါ်လို့ ကိုယ် လိုက်လာတာ ... ဒါ မင်းနောင်ရဲ့





ပြိုင်ကားလေ ... ကိုယ် စာမေးပွဲဖြေရက်အတွင်းမှ ဘယ်မှ မသွားဘူး ... စာကိုပဲ ဖိကျက်နေတာ ... "

"ဟကောင် ဝင်းထွတ် ... မင်းမလည်း ဒီလောက်တောင် မယုယုမော်ကို ကြောက်ရသလားတဲ့ကွာ ... မယုယုမော်က မင်းကို ဘာတစ်ခွန်းမှတောင် မပြောသေးဘူး ... မင်းက လျှောက်လဲချက်အရှည်ကြီး တွေ့တာနဲ့ တန်းတင်နေရပါလားကွာ ... တကယ်ဆို မင်းအနေနဲ့ မယုယုမော် စာမေးပွဲဖြေပြီးတဲ့နေ့မှာ ဖြေနိုင်ရဲ့လားလို့ သတင်းမေးရမဲ့တာဝန်ရှိနေတာပဲ ... ကျွန်တော်ပြောတာ ... မဟုတ်ဘူးလား မဆောင်း ... မဆောင်းလည်း စာမေးပွဲကောင်းကောင်းဖြေနိုင်ရဲ့လားဗျာ ... အဲဒါ မေးချင်လို့ ကျွန်တော် တမင်လာခဲ့တာပါ ... "

မင်းနောင်၏စကားသည် ယုယုမော်၊ ဝင်းထွတ်နှင့် ပတ်သက်ပြီး တစ်ဆက်တည်း ပြောသည်မို့ ဆောင်းနှင်းမှုံအနေနှင့် ဘာလိုလို ထင်စရာဖြစ်သွားလောက်သည်။

ယုယုမော်က ဝင်းထွတ်က ချစ်သူချင်းမို့ စာမေးပွဲဖြေနိုင်ရဲ့လားဟု မေးရမည့်တာဝန် ရှိကို ရှိနေသည်ဟု မင်းနောင်က ပြောပြီး ဆောင်းနှင်းမှုံကိုလည်း သူက စာမေးပွဲဖြေနိုင်ရဲ့လား

ဟု တမင်လာမေးတာပါဆိုသည့် စကားသည် ဆောင်းနှင့် သူပင်ချစ်သူတွေ ဖြစ်နေသယောင် အဓိပ္ပာယ် သက်ရောက်သွားသည်။

ယင်းအဓိပ္ပာယ် သက်ရောက်မှုကို ပါးနပ်သောဆောင်းနှင်းမှုံ ကောက်မိပါ၏။ သို့တစေ ဆောင်းသည် ဘာမျှမပြောဘဲ ပြုံးပြုံးလေး ခေါင်းညိတ်ပြကာ ဖြေနိုင်ကြောင်း သင်္ကေတပြလိုက်သည်။

"ဟဲ့ ... မိဆောင်း ... ဒီမှာကြည့်စမ်း ... ကိုမင်းနောင်ရဲ့ကားက ခေါင်းကြီးရှည်လျားတော်မူလိုက်တာ ... သစ်ကုလားအုတ်လား ... ပန်ချာပီခေါင်းပေါင်းလား မေးအောက်မေ့ရတယ် ... အဆန်းပဲနော် ... ဖင်ကျတော့ တိုတိုလေးဟဲ့ထိုင်စရာဆိုလည်း မောင်းတဲ့လူနဲ့ နှစ်ခုံစာပဲ ပါတယ် ..."

ဆောင်းနှင်းမှုံက ဘာမျှမပြောဘဲ ယုယုမော် ပြောသည်နှင့် ပြိုင်ကားနီနီလေးကိုကြည့်ပြီး ရယ်နေပါ၏။

ဝင်းထွတ်က ယုယုမော်ကို ဝင်ရှင်းပြောပြသည်။

"အဲဒါ ... ပြိုင်ကားလေ ယုရဲ့ ... မောင်းရဲရင် မောင်းသလောက် ပြေးသလားတော့ မမေးနဲ့ ... စောစောကကောင် မောင်းလာတာ ကိုယ့်အသည်း တအေးအေးပဲ ... ဗျော် ... ဒါထက် မင်းနောင်က ကိုယ့်ကို ပြောတယ် ...





ယုနဲ့ မဆောင်းတို့ စာမေးပွဲဖြေပြီးတဲ့အထိမ်းအမှတ်နဲ့ ... သူ တစ်ခုခု ကျွေးချင်တယ်တဲ့ ... ကိုယ့်ကို ပြောပေးပါတဲ့၊ သူကိုယ်တိုင်ဖိတ်ရင် ကိုယ်ပါလာတာမို့ ယုက လိုက်မှာဖြစ်ပေမဲ့ မဆောင်းက မလိုက်ဘဲ ငြင်းမှာစိုးတယ်တဲ့ ... ကိုယ့်ကို တစ်ဆင့်ဖိတ်ခိုင်းရတာပါတဲ့ ... သူက မဆောင်းနဲ့ စိမ်းနေသေးလို့ပါတဲ့ ..."

ယုယုမော်က ဆောင်းနှင်းမှုံအား ဘယ်လိုလဲဆိုသည့် အဓိပ္ပာယ်သက်ရောက်သည့် မေးဆတ်ပြလိုက်သည်။

ဆောင်းနှင်းမှုံက ခေါင်းညိတ်ပြလိုက်ပါ၏။

"မိဆောင်းက လိုက်ပါ့မယ်တဲ့ ... ကိုမင်းနောင် ယုမော်ကတော့ စာမေးပွဲဖြေပြီးသွားလို့ အလုံးကြီး ကျသွားပြီး ဗိုက်ဆာနေပြီ ..."

မင်းနောင်မျက်စိက ဆောင်းနှင်းမှုံကို ကြည့်ရင်း ယုယုမော်ကို ပြောပြလိုက်သည်။

"မယုယုမော်တို့ ... မဆောင်းတို့အဖို့ ရန်ကုန်တည်းက ထိပ်တန်းစားသောက်ဆိုင်က အစားအသောက်တွေ ရိုးနေရောပေါ့ ... ကျွန်တော် စိတ်ကူးထားတာက သွားကြမယ်ဆိုရင် ဒီကနေပြီး အင်းတကော်ကို သွားချင်တယ် ... အင်းတကော်

ဆိုင်တွေမှာ စနိုက်ကြော်၊ ဂျုံးကြော်၊ ငုံးကြော်၊ စာလေးကြော်တို့နဲ့ ဆီထမင်းကောင်းကောင်းရတယ် … နွားနို့စစ်စစ်လည်းရတယ် … စာမေးပွဲအောင်မြင်စွာဖြေဆိုပြီးအထိမ်းအမှတ်နဲ့ ရန်ကုန်မြို့ပြင်ကိုထွက်ကားမောင်းရင်း ထူးထူးဆန်းဆန်းလေး ဖြစ်သွားအောင်လို့ပါ … ”

“ကောင်းတယ် … ကောင်းတယ် ယုမော် … စနိုက်ကြော် ဂျုံးကြော်ဆိုရင် သိပ်ကြိုက်တာ … နွားနို့စစ်စစ်လည်း သောက်ချင်တယ် … အဲဒီကို သွားစို့နော် မိဆောင်း … ”

ဆောင်းနှင်းမှူးက ယုယုမော်ကို ခေါင်းညိတ်ပြလိုက်ပြန်သည်။

ဝင်းထွတ်က ယုယုမော်နားကပ်ခါ တိုးတိုးလေး ထပ်မံပြောပြန်သည်။ ပြီး … ယုယုမော်က ဆောင်းနှင်းမှူးကို ထပ်ဆင့်ပြောလိုက်သည်။

“ဒီမယ် မိဆောင်း … နင့်ဆန်နီဆလွန်းကားကို ကိုထွတ်ကို ပေးမောင်းလိုက်ဟယ် … ရန်ကုန်မြို့ပြင်ထွက်မှာဆိုတော့ ကိုထွတ်မောင်းတာ ပိုကောင်းပါတယ် … နင်လည်း စာမေးပွဲဖြေရတာ ပင်ပန်းသွားပြီ … ကိုယ်တိုင်မမောင်းဘဲ သူများမောင်းတာ ဇိမ်နဲ့စီးပေါ့ဟယ် … ”





ဆောင်းနှင်းမှူးက မျက်ခုံးဝင့်ကာ ယုယုမော်အား ပြန်ပြောသည်။

“ဟဲ့ … နင်ရယ် ငါရယ် ကိုဝင်းထွတ်ရယ်က ငါ့ကားနဲ့သွားမယ်ဆိုရင် … ကိုမင်းနောင်မှာ သူ့ကားနဲ့သူ တစ်ယောက်တည်း ဖြစ်နေမှာပေါ့ … ဒါဆို ဘယ်ကောင်းမလဲ … ”

“ဟုတ်တယ် ဆောင်း … ”

ဝင်းထွတ်က ဝင်ပြောလာသည်။

“ဒီလိုလုပ်ပါလား … မဆောင်းအတွက် အသစ်အဆန်းလေး ဖြစ်သွားအောင် မင်းနောင်ရဲ့ ပြိုင်ကားနဲ့ လိုက်ခဲ့ပါလား၊ ကျွန်တော်နဲ့ ယုလည်း လွတ်လွတ်လပ်လပ် ကားမောင်းရင်း စကားပြောရတာပေါ့ … ”

ဆောင်းနှင်းမှူးသည် … အံ့ဩစရာကောင်းလောက်အောင်ပင် လွယ်ကူပေသည်။

“ရပါတယ် … ရော့ … ဆောင်းရဲ့ ကားသော့ … ကိုဝင်းထွတ် မောင်းမယ်ဆို … ”

ဝင်းထွတ်က ဝမ်းသာအားရ ကားသော့ကို ယူလိုက်သည်။

“ဟော့ကောင် မင်းနောင် … မဆောင်းက မင်းရဲ့ပြိုင်ကားနဲ့

လိုက်မယ်တဲ့ ... မင်းကားမှာ ဆောင်းကို နေရာချပေးလိုက် ပေတော့ ..."

ပြောရင်း ကိုဝင်းထွတ်က မင်းနောင်ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်ကို ဆောင်းက ကြည့်နေခိုက်မို့ တွေ့သွားသဖြင့် ဝင်းထွတ်က သူ့မျက်လုံးကို ဖုန်ဝင်သလိုလို ပွတ်သပ်ပြသည်။

ဆောင်းနှင်းမှုံက မသိကျိုးကျွံပင် နေလိုက်ပါ၏။

ကိုဝင်းထွတ်နှင့် ကိုမင်းနောင်သည် မိမိတို့ထံ လာတည်းက အတိုင်အဖောက်နှင့် အစီအစဉ်ဆွဲခဲ့ပြီးသားဖြစ်မည်။

မည်သို့ဖြစ်စေ လိုက်လျောခြင်းသည် သဘောတူညီမှုပင်။

ဆောင်းနှင်းမှုံသည် ကိုမင်းနောင် ဖွင့်ပေးသော ပြိုင်ကားတံခါးမှ ဝင်ရောက်ထိုင်လိုက်သည်။

"အဲ့ ..."

ထိုင်အချတွင် ကူရှင်က အိဝင်သွားသောကြောင့် မိမိခန္ဓာကိုယ်လေး မြုပ်ဝင်သွားသဖြင့် အဲ့ဟု ရေရွတ်မိသည်။

မင်းနောင်လည်း ဟိုဘက်တံခါးဖွင့် မောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။





ပြိုင်ကားသည် ရှည်မျောသလောက် ဖြက်ကျဉ်းသည်။ မင်းနောင်၏ ပခုံးကလည်း ကျယ်ပြောသည်မို့ ထိုင်ချလိုက်သည်နှင့် ဆောင်းနှင်းမှုံ၏ပခုံးကို ထိသွားသည်။

"ဟာ ... မတော်လို့ ထိသွားတာပါနော် မဆောင်း ... တမင်ထိတာမဟုတ်ပါဘူး ..."

ဟု ပျာယီးပျာယာ တောင်းပန်သည်နှင့်အတူ ဆလံပေးတော့မလိုလို လက်အုပ်ချီကန်တော့မလို ဖြစ်သွားသည်။

ဆောင်းနှင်းမှုံသည် ကိုမင်းနောင်ကို ငေးကြည့်မိသည်။ ဤသို့ မတော်တဆ အသားခြင်း ထိမိသောကိစ္စမျိုး၌ မသိကျိုးကျွံ နေလိုက်ပါက ... သူ့ဟာသူ ပြီးသွားမည်ဖြစ်သော်လည်း အတွေ့အကြုံမရှိဟန်တူသော ကိုမင်းနောင်မှာ ပြစ်မှုကြီးတစ်ခု ကျူးလွန်မိသည့်အလား ဖြေရှင်းနေခြင်းသည်ပင် ကိုမင်းနောင်တွင် မိန်းမနှင့် ပတ်သက်ပြီး အတွေ့အကြုံမရှိလှကြောင်း သိသာစေသည်။

ဆောင်းနှင်းမှုံက ကိုမင်းနောင် နေသာထိုင်သာအောင် ဟိုတစ်ဘက်သို့ ကျုံ့ပေးလိုက်သည်။

ကိုမင်းနောင်က သူ့ပြိုင်ကားလေးကို စက်နှိုးသည်။ ဂီယာထိုး မောင်းမထွက်မီ ဟိုဘက်ကားကိုမောင်းသော ဝင်းထွတ်ကို လှမ်းပြောသည်။

"ဟော့ ... ဝင်းထွတ် ... မင်းရှေ့ကမောင်း ... မင်းကို ငါ အကြောပေးမယ် ... ထောက်ကြန့်အထိ မင်း ပြေးနိုင်သလောက် မောင်းပေတော့ ... ထောက်ကြန့်ကျော်တာနဲ့ မင်းကို ငါ ကျော်တက်မယ် ... ငါ ကျော်တက်နိုင်ရင် မင်း အရှုံးပဲ ..."

"စိန်လိုက်လေ ငနောင် ..."

ပြောပြောဆိုဆို ဝင်းထွတ်တို့စုံတွဲ မောင်းထွက်သွားသည်။

မင်းနောင်က နောက်မှလိုက်မောင်းသည်။

ပြိုင်ကားလေးမှာ မောင်းလိုက်မှ ကားဦးမော့ကာ ဖင်ပိုင်းပိုဝပ်သွားသလား ထင်ရပါ၏။ ရေပြင်တွင် ပွဲချိတ်မော်တော်ကဲ့သို့ ရှိသည်။

ဆောင်းနှင်းမှုံအဖို့ တစ်ခါမျှ မတွေ့ကြုံခဲ့ဘူးသောယခုအတွေ့အကြုံတွင် ပျော်ရွှင်မှုလေး ခံစားရပေသည်။

"မဆောင်း ... စာမေးပွဲဖြေနိုင်တယ်နော် ..."

"ဖြေနိုင်ပါတယ် ... ဆောင်း မျှော်လင့်ထားတဲ့ ကွာလီဖိုင်းဖြစ်ဖို့ပါပဲ ..."

"ပညာရေးနဲ့ ပတ်သက်ပြီး မဆောင်း လောဘမကြီးလွန်းနေဘူးလား ..."





"ဆောင်းမှာ စာမသင်ရင် တခြား ဘာအလုပ်မှမရှိတာ ... ဒါပြီးရင် နောက်တစ်ခု ဆက်တက်ချင်တာပေါ့ ..."

"နိုင်ငံခြားမှာသွားပြီး ထပ်ဆင့်ဘွဲ့ယူဖို့ကော ... မဆောင်း မစဉ်းစားဘူးလား ..."

"လုံးဝမစဉ်းစားဘူး ..."

"ဘာလို့ ..."

"ဖေဖေ့ကို တစ်ယောက်တည်း မထားနိုင်လို့ ..."

"မဆောင်းက ဖအေအပေါ် တော်တော်သံယောဇဉ်ကြီးတယ်နော် ..."

"တစ်လောကလုံးမှာ ဒီအဖေနဲ့ ဒီသမီးပဲရှိတာ ... မေမေဆုံးသွားတာ ကြာပြီ ... ဖေဖေက ဘယ်လိုမိထွေးနဲ့မှ ဆောင်းကို မနေစေချင်တဲ့မေတ္တာနဲ့ နောက်အိမ်ထောင်မပြုဘူး ... ဖေဖေ့မှာ အရောရာပြည့်စုံပြီး ကျန်းမာရေးလည်း ခုချိန်ထိ သိပ်ကောင်းတုန်းပါ ... သမီးနဲ့အဖေ အပြန်အလှန်ထားတဲ့မေတ္တာ ပေါ့သွားမှာစိုးလို့ ... နောက်အိမ်ထောင် မပြုတာ ... ဒီတော့ ဆောင်းကလည်း ဖေဖေ့ကို ပြန်ငဲ့ရတယ်လေ ..."

"တကယ်လို့ ... မဆောင်းဖေဖေ ရုတ်တရက် သေသွားရင်ကော ..."

“ဟာ … ကိုမင်းနောင် ဘာတွေပြောမှန်းမသိဘူး … အဲဒီ စကားကို ဆောင်း မကြားချင်ဆုံးပဲ … ”

“ဆောရီးပါ မဆောင်း … ကျွန်တော် အပြောလောကြီး သွားလို့ပါ … ကျွန်တော်ဆိုလိုတာက လူကြီးနဲ့လူငယ် မိဘနဲ့ သားသမီး ယေဘုယျသက်တမ်းအရဆိုရင် အသက်ကြီးသွားတဲ့မိဘက အရင်ကွယ်လွန်မှာပဲ မဟုတ်လား … လက်တွေ့မှာပဲ ဆောင်းမှာ မိခင်ဆုံးသွားခဲ့ပြီလေ … ”

“အဲဒါမျိုးတွေ ဆောင်း ဘယ်တော့မှ မတွေးဘူး … လက်ရှိ ဖေဖေရဲ့ ဒေါင်ဒေါင်မြည် ကျန်းမာရေးအရ … ဖေဖေဟာ နောက်နှစ်ပေါင်း အများကြီး နေဦးမှာလို့ပဲ ဆောင်း မှတ်ယူထားတယ် … ”

“ဒါဆို … ဆောင်း ဖေဖေသာ တစ်ခုခုဖြစ်သွားရင် မဆောင်း အဖို့ မလွယ်ဘူးနော် … ”

“သေချာတာပေါ့ … ဖေဖေ တစ်ခုခုဖြစ်သွားရင် ဆောင်းလည်း သေမှာပဲ … နောက်ဆုံး ကိုယ့်ဟာကိုယ် သတ်သေတာမျိုးပေါ့ … ”

ဆောင်းနှင်းမှူ၏ စကားကြောင့် ကိုမင်းနောင် ပခုံးတွန့်မိသည်။





“ဒါဆို … မဆောင်း ဖေဖေရှိနေသရွေ့ မဆောင်း အိမ်ထောင်မပြုတော့ဘူးလား … ”

“ကိုမင်းနောင်နဲ့ ဆောင်းဟာ ယုယမော် ဘုရားကိုးဆူမှာ တစ်ခါ … အခု နောက်ထပ်တစ်ခါပဲ တွေ့ကြဖူးသေးတာ၊ ကိုမင်းနောင်ရဲ့ မေးခွန်းတွေက အရမ်းရင်းနှီးလွန်းမနေဘူးလား … ”

“ဟုတ်တယ် … အရမ်းရင်းနှီးနေတာ အမှန်ပဲ … နှစ်ကြိမ်နှစ်ခါသာ တွေ့ခဲ့ဖူးသေးတာကို ဆောင်းက ပေတံတိုတိုလေးနဲ့ တိုင်းတာဖြစ်ပြီး … အဲဒါကိုပဲ ကျွန်တော်က ပေတံအရှည်ကြီးနဲ့ တိုင်းမိနေတယ်ဆိုရင်ကော … ကျွန်တော် မဆောင်းနဲ့ တွေ့ဆုံခွင့် အကြိမ်နည်းပေမဲ့ ရင်ထဲက ဆောင်းကို အရမ်းကြီးခင်မင်မိတယ်လေ … ”

“ကိုမင်းနောင်က … ဆောင်းကို ရည်းစားစကား ပြောတော့မလို့လား … ”

ဆောင်းတွင် ဤသို့ ယောကျ်ားသားတွေ မေတ္တာစကားပြောခြင်းကို မရေမတွက်နိုင်အောင် ဆောင်းနှင်းမှူ တွေ့ကြုံပြီးသား ဖြစ်ပါ၏။

ထူးခြားသည်မှာ ယခင်ကလူတွေ မေတ္တာစကားပြောလာလျှင် ဆောင်းနှင်းမှူ ဘယ်တုန်းကမှ ရင်မခုန်ခဲ့ … ။

အခု ... ကိုမင်းနောင်က ပဏာမ နိဒါန်းပျိုးလိုက်သည်ပင် ဆောင်းနှင်းမှုံ ဒိတ်ခနဲ ဒိတ်ခနဲ ရင်ခုန်နေပေပြီ။

ကိုမင်းနောင်က ရယ်လိုက်ပါ၏။

ဆောင်းနှင်းမှုံက ဘေးတိုက်ရှိနေသော ကိုမင်းနောင်ကို စွေစွေလေး ကြည့်မိသည်။

"စိတ်ချ မဆောင်း ... ကျွန်တော် ဆောင်းကို အခုလည်း ရည်းစားစကား မပြောဘူး ... နောင်လည်း ဘယ်သောအခါမှ မပြောမိအောင် ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းထားမှာပါ ... မသမာတဲ့စိတ်နဲ့ ဆောင်းကို ကျွန်တော် လက်ဖျားနဲ့တောင် မတို့မိစေရဘူး ... အဲဒါ ကျွန်တော့်ရဲ့ ယောကျ်ားစကားပဲ မဆောင်း ... "

"တစ်မျိုးကြီးပါလား ... "

ဟု ဆောင်းနှင်းမှုံရင်ထဲက ရေရွတ်မိသည်။

"ဘယ်လိုတစ်မျိုးကြီးလဲ ဆောင်း ... "

ရင်ထဲကပြောသည်ကို ... နှုတ်မှ ကိုယ့်ဟာကိုယ် ထွက်သွားသည်ကို ကိုမင်းနောင် ကြားသွားပုံရသည်။

"ဪ ... အမှုကိစ္စတစ်ခု ဖြစ်လာတယ်ဆိုရင် ကျူးလွန်သူ တရားခံ ... အကျူးလွန်ခံရသူ တရားလိုနဲ့ အဆုံးအဖြတ်





စီရင်ချက်ချပေးတဲ့ တရားသူကြီးဆိုတာ သုံးဦးရှိရမယ် ကိုမင်းနောင် ... "

"အဲဒါ ဟုတ်သားပဲ ဆောင်း ... "

"ဒါပေမဲ့ ... အခု ကိုမင်းနောင် ပြောပုံကြီးက ကိုယ်တိုင်တရားခံ ... ကိုယ်တိုင်တရားလို ... ကိုယ်တိုင်တရားသူကြီး ဖြစ်မနေဘူးလား ... "

"ဟုတ်တယ် ... ကျွန်တော် အဲဒီအတိုင်းပဲ ဖြစ်သွားတယ်၊ လောကကြီးမှာ ကျီးငှက်နဲ့ ခင်ပုတ်ငှက်ဟာ ဘယ်တော့မှ အဆွေခင်ပွန်း မဖြစ်ခဲ့လို့ဘဲ ဆောင်း ... ကျွန်တော်နဲ့ ဆောင်းဟာလည်း ကျီးနဲ့ ခင်ပုတ်ပါ ... "

"ဘာရယ် ကိုမင်းနောင် ... ကျီးကန်းနဲ့ ခင်ပုတ်ဟာ ထာဝရ ရန်သူငှက်တွေပါ ... တွေ့တာနဲ့ တစ်ကောင်နဲ့တစ်ကောင် အသေအလဲ ထိုးဆိတ်ကြ ... ရန်ဖြစ်ကြတာပါ ... ဒါကြောင့် ကျီးငှက်က နေ့မှာ အစာရှာပြီး ခင်ပုတ်ငှက်က ညကျမှ အစာရှာတယ်လေ ... ဆိုဝါစို့ ... ဆောင်းနဲ့ ကိုမင်းနောင်က ရန်သူတွေလား ... "

မင်းနောင် ရှူးခနဲ သက်ပြင်းကြီး မှုတ်ထုတ်လိုက်သည်။

"ကျွန်တော် ဥပမာပေး လွဲမှားသွားတာပါ ဆောင်း ...

ကျွန်တော် ဆိုလိုတာက ကျွန်တော်က ဆယ်တန်းအောင်ရုံ လောက်ပဲ ပညာရှိတယ် ... ငွေကြေးကျိုကျိုတက် မချမ်းသာဘူး ... ဒီတော့ ပညာနည်းတဲ့လူဟာ ဥပမာပေးတွေ လွဲမှားသွားတယ်ပေါ့ဗျာ ... တကယ်ဥပမာပေးရမှာက ကျွန်တော်က ကျီးငှက် ... ဆောင်းက ဥဒေါင်းငှက်လို့ ဥပမာပေးရမှာပါ ... ကျီးငှက်နဲ့ ဥဒေါင်းငှက်ကို ယေဘုယျ အများသတ်မှတ်ချက်မှာ အဆင့်အတန်းခြင်း သိပ်ကွာခြားပါတယ် ဆောင်း ... ကျီးငှက်ဟာ အဆင်းအင်္ဂါမှာလည်း မည်းမည်းသဲသဲ ... မည်းတာမှ နှုတ်သီးနဲ့ ခြေထောက် မကျန် မည်းနက်ကာ ... လုံးဝ ကြည့်လို့မလှဘူး ... အော်တဲ့ အသံကျတော့လည်း အား ... အားနဲ့ လုံးဝနားဝင်မချိုဘူး မသာယာဘူး ... စိတ်ဓာတ်ကျတော့လည်း လစ်ရင်ခိုးစားမယ် ... လုစားမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ... ကလည်း မကတတ်ဘူး ... ”

ဆောင်းနှင်းမှုံ ကိုမင်းနောင်ကို ငေးကြည့်မိပြန်လေပြီ။

“ဥဒေါင်းငှက်ကျပြော့ ... အော်တဲ့အသံကိုက အိုးဝေ အိုးဝေနဲ့ သိပ်သာယာတယ် ... ရုပ်အဆင်းကျတော့လည်း အစိမ်းနု အစိမ်းရင့်တွေနဲ့ သိပ်လှတယ် ... ခေါင်းမြီးကွက်





တွေဆိုရင် အထွတ်အမြတ်ထားပြီး အိမ်ကဘုရားစင်မှာ တောင် ပူဇော်ထားတယ် ... ကပြန်တော့လည်း အမြီးကို စက်ဝိုင်းလို ဝိုင်းပြီးကတာ ... အားလုံး ငေးကြည့်ရတယ်၊ ဒါပဲပေါ့ ဆောင်း ... ကျွန်တော်က ကျီးငှက်ဖြစ်နေပြီး ... ဆောင်းက ဥဒေါင်းငှက်ပဲ ... အရာရာမှာ ကွာခြားနေတယ်၊ ဒါကြောင့် ဆောင်းကို ကျွန်တော် ရင်ထဲက သိပ်ခင်မင်ပေမဲ့ ရည်းစားစကား ဘယ်တော့မှ မပြောပါဘူးလို့ ဆိုလိုတာပါ ... ”

ဆောင်းနှင်းမှုံ ခဏငြိမ်သွားသည်။ ပြီးမှ တစ်လုံးချင်း ပြန်ပြောသည်။

“အင်းပေါ့လေ ... ချိန်ခွင်ကြီးကို အလည်ဗဟိုကကိုင် ... ဒီဘက်မှာ ... အလေးထည့် ဟိုဘက်မှာ အလေးချိန်တူညီတဲ့ပစ္စည်းကို ထည့်ပြီး ... ချိန်ပြီးမှ ချိန်ခွင်လျှာမထွက်ဘဲ ရရှိတဲ့ အလေးချိန်အတိုင်း ... ပစ္စည်းတန်ဖိုးပေးတာမျိုး လိုတွက်ရင်တော့ ... တန်ဖိုးငွေဟာ သိန်းသန်းကုဋေဖြစ်သွားပြီ ... ကိုမင်းနောင်ပြောသလို ... ဆောင်းက ဥဒေါင်းငှက် ... ကိုမင်းနောင်က ... ကျီးငှက် ဖြစ်ချင်လည်းဖြစ်မှာပေါ့ ... ”

"ဒီ ... ဆောင်းက ချိန်ခွင်ကို ဗဟိုကကိုင်ပြီး ပစ္စည်းကို တန်ဖိုး မသတ်မှတ်ဘူးလားဟင် ... "

"စောစောက ကိုမင်းနောင် ... ဆောင်းကို မေးခဲ့ပါတယ်နော် ... ဖေဖေ့ကို ငဲ့ပြီး ဆောင်း အိမ်ထောင်မပြုဘဲ နေတော့မှာလားလို့ ... "

"ကျွန်တော် မေးခဲ့ပါတယ် ... "

"ဘယ်နေမလဲ ကိုမင်းနောင် ... ဆောင်း တစ်နေ့ကျရင် အိမ်ထောင်ပြုမှာပေါ့ ... ဆောင်း အိမ်ထောင်ပြုလက်ထပ်တဲ့ကြားမှာ ဖေဖေက ကြားဝင်အုတ်ရိုး ကာစရာမရှိဘူး ... မိထွေးနဲ့ လင်ပါသမီး အတူနေလို့ မဖြစ်မတည့်ပေမဲ့ ... ယောက္ခမနဲ့ သမက်ဟာ ရာသက်ပန်လက်တွဲခင်မင်သွားတတ်ပါတယ် ကိုမင်းနောင် "

"ကျွန်တော် ဘာဆက်ပြောရမှန်းတောင် မသိတော့ပါဘူး ဆောင်း ... "

"မသိရင် ဆောင်းပြောတာကို ဆက်နားထောင် ... ဆောင်း ပတ်ဝန်းကျင်မှာ ဆောင်းကို ချဉ်းကပ်လက်ထပ်ချင်တဲ့ ကုဋေရှစ်ဆယ် သူဌေးတွေ သူဌေးသားတွေ ရှိပါတယ် ... ပညာအားဖြင့်လည်း ဆရာဝန် ... အင်ဂျင်နီယာမက ဒီသာ





ပါမောက္ခတွေလည်း ပါတာပဲ ... "

"ဒါဆို ဆောင်းက ကုဋေရှစ်ဆယ်သားဘွဲ့ကို ရွေးမှာလား၊ ဒီသာပါမောက္ခကို ရွေးမှာလား ... မဆောင်း ဘယ်လိုလူကိုကျမှ လက်ထပ်မှာလဲဟင် ... "

"အဲဒီအတွက် ဆောင်းမှာ အဖြေမရှိသေးပါဘူး ... အဲ ... ဒါပေမဲ့ ဆောင်းမှာ ဆုံးဖြတ်ချက်တော့ ရှိတယ် ... ဘယ်လောက်ဥစ္စာငွေကြေး ချမ်းသာ ချမ်းသာ ... ဘယ်လောက်ပညာတွေ ပါရဂူအဆင့်ထိ တတ်တတ် ... ဆောင်း ရင်ထဲနှလုံးထဲက ချစ်လို့မရတဲ့သူဆိုရင် လုံးဝလက်မထပ်ဘူး ... လုံးဝ လက်မခံဘူး ... အဲ ... မဆောင်းကိုယ်တိုင် ရင်ထဲနှလုံးထဲက ချစ်မိတဲ့သူဆိုရင်တော့ အဲဒီလူကိုပဲ ဆောင်းက နသားပါယားပြီး ဇွတ်လက်ထပ်မှာ ... အဲဒါ ဆောင်း လက်ထပ်မဲ့ ပုဂ္ဂိုလ်အမျိုးအစားပဲ ... အဲဒီလိုလူနဲ့ တွေ့တဲ့ အချိန်ကာလကျမှ ဆောင်း လက်ထပ်မှာ ... "

"ဟာဗျာ ... တစ်မျိုးကြီးပဲ ... "

"ဟုတ်တယ် ... တစ်မျိုးကြီးပဲ ... ခုန ကိုမင်းနောင်ရဲ့ ပြောပြချက်တွေဟာ တစ်မျိုးကြီးပဲ ဖြစ်ခဲ့တယ် မဟုတ်လား ... ကဲပါလေ ... ဒါတွေက ဆောင်းရဲ့ ကိုယ်ပိုင်ကိုယ်ရေးကိုယ်တာတွေပါ ... အချိန်ကာလနဲ့ အခြေအနေမှာပဲ

မူတည်ပြီး သူ့ဟာသူ ဆောင်းရတဲ့သူ ပေါ်လာမှာပါ ... ကဲ ဆောင်းတို့ တခြားစကားပြောရအောင် ... ”

“ပြောလေ ... ဘာပြောမလဲ ... ”

“ယုယုမော်တို့ အိမ်မှာ ဘုရားကိုးဆူလုပ်ပြီးတဲ့နောက်နေ့ ကစပြီး ဆောင်း ကျောင်းဆင်းတိုင်း မော်တော်ဆိုင်ကယ်နဲ့လူလည်း ပျောက်သွားတယ် ... ကိုမင်းနောင်ကို ကိုဝင်းထွတ်နဲ့ အဲဒီနောက်ပိုင်းမှာ မတွေ့တော့ဘူးလို့ ယုယုမော်က ပြောတယ် ... ကိုမင်းနောင် ဘယ်သွားနေလို့လဲဟင်”

“ကျွန်တော် မန္တလေးကို ပြန်သွားတာပါ ... ”

“ဘာလဲ ... ကိုမင်းနောင်ရဲ့ အမြွှာအစ်ကိုက ကိုမင်းနောင်ကို ရန်ကုန်က မန္တလေးကို ပြန်ခေါ်သွားတာလား ကိုမင်းနောင် ... ”

“မဟုတ်ဘူး ... ကျွန်တော့်သဘောနဲ့ ကျွန်တော်မန္တလေးကို ပြန်သွားတာပါ ... ဝင်းထွတ်ကလည်း စာမေးပွဲအတွက် စာကျက်နေတာကို ကျွန်တော့်ကြောင့် အနှောင့်အယှက် မဖြစ်စေချင်ဘူး ... နောက်ပြီး ဆောင်းတို့ ယုယုမော်တို့ ကလည်း စာမေးပွဲဖြေနေရတာမို့ ကျွန်တော်နဲ့ တွေ့ခွင့်ရမှာမဟုတ်ဘူး ... ဒါကြောင့် မန္တလေးကို ပြန်သွားတာ”





“မန္တလေးမှာရော ကိုမင်းနောင်ရဲ့ အမြွှာအစ်ကိုနဲ့ တွေ့ကြလားဟင် ... ”

“ကိုကိုအောင်နဲ့ မတွေ့ခဲ့ရပါဘူး ... ဘာလဲ ... ဆောင်းက ကိုကိုအောင့်အပေါ် တော်တော်သံယောဇဉ်ဖြစ်နေလား”

“ဆောင်းရဲ့ ကျေးဇူးရှင်ပဲ ကိုမင်းနောင်ရယ် ... ဒီတော့ လည်း ကိုမင်းအောင်ကို သတိတရတော့ ရှိတာပေါ့ ... ”

“ဟော ... ”

“ဘာလို့လဲ ကိုမင်းနောင် ... ”

“ကျွန်တော်တို့ စကားတပြောပြောနဲ့ မောင်းနေတာ ဝင်းထွတ်တို့ကားတောင် မမြင်ရတော့ဘူး ... ဒီကောင့်ကို မီ အောင် လိုက်မောင်းမှ ... နို့မို့ရင် ဒီကောင် ကျွန်တော့်ကို လေလုံးထွားလို့ ဆိုးမှာမဟုတ်တော့ဘူး ... ”

ကိုမင်းနောင်က သူ့ပြိုင်ကားလေးကို အရှိန်တိုးမြှင့် မောင်းတော့သည်။

“ဩော် ... ဆောင်း ... ”

“ရှင် ... ကိုမင်းနောင် ... ”

“အရှိန်များမယ်နော် ... သေချာကိုင်ထားပါ ... ကွေ့တဲ့အခါ ပိုပြီး သတိထား ... အတိမ်းအစောင်း ဘာမှမဖြစ်စေရဘူး၊ စိတ်ချ ... ကျွန်တော့်လက်ကို ကျွန်တော်ယုံတယ် ... အဲ

ကွေ့တဲ့အခါ အရှိန်နဲ့ ဆောင်းဘက်ကို ကျွန်တော့်ကိုယ်လုံး ယိုင်ချင်ယိုင်မယ် ... အသားချင်းထိမယ် ... အဲဒါ ကျွန်တော် မရိုးမသားမဟုတ်ဘူးလို့ တင်ကြိုပြောထားတာပါ ဆောင်း"

"ကဲပါ ... မောင်းမှာ မောင်းပါ ... တကတည်း ... ဖြေရှင်းချက် ထုတ်ရတာလည်း အမောပဲ ... "

မင်းနောင် မောင်းတော့သည်။

ရွှေညောင်ပင် ထောက်ကြန့်မရောက်မီ လမ်းက ကျယ်ပြောချောမွေ့သော်လည်း အကွေ့အဝိုက်တွေ များလွန်းပေသည်။

"အယ် ... အမေ့ ... "

ကိုင်ထားသည့်ကြားကပင် ... ကားအကွေ့တွင် ဆောင်း၏ခန္ဓာကိုယ်လေးသည် ပြိုယိုင်ကာ မင်းနောင်ဘက်သို့ အိကျတတ်သည်။

ကိုမင်းနောင်၏ ပခုံးစွန်းတစ်ဘက်ပေါ်သို့ သူမ၏ ဦးခေါင်း မျက်နှာ ပူးကပ်ကပ်ကြီး ကျကျသွားတော့သည်။ ကိုမင်းနောင်နှင့်၊ ပါးချင်းကပ်မိတော့သည်။

ခုန်လိုက်စမ်း မိဆောင်းနှင်းမှုံရဲ့ ရင်တွေ နှလုံးတွေ အတားအဆီး မရနိုင်အောင်ပင် ခုန်နေပြီ။





ကျိန်ပြောကြေးဆိုလျှင် ဆောင်းနှင်းမှုံက ဘုရားစူးမိုးကြိုးပစ်တွေ တစ်ထပ်ကြီး ကျိန်ပြောမည်။ ဆောင်းနှင်းမှုံသည် ဘကယ့်ကိုပင် ... ယင်ဖိုမသမ်းဘူးသေးဟု ဆိုရလောက်အောင် ယောကျ်ားသားနှင့် အထိအတွေ့မရှိခဲ့ဘူးသူ ဖြစ်ပါ၏။

နေထိုင်မကောင်းလျှင်ပင် အိမ်မှမိသားစု ဆရာဝန် ဗင်မလီဒေါက်တာနှင့် မကု၊ သီးသန့်အမျိုးသမီးဆရာဝန်နှင့်သာ ကုသသည်အထိ ဖြစ်သည်။

ယခု ကိုမင်းနောင်နှင့် အသားချင်းထိမိ၊ ပါးချင်းကပ်မိ ရင်ခွင်ကျယ်ကြီးထဲ ကျရောက်မှုသည် ဆောင်းနှင်းမှုံအတွက် ပထမဆုံးသောအကြိမ်သာ ဖြစ်ပါ၏။

ဆောင်းနှင်းမှုံ ရှက်သွေးဖြာသည်။ နားရွက်လေးတွေ နီတွတ်ရဲတက်လာသည်။

ကိုမင်းနောင်ထံမှ ဖွတ်ခွာပြီး ခန္ဓာကိုယ်ကို ဟိုဘက်တံခါးသို့ ကပ်နိုင်သမျှ ကပ်ကာ ကိုယ်ကို ယို့ထားသည်။ ကားတံခါးဘောင်ကိုလည်း သူမ၏လက်ချောင်းအားလေးတွေ ရှိသမျှ ဆုပ်ကိုင်ထားသည်။

ဆောင်းနှင်းမှုံသည် ဒိတ်ဒိတ်နှလုံးခုန်နေသည့်ကြားကပင် ကိုမင်းနောင်၏ မျက်နှာကို ကြည့်မိသည်။

ကိုမင်းနောင်သည် ရှေ့သို့သာ အာရုံစိုက်ပြီး ကိုဝင်း

ထွတ်တို့၏ကားကို အမီမောင်းဖို့သာ အာရုံထားသော မျက်နှာကို တွေ့ရသည်။

"ဟော ... ဟိုမှာ ဆောင်း တွေ့လား ... ဝင်းထွတ်ရဲ့ကား လေ ... ဒီကောင် ဘယ်ပြေးလို့ လွတ်မတဲ့လဲ ... "

ဆောင်းနှင်းမှုံ လှမ်းမြင်ပါ၏။

"ဒါဆိုလည်း ... လျှော့မောင်းပါတော့လား ကိုမင်းနောင်၊ ဆောင်း တစ်ကိုယ်လုံး သွက်သွက်ခါနေပြီ ... "

"ဟုတ်လား ... ဆောင်း စီးရတာ ကသိကအောက် ဖြစ်နေလား ... ဟုတ်မှာပေါ့လေ ... အခု ကျွန်တော် မောင်းနေတာ တစ်နာရီ မိုင်ရှစ်ဆယ်နှုန်းနဲ့ မောင်းနေတာကိုး ... "

"အဲဒီလောက်ဆို ဆောင်း ကြောက်တယ် ... "

"ဟာ ... စောစောက ပြောရောပေါ့ ... ဆောင်း ကြောက်ရင် ကျွန်တော် ဒီလောက် ဘယ်မောင်းမလဲ ... ဒီကောင် ဝင်းထွတ်အပေါ် ကျွန်တော် ရှုံးသွားရော ဘာအရေးလဲ"

ကိုမင်းနောင် အရှိန်ကို သိသိသာသာ လျှော့မောင်းလိုက်ပါ၏။

"ကျွန်တော် ... မနွှလေးက ဒီကိုမောင်းတာဆိုရင် ဒီထက် အရှိန်ပိုများသေးတယ် ... လမ်းကလည်း ကောင်းတယ် မဟုတ်လား ... "





ဆောင်းနှင်းမှုံ ဘာမျှပြန်မပြော ...

ဆောင်းနှင်းမှုံ၏ စိတ်ထဲတွင် မိမိ၌ ကိုမင်းနောင်နှင့် အထိအတွေ့ကြောင့် ရင်ခုန်ရသလို ကိုမင်းနောင်မှာကော ရင်မခုန်ဘူးလားဟု မေးကြည့်နေမိသည်။

အင်းတကော် သန့်ပြန့်ကျယ်ဝန်းသော ဆိုင်ကြီးရှေ့တွင် ဝင်းထွတ်က နှစ်မိနစ်စော၍ ရောက်လေသည်။

ပြိုင်ကား လာရပ်သည်နှင့် ဝင်းထွတ်က မင်းနောင်ကို ကလိသည်။

"ဘယ်လိုလဲ ငနောင် ... ဒီပွဲမှာတော့ မင်း ရှုံးသွားပြီကွ"

"ထားပါတော့ပေါ့ကွာ ... "

မင်းနောင်က ကားပေါ်မှ ဆင်းပြီး ဆောင်းနှင်းမှုံ ထိုင်နေသည့်ဘက်က တံခါးကို သွားဖွင့်ပေးသည်။

ဆောင်းနှင်းမှုံက ကားပေါ်မှ ဆင်းရင်း ဝင်းထွတ်ကို ပြောလိုက်သည်။

"တကယ်တော့ ... ဒီပွဲမှာ ကိုမင်းနောင်က ဆောင်းကို ငဲ့ညှာပြီး အရှုံးပေးလိုက်တာ ... ဆောင်းက သိပ်အရှိန်များရင် ကြောက်တယ်ဆိုလို့ ... "

"အဲဒီလို တွေးမိသားပဲ ... မင်းနောင်ဟာ ဘယ်ပြိုင်ပွဲမှာ

မဆို မပြိုင်ရင် လုံးဝဝင်မပြိုင်ဘူး ... ဝင်ပြိုင်ပြီဆိုလည်း ဒီကောင့်ရာဇဝင်မှာ ရှုံးပွဲမှ မရှိခဲ့တာ ...”

ဆိုင်၏ စားပွဲရှည်ကြီးတွင် ဝင်ရောက်ထိုင်ကြသည်။

တကူးတက လာရောက်စားကြသည်မို့ တကူးတက အစားအသောက်များ မှာကြားပါ၏။

ချိုးကြော်၊ စနိုက်ကြော်၊ ဆတ်သားကြော်၊ စာကလေးကြော်တို့နှင့် နွားနို့သန့်သန့်ကို မှာသည်။

စာကလေးကြော်မှလွဲပြီး ... ဆောင်းနှင်းမှုံ တော်တော်စားပါ၏။

“နှင် ... တော်တော်စားသားပဲ ... ဒီလောက် များများစားတာ ဒီတစ်ခါပဲ ငါတွေ့ဖူးတယ် ...”

“အေးဟဲ့ ... ငါ့တစ်သက်မှာ ဒီလို ချိုးကြော်တို့ စနိုက်ကြော်တို့ ဒီတစ်ခါပဲ စားဖူးသေးတယ် ... စားလို့ အရမ်းကောင်းတယ မိယု ...”

“စာလေးကြော်ကော ...”

“အဲဒါတော့ ငါ မစားဘူး ... စာလေးတွေက ငါ နေ့စဉ်မြင်တွေ့နေကျ အကောင်လေးတွေမို့ ... ကြည့်ပြီး သနားလို့ ...”





“အေး ... အဲဒါ နှင်မြဲမြဲ မှတ်ထား ဆောင်း ... လောကကြီးမှာ ကိုယ်မစားဘူးသေးတဲ့ အစားအစာတွေ ... ကိုယ်မတွေ့ကြုံဘူးသေးတဲ့ အတွေ့အကြုံတွေ ရှိနေစမြဲပဲ ... ဒီနေ့ဆို နှင် မစားဘူးတဲ့ အစာတွေ စားဖူးသွားသလို ... မတွေ့ကြုံဖူးသေးတဲ့ အတွေ့အကြုံတွေလည်း နှင် တွေ့ကြုံလိုက်ရတယ် မဟုတ်လား ...”

ဆောင်းနှင်းမှုံသည် ယုယုမော်ကို မျက်ခုံးပင့်ပြီး မျက်ဝန်းစုံဖြင့် ဝင့်ကြည့်လိုက်မိသည်။

“ဟုတ်ပ ...”

ပြိုင်ကားပေါ်တွင် တဒိတ်ဒိတ် မရပ်မနား ရင်ခုန်ရလွန်းသော အတွေ့အကြုံသစ်ကို ဆောင်းနှင်းမှုံ သိသိသာသာကြီး ခံစားလိုက်ရသည်မဟုတ်လား။

□ □

## ( ၁၂ )

“ပြောပါ ... ကျုပ် မြတ်မင်းပါ ... ”

“အဲ ... ကိုမြတ်မင်း ... ကျုပ် ဘခက်ပါ ... ညကပဲ ရန်ကုန်ကို ပြန်ရောက်ပြီလေ ... ”

“ဘယ့်နှယ်လဲ ... သတင်းတွေ ထူးရဲ့လား ... ရခဲ့ရဲ့လား”

“ရသင့်သလောက် ရခဲ့ပါတယ် ... ”

“ဒါဆို ပြောလေ ... ”

“ဖုန်းနဲ့ ပြောရင် မကောင်းဘူး ကိုမြတ်မင်း ... ခင်ဗျားရဲ့ ကိုးမိုင်အိမ်ကို လာပြောလည်း မကောင်းဘူး ... ကျုပ် မာလကာခြံအိမ်ကို ခင်ဗျားက ပြောလည်း ခင်ဗျားကားကြီးကို လူမြင်တယ်မကောင်းဘူး ... ရန်သူက သိပ်ပါးနပ်





တဲ့အခါ ကိုယ့်အရိပ်ကို သူ မနင်းမိအောင် ရှောင်မှပဲ ကောင်းလေပဲ ... ”

“ဒါဆို ... ခင်ဗျား ဘယ်နေရာ ဘယ်အချိန်ဆိုတာ ချိန်းလေ ကိုဘခက် ... ကျုပ် လာခဲ့မယ် ... ”

“ဒီနေ့မွန်းလွဲ နှစ်နာရီမှာ ကရဝိတ်ဟိုတယ်ကို လာခဲ့ပါ ကိုမြတ်မင်း ... ဘီယာသောက်ရင်း ပြောကြတာပေါ့”

ကိုဘခက် ချိန်းသည့်အချိန်အတိုင်း ဦးမြတ်မင်း သူ၏ကားဖြင့် ကရဝိတ်ဟိုတယ်သို့ ရောက်လာသည်။

ကားရပ် တံခါးပိတ်သော့ခတ်ပြီး ပေါင်းကူးတံတားအတိုင်း ကရဝိတ်ခန်းမဆောင်သို့ လျှောက်လာခဲ့သည်။

ထိုစဉ်မှာပင် ... မော်တော်ဆိုင်ကယ် တစ်စီးလည်း ရောက်ရှိလာသည်ကို သစ်ပင်ကွယ်များမှ ကြည့်နေသော ကိုဘခက်က မြင်ပေသည်။

မော်တော်ဆိုင်ကယ်သည် ပေါင်းကူးတံတားထိပ်တွင် ရပ်သော်လည်း စက်မသတ်ပေ။ မောင်းသူက အရပ်အမောင်း ခြေတံလက်တံ ကောင်းသည်မို့ ဂီယာဖရီးဖြင့် ဆိုင်ကယ်ကို ခွလျက်သား ရပ်ပုံမျိုး ဖြစ်သည်။ ဦးမြတ်မင်း ကရဝိတ်ဆောင်ထဲ ဝင်သွားမှ မော်တော်ဆိုင်ကယ်မောင်းထွက်သွားသည်။

တစ်ချိန်တည်းလိုမှာပင် ... ဦးဘခက်သည်လည်း ဂရုစိတ်၏ဆောင်ထဲဝင်လာပြီး ဦးမြတ်မင်း၏လက်မောင်းကို ဆွဲကိုင်သည်။

"လာဗျာ ... ကိုမြတ်မင်း ... အတွင်းဘက် လုံခြုံတဲ့စားပွဲမှာ ထိုင်ကြစို့ ..."

"ဒီလောက်တောင် စိုးရိမ်စရာရှိနေလို့လား ကိုဘခက်"

"ထင်တာပဲ ... ခင်ဗျားနောက်က မော်တော်ဆိုင်ကယ်တစ်စီး လိုက်လာတာကိုရော ... ခင်ဗျား ... သတိထားမိလား ..."

"အမှတ်တမဲ့ပဲ ..."

"ကျုပ် ... ဒီကို တစ်နာရီခွဲကတည်းက ရောက်နေတယ် ကိုမြတ်မင်း ... သစ်ပင်တွေကွယ်ပြီး ခင်ဗျားအလာကို စောင့်ကြည့်နေတယ် ..."

ကိုဘခက်က သူတွေ့သည်ကို ပြန်ပြောပြသည်။

"ဒါဆို ... ဒီကောင် ကျုပ်ကို ကြံစည်ဖို့ ချောင်းပြီပေါ့"

"ဖြစ်နိုင်စရာပဲ ..."

"ခင်ဗျား သူ့မျက်နှာကို မြင်လိုက်ရလား ကိုဘခက် ..."

"မမြင်ရဘူး ... ပလတ်စတစ်ကာဗာ ချထားတယ် ... လူ





ကတော့ ခပ်တောင့်တောင့် ထောင်ကောင်းကောင်းပဲ"

"အဝတ်အစားကရော ..."

"သားရေဂျာကင်အနက်နဲ့ ဂျင်းဘောင်းဘီပြာ ... အနက်ရောင်တောစီးသားရေဖိနပ် စီးထားတယ် ..."

"သူ့မော်တော်ဆိုင်ကယ် ... နံပါတ်ကိုရော ကိုဘခက် မှတ်မထားလိုက်ဘူးလားဗျာ ..."

"မှတ်တော့ မှတ်လိုက်သားပဲ ... ဒါပေမဲ့ ... မှတ်လည်း အလကားပဲ ရှိမှာပါ ..."

"ဘာလို့ အလကားဖြစ်မှာလဲ ..."

စားပွဲထိုးက ဘီယာ၊ အာလူးကြော်၊ ဒိန်ခဲ စသည်တို့ လာချပေးသဖြင့် စကားရပ်ထားလိုက်သည်။

" ယ, အက္ခနံပါတ်နှစ်လုံးထဲရယ် ... ဆယ်ဂဏန်းပဲ ရှိတယ်၊ ဒီလောက် တန်ဖိုးကြီးပြီး သစ်လွင်နေတဲ့ မော်တော်ဆိုင်ကယ်ဟာ ဆယ်ဂဏန်း ဘယ်ဖြစ်နိုင်မလဲ ... နံပါတ်အတုတပ်ထားတာပဲ ဖြစ်မှာပေါ့ ..."

"ဒါလည်း ဟုတ်သားပဲ ... မော်တော်ဆိုင်ကယ် အမျိုးအစားကရောဗျာ ..."

"ယာမာဟာ နှစ်ရာ့ငါးဆယ်စီစီ ဆိုင်ကယ်အကြီးစားမျိုး

ဘော်ဒီအနီနဲ့ မတ်ကပ်နီကယ်ရောင် ... ”

“ဒါဆို ... အဲဒါကို အခြေခံလိုက်ရင်ကော ကိုဘခက် ... ”

“အင်း ... သဲလွန်စ တစ်ခုတော့ သဲလွန်စတစ်ခုပေါ့ဗျာ၊ ဒီဆိုင်ကယ်အမျိုးအစားနဲ့ အသွေးတူအရောင်တူတွေက အနယ်နယ်အရပ်ရပ်မှာ ရှိနေတာပဲ ... နောက်ပြီး ဒီကောင်က ဒီနေ့ ရန်ကုန်မှာ ရှိပေမဲ့ နက်ဖြန် ဘယ်ရောက်သွားမလဲ ဆိုတာ ဘယ်ပြောနိုင်မလဲ ... အိမ်ခြေအတည်တကျ လိပ်စာမရဘဲ ဒီဆိုင်ကယ်မျိုး သဲလွန်စတစ်ခုတည်းနဲ့ ဆန်ဇန်းထဲက ဆန်စေ့တစ်စေ့လောက်သာရတဲ့ သဲလွန်စပဲ ကိုမြတ်မင်း ... ”

“ဒါနဲ့ ... ကိုဘခက် ကျောက်ဆည်ဘက် ခရီးသွားခဲ့တာ သတင်းရသင့်သလောက် ရခဲ့တယ်ဆို ... အဲဒီရတဲ့ သတင်းအရ ဒီမော်တော်ဆိုင်ကယ်နဲ့ကောင်ဟာ ဘယ်သူဘယ်ဝါဆိုတာ ပေါ်ထွက်မလာဘူးလားဗျာ ... ”

“ကျုပ် ပြောမယ် ... ကိုမြတ်မင်း နားထောင်ပါ ... ကျောက်ဆည်ကို ကျုပ် ရောက်သွားပြီး ... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ကွယ်လွန်သွားတဲ့ ဦးဗညားကို ကျုပ် မသိမသာ စုံစမ်းတယ် ... မြို့ထဲ အရပ်ထဲမှာ တည်းခိုပြီး စုံစမ်းတာ မဟုတ်





ဘူး ... ဘုန်းကြီးကျောင်းမှာ တည်းခိုပြီး စုံစမ်းတာ ... မြို့ထဲအရပ်ထဲမှာတည်းရင် ဧည့်စာရင်းတိုင်လိုက်တာနဲ့ ကျုပ်မှတ်ပုံတင်ကို ပြရမယ် ... တည်းခိုခန်းမှာ တည်းခိုရင်လည်း ပထမဆုံး မှတ်ပုံတင်ပြပြီးမှ တည်းခိုခွင့်ရမယ် ... ဒါကြောင့် ဘုန်းကြီးကျောင်းမှာ လှူဖွယ်ပစ္စည်းတွေလှူပြီး တည်းခိုလိုက်တာ ... အဲ ... ဘုန်းကြီးကျောင်းမှာ ဝ၂ည်းခိုလိုက်တာဟာပဲ ကျုပ်အတွက် ကံကောင်းသွားတယ် ... ”

“ဘယ်လို ကံကောင်းသွားတာလဲ ... ”

“ပထမတော့ ကျုပ် ဘုန်းကြီးကျောင်းမှာ တည်းခိုပြီး ... အရပ်ထဲထွက် ကိုဗညားအကြောင်း စုံစမ်းတယ် ... ဒါပေမဲ့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က လူကြီးတွေဟာ မရှိတော့ သလောက်ပဲ ... တချို့ သေကုန်ကြတယ် ... တချို့ သားသမီးနဲ့ အတူနေပြီး ... သားသမီး ရွှေ့ပြောင်းရာ လိုက်ပါသွားကြနဲ့ ... ကျုပ် စုံစမ်းလို့မရဘဲ စိတ်ပျက်နေမိတယ်၊ ဘုန်းကြီးကျောင်းမှာ သုံးရက်ကြာပြီးတာတောင် ... ဘာသတင်းမှ မရဘူး ... နောက်ဆုံး သတင်းရမဲ့ရတော့ အဲဒီဘုန်းကြီးကျောင်း ကပ္ပိယဦးဒေါနဆီက သတင်းရတယ် ... ဦးဒေါနက အသက်ခြောက်ဆယ်ရှိပြီ ... ”

"ပြောဗျာ ... ကပ္ပိယဦးဒေါနဆီက ဘာသတင်းရခဲ့သလဲ ဆိုတာ ..."

"ဦးဇညား သေဆုံးတော့ ... ကပ္ပိယကြီးကိုယ်တိုင် အဲဒီဘုန်းကြီးကျောင်းက ဦးပဥ္စင်း ဦးဇော်တိကနဲ့အတူ ရက်လည်ဆွမ်းပင့်ဖိတ်လို့ ဦးဇညားအသုဘအိမ်ကို လိုက်သွားရတယ်တဲ့ ... ဦးပဥ္စင်း ဦးဇော်တိကကိုယ်တိုင်ဟာ သေသွားတဲ့ ဦးဇညားရဲ့ ညီအရင်းခေါက်ခေါက် ဖြစ်နေတယ် ... အစ်ကိုဖြစ်တဲ့ ဦးဇညားက ဆိုးသွမ်းတိုက်ခဲ့နေပေမဲ့ ... ညီဖြစ်တဲ့ ဦးဇော်တိက,က ဘာသာရေး ကိုင်းရှိုင်းပြီး သင်္ကန်းဝတ်နေသူဆိုတော့ ညီအစ်ကိုအရင်းဖြစ်ပေမဲ့ ... ဦးဇော်တိကကိုယ်တော်က သူ့အစ်ကို ဇညားနဲ့ ကင်းကင်းပဲနေခဲ့တယ်တဲ့ ... အဲဒီကတည်းက ဦးဒေါနက အဲဒီကျောင်းမှာ ကပ္ပိယလုပ်နေတာကိုး ..."

"စိတ်တော့မရှိနဲ့ ကိုဘခက် ... လိုရင်းကိုပဲ ပြောဗျာ ... အခုဟာက ပုံပြင်ပြောနေတာမှ မဟုတ်တာ ... ခင်ဗျားရဲ့ စွမ်းဆောင်ခကို ကျုပ် ငွေသုံးသောင်းထပ်တိုးပေးပါ့မယ်"

"ခင်ဗျား ... တော်တော်ဆန္ဒစောတဲ့လူပါလား ကိုမြတ်မင်း၊ အမှုကိစ္စတစ်ခုမှာ တရားလို တရားခံ သက်သေဆိုတာတွေ





ကို စုံစေ့အောင် စုံစမ်းရတယ်ဗျ ... ခင်ဗျား အရမ်းကြီးလောနေတာကိုး ..."

"ကိစ္စက သေဘေးကြီးကိုဗျ ကိုဘခက် ... အခုပဲ ခင်ဗျားပြောတယ်မဟုတ်လား ... ကျုပ်ရဲ့ ကားနောက်မှာ မော်တော်ဆိုင်ကယ်သမားလိုက်လာတယ်လို့ ... အဲဒီကောင်က သေမင်းဗျ ... ဘကြူးနဲ့ စိမ်းမောင်ကို သင်္ချိုင်းပို့ထားပြီးပြီ၊ အခု ကျုပ်နောက်မှာ ဒီကောင် ကပ်လာပြီး နှစ်ယောက်ချင်း နပန်းလုံးရရင် ဘာအရေးလဲ ... အခုဟာက အရိပ်နဲ့ နပန်းလုံးနေရတဲ့ပုံစံကြီး ... သူ့ကို ဘယ်သူဘယ်ဝါမှန်း မသိဘဲနဲ့ ..."

"ကောင်းပြီလေ ... ကျုပ် တိုတိုပဲ ဆက်ပြောမယ် ... ဦးဇညား သေသွားတော့ လေးနှစ်သားအရွယ် ဦးဇညားရဲ့ သားလေးရယ် ... ညီအရင်း ဦးဇော်တိကရယ်ပဲ ဆွေဆက်မျိုးဆက် ကျန်ခဲ့တယ် ... ဒီ လေးနှစ်သားအရွယ်ကလေးရဲ့ တာဝန်ဟာလည်း ညီဖြစ်တဲ့ ဦးဇော်တိကအပေါ်မှာ တာဝန်ကျလာတယ် ..."

"အဲ ... ဟုတ်ပြီ ... အဲဒီလေးနှစ်သားဆိုတဲ့ ကလေးဟာ အခုဆို အသက်အစိတ်လောက် ရှိနေလောက်ပြီ ... မော်

တော်ဆိုင်ကယ်နဲ့ ကတ်ပြားနီတွေ ပို့နေတာ ဒီကောင်ပဲ
ဖြစ်ရမယ် ... ”

“အဲဒီလို တွက်ရင်လည်းရတယ် ... ဒါပေမဲ့ ရှိသေးတယ်
ကိုမြတ်မင်း ... ”

“ဘယ်လိုရှိသေးတာလဲ ... ”

“အဲဒီအချိန်တုန်းက ... ဦးဗညားရဲ့ညီ ဦးဇောတိကဟာ
ရဟန်းဝါ နှစ်ဝါပဲ ရသေးတယ်ဆိုတော့ အဲဒီတုန်းက အသက်
နှစ်ဆယ်နှစ်နှစ်ပဲ ရှိသေးတယ် ... အခုဆိုရင် အသက်လေး
ဆယ်ကျော်လောက်ပဲ ရှိမှာ ... ”

“ဒါတော့ဗျာ ... ပဉ္စင်းခံတယ်ဆိုတာ အသက်သုံးဆယ်မှ
ခံတဲ့လူ ... အသက်လေးဆယ်မှ ခံတဲ့လူတွေလည်း ရှိတာ
ပဲ ... ”

“ဟုတ်ပါတယ် ... ဒါပေမဲ့ ကပ္ပိယကြီးအပြောအရ ... ဦးဇော
တိကဟာ အဲဒီကျောင်းမှာပဲ ကိုရင်ဝတ်ပြီး ပဉ္စင်းတက်တာ
ဆိုတော့ အသက်နှစ်ဆယ်မှာ ပဉ္စင်းတက်တာလို့ တွက်လို့
ရတယ် ... ကျန်းမာရေးကောင်းပြီး သန်စွမ်းကြံ့ခိုင်တဲ့ လူ
ဆိုရင် အသက်လေးဆယ်ကျော်လေးဟာ အရွယ်ကောင်း
ယောကျ်ားတစ်ယောက် ဖြစ်နိုင်တယ်မဟုတ်လား ကိုမြတ်
မင်း ... ”





“ဒါဆို ... အခု လက်စားချေဖို့တွေ လုပ်လာတာ ... ဦးဇော
တိကလို့ ဆိုလိုတာလား ... ”

ကပ္ပိယကြီးဦးဒေါနဲ ပြောပြချက်အရ ဦးဗညား သေ
ပြီး အသုဘကို သွားရာက ပြန်လာတာနဲ့ ဦးဇောတိကဟာ လူဝတ်
လဲလိုက်တယ်လို့ဆိုတယ်။

“သူ့ လူနာမည်ကျတော့ကော ... ”

“မင်းအောင်တဲ့ ... ”

“ဒါဆို ... ကျုပ်တို့က မင်းအောင်ဆိုတဲ့ မော်တော်ဆိုင်ကယ်
သမားကို စုံစမ်းရှာဖွေရမှာပေါ့ ဟုတ်လား ... ”

“နေဦး ... ကျုပ်စကား မဆုံးသေးဘူး ... အဲဒီ ဦးဇော
ကဟာ လူဝတ်လဲပြီးတာနဲ့ ဦးဗညားရဲ့ ပိုင်ဆိုင်တဲ့အိ
ရောင်းပစ်တယ် ... အမွေတွေကို သူပဲ ဆက်ခံပြီး ကျော
ဆည်က တစ်ခါတည်း ထွက်သွားတော့တာပဲတဲ့ ... သူ
လေးနှစ်သားအရွယ်လေးကိုပါ ခေါ်သွားပြီး ကျောက်ဆ
ကို ပြန်မလာတော့ဘူးတဲ့ ... အင်း ... ဗညားပိုင် ပစ္စည
တွေကို အမွေဆက်ခံတယ်ဆိုရင်တော့ မနည်းမနော တန်ဖိုး
ရှိတာပဲ ... ဗညားလက်ထဲမှာ စိန်တွေရွှေတွေ မုန့်သေတ္တာ
ဘူးနဲ့ အပြည့်ရှိမှန်း ကျုပ်တို့ သိထားတာပဲ ... အဲဒီတုန်းက

ရွှေဈေးဆို တစ်ကျပ်သား တစ်သောင်းလောက် ... စိန်ဈေးဆို တစ်ရတီကို နှစ်ထောင်လောက်ရှိတယ် ... အခုကာလ ပေါက်ဈေးနဲ့ဆိုရင် သိန်းတစ်ရာကျော် နှစ်ရာနီးပါး တန်ဖိုးရှိလောက်တယ် ... အဲဒီ စိန်တွေရွှေတွေကြောင့် ကျုပ်ရယ် ဝဏ္ဏရယ်၊ သူရရယ်ကို ထိုက်သင့်သလောက် ခွဲဝေမပေးလို့ ဗညားကို ကျုပ်တို့ သုံးယောက်ပေါင်းပြီး သတ်လိုက်တာ၊ ကျုပ်တို့လည်း လစ်ပြေးခဲ့ရတယ် ကိုဘခက် ... ”

ကိုဘခက်က ဆက်ပြောသည်။

“ကျုပ် ကျောက်ဆည်မှာ သိခဲ့ရသလောက်ကတော့ အဲဒီလောက်ပဲ ကိုမြတ်မင်း ... အဲ ကပ္ပိယကြီးကိုယ်တိုင် နောက်ဆက်တွဲပြောလိုက်တာကတော့ ကပ္ပိယကြီး ဦးဒေါနဟာ မန္တလေးကို အလည်သွားရာက မန္တလေးဈေးချိုမှာ ဦးဇောတိကခေါ် ကိုမင်းအောင်ကို ... မကြာသေးခင်က တစ်ခါ ထပ်တွေ့တယ်တဲ့ ... ကိုရင်ဘဝကတည်းက ခင်မင်ခဲ့တာမို့ ကိုမင်းအောင်ကိုမြင်တာနဲ့ ဦးဇောတိကမှန်း ကပ္ပိယကြီးက မှတ်မိတယ်တဲ့ ... ကိုမင်းအောင်နဲ့အတူ အသက် နှစ်ဆယ်ကျော် လူတစ်ယောက်လည်း တွေ့တယ်တဲ့ ... ကိုမင်းအောင် ... ကပ္ပိယကြီးကို ကြီးမှ ပြန်တွေ့တာမို့ ငွေတစ်





ထောင် လက်ဖက်ရည်ဖိုး ပေးသွားသေးတယ်တဲ့ ... ”

“ဒါဆို ... အဲဒီ ကိုမင်းအောင်နဲ့အတူတွေ့တဲ့ အသက်နှစ်ဆယ်ကျော်လူရွယ်က ဘယ်သူတဲ့လဲ ... ”

“ကျုပ်က ကိုမင်းအောင်ကို မေးကြည့်တော့ ... အဲဒါ တူးတူးလေတဲ့ ... ကပ္ပိယကြီး မမှတ်မိဘူးလား ... ကိုဗညားဆုံးတုန်းက တူးတူးက အသက်လေးနှစ်သားလေးပဲ ရှိသေးတာလေတဲ့ ... တူးတူးက မန္တလေး အထက,က ဆယ်တန်းအောင်ပြီးပြီတဲ့ ... စက်မှုတက္ကသိုလ်တက်ခွင့်ရလျက်သားနဲ့ မတက်ဘဲ သုဝါသနာပါတဲ့ လက်ဖွဲ့ထိုး ... အသတ်အပုတ်ပညာတွေကို လိုက်သင်နေတာတဲ့ ... ”

“ဉ် ... အဲဒီကောင်လေးက အခု ဘာလုပ်နေသတဲ့လဲ ကိုဘခက် ... ”

“အဲဒါတော့ မသိဘူးဗျာ ... ကပ္ပိယကြီးကတော့ ကျုပ်နဲ့တွေ့ပြီးတဲ့နောက် ဗုဒ္ဓဂါယာကို ဘုရားဖူးသွားဖို့အတွက် မန္တလေးမှာ လာစီစဉ်တာလို့ ပြောတာပဲ ... အခုလောက်ဆို ဗုဒ္ဓဂါယာကို သွားလောက်ရောပေါ့ ... ”

ဤမှာပင် ကိုဘခက်တွင် ပြောစရာစကား ကုန်သွားသလို ငြိမ်သွားသည်။

"ဗညားရဲ့သားလေးနာမည်က တူးတူးတဲ့နော် … "
"ဒါက ငယ်နာမည် … ချစ်စနိုးခေါ်တာတဲ့ … ကျောင်းနာမည်ကတောင် မင်းနောင်ဆိုလားပဲ … "
"မင်းနောင် ဟုတ်လား … ဗညားရဲ့သားက မင်းနောင်၊ ဗညားရဲ့ ညီအရင်းက မင်းအောင် … ဟုတ်ပြီ … ဒါဆို ကျုပ်တို့ကို လက်စားချေဖို့ ကြံစည်တဲ့ရန်သူဟာ သူတို့တူဝရီးပဲ … ဒီလောက်သိရရင် ကျန်တဲ့ငွေ လာယူပေတော့၊ အဲ … တစ်ခုတော့ကျန်သေးတယ် … ကျုပ်ရန်သူဟာ မင်းအောင်နဲ့မင်းနောင်ဆိုတာ သိရပေမဲ့ သူတို့ကိုခြေရာကောက်ရာဖို့ကိစ္စကျတော့ ကျုပ်စွမ်းဆောင်နိုင်ဖို့ မလွယ်ဘူး … ကိုဘခက်ပဲဆက်ပြီး ခြေရာကောက်ပေးပါ"
"ကျုပ်ပြောထားတယ်နော်ကိုမြတ်မင်း … ကျုပ်လူသတ်မှုကိုတော့ ဘယ်တော့မှ မကျူးလွန်ဘူးလို့ … "
"ခင်ဗျားဆက်ဖို့မလိုပါဘူး … သူတို့ဘယ်မှာရှိတယ်ဆိုတာ သိအောင်စုံစမ်းပေးဖို့ပါ … သူတို့ဘယ်မှာရှိမှန်းသိပြီးတဲ့နောက်မှတော့ ကျုပ်တာဝန်ပိုင်းပဲ ကိုဘခက် … ကျုပ်ကိုယ်တိုင်စုံစမ်းလို့မဖြစ်ဘူး … သူတို့က အမှောင်ထဲက ကျုပ်ကိုမြင်နေတာ … ဒါကြောင့် ခင်ဗျားကိုပဲ ဆက်စုံ





စမ်းခိုင်းတာ … အဲဒီအတွက်လည်း ကျုပ်ကကိုဘခက်ကို ကျေနပ်အောင်ငွေပေးမှာပါ"

ကိုဘခက်က ခေါင်းညိတ်ပြလိုက်တော့သည်။

□ □

( ၁၃ )

တယ်လီဖုန်းလာသည်။

ဖေဖေမရှိသောကြောင့် ဒေါ်ကြီးနန်း ကိုင်သည်။ ဒေါ်ကြီးနန်းက ဆောင်းထံကလာသောဖုန်းဆိုပြီး ဆောင်းကိုဖုန်းပေးပြီး မီးဖိုချောင်ဘက် ပြန်သွားသည်။

"အမိန့်ရှိပါရှင် ... ဆောင်းနှင်းမှုံပြောနေပါတယ်"

"ဩော် ... ဆောင်း ... ကျွန်တော်မင်းနောင်ပါ ... ဘာလဲ ကျွန်တော်ဖုန်းဆက်လို့ ဆောင်းအံ့ဩသွားသလား"

"အဲဒီလိုဖြစ်သွားတယ်၊ ကိစ္စရှိလို့လားကိုမင်းနောင်"

"ကိစ္စအရေးကြီးလို့လား"

"ကိစ္စအရေးကြီးသလား ... အရေးမကြီးဘူးလားဆိုတာ ... ဆောင်းရဲ့အဆုံးအဖြတ်ပေါ်မှာ မူတည်ပါတယ်၊ ကိစ္စက





ကိုကိုအောင် ... အဲ ... အဲ ... ကိုမင်းအောင်ရောက်နေတယ်၊ ကျွန်တော်က ကိုကိုအောင့်ကို အမရပူရလမ်း၊ လွန်ခဲ့တဲ့နှစ်နှစ်က ချာလီတို့လက်က ကိုကိုအောင်ကယ်ခဲ့ဖူးတဲ့ အကြောင်းပြောတယ် ... ဆောင်းကသိပ်ကျေးဇူးတင်နေတယ် ... အဲဒီတုန်းက ကိုကိုအောင်ကို ကျေးဇူးတင်စကားတောင် မပြောလိုက်ရလို့ တသသစိတ်မကောင်းဖြစ်နေတယ်၊ ကိုကိုအောင်လာရင် သူ့ကိုပြောပါလို့မှာထားတယ်၊ ကိုကိုအောင့်ကို ဆောင်းကသိပ်တွေ့ချင်နေပါတယ်လို့ ..."

"ဆောင်း ... ကိုမင်းအောင်ကိုတွေ့ချင်ပါတယ် ... ဘယ်ကိုလာခဲ့ရမလဲ ... ဆောင်းရဲ့ကားကို ဆောင်းစာမေးပွဲပြီးသွားကတည်းက ဖေဖေပဲသုံးနေတယ်၊ အခုဖေဖေက တောင်းအေ့(စ်)ကားနဲ့သွားပြီး ဆောင်းရဲ့ကားနဲ့ အိမ်က သူ့တပည့်တွေပါခေါ်ပြီး အပြင်ထွက်သွားတယ်"

"ဒါကဖြစ်ပါတယ် ... ဆောင်းကို ကျွန်တော့်ပြိုင်ကားနဲ့ လာခေါ်မယ်လေ"

"ပြိုင်ကားကနှစ်ယောက်ထဲစီးလို့ရတာ ... ဆောင်းနဲ့အတူ ဒေါ်ကြီးနန်းကို ခေါ်ရဦးမှာ"

"အဲဒါဆိုမလွယ်ဘူး၊ ကျွန်တော်နဲ့ ကိုကိုအောင်မှာ ပြိုင်ကား

နဲ့မော်တော်ဆိုင်ကယ်ပဲရှိတယ် ... နှစ်ခုစလုံးနှစ်ယောက် ထက်ပိုစီးလို့မရဘူး ... ဆောင်း"

"ဒါဆို ... ကိုမင်းအောင်ကို ဆောင်းတို့ရဲ့ ကိုးမိုင်အိမ်ကို လာခဲ့ပါလား"

"ဒါတော့ကိုကိုအောင်သဘောပဲ ... ကျွန်တော်မေးကြည့် လိုက်မယ် ... ဖုန်းခဏကိုင်ထားပါ ... "

ဆောင်းနှင်းမှုန်တစ်အောင့်ကြာအောင် ဖုန်းကိုင် စောင့်သည်။

"ဆောရီးပဲဆောင်း ... ကိုကိုအောင်က သူနဲ့သိပ်စိမ်းတဲ့အိမ် မျိုးကို သူဘယ်တော့မှ မသွားဘူးတဲ့၊ အထူးသဖြင့် ဆောင်း တို့လို သိပ်ချမ်းသာတဲ့အိမ်မျိုးကို သူမသွားချင်ဆုံးပဲတဲ့ ... ကဲပါလေ ... ဆောင်းမှာ အခက်အခဲ သိပ်ဖြစ်နေရင် ကိုကိုအောင်နဲ့တွေ့ဖို့ကိစ္စဖျက်လိုက်ပေါ့ ... "

"ဟင့်အင်း ... နေဦးကိုမင်းနောင် ... ဖုန်းမချနဲ့ဦး၊ အခု ဆောင်းပြောပုံက ကိုယ့်ကျေးရူးရှင်အပေါ်မှာ ကိန်းခန်းကြီး ရာရောက်နေတယ်၊ ဆောင်း ... အိမ်ကိုလာတွေ့ပါဆိုတာ လေ ... ကြီးကျယ်လွန်းရာရောက်သွားတယ်"

"ဒါတော့ ... ကျွန်တော်အနေနဲ့ တပည့်တော် မလျှောက်





တတ်ပါလို့ပဲ ပြောရမှာပဲ ... ကျွန်တော်တို့ညီအစ်ကိုနဲ့တွေ့ ဖို့ မဆောင်းမှာ အဖော်ပါမှဆိုတဲ့ သံသယစိတ်ရှိနေလည်း မတွေ့နဲ့တော့ပေါ့ ... ကျွန်တော်တို့ညီအစ်ကိုဟာ အဲဒီ လောက်စိတ်ဓာတ်အောက်တန်းမကျပါဘူးဗျာ ... ကဲ ... ဒါဆို ... ပြီးရောနော်"

"နေဦး ... နေဦးကိုမင်းနောင် ဖုန်းမချလိုက်ပါနဲ့ ... ကိုမင်း နောင်ရဲ့ပြိုင်ကားနဲ့ပဲ လာခေါ်ပါ ... မဆောင်းလိုက်ပါ့မယ်"

"ဒါဆို ... ဆယ်နာရီတိတိမှာ ဆောင်းတို့ခြံရှေ့တံခါးပေါက် မှာ ကျွန်တော်ရောက်လာမယ်၊ ခြံထဲကိုတော့မဝင်တော့ ဘူး"

ပြောပြောဆိုဆိုကိုမင်းနောင်ဖုန်းချလိုက်သည်။

ဆောင်းနှင်းမှုံသည် အထူးတလည်ကြီးမဟုတ်သည့် တိုင်အောင် လမ်းထွက်လျှင် ကြည့်ပျော်ရှုပျော် အဝတ်လဲသည်။

ဆယ်နာရီထိုးသည်နှင့် အိမ်ပေါ်မှဆင်းကာ ခြံတံခါး ဝဆီသို့ လာခဲ့သည်။

ဒေါ်နန်းယုံက ဆောင်းနှင်းမှုံနောက်မှ ပုန်းကွယ်ပြီး လိုက်ကြည့်သည်။

ခြံဝတွင် အသင့်ရပ်စောင့်နေသော ပြိုင်ကားအနီ

ပေါ်သို့ ဆောင်းတက်ရောက်သည်နှင့် ပြည်လမ်းအတိုင်းမောင်းသွားသည်ကို ဒေါ်နန်းယုံတွေ့လိုက်ရသည်။

ဆောင်းထွက်လာစဉ်က ပြုံးပြီးကိုမင်းနောင်က နှုတ်ဆက်ပြီးနောက် မောင်းထွက်လာသည်မှစ၍ စကားတစ်ခွန်းမျှ မပြောပေ။

ဆောင်းကပင် စတင်ပြောရသည်။

"ဘယ်သွားမှာလဲ ကိုမင်းနောင် ..."

"အင်းစိန် ရွာမထဲကိုပါ ..."

"ကိုမင်းအောင်က အဲဒီမှာလား ..."

"ဟုတ်တယ် ... ဆောင်းက ကိုမင်းအောင်ကို အရမ်းတွေ့ချင်နေတယ်ဆိုရင် ကိုမင်းနောင်က ဆောင်းကိုဘယ်လိုဝေဖန်မလဲ"

ကိုမင်းနောင်က ပခုံးတွန့်ပြသည်။

ကိုမင်းနောင်အနေနှင့် ဆောင်းက ကိုမင်းအောင်အပေါ်အလေးထားလွန်းသည်ကို မကျေနပ်သောအသွင်ရှိသည်ဟု ဆောင်းမှတ်ချက်ပြုသည်။ ဒီအတွက် ဆောင်းရင်ထဲတွင် ကျေနပ်မှုတစ်မျိုးလေး ခံစားရပါသည်။

ကိုမင်းနောင် မိမိအပေါ်တိမ်းညွတ်နေမှန်း ဆောင်းအကဲခတ်မိသည်။





"ကိုမင်းနောင် ... ဆောင်းပြောတာကို ဘာလို့မဝေဖန်တာလဲဟင် ..."

"ကျွန်တော် မဝေဖန်တတ်လို့ပါ"

ကားသည် စော်ဘွားကြီးကုန်းဂျုံ ဖြတ်ကာ အင်းစိန်ဘက်သို့ ဦးတည်မောင်းနေပါ၏။

အင်းစိန်ရောက်သောအခါ ရွာမလမ်းအတိုင်း ဆက်မောင်းခဲ့သည်။ အင်းစိန်ရွာမလမ်းသည် အသွားအလာရှင်းသောလမ်းဖြစ်ပါ၏။ နံနက်ပိုင်းနှင့် ညနေပိုင်းဈေးချိန်၊ ရုံးတက်ဆင်းချိန်တွင် အထိုက်အလျောက် အသွားအလာရှိသော်လည်း တခြားအချိန်များတွင် လူအသွားအလာ ယာဉ်အသွားအလာနည်းလှသည်။

ရွာမလမ်းအတိုင်း တော်တော်ကြီးမောင်းဝင်ခဲ့ပြီးမှ လက်ယာဘက် မြေနီလမ်းနှင့် တောင်ကုန်းအမြင့်ကို မောင်းတက်ခဲ့သည်။

ခြံကြီးဝန်းကျင်နှင့် အိမ်ကြီးတွေ ရှိသော်လည်း ခြံစည်းရိုးကြီးတွေကာရံပြီး သီးခြားနေကြပုံရသည်။ ဤဘက်အိမ်မှ အသံကို ဟိုဘက်အိမ်ခြံက ကြားအုံ့မထင်။

ပြိုင်ကားလေးသည် မြေနီလမ်းအဆုံး အစွန်အကျဆုံး ခြံကြီးထဲသို့ ချိုးကွေ့မောင်းဝင်လာသည်။

ခြံထဲတွင် သရက်၊ ပိန္နဲ၊ ဒညင်းပင်ကြီးများဖြင့် အုံ့

ဆိုင်းနေပြီး ခြံအလယ်တွင် ရေနံကြီးဝနေသော ပျဉ်ထောင်အိမ်ကြီး ရှိပါ၏။ တစ်ပေပတ်လည်ခန့်ရှိ ကျွန်းတိုင်ကြီးများဖြင့် တည်ဆောက်ထားသော ခြေတံရှည်အိမ်ကြီး ဖြစ်သည်။ ရှေးခေတ် အခိုင်အခန့် အိမ်ကြီးမျိုး ဖြစ်သည်။

ခြေတံရှည်အိမ်ကြီးအောက်တွင် ဒေါက်ထောက်ပြီး ရပ်ထားသော မော်တော်ဆိုင်ကယ်တစ်စီးကို ဆောင်းနှင်းမှုံတွေ့ရသည်။ ရှေ့လက်ကိုင်တွင် ဖိုက်ဘာဦးထုပ်ချိတ်ထားသည်ကိုလည်း တွေ့ရသည်။

ဤဆိုင်ကယ်နှင့် ဤဖိုက်ဘာဦးထုပ်ကို ဆောင်း သေချာမှတ်မိပါ၏။

အိမ်ကြီးပေါ်တွင် အမရပူရတုန်းက ဆောင်းကို ကယ်ခဲ့ဘူးသော ကိုမင်းအောင်ဆိုသူ ရှိနေပေမည်။

အိမ်ကြီး၏ကျွန်းလှေကားခြေရင်းတွင် ပြိုင်ကားရပ်လိုက်သည်နှင့် အလွန်အရာ တုတ်ခိုင်ကြီးထွားသော လူကြီးတစ်ဦးသည် ဘယ်နေရာကထွက်လာသည်မသိ ထွက်လာသည်ကို ဆောင်းတွေ့လိုက်သည်နှင့် 'အမလေး' တ, မိသည်။

အရပ်ခြောက်ပေကျော်မည် ...'၊ အသားရောင်မှာ ကြေးနီရောင်ပေါက်နေသည်၊ သူ၏ခန္ဓာကိုယ်ကြီးမှာ လေးဘက်ထောက်လျှင် နွားပေါက်၊ ကျွဲပေါက်တစ်ကောင်လောက် ခန္ဓာကိုယ်





ကြီးရှိသည်။ ဖျင်ကြမ်းအင်္ကျီကြီး ဝတ်ထားသည်။ အနက်ရောင်ရှမ်းဘောင်းဘီပွပွကြီး ဝတ်ထားသည်။ ခါးတွင် အပြားကြီးသော ခါးပတ်ကြီးပတ်ထားသည်။ ကင်းဗတ်အိပ်နှင့် ဓားကောက်ကြီးခါးတွင် ချိတ်ထားသေးသည်။ လူ့ဘီလူးကြီးဟု ခေါ်လောက်ပေသည်။

ကိုမင်းနောင် ကားတံခါး ဖွင့်ဆင်းသည်။ "ကဲ ... ဆင်းပေတော့" ဟုပြောရင်း ဆောင်းဘက်မှ တံခါးလာဖွင့်ပေးသည်။ ဆောင်း ကားပေါ်မှ ဆင်းပြီးသည်နှင့် ကိုမင်းနောင်က ...

"ဒီမယ် ... ဦးအန်းဘားကြီး" ဟု လူ့ဘီလူကြီးကို ခေါ်လိုက်သည်။

အန်းဘား ... အန်းဘား ... ဟုလူ့ဘီလူးကြီးက လှိုင်သံ အာခေါင်သံကြီးနှင့် ပြန်ထူးသည်။

ကိုမင်းနောင်က လက်ဟန်ခြေဟန်တွေ အမျိုးမျိုးလုပ်ပြပြီး ဦးအန်းဘားကြီးကို ပြောသည်။ ခြံထောင့်ရှိ သံဇကာအိမ်လေးကိုလည်း ကိုမင်းနောင်က လက်ညှိုးညွှန်ပြပြီး လက်ဟန်ခြေဟန်နှင့် ပြောသည်ကို ဦးအန်းဘားကြီးက ခေါင်းညိတ်ပြသည်။

ပြောပြီးသည်နှင့် ဦးအန်းဘားကြီးထွက်သွားသည်။

"လာ ... ဆောင်း အပေါ်တက်စို့"

လှေကားမှတက်ရင်း ဦးအန်းဘားကြီး ခြံတံခါးပြန်ပိတ်နေသည်ကို ဆောင်းလှမ်းမြင်ရသည်။

အိမ်ကြီး၏အပေါ်ထပ်ဧည့်ခန်းထဲသို့ ရောက်လာကြသည်။

အဝင်ပေါက်ကို ကျောပေးကာ ပြတင်းပေါက်တွင် ထိုင်နေသူတစ်ဦးကို ဆောင်းနှင်းမှုံတွေ့ရသည်။

ထိုသူပင် အမရပူရလမ်းတွင် ဆောင်းနှင်းမှုံ မိမိအား ကယ်တင်ခဲ့သော ကိုမင်းအောင်ဖြစ်ရပေမည်။

"ကိုမင်းအောင်လားဟင် ..."

"ဟုတ်တယ် ... ငါ ... မင်းအောင်ပဲ"

ကျောပေးထိုင်နေရာမှ ဆောင်းနှင်းမှုံနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ဆုံလည်ကုလားထိုင်ကို လှည့်လိုက်သည်နှင့် ကိုမင်းအောင်ဆိုသူကို ဆောင်းနှင်းမှုံမြင်ရတော့သည်။

"ဟင်" ကနဲ အာမေဋိတ်သံ သိသိသာသာကြီး ... ဆောင်းထွက်သွား ည်။

အကြောင်းမူ ...

ထိုကိုမင်းအောင်ဆိုသူမှာ မိမိကို အမရပူရလမ်းတွင် ကယ်တင်ခဲ့သူ လုံးဝမဟုတ်သောကြောင့်ပါပေ။

ယခုတွေ့ရသော လူသည် ကိုမင်းနောင်နှင့် မျက်နှာချင်းလည်းမတူ အသက်ကလည်း လေးဆယ်ကျော်ကြီး ဖြစ်သည်။





ဆောင်းနှင်းမှုံနှင့်စာလျှင် ဦးလေးအရွယ်ကြီး ဖြစ်သည်။

"ဦးလေး ... ဦးမင်းအောင်က ဟောဒီကိုမင်းနောင်နှင့် အမွှာညီအစ်ကိုတော့ မဟုတ်တန်ကောင်းပါဘူးနော်"

"ဘယ်ကဟုတ်ရမှာလဲ၊ ဒီကောင်မင်းနောင်က ငါ့တူအရင်းခေါက်ခေါက်ပဲ၊ သူ့အဖေ ဦးဗညားက ငါ့အစ်ကိုအရင်း"

"ကိုမင်းနောင်က ပြောလို့ပါ၊ သူ့မှာ အမွှာညီအစ်ကိုရှိတယ်တဲ့ ... သူ့အစ်ကိုရဲ့နာမည်က ကိုမင်းအောင်တဲ့ ... လွန်ခဲ့တဲ့ နှစ်နှစ်က အမရပူရလမ်းမှာ လမ်းသရဲတွေလက်ထဲက ဆောင်းကို ကယ်တင်ခဲ့တဲ့ သူ့အစ်ကို ကိုမင်းအောင်လို့ ပြောလို့ပါ"

ကိုမင်းအောင်က ရယ်မောလိုက်ရင်း ကိုမင်းနောင်ဘက်သို့ လှည့်ပြောသည်။

"ဟေ့ကောင် တူးတူး ... မင်းဘာတွေလုပ်ထားခဲ့လို့လဲ ... ဒီကောင်မလေး ဘာတွေပြောနေတာလဲ တူးတူး ..."

မင်းနောင် ဘာပြန်ပြောရမှန်းမသိ၊ ဆံပင်အုံထဲ လက်ချောင်းထိုးသွင်းနေသည်။ ဆောင်းနှင်းမှုံကိုလည်း မကြည့် မျက်နှာလွှဲထားသည်။

"အေး ... မင်းတို့လူငယ်ခြင်းမှာ ဘယ်လိုပဟေဠိတွေရှိနေ

မှန်း ငါ မသိဘူး မိန်းကလေး ... ငါဟာ ဦးဗညားရဲ့ညီအ
မင်းအောင်တဲ့ ... လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်လောက်က
ငါက ဘုန်းကြီးဝတ်နဲ့ ... ဟောဒီကောင် တူးတူးက လေး
သားပဲ ရှိသေးတယ် ... သူဟာ ငါ့အစ်ကို ဦးဗညားရဲ့ တ
ဦးတည်းသောသား ... သူ့ကို ကျောင်းထားတော့ နာမ
တောင် ကျကျနန မမှည့်ရသေးဘူး ... သူ့ကို ချစ်စနိုးနဲ့
တို့အားလုံး သူ့အဖေ ဦးဗညားကအစ တူးတူးလို့ပဲ ခေါ်ခဲ့
တာကိုး ... သူ့မှာ အမွှာညီအစ်ကိုလည်း မရှိဘူး ... အ
သူ့အဖေဗညား သေသွားတော့ ဦးလေးရင်း ငါကပဲ သူ
စောင့်ရှောက်လာခဲ့တာ ... သူ့ကို ကျောင်းစထားတေ
အသက်ခြောက်နှစ် ရှိနေပြီ ... သူ့ကို ကျောင်းနာမည်
ပေးခဲ့တာ ... ငါ့နာမည် မင်းအောင်မို့ တူဝရီးကာရံညီအေ
မင်းနောင်လို့ ငါ ပေးလိုက်တဲ့ နာမည်ပဲ ... "

ဆောင်းနှင်းမှုံ၏မျက်နှာလေး တင်းမာစ ပြ
သည်။

"အခု ... ဆောင်းကို ဦးမင်းအောင်က ခေါ်ခိုင်းတာ
"မှန်တယ် မိန်းကလေး ... မင်းက ဦးသိဒ္ဓိရဲ့သမီးပေ
"ဖေဖေ့နာမည် ဦးသိဒ္ဓိ မဟုတ်ဘူး ... ဦးမြတ်မင်း ...
"အခုတော့ ဦးမြတ်မင်းပေါ့လေ ... ဟိုးလွန်ခဲ့တဲ့ အနှ





ဆယ်တုန်းကတော့ မိန်းကလေးရဲ့ ဖေဖေဟာ ဦးသိဒ္ဓိ အမည်နဲ့ တော်တော်ကြီး သောင်းကျန်းခဲ့တာပေါ့ ... အခု တော့ ဦးမြတ်မင်းပေါ့လေ ... ဟုတ်စ ... "

ဆောင်းနှင်းမှုံ ငြိမ်၍လည်း နားထောင်သည်။ သဘောပေါက်စလည်း ရှိလာသည်။

"အင်း ... မိန်းကလေးရဲ့ ဖေဖေလိုပဲပေါ့ကွယ် ... မန္တလေး က ဦးအောင်ကြူးဆိုတဲ့လူဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က "သူရ"ဆိုတဲ့ နာမည်နဲ့ မိန်းကလေးရဲ့ အဖေ ဦးသိဒ္ဓိရဲ့တပည့် ဖြစ်ဘူးတယ် ... သေရှာပါပြီ ... အခုတော့ ဦးအောင်ကြူး အမည်ခံ သူရဆိုတဲ့လူဟာ ကားမှောက်သေဆုံးသွားရှာပါ ပြီ ... "

ဆောင်းနှင်းမှုံ သိသိသာသာပင် ကြောက်လာလေ တော့သည်။ အကြောင်းမူ မန္တလေးက ဦးအောင်ကြူးသေဆုံးစဉ်က မိမိလည်း ဖေဖေနှင့် ပါသွားသောကြောင့် ဖြစ်ပါ၏။

"မော်လမြိုင်မှာလည်း တစ်ယောက်ရှိသေးတယ် ... အခု နာမည်က ဦးစိမ်းမောင်တဲ့ ... ဟိုအနှစ်နှစ်ဆယ်တုန်းက တော့ သူ့နာမည်က ဝဏ္ဏတဲ့ ... သူလည်း မိန်းကလေးအဖေ ရဲ့ ဦးသိဒ္ဓိရဲ့တပည့်ရင်းပဲ ... အင်း ... အဲဒီ ဦးစိမ်းမောင်

လည်း ပြီးခဲ့တဲ့နှစ်ကပဲ မြွေဆိုးကိုက်လို့ သေသွားပြန်ပါရော ကွယ် ... ”

ယခုမှ ဆောင်းနှင်းမှုံ သတိထားမိတော့သည်။ ဖေဖေဦးမြတ်မင်းသည် မန္တလေး ဦးအောင်ကြူး အသုဘမှ ပြန်သည်ကစပြီး မရွှင်ပျတော့ ...။ မိမိလစ်လျှင် အမြဲငေါင်နေတတ်သည်။

မော်လမြိုင်မှ ဦးစိမ်းမောင်၏ အသုဘမှအပြန် ဖေဖေပိုပြီး ဂယောင်ချောက်ချားတွေ ဖြစ်လာသည်။ လုံခြုံမှုအတွက် အုတ်နံရံခြံစည်းရိုးကို အမြင့်ကြီးကာသည်။

ပြီး မော်လမြိုင်မှ ပြန်လာပြီးမှ ဖေဖေသည် သူ့တပည့်တွေနှင့် အပြင်သို့ ခဏခဏထွက်သည်။

မြင်းပေါ်မှ မတော်တဆလိမ့်ကျပြီး အဆစ်လွဲသည်ဆိုကာ ဆရာဝန်နှင့် ကျိတ်ကုသည်။

တစ်သက်နှင့် တစ်ကိုယ် မြင်းစီးလာသော ဖေဖေသည် ဘယ်တုန်းကမှ မြင်းပေါ်က လိမ့်မကျဘူးခဲ့၊ ဖေဖေ မြင်းစီး သိပ်ကျွမ်းကျင်သည်။ ကိုးမိုင်ခြံကြီးထဲတွင် အင်းခွေးကြီးတွေလည်း မွေးလိုက်သေးသည်။

ဖေဖေပြောသမျှ ပေါ့ပေါ့ဆဆပင် ယုံကြည်လာခဲ့သော ဆောင်းနှင်းမှုံသည် ယခုမှ အားလုံးကို ဆက်စပ်တွေးမိလာတော့သည်။





ဖေဖေ ငယ်စဉ်က ဘာတွေသည် ဘယ်လိုတွေ ဖြစ်ခဲ့မှန်းတော့မသိ။ ယခု ဦးမင်းအောင် ပြောပြနေပုံမှာ မန္တလေးမှ ဦးအောင်ကြူး(ခေါ်) ဦးသူရ၊ မော်လမြိုင်မှ ဦးစိမ်းမောင်(ခေါ်) ဦး၀ဏ္ဏ သေဆုံးသွားခြင်းတွေနှင့် ဆက်စပ်ကြည့်ပါက ထိုစဉ်က ခေါင်းဆောင်ဖြစ်ခဲ့သည့် ဦးသိဒ္ဓိ(ခေါ်)ဖေဖေဦးမြတ်မင်းအတွက် အသက်ဘေးအန္တရာယ် ရှိနေပြီမှန်း ခြုံငုံဆက်စပ်ပြီး ဆောင်းနှင်းမှုံ အရိပ်ပြအကောင်ထင် သဘောပေါက်ပေပြီ။

ယခု မိမိကို ဤအိမ်၊ ဤခြံကြီးသို့ ခေါ်လာခြင်းမှာ ကောင်းသောခေါ်လာခြင်း မဟုတ်နိုင်။

“အခု ကိုမင်းနောင်က ဒီကို ဆောင်းကို ခေါ်လာတဲ့ကိစ္စက ရော ဦးမင်းအောင် ... ”

ဦးမင်းအောင်က ထိုင်ရာမှ ထရပ်ကာ ဆောင်းနှင်းမှုံကို ငုံ့ကြည့်ပြီး ဖြည်းလေးစွာ ပြောလိုက်သည်။

“ကြွေးဆိုတာ ပြန်ပြီးပေးဆပ်ရမှာပေါ့ မိန်းကလေး ... ဦးအောင်ကြူးနဲ့ ဦးစိမ်းမောင်ကတော့ ကြွေးဆပ်ပြီး သွားကြပြီ ... တကယ်လို့သာ သူ့အဖေ ဦးဗညား ကိုသိဒ္ဓိခေါင်းဆောင်ပြီးသူရ၊ ဝဏ္ဏတို့က သုံးယောက်နဲ့ တစ်ယောက် အနိုင်ကျင့်သတ်ဖြတ်လိုက်တာကို လေးနှစ်သားအရွယ် မဟုတ်ဘဲ လူလားမြောက်တဲ့အရွယ်သာ ရောက်နေရင် သူ့

အဖေဦးဗညားကို သတ်သွားတဲ့ အကြေးကို တူးတူးကိုယ် တိုင် ေဟာင်းမှာပါ ... ဒါပေမဲ့ အဲဒီတုန်းက တူးတူးက ဘာ မှ မသိတဲ့အရွယ်လေးလေ ... အဲဒီတော့ အစ်ကိုဗညားရဲ့ ကြွေးတွေကို ညီရင်းဖြစ်တဲ့ ငါ မင်းအောင်ကပဲ လိုက်တောင်း ရတော့တာပေါ့ မိန်းကလေး ... ”

“ဒါ ... ဒါဆို အခု ဆောင်းကို ဒီကိုခေါ်လာတာဟာ”

“ဦးသိဒ္ဓိရဲ့ အလွန်တရာချစ်လှတဲ့ တစ်ဦးတည်းသောသမီး လေးကို တမင်ခေါ်လာတာပေါ့ ... အဲဒီ တစ်ဦးတည်းသော သမီးလေး ဆောင်းနဲ့ ငါ့တူ တူးတူးကလည်း မိတ်ဆွေဖြစ် နေမှန်း ငါ သိထားတော့ ဆောင်းကို ငါ့ဆီအပါ ခေါ်လာခဲ့ လို့ တူးတူးကို ငါက အမိန့်ပေးလိုက်တာပဲ ... ”

“ဒါဆို ... ဆောင်းကို ဖေဖေ့ကိုယ်စား သတ်ပစ်ဖို့ ခေါ်လာ တာပေါ့ ဟုတ်လား ... ”

“ကျွတ် ... ကျွတ် ... ကျွတ် ... ”

ဦးမင်းအောင်က စုတ်သတ်ပြီး ဦးခေါင်းကို သွက် သွက်ခါယမ်းပြသည်။

“ဘာဆိုင်လဲ ... မိန်းကလေးရယ် ... မကောင်းခဲ့တာက လက်မပဲဟာ ... လက်မကိုပဲ ဖြတ်ပစ်ရမှာပေါ့ ... လက်သန်း လေးကို ဘာဆိုင်လို့ ဖြတ်ရမှာလဲ ... နောက်ပြီး မိန်းကလေး





ကို သတ်ပစ်ဖို့ နေနေသာသာ အရှိုးထင်အောင်တောင် ရိုက် ရက်စရာ မရှိအောင် နုနယ်ပြီး လှပနေတဲ့ မိန်းကလေးပဲ၊ မိန်းကလေးကို ဒီလို ဖမ်းထားလိုက်ရင် မိန်းကလေးရဲ့ဖေဖေ အကြီးအကျယ် သောကရောက်မယ် ... သွေးပူခွေးဆူပြီး အကြံကောင်း ဉာဏ်ကောင်းတွေ မထုတ်နိုင်တော့ဘူး မဟုတ်လား ... ငါ့အဖို့ မန္တလေးက အောင်ကြူးနဲ့ မော်လ မြိုင်က စိမ်းမောင်တို့ကို ကြံစည်ရာမှာ လွယ်သလောက် မိန်းကလေးရဲ့ ဖေဖေ ဦးသိဒ္ဓိမှာ ငွေကြေးကလည်း တအား ချမ်းသာ အရမ်းတတ်နိုင်တယ် ... တပည့်တွေကလည်း တကကယ့်လက်ရွေးစင်တွေ မွေးထား ... ဦးသိဒ္ဓိကိုယ်တိုင် ကလည်း ကြံရည်ဖန်ရည် သိပ်ထက်မြက်နေတော့ ငါ ကြံ စည်ရတာ ခက်ခဲတယ် ... ဒါကြောင့် သူ သိပ်ချစ်မြတ်နိုးတဲ့ သမီးလေးကို ငါ့ဆီမှာ ခေါ်ထားလိုက်ရင် ငါ့ဘက်က အသာ စီးရမယ်လို့တွက်ပြီး တူးတူးကို မိန်းကလေးကို အရခေါ်ခဲ့ ရမယ်လို့ အမိန့်ပေးလိုက်တာပဲ ... ဒီကောင် တူးတူးက အဲဒီလို မလုပ်ချင်လို့ ငါ့ကို ငြင်းဆန်ပါသေးတယ် ... ဒါပေမဲ့ ဒီကောင် တူးတူး ငါ့ကို ဘယ်ငြင်းဆန်လို့ ရမလဲ ... ငါက အစ်ကိုဗညားသေပြီးတဲ့နောက်တူးတူးကိုဖအေတစ်ယောက် လို သံယောဇဉ်နဲ့ မွေးလာခဲ့တာ ... ငါ့စကား ဒီကောင်

ဘယ်လွန်ဆန်လို့ ရမလဲ … ဒါပေမဲ့ စိတ်ချ မိန်းကလေး မှည့်တစ်ပေါက် မစွန်းစေရဘူးလို့ ငါ အာမခံတယ် …

ဦးမင်းအောင်သည် မင်းနောင်ကိုလှည့်ပြီး အမိ ပေးပြန်သည်။

“ဒီမှာ တူးတူး … ငါ သွားစရာရှိသေးတယ် … ဒီမိန်းကလေ ကို ဘယ်နည်းနဲ့မှ မလွတ်သွားစေနဲ့ … မင်း စိတ်နဲ့ မ ပြန်လွှတ်ပေးရင် မင်းနဲ့ ငါ ပွဲပြီးပြီလို့သာ မှတ်လိုက် မင်းကို ဘယ်တော့မှ ဦးလေးရယ် မွေးစားအဖေရယ် မမှ နဲ့တော့ … ဦးအန်းဘားကြီးကို ငါ သေချာစွာ မှာခဲ့မ ခြံထဲမှာ ခွေးတွေလည်း လွှတ်ထားခိုင်းမယ် ဒါပဲ”

ဆောင်းဘက်သို့ တဖန် လှည့်ပြောပြန်သည်။

“ဒီမယ် … မိန်းကလေး … ငြိမ်ငြိမ်နေပါ … ထွက်ပြေ ဘယ်လိုမှ မကြိုးစားနဲ့ … ခြံထဲမှာ ဦးအန်းဘားကြီးနဲ့ ခွေ ကြီး ငါးကောင်ရှိတယ် … ဦးအန်းဘားက မိန်းကလေး ထက်ပိုင်းချိုးပစ်နိုင်တယ် … ခွေးကြီးငါးကောင်ကလည် မိန်းကလေးကို တစ်စစီဖြစ်အောင် ကိုက်ဆွဲမဲ့ အကော တွေ မိန်းကလေး ငြိမ်ငြိမ်လေးနေရင်း မှည့်တစ်ပေါက်မစွ စေရဘူး ကြားလား မိန်းကလေး … ”





ဦးမင်းအောင်သည် အားလုံး အမိန့်ပေး မှာကြားပြီး မော်တော်ဆိုင်ကယ်စီးကာ အပြင်သို့ ထွက်သွားတော့သည်။

မင်းနောင်က တံခါးကို ပြန်ပိတ်လိုက်သည်။

ဆောင်းနှင်းမှုံ ချုံးပွဲချ ငိုချလိုက်တော့သည်။

မင်းနောင်သည် တစ်ချိန်လုံး ဦးမင်းအောင်ပြော သမျှ မတ်တတ်ရပ်နားထောင်နေပြီး ဦးမင်းအောင် ဆိုင်ကယ်နှင့် ထွက်သွားမှ ငိုချနေသော ဆောင်းနှင်းမှုံရှေ့တွင် ငုတ်တုတ်ထိုင် လိုက်သည်။

❒ ❒

## ( ၁၄ )

"ကျွန်တော် စိတ်မကောင်းပါဘူး ဆောင်း ... ကျွန်တော် ဦးလေးအောင်ရဲ့ အမိန့်ကို ဘယ်လိုမှ မလွန်ဆန်ရဲလို့ ဒီကို ခေါ်လာခဲ့ရတာပါ ... ဦးလေးအောင် လုပ်ဆောင်နေသမျှ ဟာ ဖေဖေဦးဗညားရဲ့ သားအရင်းဖြစ်တဲ့ ကျွန်တော်က လုပ်ဆောင်မှာတွေပါ ကျွန်တော့်ကိုယ်စား ဦးလေးအောင် က လုပ်ပေးနေတာပါ ဆောင်း ..."

"တော်ပါတော့ ကိုမင်းနောင် ... ရှင်ဟာ လူလိမ်လူညာပဲ၊ ရှင် ပြောခဲ့တဲ့ အမြွှာညီအစ်ကိုပါဆိုတဲ့ စကားကို ကျွန်မ ယုံကြည်မိလို့ ဒီကို လိုက်လာမိတာ တကယ်တော့ ရှင့်မှာ ဘာအမြွှာညီအစ်ကိုမှ မရှိဘူး မဟုတ်လား ... ဘာလို့ ကျွန်မ





ကို လိမ်ညာတာလည်း အမရပူရလမ်းမှာ တွေ့ခဲ့တာလည်း ရှင်ပဲ မဟုတ်လား ..."

"ကျွန်တော် ရှင်းပြပါ့မယ် ... ကျွန်တော့်မှာ ဘာအမြွှာညီ အစ်ကိုမှ မရှိခဲ့ပါဘူး ... ကျွန်တော် ဆယ်တန်းအောင်ပြီးတဲ့ နောက် တက္ကသိုလ်မှာ ဆက်မနေချင်ဘဲ မန္တလေးမှာပဲ တည်းခိုခန်းတွေမှာ နေခဲ့တယ် ... ဦးလေးအောင်နဲ့လည်း အတူတူ မနေပါဘူး ... ဦးလေးအောင်က တောင်ကြီးမှာပဲ နေတယ် ... ဖေဖေဗညားကျန်ခဲ့တဲ့ အမွေတွေအားလုံးကို ကျွန်တော် ထုခွဲပြီး ငွေတွေအားလုံး မန္တလေးဘဏ်မှာပဲ အပ်ထားတယ် ... ဦးလေးအောင်က သူ့ငွေနဲ့ သူနေတာပါ။ ကျွန်တော် စိတ်လွတ်ကိုယ်လွတ် မော်တော်ဆိုင်ကယ်တစ် စီးနဲ့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တွေ လျှောက်သွားပြီး ကျွန်တော် ဝါသနာပါတဲ့ ပညာတွေကို လေ့လာနေတယ် ... အဲ ... လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ဦးလေးအောင်က ကျွန်တော့်ကို ပြန်လာခဲ့တော့၊ မန္တလေး မှာဆုံကြမယ်လို့ ခေါ်လိုက်တာနဲ့ မန္တလေးကို ကျွန်တော် ဦးလေးအောင်နဲ့ ဆုံစည်းဖို့ ပြန်လာခဲ့တယ် ... အဲဒီအခါကျ မှ ဦးလေးအောင်က ပြောပြတာပါ ... ကျွန်တော့်အဖေ ဦးဗညားကို ဦးသိဒ္ဓိရယ်၊ ဦးသူရရယ်၊ ဦးဝဏ္ဏ သုံးယောက်

ပေါင်းပြီး နိုင့်ထက်စီးနင်း သတ်ပစ်ခဲ့တယ်ဆိုတဲ့ ဇာတ်ကြောင်း ပြန်ပြောပြတယ် ... အဲဒါတွေ ကျွန်တော် လုံးဝ မမှတ်မိပါဘူး ဆောင်း ... ဦးသိဒ္ဓိ၊ ဦးသူရ၊ ဦးဝဏ္ဏဆိုတာလည်း ကျွန်တော် မမြင်ဖူးပါဘူး ... သိလည်း မသိဘူး”

“ဦးလေးအောင်က သိပ်စိတ်ကြီးပြီး သိပ်ခက်ထန်ပါတယ် ဆောင်း ... တကယ်လို့သာ သူ့အစ်ကို ကိုဗညားဟာ တစ်ယောက်ချင်း ဘယ်သူနဲ့ သတ်သတ် နိုင်အောင် မသတ်နိုင်လို့ ရှုံးပြီး သူပဲ အသတ်ခံလိုက်ရတာမျိုးဆိုရင် ဦးလေးအောင်က ဘာမှ ဇွဲယူမှာ မဟုတ်ပါဘူး ... ကိုယ်ညံ့လို့ ကိုယ်ခံရတာလို့ပဲ ယူမှတ်မှာတဲ့ ... အခုတော့ သုံးယောက်က ဓားကိုယ်စီနဲ့ ဖေဖေဗညားလက်ထဲမှာ ဘာလက်နက်မှ မရှိဘဲ အတင်းဝင်အတင်း ဓားကိုယ်စီနဲ့ ထိုးသတ်ခဲ့တာတဲ့၊ ဒါကို ဦးလေးမင်းအောင်က လုံးဝကြီးကို မကျေနပ်ဘူး ... ဒါပေမဲ့ ဦးလေးအောင်က ချက်ချင်း ကလဲ့စား မချေဘူး၊ သူ တစ်ခုခုဖြစ်သွားရင် ကျွန်တော် တစ်ယောက်တည်း လောကအလယ်မှာ ယောင်လည်လည်ဖြစ်မှာ စိုးရိမ်တယ်၊ ဦးလေးအောင်က ငယ်စဉ်ကတည်းက ရှမ်းဘုန်းတော်ကြီး တစ်ပါးဆီမှာ အိုင်းတွေ၊ ဗန်တို ဗန်ရှည်တွေ ဘက်စုံ့ အတတ်ပညာတွေ သင်ထား တတ်မြောက်ထားတယ် ...





ကျွန်တော် လေးနှစ်သားအရွယ်ကတည်းက ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့နယ်ထဲက ကျေးရွာလေးတစ်ရွာမှာနေပြီးသူတတ်သမျှ ကိုယ်ခံပညာတွေ ကျွန်တော့်ကို သင်ပေးခဲ့တယ် ... ကျွန်တော် အဲဒီရွာမှာ မူလတန်းလေး တန်းအောင်တော့ ဦးအောင်က တောင်ကြီးမြို့ပေါ် ရွှေ့နေပြီး ကျွန်တော့်ကိုတော့ မန္တလေးမှာ အလယ်တန်းဆက်ပြီး ကျောင်းနေစေတယ် ... အဲဒီကတည်းက အလယ်တန်းမှာ ဝင်းထွတ်နဲ့ စတွေ့ ခင်မင်သူငယ်ချင်း ဖြစ်သွားတာ ... ”

“ဒါဆို လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က အမရပူရလမ်းမှာ လမ်းသူရဲ ချာလီတို့အုပ်စုလက်က ကျွန်မကို ကယ်ခဲ့တာ ရှင်ပဲပေါ့ ဟုတ်လား ... ”

“ဟုတ်ပါတယ် ဆောင်း ... ”

“ဒါဆို ကျွန်မကို ကယ်ခဲ့တာ အမြွှာအစ်ကိုက ကယ်ခဲ့တာလို့ ဘာလို့ ကျွန်မကို လိမ်ညာပြောတာလဲ ... ညာတာမှ ယုတ္တိယုတ္တာနဲ့ အမြွှာညီအစ်ကိုချင်း မနေခြင်း ဆက်နေတာတွေ ... တယ်လီပယ်ဆီတွေနဲ့ ပြောလည်းပြောတတ်တယ် ... ”

“သွေးရူးသွေးတန်း ရုတ်တရက် လျှောက်ပြောမိတဲ့ သဘောပါ ဆောင်း ... ကျွန်တော် အစအဆုံး ပြောပါရစေ ... အဲဒီ

လွှန်ခဲ့တဲ့ နှစ်နှစ်ကျော်ကပဲပေါ့ ... မန္တလေးဈေးချိုမှာ တောင်းအေ့(စ်)ကားပေါ်က ဆင်းလာတဲ့ ... ဆောင်းကို ကျွန်တော် ပထမဆုံး မြင်ဘူးလိုက်တယ် ... အဲဒီ အချိန်ဟာ ကျွန်တော် ... ဆယ်တန်းအောင်ပြီးလို့ ပြည်နယ်တွေကို လျှောက်သွားပြီး မန္တလေးကို ပြန်ရောက်လာတဲ့ အချိန်ပါ"

"ကျွန်တော် ဆက်ပြောရင်း အခုလို ဆောင်း သောကဖြစ်ပြီး ငိုယိုနေတဲ့ အခိုက်မှာ ရည်းစားစကားပြောရာ ရောက်တော့မယ် ... ဒါပေမဲ့ ကျွန်တော် ရည်စားစကားပြောတာ မဟုတ်ဘူးနော် ဆောင်း ... အမှန်ကို အမှန်အတိုင်း ရင်ထဲမှာရှိတဲ့အတိုင်း ပြောတာပါ ... "

"အဲ ... ဆောင်း တောင်းအေ့(စ်)ကားပေါ်က ဆင်းလာတာ ရုတ်ခနဲ မြင်လိုက်တာနဲ့ပဲ ကျွန်တော် ရင်ထဲက နှလုံးသားဟာ အလိုလို ခုန်သွားတယ် ... ကျွန်တော့်တစ်သက်မှာ ဘယ်မိန်းကလေးတစ်ယောက်အပေါ်မှာမှ နှလုံးခုန်ခဲ့တာမျိုး မရှိခဲ့ပါဘူး ... ဆောင်းကို ပထမဆုံး ဈေးချိုမှာ တွေ့လိုက်ချိန်ဟာ ကျွန်တော့်ရဲ့ နှလုံးသားပထမဆုံးအကြိမ် ခုန်ခဲ့တာပါဆောင်း ... "

ဆောင်းနှင်းမှုံဘာမျှ ပြန်မပြော၊ ငြိမ်ပြီး နားထောင်နေပါ၏။





"ဆောင်း ဈေးချိုထဲက ပြန်ထွက်လာတဲ့အထိ ကျွန်တော် မော်တော်ဆိုင်ကယ်ရပ်ပြီး စောင့်နေခဲ့တယ် ... ဆောင်း ဈေးချိုက ကားနဲ့ ပြန်အထွက်မှာပဲ ကျွန်တော် နောက်က လိုက်ခဲ့တယ် ... "

"မဟာမြတ်မုနိဘုရားကြီး ရောက်တော့ ဆောင်းကို ချာလီတို့လူသိုက် တွေ့သွားပြီး သူတို့ သုံးယောက်အဖွဲ့ တိုင်ပင်နေတာကို ကျွန်တော် တွေ့ရတယ် ကြားရတယ်"

"ဒီကောင် ချာလီတို့အဖွဲ့အကြောင်း ကျွန်တော် ကောင်းကောင်း သိတာပေါ့ ... ဒါကြောင့် ဆောင်းမှာ အန္တရာယ်ရှိလာတော့မယ်မှန်း ကျွန်တော် သိလိုက်တယ် ... ဒါကြောင့် ဆောင်း စစ်ကိုင်းဘက်ကူးသွားတဲ့အထိ ကျွန်တော်ကလိုက်လာပြီး တံတားကြီးဂိတ်က ကျွန်တော် စောင့်နေတယ် ... ဆောင်း စစ်ကိုင်းက ပြန်လာတော့လည်း ကျွန်တော် နောက်က ဆက်လိုက်ခဲ့ပါတယ် ... ထင်တဲ့အတိုင်းပဲ ချာလီတို့အဖွဲ့က ဆောင်းကို ကားဝင်မြေးဖို့ ကြိုးစားကြတာကို ကျွန်တော် ဝင်ကယ်ပေးလိုက်တာပဲ ဆောင်း ... "

"ဒါဆို ကိုမင်းနောင်ကိုပဲ ကျွန်မက ကျေးဇူးတင်ပါတယ်လို့ ပြောရတော့မှာပေါ့ ဟုတ်လား ... "

"ဆောင်းတို့သားအဖ မန္တလေးက ရန်ကုန်ကို ပြန်သွားပြီး

တဲ့နောက် ကျွန်တော် ရှမ်းပြည်နယ်ဘက်ကို လေးငါး ခြောက်လ သွားနေလိုက်သေးတယ် ... အဲဒီနောက် ဦးလေး အောင်က မော်လမြိုင်ကို သွားစရာရှိတယ်လို့ ပြန်ခေါ်တာ မို့ ဦးလေးအောင်နဲ့ မော်လမြိုင်ကို ကျွန်တော် လိုက်သွား တယ် ... ”

“သြ ... ဒါဆို မော်လမြိုင်က ဦးစိမ်းမောင်ကို ရှင်တို့သွား သတ်လိုက်တယ် ဆိုပါတော့ ... ”

“မန္တလေးက ဦးအောင်ကြူးကိစ္စမှာရော မော်လမြိုင်က ဦးစိမ်းမောင် ကိစ္စမှာရော ကျွန်တော်ကိုယ်တိုင် ကိုယ်ထိ လက်ရောက် ဘာမှမပါဝင် မလုပ်ဆောင်ပါဘူး ဆောင်း၊ ဦးလေးအောင်က တစ်ယောက်တည်း သူ့ဟာသူ လုပ်သွား တာချည်းပဲ ... အဲ ... ဦးလေးအောင်ကို ကျွန်တော် ကူညီ ခဲ့ရတာက ကတ်ပြားနီလေးတွေပေါ်မှာ ကတ်ပြားစိမ်း လေးတွေအပေါ်မှာ ... ဦးလေးအောင် ပြောတဲ့အတိုင်း ကျွန်တော့်လက်ရေးနဲ့ ရေးပေးခဲ့တာပဲ ရှိပါတယ် ... ”

“ဖေဖေ့ဆီကိုရော ရှင်တို့ ကတ်ပြားနီ ပို့ထားပြီးပြီလား”

“ပို့ပြီးပြီ ... ဦးသိဒ္ဓိလက်မှာ ဒဏ်ရာရတဲ့နေ့က ဆောင်းတို့ ရဲ့ ကိုးမိုင်ခြံကြီးရဲ့ အနောက်ဘက်တောင်ကုန်းမြင့် ညောင် ပင်ကြီးပေါ်ကနေပြီး ဦးလေးအောင် သေနတ်နဲ့ ပစ်တာ”





“ကြည့်စမ်း ... ”

ဟု ဆောင်းနှင်းမှ ရေရွတ်လိုက်မိသည်။ မခံချင်စိတ် ဖြစ်ပေါ်လာရသည်။

ထိုစဉ်က ဖေဖေသည် မိမိစိတ်မကောင်း စိတ်ပူမည် စိုးရိမ်သောကြောင့် မြင်းပေါ်က လိမ့်ကျလို့ လက်ဆစ်လွဲသွားတာ ဟု လိမ်လွဲပြောပါလားဟု အခုမှ သဘောပေါက်သည်။

မင်းနောင် ဆက်ပြောပြပါ၏။

“အဲဒီနောက်တော့ ဦးလေးအောင်က အမေ့အလျော့ စောင့် တဲ့အနေနဲ့ တောင်ကြီးကို ပြန်သွားတယ် ... ကျွန်တော်က ဝင်းထွတ်နဲ့ ပြန်တွေ့လို့ ရန်ကုန်မှာပဲ နေခဲ့တယ် ဆောင်း၊ ဝင်းထွတ်နဲ့ သွားလာရင်းက ဆောင်းကို ကျွန်တော် ပြန် တွေ့လာရတယ် ... ဒါပေမဲ့ ဆောင်းကို အတင်းကရကြီး တွေ့ဖို့ ကျွန်တော် မကြိုးစားခဲ့ပါဘူး ... ဆောင်း ကျောင်း ဆင်းပြီး မောရဝတီမှာ ကားရပ်ပြီး ပြန်ဆက်မောင်းမှာ ဆောင်းရဲ့ကားနောက်က ကျွန်တော် မော်တော်ဆိုင်ကယ် နဲ့ လိုက်တယ် ... ကိုးမိုင်ရောက်ခါနီး ဆောင်းရဲ့ကားကို ကျွန်တော် မော်တော်ဆိုင်ကယ် ကျော်တက်ပြီး လက်ပြ နှုတ်ဆက်တယ် ... အဲ ... ကျွန်တော် ဆောင်းရဲ့ကားကို ရပ်စေပြီး နှုတ်ဆက်မယ် ... စကားပြောမယ်လို့ အကြိမ်

ကြိမ် စိတ်ကူးပါသေးတယ် ... ဒါပေမဲ့ ကျွန်တော့်စိတ်မှာ မရဲဘူး ... ဒါကြောင့် လျှောက်ပြန်သံပေး ပုံစံနဲ့ ဆောင်းကို ကျွန်တော်က တွေ့ရုံမြင်ရုံလောက်ပဲ ကျွန်တော် နေခဲ့တယ်၊ ဆောင်းကို မျက်နှာချင်းဆိုင် ပက်ပင်းကြီး ဆင်းတွေ့ဖို့ ကျွန်တော့်မှာ ဝန်လေးစေတဲ့ အကြောင်းနှစ်ချက် ရှိနေတယ် ... ပထမအချက်က ကျွန်တော်ဟာ ဆောင်း ဖေဖေရဲ့ ရန်သူဖြစ်နေတယ် ... ကျွန်တော်ကိုယ်တိုင် ကျူးလွန်တာ မဟုတ်ပေမဲ့ ကျွန်တော့်ကိုယ်စား ကျူးလွန်ပေးနေတဲ့ ဦးလေးမင်းအောင်ရဲ့ တူအရင်းဖြစ်နေတာဟာ ဆောင်း ဖေဖေရဲ့ ရန်သူစာရင်းမှာ ကျွန်တော်အပါအဝင် ဖြစ်နေလို့၊ ဦးအောင်လုပ်ခဲ့သမျှဟာ ပိပိရိရိ လျှို့လျှို့ဝှက်ဝှက်ချည်းပဲ၊ မန္တလေးက အောင်ကြူး၊ မော်လမြိုင်က ဦးစိမ်းမောင် သေဆုံးတဲ့ကိစ္စမှာ ဆောင်း ဘယ်လောက်ထိ သိထားသလဲဆိုကတော့ ကျွန်တော် မသိဘူး ... ဦးလေးအောင်ဟာ သူလုပ်ခဲ့သမျှမှာ ကျွန်တော့် မော်တော်ဆိုင်ကယ်ကို အသုံးပြုသွားတယ် ... ဦးလေးအောင်က ပြောတယ် ... သူတို့ ငါ့ကို ရိပ်မိရင် မော်တော်ဆိုင်ကယ်နဲ့ လူဆိုတာလောက်ပဲ ရိပ်မိနိုင်တယ်တဲ့ ... ကျွန်တော်ကလည်း ဆောင်းနောက်က မော်တော်ဆိုင်ကယ်နဲ့ တကောက်ကောက်လိုက်နေတယ်၊





ချာလီတို့နဲ့ တွေ့ကြတုန်းကလည်း ကျွန်တော့်မော်တော်ဆိုင်ကယ်နဲ့ပဲ ဆိုတော့ ... ဆောင်း သိသွားတယ် မဟုတ်လား ... အဲဒီနှစ်ခု ရောထွေးနေတဲ့ သဘောရှိနေတယ်လေ ... ဒါကြောင့် ဆောင်းကို ကျွန်တော် မျက်နှာချင်းဆိုင် ဆင်းမတွေ့ရတာ ... နောက် ဒုတိယအချက်က ကျွန်တော် ဆောင်းကို ဘယ်လောက်ပဲ စိတ်ဝင်စားစား၊ ကျွန်တော်ဟာ ... ဆောင်းနဲ့ မတူဘူး ... မတန်ဘူးလို့ ကျွန်တော့်စိတ်ထဲမှာ သိမ်ငယ်နေတယ် ... ငွေရေးကြေးရေး ချမ်းသာမှု ကွာခြားတာကို ဘေးဖယ်ထားဦး ... ပညာအရည်အချင်းမှာ ကျွန်တော်နဲ့ မဆောင်း ကွာခြားလွန်းနေတယ် ... ကျွန်တော်က ဆယ်တန်းအောင်ရုံပဲ ရှိတယ် ... မဆောင်းက မကြာခင် ဘွဲ့ရတော့မယ် ... ကျွန်တော်က အိမ်ခြေယာခြေ မရှိ ... ခြေသလုံးအိမ်တိုင် ... ဆောင်းက နန်းတော်ကြီးလို အိမ်ကြီးထဲမှာ စံစားနေတဲ့ ရွှေမင်းသမီး၊ ဆောင်းအဖို့ ဆရာဝန်ယူမလား ... အင်ဂျင်နီယာ ယူမလား၊ စစ်ဘက်နယ်ဘက်က အရာရှိတွေကို ယူမလား ... နိုင်ငံခြားသင်္ဘောလိုက် အရာရှိကို ယူမလား ... ဆောင်း ခေါင်းတစ်ချက်ညိတ်လက်ခံလိုက်တာနဲ့ ထိတ်ထိတ်ကျဲ ပုဂ္ဂိုလ်ကို ခေါင်းခေါက် ယူနိုင်တယ် ... အဲဒါတွေကြောင့်လည်း ဆောင်း

မို့ ကျွန်တော် မျက်နှာချင်းမဆိုင်ရဲဘဲ လှော်ပြန်သံပေး ...ဝနဲ့ပဲ ကျေနပ်နေရတာပါ ဆောင်း ... အဲ ... မမျှော်လင့် ဘဲ ယုယုမော်ရဲ့ ဘုရားကိုးဆူပွဲမှာ ဘွားခနဲ ဆောင်းနဲ့ ကျွန်တော် မျက်နှာချင်းဆိုင် ဆုံခဲ့တယ် ... အဲဒီတုန်းက ဝင်းထွတ်က ကျွန်တော့်ကို မလိမ့်တစ်ပတ် အတင်းခေါ် သွားတာ ... မယုယုမော်ရဲ့ ဘုရားကိုးဆူပွဲမှန်း ကျွန်တော် ကြိုတင်သိထားရင် ဘယ်လိုက်မလဲ ဝေးသေး ... ဘာလို့လဲ ဆိုတော့ မယုယုမော်ရဲ့ ဘုရားကိုးဆူပွဲဆိုရင် ဆောင်းလာ မှာကို ကျွန်တော် တင်ကြိုတွက်မှာပေါ့ ... အဲဒီလို မမျှော် လင့်ဘဲ တွေ့လိုက်တာနဲ့ မော်တော်ဆိုင်ကယ်နဲ့လူလို့ မသိ စေချင်တာမို့ ကျွန်တော့်မှာ အမြွာညီအစ်ကိုရှိပါတယ် ... ကျွန်တော် မော်တော်ဆိုင်ကယ် စီးလေ့မရှိပါဘူးဆိုတဲ့ လိမ် ညာစကားတွေ ဆောင်းကို ပြောမိတာပါ ... မိုးကြိုးပစ်လို့ ထန်းလက်ကာ စကားတွေပါ ဆောင်း ... ဒါလောက်ဆိုရင် လိမ်ခဲ့ညာခဲ့တယ်ဆိုတာ ဆောင်း ရှင်းလောက်ပါပြီ ... "

ဆောင်းနှင်းမှုံသည် ကိုမင်းနောင် ပြောသမျှ ဇာတ် လမ်းအရှည်ကြီးကို နားစိုက်ထောင်ပါ၏။

ငိုထားသောကြောင့် မျက်ခွံလေးတွေ မို့နေပြီး နှာ သီးထိပ်လေး နီနေသည်။





မင်းနောင်က ဆောင်းနှင်းမှုံကို ငေးကြည့်နေပါ၏။

"ကိုမင်းနောင် ... "

"ပြောပါဆောင်း ... "

"ဦးလေးဦးမင်းအောင်ကို ပြောပေးပါ ... ဖေဖေ့ကို မသတ် ပါနဲ့လို့ ... "

"ဦးလေးမင်းအောင်ဟာ ... စိတ်ဓာတ်သိမာကြောတယ် ဆောင်း ... ကျွန်တော်က သူ့ကို ငယ်ကြောက်ဖြစ်နေတယ်"

"အခုကိစ္စက ဟိုတစ်ခါတုန်းက ဦးဗညားအတွက် အခဲမကျေ လို့ ပြန်လက်စားချေသင့်တာက ဦးဗညားရဲ့သားအရင်း ကိုမင်းနောင်ကပါ ... ဦးအောင်ကြူးနဲ့ ဦးစိမ်းမောင်ကို လည်း တုံ့ပြန်ပြီးပြီပဲ ... အခု ဖေဖေ့ကိုကျတော့ ဆောင်းကို ငဲ့ညှာတဲ့သဘောနဲ့ မသတ်ပါနဲ့လို့ ကာယကံရှင် အစစ်ဖြစ် တဲ့ ကိုမင်းနောင်ကိုယ်တိုင်ကပြောရင် ဦးလေးမင်းအောင် က လိုက်လျောမလားလို့ပါ ... "

ကိုမင်းနောင်က ခေါင်းခါငြင်းပါ၏။

"ကဲ ... ဒါဆို ဒီလိုလုပ် ... ဖေဖေ့ကိုတော့ မသတ်နဲ့ ... ကျွန်မ ကိုမင်းနောင်ကို တရားဝင်လက်ထပ်မယ် ... ဖေဖေ့ အသက်ကို ပျောကြေးပေးမယ် ... ဘယ့်နှယ်လဲ ကိုမင်း နောင် ... "

ကိုမင်းနောင်က နှုတ်ခမ်းစုံဖွင့် ပြုံးလိုက်ပြီး ပြန်ပြောပါ၏။

"အဲဒါက သာပြီးဝေးတာပေါ့ ဆောင်း ... ကျွန်တော် လိုလားတာက ရုပ်ချောသလောက် မက်မောစရာကောင်းတဲ့ ဆောင်းရဲ့ခန္ဓာကိုယ်ကိုမှ မဟုတ်တာ ... ဆောင်းရဲ့ ရင်ထဲနှလုံးသားထဲက အလိုလို ဖြစ်ပေါ်လာတဲ့ ချစ်မေတ္တာကိုသာ အဓိက လိုလားတာပါ ဆောင်း ... "

□ □





( ၁၆ )

"သမီးဘယ်သွားသလဲ ... ခုချိန်ထိ ပြန်မလာသေးဘူး"

ညနေ(၆)နာရီခွဲသည်အထိ သမီးဆောင်း အိမ်ပြန်မလာသောကြောင့် ဦးမြတ်မင်း စိုးရိမ်ကြီးစွာဖြင့် ဆူပူအော်ဟစ်တော့သည်။

"ငါ့ တောင်းအေ့(စ်)ကားရော သမီးရဲ့ဆန်နီကားရော ငါ ယူသွားတယ် ... သမီး ဘယ်သူ့ကားနဲ့ သွားသလဲ နန်းယုံ၊ ဟေး ... နန်းယုံ ... "

"လာပါပြီ ဆရာကြီး ... "

ဒေါ်နန်းယုံ ပြေးထွက်လာသည်။

"ပြောစမ်း ... ကျုပ်သမီးဆောင်း ဘယ်သူ့ကားနဲ့ လိုက်သွားသလဲ ... "

"ကားနီလေးပဲ ဆရာကြီး … အဲဒီကားက တခြားကားတွေနဲ့ မတူဘူး … ခေါင်းအရှည်ကြီးနဲ့ ဖင်တိုတိုလေး … အမိုးလည်း မပါဘူး … ထိုင်စရာလည်း နှစ်ခုံပဲပါတယ် … မောင်းတဲ့လူနဲ့ … "

"ဘာဗျ … မောင်းတဲ့လူနဲ့ သမီးနှစ်ယောက်တည်း ထိုင်သွားတယ်ပေါ့ ဟုတ်လား … "

"ဟုတ်ပါတယ် ဆရာကြီး … "

"ကားမောင်းတဲ့လူကို ခင်ဗျား တွေ့လိုက်သလား … "

"တွေ့ရုံပဲ တွေ့တယ် … အဲဒီကားက ခြံထဲ မဝင်ဘူး … ခြံပြင်မှာပဲ ရပ်တာ … ဆောင်း ခြံပြင်ထွက်ပြီး အဲဒီကားပေါ် တက်တာနဲ့ မောင်းထွက်သွားတယ် … "

ဦးမြတ်မင်း မေးစေ့လက်ညှိုးထောက် စဉ်းစားတော့သည်။

"ဒါဆို အချိန်းအချက်လုပ်ပြီးမှ လိုက်သွားတဲ့ သဘောပဲ"

"အဲဒါ ဟုတ်ပါတယ် ဆရာကြီး … အဲဒီကားအနီလေး မလာခင် တယ်လီဖုန်းလာတယ် … ဖုန်းကို ဆောင်းပဲပြောပါတယ် … ဖုန်းပြောပြီး မကြာခင် … အဲဒီကားနီလေးနဲ့လူ ရောက်လာတာပါ … "





ဒါဆို သမီးဆောင်း ချစ်သူနှင့် ခိုးရာလိုက်သွားခြင်း ပေလားဟု ဦးမြတ်မင်း စဉ်းစားသည်။ စဉ်းစားရင်း ဦးမြတ်မင်း ခေါင်းခါလိုက်သည်။

သမီးဆောင်းကို ချုပ်ချယ်ထားထားခြင်း … အိမ်ထောင်ရေး သတ်မှတ်ပေးထားခြင်းမျိုးတွေ လုံးဝမရှိခဲ့ပေ။ သမီးဆောင်း ချစ်သူရှိ၍ လက်ထပ်မည်ဆိုလျှင် ဘယ်လိုလူမျိုးဖြစ်စေ ဦးမြတ်မင်းက သမီးဆောင်း စိတ်ချမ်းသာမှုအတွက်သာ အဓိကထားမည်သာ။ သမီးဆောင်းကလည်း ဘာမဆို ဖခင်အား ဖွင့်ပြောပြလေ့ ရှိသည်။ သူမအား ထိုက်ထိုက်တန်တန် အမျိုးသားတွေလာရောက်ချဉ်းကပ်သမျှ ဖအေကို ပြောပြတတ်သည်။ ဦးမြတ်မင်းကိုယ်တိုင်က သမီးကိုယ်တိုင် လိုလားချစ်ခင်သူဖြစ်လျှင် လက်ထပ်ပေးမည်မှန်းလည်း သမီးအသိ။

သမီးဆောင်း တိတ်တဆိတ် ခိုးရာလိုက်သွားစရာ အကြောင်းမရှိ။

သို့သော် လိုက်မလိုက်စစ်ဆေးကြည့်ရန် ဦးမြတ်မင်း စိတ်ကူးရသည်။

"ဒီမယ် နန်းယုံ … သမီးလေး ထွက်တုန်းက အဝတ်အစား ထည့်တဲ့ ဆွဲအိတ်တွေ ဘာတွေပါသွားလား … "

"မတွေ့ဘူး ဆရာကြီး … ကိုင်နေကျ ပိုက်ဆံအိတ်တစ်လုံး

ကိုင်ပြီး သွားတာ တွေ့လိုက်တယ် ... ”

“သမီးစာမေးပွဲပြီးသွားတာတော့ ကြာပြီ ... အဲဒီသမီးရဲ့ ကျောင်းလွယ်အိတ် သွားရှာယူခဲ့စမ်း နန်းယုံ ... ”

ဒေါ်နန်းယုံ အပြေးပင် ဆောင်းနှင်းမှုံအိပ်ခန်းထဲဝင်ကာ ချိတ်ထားသော ကျောင်းလွယ်အိတ်ယူလာပြီး ဦးမြတ်မင်းကို ပေးလိုက်သည်။

ဦးမြတ်မင်းက လွယ်အိတ်ကို ဇောက်ထိုးမှောက်ချလိုက်ရာ လွယ်အိတ်ထဲမှ စာအုပ်တွကို လှန်လှောကြည့်သည်။ စာရွက်တွေကို ကြည့်သည်။

ထူးထူးခြားခြား ဘာမှမရှိ။

နောက်ဆုံး သံလိုက်ခေတ်အဖုံးအပိတ်နှင့် ကွန်ပါဘူးကို ကောက်ယူဖွင့်ကြည့်သည်။

ဘောပင်များ၊ ရောင်စုံခဲတံများနှင့်အတူ စက္ကူကပ်ပြားတစ်ခုကို တွေ့ရသည်။ ကတ်ပြားပေါ်တွင် စာတွေ ရေးထားသည်။ ထိုစာတွေကို ဦးမြတ်မင်း ဖတ်ကြည့်သည်။

“သူငယ်ချင်း ဝင်းထွတ် ... ငါသွားပြီ ... ဒါပေမဲ့ ပြန်လာမှာ ပါ ... မင်း စာမေးပွဲမှာ ငါရှိနေရင် နောက်ဆံတင်းနေမှာစိုးလို့ ... ဒါပဲ သူငယ်ချင်း ... ”

မင်းနောင်





ဦးမြတ်မင်းသည် စာကိုဆုံးအောင်ဖတ်ပြီး အောက်ဆုံးမှ မင်းနောင်ဆိုသည်ကို စူးစိုက်ကြည့်ပြီး ...

“မင်းနောင် ... မင်းနောင် ... ”

ဟု နှုတ်မှအထပ်ထပ် အခါခါ ရေရွတ်နေသည်။

ကိုဘခတ်ပြောခဲ့သော စကားတွေကို ပြန်စဉ်းစားမိသည်။ ဦးဗညားတွင် (၄)နှစ်သားအရွယ် တူးတူးဆိုသည့်သားလေး ကျန်ခဲ့ကြောင်းကိုပင် ဖြစ်ပါ၏။

“တူးတူးနေခဲ့တဲ့ မန္တလေးအထပ်က( ... )မှာ သွားစုံစမ်းတယ် ... လွန်ခဲ့တဲ့ လေးနှစ်က ဆယ်တန်းအောင်ကျောင်းသားစာရင်းကို ကျောင်းစာရေးကို မေးကြည့်တော့ တူးတူးနာမည်ဟာ ကျောင်းမှာ မင်းနောင်လို့ ကျူပ် သိခဲ့ရတယ်”

ဟု ကိုဘခတ် ပြောပြချက်နှင့် ပြန်ဆက်စပ်ကြည့်မိသည်။

ကတ်ပြားမှစာသည် မင်းနောင်ဆိုသူက သူငယ်ချင်းဝင်းထွတ်ဆိုသူကို ပေးသောစာဖြစ်နေသည်။

ဒါဆို ဒီစက္ကူကတ်ပြားစာက အဘယ်ကြောင့် သမီးလွယ်အိတ် သမီး၏ကွန်ပါဘူးထဲ ရောက်နေပေသနည်း။

မင်းနောင်ဆိုသူနှင့် သမီးဆောင်း အဆက်အသွယ်ရှိလေသလား။

အကယ်၍ ၎င်းမင်းနောင်ဆိုသူသည် ဗညား၏သား ဖြစ်နေလျှင် ...

ဦးမြတ်မင်း ငယ်ထိပ်သွေးရောက် ထူပူပြီး အထိတ်တလန့် ဖြစ်သွားတော့သည်။

သမီးဆောင်းသည် လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ကျော်က ဦးသိဒ္ဓိ၊ ဦးသူရ၊ ဦးဝဏ္ဏဆိုသူတွေ၏အကြောင်းကို ဘာမျှသိထားသည် မဟုတ်။ သူမ၏ဖေဖေ ဦးမြတ်မင်းသည် လွန်ခဲ့သော တစ်ချိန်က ဦးသိဒ္ဓိအမည်ရှိ လူဆိုးဓားပြခေါင်းဆောင်ကြီးမှန်း သမီးလေးဆောင်း လုံးဝမသိ။

ဦးဗညား၏သား တူးတူး(ခေါ်) မင်းနောင်ကိုတော့ သူ၏ဦးလေးအရင်း မင်းအောင်က ပြောပြထားမည်မှာ သေချာသည်။

ထို့ကြောင့် တူးတူး(ခေါ်)မင်းနောင်သည် ဆောင်းနှင်းမှုံအား ဦးသိဒ္ဓိ၏သမီးမှန်း သိရှိကာ သမီးကို ချဉ်းကပ်သည်ဆိုပါလျှင် ယခု ပြန်မလာဘဲ သမီးပျောက်ဆုံးနေခြင်းသည် သမီးအတွက် ကြီးစွာသော အသက်အန္တရာယ်ပင် ဖြစ်နိုင်နေပြီ။

"ဟင် ... လက်ရေးကလည်း တူလိုက်တာ ... "

သေချာထပ်ကြည့်မှ ကတ်ပြားပေါ်တွင် ရေးထားသော လက်ရေးသည် ဦးအောင်ကြူး ဦးသူရနှင့် မိမိထံသို့ ပို့သော





ကတ်ပြားနီများထဲမှ လက်ရေးနှင့် တူညီနေသည်ကို တွေ့ရပြန်သည်။ ယခု မင်းနောင်က ဝင်းထွတ်တို့ စာရေးပေးသော ကတ်ပြားကတော့ ငါးသုံးလုံးစီးကရက် ကာတွန်းကိုထုတ်သော စက္ကူကတ်ပြား ဖြစ်နေသည်။

မည်သို့ရှိစေ မင်းနောင်သည် စက္ကူကတ်ပြားပေါ်တွင် စာရေးတတ်သည်။ အကျင့်ရှိနေသည်မို့ ဗညား၏သား မင်းနောင်ဖြစ်နေမှန်းပို၍ သေချာသွားသည်။

"ဒီမယ် နှင်းယုံ ... "

"ရှင် ... ဆရာကြီး ... "

"သမီးလေးဆောင်းက တစ်ခါတလေ သူ တွေ့ကြုံခဲ့ရတဲ့ အကြောင်းလေးတွေ ခင်ဗျားကို ပြောပြတတ်တာမျိုး ရှိခဲ့သလားဟင် ... "

"ရယ်စရာသဘောမျိုး ပြောတာတွေပါ ဆရာကြီး ... "

"ဟုတ်ပါပြီ ... အဲဒီ ရယ်စရာပြောတဲ့ အထဲမှာ မင်းနောင်ဆိုတဲ့ နာမည်နဲ့ ကောင်လေးတစ်ယောက်အကြောင်းကိုများ ခင်ဗျားကို သမီးက ပြောဘူးသလား ... "

"မင်းနောင် ဟုတ်လား ... အာ အဲဒီမင်းနောင်ဆိုတဲ့ ကောင်လေးကို ကျွန်မ သိတယ် ဆရာကြီး ... ဒါပေမဲ့ ဆောင်းက ပြောလို့ သိတာတော့ မဟုတ်ဘူး ... "

"ဘယ်လိုပဲ သိသိ ... ခင်ဗျား သိတာကို ပြောပြဗျာ ... "

"ဆောင်း စာမေးပွဲဖြေကာနီး ယုယုမော်တို့အိမ်မှာ ဘုရားကိုးဆူ လုပ်တဲ့ညတုန်းက ဆောင်းနဲ့အတူ ကျွန်မအဖော်လိုက်သွားတယ် ဆရာကြီး ... အဲဒီ ဘုရားကိုးဆူပွဲမှာ ကောင်လေးမင်းနောင်ကို ကျွန်မ တွေ့ခဲ့တာ ... "

"ဟုတ်ပြီ ... အဲဒီမင်းနောင်နဲ့ သမီးဆောင်းက မိတ်ဆွေတွေလား ... "

"အစကတော့ ဟုတ်ဟန်မတူဘူး ... အဲဒီဘုရားကိုးဆူပွဲမှာ အတူတူထိုင်ရင်း မိတ်ဆွေဖြစ်သွားတာလို့ ကျွန်မ အကဲခတ်မိတယ် ဆရာကြီး ... "

"ခင်ဗျားသိတာ မြင်တာ ဆက်ပြောဗျာ ... "

"ယုယုမော်နဲ့ ဝင်းထွတ်က ချစ်သူသမီးရည်းစားမို့ ဧည့်သည်တွေကို သူတို့နှစ်ယောက် သွားကြိုဖို့ ထွက်သွားတော့ စားပွဲမှာ မောင်မင်းနောင်ရယ် ... ဆောင်းရယ် ... ကျွန်မရယ်၊ သုံးယောက်ကျန်ခဲ့တယ် ... အဲဒီမှာ ဆောင်းကပဲ မောင်မင်းနောင်ကို လွန်ခဲ့တဲ့ နှစ်နှစ်က မန္တလေး အမရပူရလမ်းမှာ တွေ့ခဲ့ဘူးကြောင်း ပြောတာကို မောင်မင်းနောင်က သူနဲ့ တွေ့ဘူးတာ မဟုတ်ဘူးလို့ ငြင်းတယ် ... သူ့မှာ အမြွှာ





ညီအစ်ကို ရှိတာမို့ သူ့အစက်ကို ကိုမင်းအောင်နဲ့ တွေ့တာဖြစ်လိမ့်မယ်လို့ မောင်မင်းနောင်က ပြန်ပြောတယ် ဆရာကြီး ... "

"အမြွှာညီအစ်ကို မင်းအောင် ဟုတ်လား ... "

"အဲဒီလိုပဲ ကောင်လေးမောင်မင်းနောင်က ပြောတာပဲ"

"ခင်ဗျား နားကြားလွဲတာ ဖြစ်မှာပါ ... အမြွှာအစ်ကိုလို့ ပြောတာ မဖြစ်နိုင်ဘူး ... သူ့ဦးလေး မင်းအောင်လို့ ပြောတာပဲ ဖြစ်ရမယ် ... "

"ဟင့်အင်း ... ကျွန်မကြားတာကတော့ သူ့ထက် နာရီဝက်စောပြီးမွေးလို့ နာရီဝက် အသက်ပိုကြီးတဲ့ ကိုမင်းအောင်လို့ပဲ ပြောတာ ကြားတယ် ... "

"အင်းလေ ... ထားပါတော့ ... ခင်ဗျားတွေ့တဲ့ မင်းနောင်ဆိုတဲ့ ကောင်လေးကကော အသက်ဘယ်လောက် ရှိပြီလဲ"

"နှစ်ဆယ်ကျော်လောက်ပဲပေါ့ ... "

ဟုတ်ပြီဟု ဦးမြတ်မင်းရင်ထဲက မှတ်ချက်ချလိုက်သည်။

"ကောင်လေးက ကောင်ချောလေးပဲ ... သိပ်ကြည့်ကောင်းတယ် ... ရယ်လိုက်ရင် ပိုပြီးတောင် ကြည့်ကောင်းသေးတယ် ... "

"အဲဒီ မင်းနောင်ဟာ တက္ကသိုလ်ကျောင်းသားလား"

"ကောင်လေးကိုယ်တိုင်ပြောတာကတော့ ဆယ်တန်းပဲအောင်တယ် ... ကျောင်းဆက်မနေဘူးလို့ ပြောတာ ကြားတယ် ... "

"သမီးဆောင်းက အဲဒီကောင်မင်းနောင်ကို ဖော်ဖော်ရွေရွေ အရောတဝင် ဆက်ဆံလား နန်းယုံ ... "

"ဆရာကြီး စိတ်မဆိုးရင် ကျွန်မ မြင်တာကို ပြောမယ်"

"ပြော ... စိတ်မဆိုးဘူး ... "

"ကျွန်မ မြင်တာကတော့ ဆောင်းကိုယ်တိုင်က အဲဒီကောင်လေး မင်းနောင်ကို သဘောကျနှစ်သက်နေတယ်လို့ ကျွန်မထင်တယ် ဆရာကြီး ... ဆောင်းက အဲဒီကောင်လေးကို ကြည့်ပုံ ... ပြောပုံတွေ အမြင်အရ ပြောတာပါ ... "

"ဒါဆို သမီးဆောင်းကို ပြိုင်ကားအနီလေးနဲ့ ခေါ်သွားတာ အဲဒီ မင်းနောင်ဆိုတဲ့ ကောင်ပဲ မဟုတ်ဘူးလား ... "

"ဒါတော့ ကျွန်မ မသဲကွဲဘူး ဆရာကြီး ... သူတို့ ကားပေါ်ထိုင်တော့ ပခုံးစွန်းလောက်အထိပဲ မြင်ရတယ် ... နောက်ပြီး အဲဒီကားမောင်းပြီး လာခေါ်တဲ့သူက ကျွန်မဘက်ကို ကျောပေးထားလို့ သူ့မျက်နှာကို သေချာမမြင်လိုက်ရဘူး"





"ကဲ ... ဒါဆို ခင်ဗျား လုပ်စရာရှိတာ သွားလုပ်တော့"

ဒေါ်နန်းယုံ ထွက်သွားမှ ဦးမြတ်မင်း တယ်လီဖုန်းကောက်ကိုင်လိုက်သည်။

တယ်လီဖုန်းဘေးတွင် ဆောင်း ရေးမှတ်ချိတ်ဆွဲထားသော တယ်လီဖုန်းနံပါတ်များထဲမှ ယုယုမော်၏တယ်လီဖုန်းနံပါတ်ကို ဦးမြတ်မင်း ခေါ်လိုက်သည်။

"အမိန့်ရှိပါရှင် ... ယုယုမော် ပြောနေပါတယ် ... "

"ဪ ... ဒီနေ့ ယုမော်တို့အိမ်ကို ဦးရဲ့သမီးဆောင်း လာသလားလို့ သိချင်လို့ပါ ... "

"ဒီနေ့မနက်ကတည်းက ယုယုမော်တို့တစ်အိမ်သားလုံး ပဲခူးကို ဘုရားဖူးသွားကြတယ် အန်ကယ် ... မိဆောင်း လာသလား မလာသလား မပြောတတ်ဘူး ... ယုမော်တို့ ညနေငါးနာရီမှ အိမ်ပြန်ရောက်တာ ... ဘာလို့လဲ မိဆောင်း အိမ်ပြန်မရောက်သေးလို့လား အန်ကယ် ... "

"အေးကွဲ့ ... "

"ဒါဆို မိဆောင်း ယုမော်တို့အိမ်ကို လာသွားမှာပါ ... ယုမော်တို့ အိမ်တံခါး သော့ခတ်ပိတ်ထားတာတွေ့လို့ ညိုမာတို့ နီနီမာတို့ အိမ်တွေကို လျှောက်သွားနေသလားမှ မသိတာ ... "

"အဲဒီလိုပဲ ဟုတ်မှာပေါ့လေ … ဒါထက် ယုမော်ကိုအန်ကယ် မေးပါရစေ … သမီးဆောင်းမှာ မောင်မင်းနောင်ဆိုတဲ့ ဘွိုင်းဖရင့်တစ်ယောက် ရှိတယ်လို့ အန်ကယ် သိထားတယ် … အဲဒီ သူငယ်ဟာ မောင်ဝင်းထွတ်ရဲ့ သူငယ်ချင်းလို့လည်း အန်ကယ် သိတယ် … "

"ဟုတ်ပါတယ် … ကိုမင်းနောင်ဟာ ကိုကိုထွတ်ရဲ့ သူငယ်ချင်းပါ … ကိုဝင်းထွတ် မိဘတွေ မန္တလေးမှာ တာဝန်ကျစဥ်တုန်းက မန္တလေးဟိုက်စကူးကျောင်းမှာ ကိုဝင်းထွတ်နဲ့ ကိုမင်းနောင် သူငယ်ချင်း ဖြစ်သွားတာပါ … ဟို … ယုမော်တို့ စာမေးပွဲမဖြေခင်အိမ်မှာ ဘုရားကိုးဆူပွဲမှာတောင် ဆောင်းနဲ့ ကိုမင်းနောင်တို့ ကိုဝင်းထွတ်ကပဲ မိတ်ဆက်ပေးလိုက်ပါသေးတယ် အန်ကယ် … "

"ဩော် … ဟုတ်ပြီ … ဒါထက် မောင်မင်းနောင်မှာ အမြွာညီအစ်ကို မောင်မင်းအောင်ဆိုတာ ရှိသလား … "

"အဲဒါပြောရမှာ တစ်မျိုးကြီးပဲ အန်ကယ် … ဆောင်းက သမီးကို ပြောပြတဲ့အထဲမှာ ကိုမင်းနောင်မှာ အမြွာအစ်ကို ရှိတယ်လို့ ပြောတယ် … အဲဒါကို ယုမော်က ကိုဝင်းထွတ်ကို ပြန်မေးကြည့်တော့ ကိုဝင်းထွတ်က ကိုမင်းနောင်နဲ့ သူငယ်ချင်းဖြစ်တာ ကြာလှပြီ မင်းနောင်မှာ ဘာညီအစ်ကိုမှ မရှိဘူးတဲ့ … "





"အင်းပေါ့လေ … ဒီကိစ္စမှာ အကြောင်းတစ်ခုခု ကြားခံနေတာတော့ ရှိမှာပေါ့ … အဲ … မောင်မင်းနောင်မှာ ကားအနီလေး ရှိသလား … "

"ရှိတယ် အန်ကယ် … ပြိုင်ကားလေးပါ … အပျော်စီးကားမျိုး သက်သက်ပါ အန်ကယ် … "

"အဲဒီ မောင်မင်းနောင် ဘယ်မှာနေတယ်ဆိုတဲ့ လိပ်စာကို ယုမော်သိသလားဟင် … "

"ကိုမင်းနောင်က မန္တလေးမှာ အနေများတယ် အန်ကယ်၊ ရန်ကုန်လာရင်လည်း သူတည်းချင်တဲ့ တည်းခိုဆောင်မှာ တည်းခိုတာဆိုတော့ သူ့လိပ်စာကို ယုမော်တို့ မသိရဘူး အန်ကယ် … "

"အေး … အေး … ဒါဆို ဒါလောက်ပါပဲကွယ် … အန်ကယ် မေးသမျှ ဖြေပေးတဲ့ သမီးယုမော်ကို ကျေးဇူးတင်ပါတယ်၊ ဒါပဲနော် သမီး … "

ဦးမြတ်မင်း ဖုန်းပြန်ချသည်။

သေချာပြီ။

ကားနီလေးနှင့် သမီးဆောင်း ပါသွားသည်ဆိုခြင်းမှာ မင်းနောင်နှင့် ပါသွားမှန်း သေချာသွားပြီ။

မိဘခြင်း ရန်သူတွေဖြစ်ခဲ့သောကြောင့် သမီးဆောင်းသည် ဖခင်အား ဖွင့်မပြောတော့ဘဲ မင်းနောင်နောက်သို့ ခိုးရာလိုက်သွားခြင်း ပေလား မပြောတတ်။

ဒါမှမဟုတ်။

ခိုးရာလိုက်ခြင်း မဟုတ်ဘဲ သူ့အဖေအတွက် ကလဲ့စားချေလိုသောကြောင့် ခေါ်သွားခြင်းလေလား။

"တောက် ..."

ဦးမြတ်မင်း ပြင်းစွာတောက်ခေါက်လိုက်မိပါ၏။

ကိုဘခက်နှင့် တိုင်ပင်ရန် ကိုဘခက်ပေးထားသော ဖုန်းနံပါတ်သို့ ဆက်ပြန်သည်။

"ဦးဘခက် ... အိမ်မှာ မရှိပါ ... မနေ့က နေ့လည်ကတည်းက ဦးဘခက် ထွက်သွားသည်မှာ ယခုအချိန်အထိ ပြန်မရောက်သေးပါ ..."

ဟူသော ပြန်ကြားချက်သာ ရရှိလေသည်။

ဦးမြတ်မင်းသည် တယ်လီဖုန်းကို ဆောင့်ချလိုက်တော့သည်။





သမီးဆောင်းအတွက် ရတက်မအေး ရင်ထဲတွင် ပူလောင်လွန်းရပါ၏။

သမီးလေးဆောင်း တစ်ခုခု ဖြစ်နေရှာပြီလား။

❒ ❒

## ( ၁၆ )

"ညနေစာ မဆောင်း ဘာစားမလဲဟင် ... "

"ဘာမှ မစားဘူး ... ကျွန်မကို အိမ်ပြန်ပို့ပေးပါ ... လမ်းပေါ်ရောက်ရင်ပြီးရော ... "

မင်းနောင်က နာရီကို မော့ကြည့်သည်။

ညနေ (၆)နာရီ ရှိသွားပြီ။

ဆောင်းနှင်းမှုံကို နံနက်(၁၀)နာရီလောက်ကတည်းက ခေါ်လာခြင်းဖြစ်သည်။

မဆောင်း နံနက်စာ မစားရသေး ... ။

မင်းနောင်ကိုယ်တိုင်လည်း နံနက်စာ မစားရသေး။

"မဆောင်း ပြန်ရမှာပါ ... ဦးလေး မင်းအောင်က သူ့ကိစ္စမပြီးသေးခင် မဆောင်းကို ခေတ္တခေါ်ထားတဲ့သဘောပါ ... "





"ဘာလဲ ... သူ့ကိစ္စဆိုတာ ဖေဖေ့ကိုသတ်ဖို့ကိစ္စမဟုတ်လား ... "

"ကျွန်တော် အပြင်ထွက်ပြီး စားသောက်ဖွယ်ရာတွေ သွားဝယ်ဦးမယ် ... မဆောင်းကို သေချာမှာခဲ့ပါရစေ ... ဒီအိမ်ဒီခြံထဲက ထွက်ပြေးဖို့ လုံးဝမကြိုးစားပါနဲ့ ... "

ပြောပြီး မင်းနောင် ပြိုင်ကားမောင်းထွက်သွားသံ ဆောင်းနှင်းမှုံ နားစွင့်ထောင်သည်။

ဤအိမ်ကြီးပေါ်တွင် မိမိမှလွဲပြီး ဘယ်သူမှမရှိတော့ကြောင်း ဆောင်းနှင်းမှုံ သိလိုက်ပါ၏။

ထွက်ပေါက် လွတ်ပေါက်ကို ဆောင်းနှင်းမှုံ ရှာဖွေတော့သည်။ ဤအိမ်ကြီးသည် ပိုင်ရှင်ခရီးသွားနေစဉ် ဦးမင်းအောင်အား သော့ပေးထားနေစေသော အိမ်ဖြစ်မည်။

နှစ်ယောက်အိပ်ခန်းတွင် နှစ်ယောက်အိပ်ခုတင်၊ မွေ့ရာ စသည်တို့ရှိနေသည်။ ထို့အပြင် တစ်ယောက်အိပ်ခန်းလည်း ပရိဘောဂအစုံနှင့် ရှိသေးသည်။

ဆောင်းနှင်းမှုံ အတွေးတစ်ခု ပေါက်လာသည်။ လက်ရှိအခြေအနေမှာ သူမသည် မင်းနောင်၏ လက်ခုပ်ထဲမှရေဖြစ်နေသည်။ ကျားသနားမှ နွား ချမ်းသာရမည့် အခြေအနေ ရှိနေသည်။

ကိုမင်းနောင်သည် မိမိကို လိမ်ညာပြီး ခေါ်လာခြင်းဖြစ်သည်။ အိမ်ပြန်ပို့ပေးရန် ငြင်းဆန်နေသည်။

နှစ်ယောက်အိပ်ခန်းကြီးကလည်း အသင့်ရှိနေသည်။

အဲ့ကာလ ညဥ့်နက်သန်းခေါင်တွင် အရွယ်ရောက်နေပြီးသော ဖိုနှင့်မ နှစ်ဦးတည်းရှိနေသောအခါမျိုးဝယ် ကိုမင်းနောင်သည် စောင့်စည်းနိုင်မည်တဲ့လား။

ဘယ်လောက် အပြောကောင်းကောင်း ရရှိလာသော အခွင့်အရေးကို လက်လွှတ်မည်တဲ့လား။

ကိုမင်းနောင် အပြင်သွားနေခိုက် ဤအိမ်နှင့် ဤခြံကြီးထဲမှ ထွက်ပြေးနိုင်လျှင် မိမိအတွက်အကောင်းဆုံး။

ဆောင်းနှင်းမှုံသည် အိမ်ပေါ်ထပ် ပြတင်းပေါက်မှ အောက်နှင့်ပြင်ပသို့ အခြေအနေ ငုံ့ကြည့်လှမ်းကြည့်သည်။

မည်သူ့ကိုမျှ မတွေ့ရ။

ခွေးတွေကိုလည်း တစ်ကောင်မျှမတွေ့ရ။ ခြံစည်းရိုးအခြေအနေကလည်း နှစ်တစ်လက်မ ပျဉ်ချောင်းများ ကာထားသည်။ ငါးပေသာသာပဲ ရှိမည်။ ဆောင်းနှင်းမှုံ ကျော်တက်ထွက်နိုင်သည်။

အိမ်ရှေ့လှေကားမှ မဆင်းဘဲ အိမ်နောက်ဖေးလှေကားမှ ဆင်းဖို့ဆုံးဖြတ်ပြီး နောက်ဖေးဘက်သို့ လာခဲ့ရာ ထမင်းစား





ခန်းစားပွဲပေါ်တွင် သားလှီးဓားတစ်ချောင်း တွေ့ရသည်။ ထိုဓားကိုယူပြီး ပိုက်ဆံအိတ်ထဲ ထည့်ထားလိုက်သည်။

ဆောင်းနှင်းမှုံ ဆင်းလာခဲ့သည်။

သို့သော် … အိမ်ရှေ့ခြံစည်းရိုးမှ ထွက်ပါမှ လမ်းပေါ်ရောက်မည်မို့ အိမ်ရှေ့သို့ လျှောက်လာခဲ့ပြန်သည်။

အိမ်ရှေ့ဘက်သို့ လျှောက်လာစဉ်မှာပင် ဘယ်ကဘယ်လို ထွက်လာမှန်းမသိ တဝေါင်းဝေါင်း မာန်ဖီသံတွေပြုကာ ခွေးတွေထွက်လာသည်။

ဆောင်းနှင်းမှုံ အရမ်းကြောက်သွားသည်။ ခွေးကြီးတွေ၏ အမူအရာမှာ ကိုက်မည့်ခဲမည့်ပုံသဏ္ဌာန် ရှိနေပါ၏။ ဆောင်းထွက်ပြေးလျှင် ခုန်အုပ်မည့်သဏ္ဌာန်မို့ ဆောင်းသည် နေရာမှာပင်ရပ်နေသည်။

ခွေးကြီးလေးကောင်က ရပ်ပြီး မာန်ဖီမြဲ မာန်ဖီနေသည်။

"အန်းဘား … အန်းဘား … "

စကားနှစ်လုံးသာ ပြောတတ်သော ဦးအန်းဘားကြီး ထွက်လာသည်။

ဓားကောက်ကြီး ကိုင်ထားပါ၏။

ဆောင်းနှင်းမှုံ ခြံစည်းရိုးကို ကျောကပ်ကာ ငိုချလိုက်တော့သည်။

ထိုစဉ်မှာပင် ကိုမင်းနောင်၏အသံ ထွက်ပေါ်လာသည်။

"ဗျို့ … ဦးအန်းဘား … ခွေးတွေ ပြန်ခေါ်သွားစမ်း … ခင်ဗျား ဓားကောက်ကြီး ပြန်သိမ်းစမ်း … "

ဦးအန်းဘားက ခြံပြင်သို့ရောက်နေသော ပြိုင်ကားနှင့် ကိုမင်းနောင်ကို လှမ်းကြည့်သည်။ ကိုမင်းနောင်က ပြိုင်ကားပေါ်မှ ဆင်းကာ ခြံဝတွင် ပိတ်ထားသော တံခါးအပြင်ဘက်ကပ်၍ရပ်ပြီး စိုးရိမ်ကြီးစွာ လှမ်းပြောနေခြင်းကို တွေ့ရသည်။

ဦးအန်းဘားကြီးကို အပြင်မှပင် လက်ဟန်ခြေဟန်တွေ လုပ်ပြနေသည်။

ဦးအန်းဘားကြီးက ခွေးတွေကို ပြန်မောင်းသွင်းပြီးနောက် ခြံတံခါးသွားဖွင့်ပေးသည်မို့ မင်းနောင် ကားပေါ်တက်မောင်းဝင်လာတော့သည်။ ကားကို ဖြစ်သလိုရပ်ထားခဲ့ပြီး ဆောင်းနှင်းမှုံဆီသို့ မင်းနောင် အပြေးရောက်လာသည်။

"မဆောင်း … မဆောင်း … ဘာဖြစ်သွားသေးလဲဟင် … ကျွန်တော် သေချာမှာခဲ့တယ် … အောက်မဆင်းနဲ့ … ထွက်ပြေးဖို့ မကြိုးစားနဲ့လို့ … ဦးလေးမင်းအောင်က ဦးအန်း





ဘားကြီးကို မှာထားခဲ့တယ် … မဆောင်း ထွက်မပြေးစေနဲ့ … ထွက်ပြေးရင် ခွေးတွေကိုက်ချင်ကိုက်စေ … မိအောင် ဖမ်းရမယ်လို့ … "

ဆောင်းနှင်းမှုံ ငိုမြဲငိုနေသည်။

"တော်သေးတာပေါ့ … ကျွန်တော် အချိန်မီ ပြန်ရောက်လာလို့ … ကဲ … လာ … လာ … မဆောင်း … အပေါ်ထပ် ပြန်တက်စို့ … "

မင်းနောင်က ဘာသဘောမှမပါဘဲ နှစ်သိမ့်သည့်သဘောဖြင့် ဆောင်းနှင်းမှုံ၏ ပခုံးကိုကိုင်ကာ ခေါ်သည်။

ဆောင်းနှင်းမှုံက မင်းနောင်၏ လက်ကိုပုတ်ထုတ်ပစ်လိုက်သည်။

"ကျွန်မအသား မထိနဲ့ မကိုင်နဲ့ … "

"ဟာဗျာ … စေတနာနဲ့ နှစ်သိမ့်တဲ့သဘောပါ … ဘုရားစူးစေ့ … သွေးရိုးသားရိုးပါဗျာ … "

"အို … မလိုချင်ဘူး" ဟုပြောကာ ဆောင်းနှင်းမှုံ အိမ်ပေါ်တက်လှေကားဆီသို့ ပြန်တက်သွားသည်။

မင်းနောင်က ကားပေါ်မှ အထုပ်တွေကို ပွေ့ပိုက်ယူကာ အိမ်ပေါ်သို့ တက်လာခဲ့သည်။

ထမင်းစားပွဲတွင် စားသောက်ဖွယ်ရာများကို ပန်းကန်အသီးသီးတွင် ထည့်သည်။

"ထမင်းစားစို့ မဆောင်း ... သိပ်အဆာလွန်သွားရင် အစာအိမ်ရောဂါ ဖြစ်မှာစိုးရတယ် ..."

"မစားဘူး ..."

"စားပါ မဆောင်း ... ကျွန်တော် တပင်တပန်း သွားဝယ်ခဲ့ပါ ... ကုန်းဘောင်ကြီးကြော် ... ချိုချဉ်ကြော် ... အစိမ်းကြော် ... ကြက်သားပဲငါးပိတွေလေ ... တရုတ်ဆိုင်က ဝယ်ခဲ့တာ ... မဆောင်း ဝက်သားမစားမှာစိုးလို့ ... အားလုံး ကြက်သားနဲ့ချည်းပဲ စားကြစို့ ..."

"မစားဘူး ..."

"ဟာဗျာ ... ဒီမှာလည်းကြည့်ဦး ... မဆောင်းမှာ အဝတ်ပိုပါမလာလို့ စိတ်မှန်းနဲ့ မဆောင်းဝတ်ဖို့ ဘလောက်(စ်) အင်္ကျီတွေရော ... ထဘီတွေရော ဝယ်ခဲ့တယ် ... ထဘီတွေတော့ ခေတ်အလိုက် ချုပ်ပေးပါဆိုပြီး ဆိုင်မှာတစ်ခါတည်း ချုပ်လာတယ် ... မဆောင်း ကောက်ဝတ်ရုံပဲ ..."

ဆောင်းနှင်းမှုံ လှည့်မကြည့်၊ စိတ်ရိုင်းတွေ ဝင်နေသည်။

ကိုမင်းနောင်ပြောသမျှမှာ မိမိကို အပိုင်စီးဖို့ ဖြား





ယောင်းစကားတွေ ပြောနေသည်ဟုသာ ထင်မှတ်ရသည်။

မဆောင်း ပိုက်ဆံအိတ်ထဲမှ ဓားကို အသင့်ဖြစ်အောင် အိတ်ဖွင့်ထားလိုက်သည်။ အနာတရ ဒဏ်ရာရသူတွင် ဟိုစိတ်ဒီစိတ်တွေ မဝင်တော့ဟု မဆောင်း ယူဆသည်။

"ဒီအဝတ်အစားတွေ ဝယ်လာတာ ကျွန်မကို ဒီအိမ်မှာ အကြာကြီး ထားမယ်ဆိုတဲ့သဘောပဲ မဟုတ်လား ..."

မင်းနောင် ဂူးခနဲ သက်ပြင်းချမိသည်။

"ခက်တယ် မဆောင်း ... ဒီအိမ်မှာ မဆောင်းကို ဘယ်လောက်ကြာကြာ ထားမယ်ဆိုတာက ဦးလေးမင်းအောင်ရဲ့ အဆုံးအဖြတ်ပေါ်မှာ တည်နေတယ် ... ဦးလေးကလည်း ထွက်သွားလိုက်တာ ခုချိန်ထိတောင် ပြန်မလာသေးဘူး၊ ခါတိုင်း ... ဒီလောက်ကြာကြာ သွားလေ့မရှိဘူး မဆောင်း"

"ဒီမယ် ကိုမင်းနောင် ... အခု ဖြစ်လာတာတွေကို ထမင်းရည်ပူ လျှာလွှဲ ပြောမနေနဲ့ ... တကယ်တော့ ဦးမင်းအောင်အပေါ် ပုံချပြီး ... ရှင် ကျွန်မကို ဒီကို အရခေါ်လာတာ ... ကျွန်မနဲ့ ဦးမင်းအောင်ဟာ ဘာမှပတ်သက်မှု ရှိခဲ့တာမဟုတ်ဘူး ... ရှင်နဲ့သာ ကျွန်မ ပတ်သက်ခဲ့တာ ... အခုလုပ်သမျှဟာ ရှင့်ဉာဏ်တွေ ... ရှင် လူလိမ် လူညာ လူယုတ်မာ ..."

"မဆောင်း ... ကျွန်တော့်ကို အထင်လွဲနေပြီ ... ကျွန်တော့် ညာဏ်တွေ မဟုတ်ဘူး ... ဦးလေးအောင် ... စီစဉ်သမျှ ကျွန်တော် လိုက်နာနေရတာပါ ... တစ်ခုတော့ စိတ်ချပါ မဆောင်း ... မန္တလေးက ဦးမောင်ကြူးမှာရော ... မော်လမြိုင်က ဦးစိမ်းမောင်မှာရော သမီးပျိုကိုယ်စီရှိကြတယ်၊ ဒါပေမဲ့ ဦးလေးမင်းအောင်ဟာ အဲဒီ သမီးပျိုတွေကို ဘာဆို ဘာမှမလုပ်ခဲ့ဘူး ... အဓိက ဦးအောင်ကြူးနဲ့ ဦးစိမ်းမောင်ကိုသာ ကြံစည်ခဲ့တာ ... အခု မဆောင်းအဖေ ဦးမြတ်မင်းကျတော့ ကြံစည်ရတာ မလွယ်ဘူး ... သူ့သမီး ဆောင်းနှင်းမှုံကို ငါက ဖမ်းထားမှ လုပ်လို့ကိုင်လို့ ပိုလွယ်မှာဆိုတဲ့ သဘောနဲ့ မဆောင်းကို အရခေါ်တဲ့သဘောပါ ... "

"တော်ပါ ... ရှင်ပြောသမျှ မုသားစကားတွေချည်းပဲ ... ရှင် ပြောတာ ကျွန်မ တစ်ခွန်းမှ မယုံတော့ဘူး ... "

"ဒါဆိုလည်း မတတ်နိုင်ဘူး မဆောင်း ... ကဲပါလေ ... အဲ ...တွေအပေါ်မှာ မဆောင်း ယူဆချင်သလိုသာ ယူဆပါတော့ ... အခုလောလောဆယ်တော့ မဆောင်း ထမင်းစားပါဗျာ ... မနက်စာလည်း မစားရသေးဘူး မဟုတ်လား၊ မဆောင်း ရောဂါရမှာစိုးလို့ပါ ... "





"အစာမစားလို့ သေသွားလည်း အေးတာပဲ ... မစားဘူးဆို မစားဘူး ... "

"ဟာ ... ဒီလိုတော့ မလုပ်နဲ့ မဆောင်း ... လာပါဗျာ ... ဝင်သလောက် စားလိုက်ပါ ... "

မင်းနောင်က စားမေချင်သော စေတနာလွန်ကဲပြီး ဆောင်းနှင်းမှုံ၏လက်ကိုဆွဲကာ အတင်းခေါ်လေသည်။

"လက်ကို ဆွဲပြန်ပြီ ... ကဲ ... မှတ်ထား ဆွဲချင်ဦး ... "

ဆောင်းနှင်းမှုံသည် ပိုက်ဆံအိတ်ထဲမှဓားကို ထုတ်ယူကာ ခါးကိုင်းပြီး လက်ကိုဆွဲနေသော မင်းနောင်၏ရင်အုံသို့ ထိုးလိုက်သည်။

"အား ... "

လုံးဝ မျှော်လင့်မထားသောကြောင့် ဓားချက်ကို မရှောင်နိုင်ဘဲ မင်းနောင်၏လက်ယာရင်အုံထဲသို့ ဓားစိုက်ဝင်သွားသည်။

မင်းနောင်သည် ဓားတန်းလန်းနှင့်ပင် ဆောင်းနှင်းမှုံ၏ ဓားကိုင်လက်ကောက်ဝတ်ကို အမိဖမ်းကာ လိမ်ချိုးလိုက်သည်။

"အား ... အား ... "

နာကျင်လှစွာ ဆောင်းနှင်းမှုံက အား ... အား အော်မိသည်။

မင်းနောင်က ဆောင်းနှင်းမှုံလက်ကို လိမ်မချိုးတော့ဘဲ လွှတ်လိုက်ပြီး သူမကို တွန်းထုတ်ပစ်လိုက်သည်။

"မဆောင်း သိပ်ရက်စက်တယ် ... ဒီနေရာမှာ မဆောင်း မဟုတ်ဘဲ ဒီပြင်လူသာဆိုရင် လက်အပိုင်းပိုင်း ကျိုးသွားအောင် ချိုးပစ်မယ် ..."

တအားအား အော်သံများကြောင့် ဦးအန်းဘားကြီး အိမ်ပေါ်သို့ ပြေးတက်လာသည်။ မင်းနောင်၏ ရင်ဘတ်ဓားတန်းလန်း တွေ့သည်နှင့် ဓားကောက်ကြီးကို ဆွဲထုတ်ကာ ဆောင်းနှင်းမှုံဆီသို့ တိုးကပ်သွားသည်။

"ရပ်လိုက် ဦးအန်းဘား ... သူ့ကို ဘာမှမလုပ်နဲ့ ... ကျုပ်အမိန့်ပေးတာနော် ..."

ဦးအန်းဘားကြီး တန့်ခနဲ ရပ်သွားသည်။

"အန်းဘား ... အန်းဘား ..."

အဓိပ္ပာယ်မှာ မင်းကို ဒီကောင်မလေး ဓားနဲ့ထိုးတာ ငါက ကြည့်နေရမလားဆိုသည့် အဓိပ္ပာယ် သက်ရောက်ပါ၏။

"ကဲ ... မဆောင်း ... ခင်ဗျား ပြန်ပေတော့ ... ဦးလေးအောင် ပြန်လာပြီး ခင်ဗျား ကျုပ်ကို ဓားနဲ့ထိုးတာ သိသွား





ရင် ခင်ဗျား သက်သာမှာမဟုတ်ဘူး ... ဦးအန်းဘားကို ကျုပ်အမိန့်ပေးတားထားနိုင်ပေမဲ့ ... ဦးလေးအောင်ကို ကျုပ် တားနိုင်မှာမဟုတ်ဘူး ... ပြန်တော့ မဆောင်း ... ဦးလေးအောင် ပြန်မလာခင် ခင်ဗျား လစ်တော့ ..."

ဦးအန်းဘားကိုလည်း ဆက်၍ အမိန့်ပေးသည်။

"ဦးအန်းဘား ... ဒီမိန်းကလေးကို ခြံတံခါးဖွင့်ပြီး အပြင်ကို လိုက်ပို့ပေးလိုက်ပါ ... ခွေးတွေကို အရင်သိမ်းလိုက်ဦး"

ဦးအန်းဘားသည် မင်းနောင်၏အမိန့်ကို မလွန်ဆန်သော်လည်း မကျေမနပ်ဖြင့် အန်းဘား ... အန်းဘားဟု ပြောရင်း ခွေးတွေသိမ်းရန် ထွက်သွားသည်။

မင်းနောင် ဘာမှထပ်မပြောတော့ဘဲ ရေချိုးခန်းသို့ သွားသည်။ ရေချိုးခန်းစင်ပေါ်တွင် အရေးပေါ်အတွက် ထားရှိသော ကြက်ခြေနီဆေးသေတ္တာ ရှိသောကြောင့်ဖြစ်သည်။

ဆောင်းသည် နေရာမှာပင် ပေ၍ရပ် မျက်ရည်တွေ ကျလာသည်။

မိမိသည် မဆင်မခြင် ကြီးစွာသောအမှားကို ကျူးလွန်လိုက်မိပါလားဟု ချက်ချင်းသဘောပေါက်ရသည်။

မိမိလက်ကို ကျိုးသွားအောင် ကိုမင်းနောင် ချိုးပစ်နိုင်သည်။ မချိုး။

ဦးအန်းဘားကြီးကို အမိန့်မပေးလျှင် ဦးအန်းဘားကြီး စားကောက်ခုတ်ချက်နှင့် မိမိ အသက်ထွက်သွားမည်။

ဦးမင်းအောင် ပြန်လာလျှင် မိမိကို ရန်လုပ်မည်စိုးသောကြောင့် ခြံပြင်သို့ ဦးအန်းဘားအား ပို့ရန် အမိန့်ပေးသည်။ ဦးမင်းအောင် မလာမီ မိမိကို ထွက်ပြေးခိုင်းသည်။

မိမိအပေါ် မေတ္တာစေတနာ ထားသည်ကို ကွက်ကွက်ကွင်းကွင်း သဘောပေါက်ရတော့သည်။

နောက်တစ်ချက်မှာ ကိုမင်းနောင်သည် မိမိနှလုံးကို အကြိမ်ကြိမ် ခုန်စေခဲ့သူဖြစ်သည်။

တကယ်တော့ မလိမ်စတမ်း မညာစတမ်းဆိုလျှင် မိမိ၏ နှလုံးသားမေတ္တာက ကိုမင်းနောင်အပေါ် ချစ်ပြီးသား ဖြစ်နေပါ၏။

"ဆောင်း မှားတယ် ကိုမင်းနောင် ... ဆောင်း အကြီးအကျယ်မှားသွားပြီ ... "

ရေချိုးခန်းထဲမှာပင် ပုဆစ်တုပ်လေး ထိုင်ချပြီး ကိုမင်းနောင်၏ ခြေသလုံးကိုဖက်ကာ ... ဆောင်းနှင်းမှုံ ငိုရင်းတောင်းပန်လေတော့သည်။

"ဆောင်း ... ကိုမင်းနောင်ကို ချစ်တယ် ... အမရပူရလမ်းမှာ တွေ့ကတည်းက ချစ်ခဲ့တာပါ ... အခုဟာက ဖေဖေ့





ကိစ္စနဲ့ ပတ်သက်ပြီး တလွဲတချော်တွေ တွေးမိပြီး ကိုမင်းနောင်ကို အထင်မှားတဲ့စိတ်ရိုင်းတွေ ဝင်ပြီး လုပ်မိတာပါ။ ဆောင်းကို ခွင့်လွှတ်ပါ ကိုမင်းနောင် ... "

ကိုမင်းနောင် ထိုင်ချပြီး ဆောင်းနှင်းမှုံကို ပွေ့ပိုက်ထားလိုက်မိတော့သည်။

"မဆောင်းကို ကျွန်တော် ဘယ်တော့မှ စိတ်မဆိုးဘူး ... အခုကိစ္စမှာ ကျွန်တော့်နှလုံးသားထဲကကို ဖွေမယူလို့ ခွင့်လွှတ်စရာလည်း မလိုဘူး ... ကျွန်တော်က မဆောင်းကို သိပ်ပြီး ရင်ထဲနှလုံးထဲက ချစ်နေတာကိုး ... "

"ဒါဆိုပြီးရော ... ကဲ ... ဒဏ်ရာကို ကြည့်ရအောင် ... သိပ်များသလားဟင် ... ဆောင်း ရှေးဦးသူနာပြု တက်ခဲ့ အောင်ခဲ့ပါတယ် ... တော်ရုံလောက်ဆို ဆောင်း ကုပေးတတ်ပါတယ် ... "

"မပြောပလောက်ပါဘူး မဆောင်း ... ရင်အုံက ကြွက်သားတွေထဲ စိုက်ဝင်သွားတာပါ ... ဓားကလည်း ကြက်သွန်လှီးဓားလေးပဲဟာ ... "

"ဘာပဲဖြစ်ဖြစ်ပေါ့ ကိုနောင် ... ဆောင်း ဒဏ်ရာကို ဆေးကြောပြီး ဆေးထည့် ပတ်တီးစည်းပေးမယ် ကိုနောင်"

ဆောင်းက ကိုမင်းနောင်ဟုပင် မခေါ်တော့ ... ကိုနောင်ဟု ပြောင်းခေါ်သည်။ ပေါ်ပေါ်ထင်ထင် ချစ်ကြပြီကိုး။

ဆောင်းနှင်းမှုံ ဒဏ်ရာကို ပြုစုပေးစဉ် မင်းနောင်က ဆောင်းကို လက်စာစ်ဖက်ဖြင့် ပွေ့ပိုက်ထားပေသည်။

ဖေးထိုးခံလိုက်ရခြင်းကပင် ကောင်းလေစွတကား။

နတ်ကလည်းတိုက်၊

ဓာတ်ကလည်းရိုက်၊

မစွမ်းရင်းကလည်းရှိ၊

ကန့်စွန်းခင်းကလည်း ငြိကြပြီဆိုတော့ မင်းနောင်နှင့် ဆောင်းနှင်းမှုံတို့ မခွဲစတမ်း ချစ်သူတွေ ဖြစ်သွားသည်။

ကိုနောင်ရေ ...

ဆောင်းရေနှင့် အိမ်ကြီးပေါ်တွင် ချစ်သူနှစ်ဦး၏ အသံသည် နွေဥသြသံ၊ ဒေါင်းအိုးဝေသံ စည်စည်ညံညံလေး ရှိသွားပေတော့သည်။

❑ ❑





( ၁၇ )

ပထမ ညအိပ်ခဲ့သည်။

ဒုတိယ ညအိပ်ခဲ့သည်။

သို့သော် ... ဆောင်းနှင်းမှုံကလည်း အစွမ်းကုန် မလိုက်လျော၊ မင်းနောင်ကလည်း စောင့်ထိန်းနိုင်စွမ်းရှိသည်။

နှစ်ဦးသဘောတူညီချက်မှာ တရားဝင်လက်ထပ်ပြီးမှသာ အပျိုဘဝ လူပျိုဘဝကို အပြီးပိုင် စွန့်လွှတ်ကြေးဟူ၍ပင်။

စားသောက်ချိန်တွင် မင်းနောင်က ပြိုင်ကားလေးနှင့် ဆောင်း စားချင်တာဟူသရွေ့ သွားဝယ်သည်။

မျက်နှာချင်းဆိုင် စားကြသည်။

သူ့ပန်းကန်ထဲ ကိုယ်က ဟင်းထည့်ပေး၊ ကိုယ့်ပန်းကန်ထဲ သူကဟင်းထည့်ပေးနှင့် ကြည်နူးလိုက်သည့်ဖြစ်ခြင်း ... ။

ဆောင်းက အိမ်ထောင်သစ် ဇနီးလေးပမာ ဝေယျာဝစ္စအားလုံး လုပ်ဆောင်ပေးသည်။

သို့သော် ...

တတိယနေ့မြောက် ရောက်သောအခါ မင်းနောင်က လုံးဝပြန်မလာသော ဦးလေးမင်းအောင်အတွက် စိတ်ပူလာမိသည်။

ဆောင်းကလည်း ဖေဖေတစ်ယောက် ဘာတွေဖြစ်နေပြီလဲဟု စိတ်ပူလာသည်။

"ကိုနောင် ..."

"ပြော မဆောင်း ..."

"ဟွန်း ... ခုချိန်ထိ ကိုနောင်က မဆောင်းလို့ ခေါ်တုန်းပဲလား ... နောက်ပြီး ကျွန်တော် ... ကျွန်တော်နဲ့ ..."

"ဟုတ်ပါရဲ့ ... ဒါဆို ဘယ်လိုခေါ်ရမလဲဟင် ..."

"ဆောင်းကို ဆောင်းလို့ပဲခေါ် ... ရှေ့က မ,ကြီး ဖြုတ်ပစ်လိုက် ..."

"ဟုတ်ပြီ ... ဒါဆို သွားပေတော့ အဲဒီ မ,ကြီးနော် ဆောင်း"

"နောက်ပြီး ... ကျွန်တော်ကြီးလည်း ဖြုတ်ပစ် ..."

"ကဲ ... သွားပေတော့ ကျွန်တော်ကြီး ... ကဲ ... ကျွန်တော်





ကြီး သွားပြီ ... ဒီတော့ အဲဒီနေရာမှာ ဘာကို အစားထိုးရမှာလဲ ဆောင်း ..."

"ကို,လို့ပဲ အစားထိုးပေါ့ ..."

"ဟုတ်ပြီ ... ဒါဆို အစားထိုးတွေ ပြန်ရွတ်ပြမယ်နော်"

"ရွတ်ပြ ..."

"ကိုယ် ဆောင်းကို သိပ်ချစ်တယ် ..."

ကြည်နူးနှစ်သိမ့်စွာ နှစ်ဦးသား ရယ်မောကြပါ၏။

"ဒါထက် ကိုနောင် ..."

"ပြော ... ဆောင်း ..."

"ဖေဖေတစ်ယောက် ဘယ်လိုနေမလဲပဲနော် ... ဖေဖေ့အတွက် ဆောင်း စိတ်သိပ်ပူလာပြီ ..."

"ကိုယ်လည်း ဦးလေးမင်းအောင်အတွက် တအားစိတ်ပူနေတယ် ... ဒီနေ့ပါဆို ဦးလေးမင်းအောင် ထွက်သွားတာ သုံးရက်ထဲ ရောက်နေပြီ ... ခါတိုင်း ညအိပ်သွားလေ့မရှိဘူး၊ ကြာမယ်ဆိုရင် ဖုန်းဆက်ပြောတယ် ..."

"ဦးမင်းအောင်က ဖေဖေ့ကိုများ သတ်ပစ်လိုက်ပြီလား မသိဘူး ... ဆောင်း ဖေဖေ့ဆီ သွားချင်လိုက်တာ ... ကို လိုက်ခဲ့ပါလား ကို ..."

"ဟာ ... ကိုယ် မလိုက်ရဲဘူး ... ဆောင်းလည်း မသွားပါနဲ့၊ ဆောင်း ပြန်မလာရင် ကိုယ် ရူးမှာ ... "

ယင်းအခိုက်မှာပင် ...

မြို့ကြီးထဲသို့ ဝင်လာသော မော်တော်ကားသံနှင့် မော်တော်ဆိုင်ကယ်သံနှစ်ခု တစ်ပြိုင်တည်း ကြားရသောကြောင့် နှစ်ယောက်သား ပခုံးဖက်ရင်း ပြတင်းပေါက်မှ လှမ်း၍ ကြည့်လိုက်ကြသည်။

ရှေ့မှ ဝင်လာသော မော်တော်ဆိုင်ကယ်သည် ... ဦးမင်းအောင် စီးသွားသော မော်တော်ဆိုင်ကယ် ဖြစ်နေပြီး ... နောက်မှလိုက်လာသော ကားသည် ဆောင်းဖေဖေ ဦးမြတ်မင်း၏ တောင်းအေ့(စ်)ကား ဖြစ်နေသည်ကို တွေ့မြင်ကြသည်။

မော်တော်ဆိုင်ကယ် စီးလာသူသည် ဦးမင်းအောင် ဝတ်သော သားရေဂျာကင် ဂျင်းဘောင်းဘီ ဝတ်ဆင်ထားပြီး ဖိုက်ဘာဦးထုပ်ဆောင်းထားသည်။ မျက်နှာကို ကာဗာချပ် အုပ်ထားသည်။ အမြင်အားဖြင့် ဦးမင်းအောင်ပင် ဖြစ်နေသည်။

"ဟင် ... ဘယ်လိုတွေ ဖြစ်လာသလဲမသိဘူး ဆောင်း ... ဦးလေးအောင်က ရှေ့က ... ဆောင်းဖေဖေကကားက နောက်က ... "





မော်တော်ဆိုင်ကယ်ရော တောင်းအေ့(စ်)ကားရော ခြေတံရှည်အိမ်ကြီး၏ လှေကားရင်းတွင် ရပ်လိုက်သည်။

မော်တော်ဆိုင်ကယ်ပေါ်မှ လူသည် လှေကားပေါ်သို့ တက်လာသည်။ တောင်းအေ့(စ်)ကားပေါ်မှ ဦးမြတ်မင်းလည်း ဆင်းကာ နောက်မှလိုက်လာသည်။

"ဟင် ... ဖေဖေ ... "

"သမီးလေး ဆောင်း ... "

ဆောင်းနှင်းမှုံသည် ကျန်းမာပကတိ ရှိနေသော ဖေဖေ ဦးမြတ်မင်းအား ပြေးဆင်းကြိုကာ ဖက်ထားလိုက်သည်။

သားအဖနှစ်ယောက် ဝမ်းသာစွာ ဖက်ထားကြသည်ကို မင်းနောင်က ငေးကြည့်ရာမှာ ဖိုက်ဘာဦးထုပ် မချွတ်သေးသောလူကိုကြည့်ပြီး စူးစမ်းသောစကား ဆိုလိုက်သည်။

"လူကြီးမင်းဟာ ဦးလေးအောင်ရဲ့ အဝတ်အစားတွေဝတ်ထားပြီး ဦးလေးအောင်ရဲ့မော်တော်ဆိုင်ကယ်ကိုစီးလာပေမဲ့ ဦးလေးအောင်မဟုတ်ဘူးမှန်း ကျွန်တော်သိတယ် ... "

"အေး ... ဟုတ်တယ် ... ငါ့နာမည် ဘခက်တဲ့ မောင်မင်းနောင် ... "

ထိုအခါကျမှ ဖိုက်ဘာဦးထုပ်ကိုချွတ်ပြလိုက်သည်။

"ငါက ... ဟောဒီဦးမြတ်မင်းရဲ့အကျိုးဆောင်ပဲ မောင်မင်းနောင် ..."

"ဒါဆို ဦးလေးအောင် ဘယ်မှာလဲ ..."

"ကိုမင်းအောင် မရှိတော့ဘူး ... ဘဂ်လားကိုသွားပြီ"

"ဘာဗျ ..."

မင်းနောင်သည် လှုပ်ရှားလိုက်ပါ၏။

သို့သော် ... ကိုဘခက်က ခါးကြားမှသေနတ်ကို ထုတ်ယူကာ မင်းနောင်ကို ချိန်ထားသဖြင့် မင်းနောင်တန့်သွားသည်။

"ဒါ ... ဒါ ... ဘာလုပ်တာလဲ ဖေဖေ ... ကိုနောင့်ကို ဘာတစ်ခုမှဆောင်းအလုပ်မခံနိုင်ဘူး ... ဖေဖေတို့ ကိုနောင့်ကို ပစ်ရင် ... ဆောင်းက ကိုနောင့်ရှေ့မှာရပ်ပြီးအပစ်ခံမယ်၊ ဆောင်းကိုသတ်ပြီးမှ ကိုနောင့်ကို ဖေဖေတို့လုပ်လို့ရမယ်"

ဆောင်းသည် အပြေးကလေးပင် မင်းနောင်၏ရှေ့မှ ကာဗာလုပ်ရပ်တည်လိုက်သည်။

ဦးမြတ်မင်း ပြုံးရယ်မောလိုက်ပါ၏။

"မပစ်ပါဘူးသမီးရယ် ... စိတ်ချပါ ... ကိုမင်းအောင်က သေချာမှာလိုက်တယ် ... မောင်မင်းနောင်ဟာ လှုပ်ရှားမှု





သိပ်သွက်တယ်တဲ့ ... ကိုယ်ခံပညာလည်း တော်တော်တတ်မြောက်ထားတယ်တဲ့ ... သူ့ကို သေသေချာချာချုပ်ထိန်းထားပြီးမှ အကျိုးအကြောင်းတွေပြောပြတဲ့ ... ကဲ ... ဖေဖေတို့အားလုံး ဧည့်ခန်းကုလားထိုင်တွေမှာ ထိုင်ပြီး အေးအေးဆေးဆေးပြောကြစို့ ... ကဲ ... မောင်မင်းနောင် လာထိုင်ပါ၊ ငါတို့ မင်းကို ဘာမှမလုပ်ဘူးစိတ်ချ ..."

အားလုံးထိုင်ကြသည်။ မင်းနောင်လည်းဝင်၍ ထိုင်ပါ၏။ ဆောင်းနှင်းမှုံက မင်းနောင်ဘေးမှာပင် ကပ်ထိုင်သည်။ ဦးမြတ်မင်းကပင် သူ့အိတ်ထဲမှ စာတစ်စောင်ထုတ်ယူပြီး မင်းနောင်ကို ဖတ်စေသည်။ ဆောင်းက မင်းနောင်နှင့် ပါးချင်းကပ်မတတ် ပူးကပ်ကာ စာကိုဝင်ဖတ်သည်။

ငါ့တူမင်းနောင် ...

ဦးဘခက်ရဲ့စွမ်းဆောင်ချက်နဲ့ စေ့စပ်ချက်တွေကြောင့် ဦးသိဒ္ဓိနဲ့ ငါ ကြွေးစာရင်းရှင်းပြီးပြီ။

ဒီတစ်ခါ ကြွေးရှင်းတာက လွယ်တယ်ကွ... အစ်ကိုဗညားရဲ့ကြွေးကို ပြန်ဆပ်တဲ့အနေနဲ့ ဦးသိဒ္ဓိက သူ့သမီး ဆောင်းနှင်းမှုံကို ဗညားရဲ့သား မင်းနောင်နဲ့သဘောတူပေးစားပြီး ပေးအပ်မည်တဲ့။

ဒါကို ငါကိုယ်တိုင်က သင့်တော်တယ်လို့ ဆုံးဖြတ်တယ်။

ဘာလို့လဲဆိုတော့ ငါ့တူမင်းနောင်ကိုယ်တိုင်က ဦးသိဒ္ဓိရဲ့သမီး ဆောင်းနှင်းမှုံကို... ရင်ထဲကနလုံးသားမေတ္တာနဲ့ သိပ်ချစ်နေမှန်း ငါကိုယ်တိုင်အကဲခတ်မိလို့ပဲ၊ ဒါကြောင့် ဆောင်းနှင်းမှုံကို ငါက မင်းအတွက် အမိဖမ်းခိုင်းတာ... ။

အဲဒီနောက် ဦးသိဒ္ဓိဆီကို ငါ အကြောင်းကြားလိုက်တယ်။ ဦးသိဒ္ဓိအသက်ပေးပြီး ကြွေးဆပ်မလား၊ ဒါမှမဟုတ် ခင်ဗျား သမီး ဆောင်းနှင်းမှုံကို ကျုပ်တူ မင်းနောင်နဲ့ သဘောတူပေးစားမလား ကြိုက်ရာကိုရွေးပေတော့လို့လေ။

ငါက ဆောင်းနှင်းမှုံရဲ့သူငယ်ချင်း ယုယုမော်ဆီကသတင်း ကြားထားပြီးသားရှိတယ်... ။ ဆောင်းနှင်းမှုံကိုယ်တိုင်ကပါ တူ မင်းနောင်ကို ရင်ထဲက ကျိတ်ပြီးချစ်နေတာတဲ့။

သိပ်လျော်ကန်လို့ ငါ သဘောတူလိုက်တယ်... ။ ငါလည်း တရားဥပဒေရဲ့အဆုံးအဖြတ်ကိုနာခံမှာပါ။

အေး... ဒီစာဖတ်ပြီးရင် မင်းကိုယ်တိုင် ဦးမြတ်မင်းကို ကတ်ပြားစိမ်းပေးလိုက်ပါ။

မင်းပေးမဲ့ ကတ်ပြားစိမ်းမှာ ဦးသိဒ္ဓိ ကြွေးကျေပါပြီလို့ ရေးမှာ ပဲမဟုတ်လား၊ အေး... တကယ်တော့ ကြွေးက မကျေဘူးကွ၊ အခု ဦးသိဒ္ဓိခေါ် ကိုမြတ်မင်း ပြန်လာတာ သူ့သမီး ဆောင်းကို နှုတ်ဆက် ဖို့ရယ်... သူ့တောင်းအေ့ကြီးကို အိမ်ပြန်ထားဖို့ရယ် ခဏပြန်လာ





တာ... ဦးသိဒ္ဓိခေါ် ဦးမြတ်မင်းက သက်ဆိုင်ရာမှာ သူ ကျူးလွန်ခဲ့ သမျှ အမှုတွေကို ဖွင့်ဟဝန်ခံထွက်ဆိုချက်ပေးတယ်... မကောင်း မှုဆိုတာ ဆိတ်ကွယ်ရာမရှိပေါ့ကွာ၊ သူ့ကို ဥပဒေကလည်း ကိုယ် တိုင်ဖွင့်ဟထွက်ဆိုတာရော... အမှုတွေက နှစ်ပေါင်းနှစ်ဆယ် ကျော်က အမှုတွေရော ဖြစ်နေတာကြောင့် တရားခွင်ရဲ့ စီရင်ချက် ဟာ ဦးမြတ်မင်းအပေါ် သက်ညှာမှာပါ... ။

ကဲ အရာရာပွဲပြီးသွားပြီမို့ ငါ ဒီပွဲကို ကန့်လန့်ကာချပြီး စာတ်သိမ်းလိုက်ပြီ။

မင်းနဲ့ မင်းရဲ့ချစ်သူ ဆောင်းနှင်းမှုံတို့ ရာသက်ပန် ချစ်ခင် ပေါင်းသင်းပျော်ရွှင်ကြပါစေ။

ဦးလေးမင်းအောင်

*

မင်းနောင်က ဦးလေးမင်းအောင်၏စာကိုဖတ်ပြီး အလေးအနက်ပြုံးလိုက်ပေသည်။ ပြီး ချစ်စွာသော ဆောင်းနှင်းမှုံကို ကြည့်လိုက်သည်။

ဆောင်းနှင်းမှုံကလည်း ကြည်နူးအသောအပြုံးလေး ဖြင့် သူမ၏ 'ကို'အား ပြန်ငေးကြည့်ပါ၏။

"ဘယ်လိုလဲ မောင်မင်းနော် ... "

"ကျွန်တော် အားလုံးသဘောပေါက်ပါပြီ အန်ကယ် ... "

"အေး ... ဒါဆို ပွဲပြီးပြီ ... မင်းနဲ့ဆောင်းနှင်းမှုံ တရားဝင်လက်ထပ်မင်္ဂလာဆောင်ပြီးတာနဲ့ ကိုမင်းအောင်ပြောသလို ဇာတ်စာခွာဖျာသိမ်းပြီး ကန့်လန့်ကာချ ပွဲပြီးပြီပေါ့ကွာ ... မင်းတို့နှစ်ယောက်လည်း ဒီအိမ်မှာ နှစ်ညတောင် အတူတူအိပ်ပြီးမှတော့ ... ခမ်းနားကြီးကျယ်တဲ့ မင်္ဂလာ ဧည့်ခံပွဲကြီး ကိုမြတ်မင်းက စီစဉ်ပေးလိုက်ရုံပဲရှိတော့တာပေါ့ဗျာ၊ ခင်ဗျားသမီး အပျိုပြန်ဖြစ်တော့မှာမှမဟုတ်တာ ... "

ဆောင်းက မင်းနောင်ကို လှမ်းကြည့်ပြန်သည်။

မင်းနောင်ကလည်း ဆောင်းကိုပြန်ကြည့်ကာ တိတ်တိတ်နေ ဘာမှမပြောနဲ့ဟု အဓိပ္ပာယ်သက်ရောက်သော မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

အကယ်၍ နှစ်ညအိပ်သုံးရက်ထဲရောက်သည်အထိ ဤအိမ်ကြီးတွင် အတူနေခဲ့သော်လည်း မညားသေးပါဟု ပြောလိုက်လျှင် ငါ့သမီး အပျိုစင်ပဲရှိသေးတာ မပေးစားဘူးကွာဟု ဦးမြတ်မင်း ကန့်ကွက်စကားဆိုလာမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါ၏။

ဆောင်းနှင်းမှုံက ချစ်စွာသော 'ကို'က မျက်စိတစ်ဖက်မှိတ်ပြသည်ကို နားလည်သဘောပေါက်စွာ ဦးခေါင်းလေးညိတ်ပြလိုက်သည်။





"ကဲ ... ဒါဆို ငါတို့ပြန်မယ် ... မင်းရဲ့မော်တော်ဆိုင်ကယ်နဲ့ ဖိုက်ဘာဦးထုပ်တွေထားခဲ့တယ် ... အဲ ကိုမင်းအောင်ရဲ့ ဒီဂျာကင်နဲ့ ဒီဘောင်းဘီကိုတော့ ငါ့ရဲ့အကျီ င်္ဆောင်အဖြစ် ငါယူသွားတယ်ပေါ့ကွာ ... "

ဟု ကိုဘခက်က ပြောပြီး ဦးမြတ်မင်းဘက်သို့ လှည့်ပြောပြန်သည်။

"ကဲ ... ကိုမြတ်မင်း ဒီကလေးနှစ်ယောက်ကို အခုလောလောဆယ်မှာတော့ ဒီမှာပဲ ထားခဲ့ဦးပေါ့ဗျာ ... သူတို့ဇနီးမောင်နှံရဲ့ ဗိမာန်လေးမှာ ဆက်နေပါစေ ... အိမ်ပြန်ရောက်မှ မင်္ဂလာဧည့်ခံပွဲကြီးအတွက် စီစဉ်ပေတော့ ... အခုတော့ ကျုပ် ခင်ဗျားကားနဲ့ ခင်ဗျားအိမ်လိုက်ပြီး ကျုပ်ရဲ့အကျီ င်္ဆောင်ခတွေလိုက်ယူမယ် ... ကဲ ... သွားစို့ ကိုမြတ်မင်း"

ဦးမြတ်မင်းမှာ ဘာတစ်ခွန်းမှပြန်မပြောဘဲ ဦးဘခက်ခေါ်ရာသို့ လိုက်ပါသွားပေတော့သည်။

"ကို ... "

"ကောင်း ... "

"အားလုံးကျေကျေလည်လည် ပြီးသွားကြပြီနော် ဝမ်းသာလိုက်တာ ... "

"မပြီးသေးပါဘူး ဆောင်း ... "

"ဘာလို့ မပြီးသေးတာလဲကို ... "

"ကိုယ်နဲ့ဆောင်း တကယ်ညားဖို့လေ ... ကဲ ... ကန့်လန့်ကာချပြီ ... ကိုယ်နဲ့ဆောင်း အိပ်ကြစို့ ... "

"ဟွန်း ... မကဲနဲ့နော် ကို ... "

"ကဲမယ် ... ကဲမယ် ... ကဲနိုင်ပြီမို့ ကဲမယ် ... "

နားကြဉ်းစို့။

တက္ကသိုလ်တင်မြင့်